ကလေး သူငယ်များ အတွက်

# သုတ ရတနာ သိုက်

## တိရစ္ဆာန်များ



# တိရစ္ဆာန်ဥယျာဉ်ရှိ တိရစ္ဆာန်များနှင့် ၎င်းတို့၏ အစားအစာ




ဆင်
သီးနှံမှုန့်အခဲ
ကန်စွန်းဥ
မုန်လာဥဝါ
မြက်ခြောက်
ကောက်ရိုး


ရေမြင်း
မြက်ခြောက်
ကယ်လဆီယမ်အမှုန့်
ဆား
အစာနု
ပဲပုပ်စေ့များ
ကန်စွန်းဥ
မုန်လာဥဝါ


ကုလားအုတ်
ကန်စွန်းဥ
မုန်လာဥဝါ
အစာနု
ဆား
သီးနှံမှုန့်အခဲ
ကယ်လဆီယမ်အမှုန့်
မြက်ခြောက်
ကောက်ရိုး


မြည်း
ကောက်ရိုး
မြက်ခြောက်
အစာနု
သီးနှံမှုန့်အခဲ
ကယ်လဆီယမ်အမှုန့်
သီးနှံမှုန့်အခဲ
ဆား


ကန်စွန်းဥ
မုန်လာဥဝါ
အစာနု
ဆား
သီးနှံမှုန့်အခဲ
ဗာလီအကြေ
ကယ်လဆီယမ်အမှုန့်
မြက်ခြောက်
ကျွဲ


ဆိတ်
သီးနှံမှုန့်အခဲ
မြက်ခြောက်

ကလေး သူငယ်များ အတွက်

# သုတ ရတနာ သိုက်

## တိရစ္ဆာန်များ

ကိုဒန်းရှား၏

ကလေးသူငယ်များအတွက်

ရောင်စုံစွယ်စုံကျမ်း မူရင်းကိုမှီး၍

အက်ဖ်အီးပီ အင်တာနေရှင်နယ် ပီတီအီးလီမိတက်က

တည်းဖြတ်သည့် မူကို

အဆင့်မြင့်ပညာဦးစီးဌာနနှင့်
တိုင်း–လိုက်ဖ် စာအုပ်တိုက်တို့က
မြန်မာပြန်ဆိုထုတ်ဝေသည်။

ဟေသာ ယုမွန်

ပထမပုံနှိပ်ခြင်း အုပ်ရေ ၅၀၀၀၀
၁၉၈၄ ခုနှစ် ဩဂုတ်လ

# အမှာစာ

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ရှိ ကလေးသူငယ်များ ဗဟုသုတ တိုးတက်ပွားများစေရန် ရည်ရွယ်၍ **ကလေးသူငယ်များအတွက် သုတရတနာသိုက်** ဟူသောအမည်ဖြင့် ဤကျမ်းကို ပညာရေးဝန်ကြီးဌာနက စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါကျမ်း၏မူရင်းမှာ Kodansha ကုမ္ပဏီမှ ဂျပန်ဘာသာဖြင့် ထုတ်ဝေသော ရောင်စုံစွယ်စုံကျမ်းဖြစ်ပါသည်။ ထိုစွယ်စုံကျမ်းကိုမှီး၍ Far East Publication International Pte Limited မှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော The Children's Treasury of Knowledge ကျမ်းကို အဆင့်မြင့်ပညာဦးစီးဌာနနှင့် Time-Life စာအုပ်ကုမ္ပဏီတို့ပူးတွဲ၍ မြန်မာပြန် ကျမ်း တစ်စောင်အဖြစ် ရောက်အောင် ကြိုးပမ်းကြခြင်းဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနက ဤသို့စီစဉ်ထုတ်ဝေရာ၌ နိုင်ငံတော်၏ပညာရေးကို **ကမ္ဘာ့ပညာရေးအဆင့်**မီစေရန် ကြိုးပမ်းနေသည့်အားလျော်စွာ မြန်မာကလေးသူငယ်များသည် ကျောင်းပြဋ္ဌာန်းစာများအပြင် ပညာရပ်ဆိုင်ရာ အထွေထွေဗဟုသုတများကိုလည်း အလွယ်တကူ ရယူဆည်းပူးနိုင်ကြပါစေဟူသော **အာသီသ**ထားရှိပါသည်။

ဤ **သုတရတနာသိုက်** တွင်–

၁။ ယူနီဗာ့ဆ်နှင့် ရာသီဥတု
၂။ အပင်များ
၃။ ကမ္ဘာဦးသက်ရှိများ
၄။ ရေအောက်သက်ရှိများ
၅။ အင်းဆက်ပိုးများ
၆။ တိရစ္ဆာန်များ
၇။ သင်္ချာ
၈။ အီလက်ထရွန်နစ်နှင့် စွမ်းအင်
၉။ ပို့ဆောင်ရေးယာဉ်များ
၁၀။ ဝါသနာပါရာ အပန်းဖြေစရာ

ဟူ၍ ဝိဇ္ဇာသိပ္ပံအသိပညာ အတတ်ပညာ စသည့် သုတရတနာများ ပါဝင်ကြပါသည်။ ထိုသုတရတနာများ သိုမှီးရာဖြစ်သောကြောင့် ကျမ်း၏အမည်ကို **သုတရတနာသိုက်** ဟူ၍ မှည့်ခေါ်ခြင်း ဖြစ်ပါသည်။

ဤကျမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ မွန်မြတ်သောစေတနာဖြင့် ပြန်ဆိုကြသော ဆိုင်ရာဆိုင်ရာ ပညာရှင်ပုဂ္ဂိုလ်ကြီးများသည် စေ့စပ်သေချာစွာ ပြန်ဆိုစိစစ်ကြပါသည်။ သို့သော် ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုသို့ တိတိကျကျ ပြန်ဆိုရန်မှာ မလွယ်ကူလှသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ တစ်ဘာသာနှင့် တစ်ဘာသာမှာ အနက်အဓိပ္ပာယ် အကျယ်အကျဉ်း အနက်အတိမ် စသည့် ခြားနားမှုများရှိမြဲဖြစ်ရာ မူရင်းအဓိပ္ပာယ် တိကျစေရန် အချို့အချို့သော မူရင်းဘာသာစကားလုံးများကို မြန်မာဘာသာသို့ မပြန်ဆိုပဲ

အသံများသာ ဖလှယ်ထားပါသည်။ ဤသို့ အသံဖလှယ်ထားခြင်းကြောင့် မူရင်းဘာသာစကားနှင့် ရင်းနှီးမှု အကျိုးကိုလည်း ကလေးသူငယ်များ ရရှိနိုင်ပါသည်။

ပညာရှင်များ ယခုသုံးထားသော စကားလုံးများနှင့် အဓိပ္ပာယ်များထက် ပိုမိုကောင်းမွန်သင့်မြတ်သည့် စကားလုံးများ အဓိပ္ပာယ်များကို ဤကျမ်းကို လေ့လာဖတ်ရှုသူများက အကြံပေးစေလိုပါသည်။ ထိုသို့ အကြံပေးချက်များကို လေးလေးစားစား လေ့လာပြီး ဆီလျော်သည့်အချက်အလက်နှင့် စကားလုံးများကို အစားထိုးပြောင်းလဲရန် အသင့်ဖြစ်ပါသည်။

ဤကျမ်းတွင် ပါဝင်သည့် ပညာရပ်ဆိုင်ရာ အထွေထွေဗဟုသုတများကို လိုသလိုရွေးနုတ်၍ ဆည်းပူးနိုင်ကြပါသည်။ ကလေးသူငယ်များအတွက်ဟု ဆိုသော်လည်း ဤကျမ်းကို ဖတ်ရှုလေ့လာခြင်းဖြင့် ကလေးလူကြီးမရွေး ဗဟုသုတပွားများ၍ အသိဉာဏ်များ ပိုမိုအားကောင်းလာကြမည်။ ထို့ထက် တစ်ဆင့်တက်၍ သိလိုစိတ် စူးစမ်းရှာဖွေလိုစိတ်နှင့် သုတပွားလိုစိတ်များ ဆက်ကာဆက်ကာ ဖြစ်ပေါ်လာကြပါက ဤကျမ်းထုတ်ဝေရခြင်း၏ရည်ရွယ်ချက်အောင်မြင်သည်ဟု မှတ်ယူရပေမည်။

ပညာရေးဝန်ကြီးဌာန

# မာတိကာ


| | စာမျက်နှာ |
|---|---|
| **ကုန်းနေရေနေသတ္တဝါများ** | ၇ |
| ဆယ်လာမင်ဒါများနှင့်၎င်းတို့၏မျိုးနွယ်များ | ၈ |
| ညှပ်များ၊ဆိုင်ရင်များနှင့်စီစီလီယန်များ | ၉ |
| ဖားနှင့်ဖားပြုပ်များ | ၁၀ |
| ကုန်းနေရေနေသတ္တဝါနှင့်တွားသွားသတ္တဝါများ၏ဘဝအဆင့်ဆင့် | ၁၄ |
| **တွားသွားသတ္တဝါများ** | ၁၅ |
| ရေလိပ်နှင့်ကုန်းလိပ်များ | ၁၆ |
| ဖွတ်၊ပုတတ်နှင့်ပုတ်သင်များ | ၁၈ |
| မြွေများ | ၂၂ |
| မိကျောင်းမျိုးများ | ၂၆ |
| **ငှက်များ** | ၂၇ |
| မပျံသန်းနိုင်သောငှက်များ | ၂၈ |
| ထန်းစေ့မှုတ်ငှက်နှင့်လွန်းငှက်များ | ၂၉ |
| အယ်ဗာထရော့နှင့်ပီထရယ်ပင်လယ်စင်ရော်များ | ၃၀ |
| ငှက်ကြီးဝန်ပို၊တင်ကျီးနှင့်၎င်းတို့၏မျိုးနွယ်များ | ၃၁ |
| ငဟစ်၊ဗျိုင်းနှင့်ဗစ်တန်ငှက်များ | ၃၂ |
| ကြိုးကြာနီ၊ ငှက်ကျားနှင့်၎င်းတို့၏မျိုးနွယ်များ | ၃၃ |
| ရေငှက်များ—ဘဲငန်းများ။ဝမ်းဘဲများ | ၃၄ |
| သားရဲငှက်များ—လင်းယုန်နှင့် သိမ်းငှက်များ။ သိမ်းငှက်များနှင့်၎င်းတို့၏မျိုးနွယ်များ | ၃၈ |
| ကြက်နှင့်တူသောငှက်များ—ဒေါင်းမျိုးများ | ၄၁ |
| ကြိုးကြာများနှင့်၎င်းတို့၏မျိုးနွယ်များ | ၄၃ |
| ရေစပ်နေငှက်များနှင့်၎င်းတို့၏မျိုးနွယ်များ | ၄၄ |
| ကမ်းခြေစင်ရော်များ၊ အော့ငှက်များနှင့်၎င်းတို့၏မျိုးနွယ်များ | ၄၅ |
| ခိုများနှင့်၎င်းတို့၏မျိုးနွယ်များ | ၄၆ |
| ကြက်တူရွေးနှင့်၎င်းတို့၏မျိုးနွယ်များ | ၄၇ |
| ဥဩငှက်နှင့်၎င်းတို့၏မျိုးနွယ်များ | ၄၈ |
| ဇီးကွက်များနှင့်ဖားပါးစပ်ငှက်များ | ၄၉ |
| ပျံလွှား၊ငှက်ပိတုန်း၊ ထပ်တယူနှင့် ကိုလီငှက်များ | ၅၀ |
| ပိန်ညင်း၊အောက်ချင်းနှင့်၎င်းတို့၏မျိုးနွယ်များ | ၅၁ |
| သစ်တောက်ငှက်၊ ကေ့ယင်ငှက်နှင့်၎င်းတို့၏မျိုးနွယ်များ | ၅၂ |
| သစ်ကိုင်းနေငှက်များ—ပုစဉ်းထိုးငှက်၊ လိုင်ယာစောင်းပုံအမြီးရှိငှက်နှင့်မြေငုံးများ။ ဘီလုံးများ၊ ပျံလွှားများနှင့်ငှက်ရွှေဝါများ။ ကျီးများနှင့်သိုက်မြုံဆောက်ငှက်များ။ ပါရာဒိုက်ငှက်နှင့်စာဝတီးငှက်များ။ ငှက်ပြာခြောက်၊ ဇွှေငှက်၊ ဗွတ်ငှက်နှင့် ငှက်စိမ်းများ။ ရေငုပ်ငှက်၊ နံ့ပြီစုတ်ငှက်၊ မြေလူးငှက်နှင့် မော့ကင်ငှက်များ။ ငှက်လက်မနှင့် မြီးညှောင့်ငှက်များ။ ငှက်ဘီလူးနှင့် ကျွဲဆက်ရက်များ။ ပန်းရည်စုပ်ငှက်၊ မျက်ကွင်းဖြူငှက်၊ ဗာရီအိုငှက်နှင့် တာနာဂါငှက်များ။ သစ်စေ့စားငှက်များ | ၅၃ |

နို့တိုက်သတ္တဝါများ ၆၅

မိုနိုထရင်းများ (ဥ ဥနို့တိုက်သတ္တဝါများ) ၆၆
သားပိုက်ကောင်များ (သားပိုက်အိတ်ပါ နို့တိုက်သတ္တဝါများ) ၆၈
အင်းဆက်ပိုးစားကောင်များ (အင်းဆက်ပိုးစား နို့တိုက်သတ္တဝါများ) ၇၀
မျောက်လှေ့ာင်ပျံများ ၇၂
လင်းနို့မျိုးများ ၇၄
ပရိုင်းမိတ်များ ၇၅
အီဒင်တိတ်များ ၈၀
သင်းခွေချပ်များ ၈၁
ယုန်များ၊တောယုန်များနှင့်ပိုက်ကာယုန်များ ၈၂
ကိုက်ဖြတ်စားသတ္တဝါများ (ကိုက်ဖြတ်စားနို့တိုက်သတ္တဝါများ) ၈၄
ဝေလငါးများ၊ လင်းပိုင်များနှင့် လင်းပိုင်ခေါင်းတိုများ ၈၈
သားစားကောင်များ (သားစားနို့တိုက်သတ္တဝါများ) ၉၀
အတ်ဗတ်၊ဟိုင်းရက်၊ဆီးကောင်း (ရေဝက်မျိုး) ၉၁
ဆင်များ ၉၆
မဂဏန်း အရေအတွက် ခွာရှိ တိရစ္ဆာန်များ ၁၀၀
စုံဂဏန်း အရေအတွက် ခွာရှိ တိရစ္ဆာန်များ ၁၀၄
ဝေါဟာရစာရင်း ၁၁၁

# ကုန်းနေရေနေသတ္တဝါများ

ကုန်းနေရေနေသတ္တဝါ၊ တွားသွားသတ္တဝါ၊ ငှက်နှင့်နို့တိုက်သတ္တဝါများသည် ကုန်းပေါ်နေကျောရိုးရှိ သတ္တဝါများ ဖြစ်ကြသည်။ ကုန်းနေ ရေနေ သတ္တဝါများသည် ရှေးအကျဆုံးဖြစ်ပြီး ကျန်သတ္တဝါများလောက် မဖွံ့ဖြိုးချေ။ ဖား၊ ဖားပြုပ်နှင့်'စီစီလီယန်'တို့၏ အရေပြားများသည် စွတ်စိုချွဲကျိနေသော်လည်း ရေ မလုံချေ။ အဆုတ်အပြင် အရေပြားဖြင့်လည်း အသက်ရှူသည်။ ပါးဟက်ဖြင့် အသက်ရှူသော ရေနေ သားလောင်းဘဝမှ အဆုတ်ဖြင့် အသက်ရှူသော ကုန်းနေသက်ကြီးကောင် ဖြစ်လာသည်။ ရေတွင်ဥပြီး ဥများကို အကျိအချွဲဖြင့် ဖုံးအုပ်ထားသည်။ ပတ်ဝန်းကျင်ကို လိုက်၍ ခန္ဓာကိုယ်အပူချိန်ကို ပြောင်းနိုင်သော သွေးအေးသတ္တဝါ ဖြစ်သည်။ ရေငန်တွင် မနေနိုင်ချေ။



အမြှုပ်ဖြင့်အသိုက်လုပ်သော သစ်ပင်နေဂျပန်ဖား

# ဆယ်လာမင်ဒါများနှင့် ၎င်းတို့၏ မျိုးနွယ်များ

'ဆယ်လာမင်ဒါ'များသည် အမြီးရှိ ကုန်းနေရေနေသတ္တဝါများ ဖြစ်သည်။ အကြီးဆုံးသည် ၁.၅ မီတာခန့် ရှည်ပြီး အငယ်ဆုံးသည် ၅ ဆင်တီမီတာခန့် ရှည်၏။ စွတ်စိုသော အရေပြားတွင် အဆိပ် 'ဂလင်း' (အကျိတ်) ပါလေ့ရှိသည်။ အများစုသည် သားလောင်းအဆင့်ရှိခဲ့သော်လည်း အချို့၌ အဆုတ်များ မဖွံ့ဖြိုးချေ။ အမြီးပြတ်သွားပါက အသစ်တဖန်ထွက်သည်။ မည်းမှောင်စွတ်စိုသော ချောင်း၊ ကန်နှင့် ဂူများတွင် နေသည်။



ကမ္ဘာပေါ်ရှိ သက်ရှိ ကုန်းနေ ရေနေ သတ္တဝါတို့တွင် ၁.၂ မီတာခန့် ရှည်သော အကြီးဆုံး 'ဆယ်လာမင်ဒါ' ကို ဂျပန် တောင်ကျချောင်းများတွင် တွေ့ရသည်။ ခရု၊ ငါးနှင့် 'ဝမ်း' ကောင်များကို စားသည်။ အသက်ရှူလိုလျှင် ရေပေါ်ပေါ်သည်။



အမေရိကန်ပြည်နှင့်မက္ကဆီကိုတွင် တွေ့ရသော ကျား 'ဆယ်လာမင်ဒါ'သည် ၁၅ ဆင်တီမီတာခန့် ရှည်သည်။ သက်ကြီးကောင်သို့ အသွင်မပြောင်းသော သားလောင်းကို 'အက်ဆိုလော့' ဟုခေါ်သည်။ဤသို့အသွင်မပြောင်းခြင်းကို 'နီယိုတိုနီ' ဟု ခေါ်သည်။ သက်ကြီးကောင်ကဲ့သို့ သားငယ်များ ပေါက်ပွားနိုင်သည်။

'အက်ဆိုလော့'






ရှုံ့ 'ပပ်ပီ' သည် ဆင်တီမီတာ ၃၀ ခန့် ရှည်သည်။ သားလောင်းအဆင့်မှ မတက်ချေ။ ကောင်းစွာဖွံ့ဖြိုးသော ခြေလက်များနှင့် အနီရောင်ပါးဟက်မျှင်ဖွာများ ရှိသည်။ ရေညှိပေါသော မြောက်အမေရိက ချောင်းများတွင် တွေ့ရသည်။



၂၅ ဆင်တီမီတာခန့် ရှည်သော မီးရောင်လက် 'ဆယ်လာမင်ဒါ' ကို ဥရောပ၊ အာဖရိကမြောက်ပိုင်းနှင့် အာရှမိုင်းနားတွင် တွေ့ရသည်။ စွတ်စိုသော မြေနိမ့်ပိုင်းတွင် နေပြီး ရေ၌ မျိုးပွားသည်။ မြေအောက်၌ ဆောင်းခိုသည်။ အရေပြားမှ အဆိပ်ရည်ထုတ်သည်။

'အင်ဖီယူးမား' (ကွန်ဂိုငါးရှဉ့်) သည်ဆင်တီမီတာ ၉၀ ခန့်ရှည်သည်။ ရှုံ့နွံထူသောရေတွင် နေသည်။ အမေရိကန်ပြည်အရှေ့ပိုင်းတွင် တွေ့ရသည်။ အလွန်ငယ်သည့်ခြေလက်များရှိသည်။



'အွမ်' (မျက်ကန်း 'ဆယ်လာမင်ဒါ') သည် ၂၅ ဆင်တီမီတာခန့် ရှည်သည်။ သားလောင်းအဖြစ်မှ ဆက်လက်မကြီးထွားပေ။ ဥရောပရှိ မြေအောက်စမ်းချောင်းများ၊ ဂူများတွင်နေသည်။ အရောင်မရှိ၊ မျက်စိ မမြင်ချေ။ ငါးရှဉ့်ပုံဖြစ်ပြီး ခြေလက်များ မဖွံ့ဖြိုးချေ။





'ဟဲဗင်ဒါ'သည် ဆင်တီမီတာ ၄၀ မှ ၆၀ ထိရှည်ပြီး အရေပြား တွန့်နေ၏။ရေနေဖြစ်ပြီး ငါးငယ်များကိုစားသည်။

ကျောနီ 'ဆယ်လာမင်ဒါ' သည် ၁၂ ဆင်တီမီတာခန့် ရှည်သည်။ အဆုတ်မရှိချေ။ အမေရိကန်ပြည် အရှေ့ပိုင်းတွင် တွေ့ရသည်။ နေ့အခါ သစ်တုံးများအောက် ကျောက်ဆောင်များ အကြားတွင် နေသည်။



စကျင်ကျောက်ရောင် 'ဆယ်လာမင်ဒါ' သည် အမေရိကန်ပြည် ရေနီးတောင်စောင်းများ၌ နေသည်။ ၁၂ ဆင်တီမီတာခန့် ရှည်သည်။



# ညုများ၊ ဆိုင်ရင်များနှင့် စီစီလီယန်များ

'ညု'များသည် 'ဆယ်လာမင်ဒါ'များနည်းတူ အမြီးပါ ကုန်းနေရေနေသတ္တဝါများ ဖြစ်သည်။ 'ညု'၏ အမြီးက ပိုပြားသည်။ 'ညု'များ သက်ကြီးကောင်မဖြစ်မီ ကုန်းပေါ် ရောက်ကြသည်။ အရွယ်မရောက်သေးသော သက်ကြီးကောင်ကို 'အက်'ဟု ခေါ်သည်။ ပါးဟက်များ ရှိသည်။ ကုန်းပေါ်တွင်သုံးနှစ်ခန့်နေ၍ အဆုတ်များ ဖွံ့ဖြိုးလာပြီးနောက် မျိုးပွားရန် ရေထဲသို့ ပြန်၍ အသက်ထက်ဆုံးနေသည်။ သက်ကြီးကောင်ဘဝတွင် ပါးဟက်များ မရှိတော့ချေ။ အာခေါင်မိုးတွင် သွားတန်းများ ရှိသည်။ 'အင်းဆက်'ပိုး၊ 'ဝမ်း'ကောင်နှင့် ခရုများကို စားသည်။



'ညု' ပြောက်သည် ၁၅ ဆင်တီမီတာခန့် ရှည်သည်။ အမေရိကန်ပြည် အရှေ့ပိုင်းတွင် တွေ့ရသည်။ 'အက်' အဆင့်၌ 'အက်' အနီ ဟု ခေါ်သည်။ တောထူပြီး စိုထိုင်းသော စိမ့်ကြီး၊ မြိုင်ကြီးများ၌ နေသည်။



'ညု'



'စီစီလီယန်'

## စီစီလီယန်များ

'စီစီလီယန်' များ (မျက်ကန်း 'ဝမ်း' ကောင်များ) သည် ခြေလက်မဲ့ ကုန်းနေ ရေနေ သတ္တဝါများ ဖြစ်သည်။ တီနှင့်တူသောကိုယ်၊ ငါးကဲ့သို့ ချွဲကျိကျိ အရေပြားနှင့် အကြေးခွံများ ရှိသည်။ မျက်ခွံမဲ့ မျက်စိနှင့် နှာပေါက် အကြား စမ်းလက်တံ တစ်ခုရှိသည်။ မြေစိုတွင် တွင်း အောင်းနေကြသည်။



စကျင်ကျောက်ရောင် 'ညု' သည် ၁၃ ဆင်တီမီတာခန့် ရှည်သည်။ ဥရောပရှိ ရေနေအပင်များပေါသော ချောင်းငယ်၊ ကန်ငယ်နက်နက် များတွင် တွေ့ရသည်။



ကျောပေါ်၌ လွှသွားပုံ စောင်းရှိ 'ညု' ကြီးသည် ၁၄ ဆင်တီမီတာခန့် ရှည်သည် ။မိတ်လိုက်ရာသီ၌ အဖို၏ အရောင်များသည် လှပနေသည်။ တနှစ်ပတ်လုံး ကုန်း ပေါ်၌ အနေများသော်လည်း ရေတွင် ဥသည်။ ဥရောပ မြောက်ပိုင်းနှင့် အလယ်ပိုင်းမှ ရုရှား အလယ်ပိုင်းအထိ ပျံ့နှံ့နေထိုင်သည်။

## ဆိုင်ရင်များ

'ဆိုင်ရင်' များတွင် ငါးရှဥ့်နှင့်တူသော ကိုယ်ရှိသည်။ ရှေ့ခြေများ အလွန်သေးပြီး နောက်ခြေ မရှိချေ။ သွားမပေါက်သော်လည်း မေးရိုးများပေါ်တွင် အခွံမာများ ရှိ၍ အစာစားရာတွင် အထောက်အကူရသည်။ မျက်ခွံများ မပါပေ။ အမြဲရှိသော ပါးဟက် သုံးခုဖြင့် အသက်ရှုသည်။





'ဆိုင်ရင်' ကြီးသည် ဆင်တီမီတာ ၇၀ ခန့် ရှည်သည်။ အမေရိကန်ပြည် အရှေ့တောင်ပိုင်း ရေတိမ်ကန်များနှင့် မြောင်းများတွင် တွေ့ရသည်။

'ဆိုင်ရင်'ငယ်သည် ၁၅ မှ ၃၀ ဆင်တီမီတာထိ ရှည်သည်။ အမေရိကန် ပြည် အရှေ့တောင်ပိုင်းရှိ ချောင်းငယ်များတွင် နေသည်။

# ဖားနှင့်ဖားပြုပ်များ

ကုန်းနေရေနေသတ္တဝါများတွင် ဖား၊ ဖားပြုပ်တို့သည် အကြီးဆုံးအုပ်စုဖြစ်သည်။ နောက်ခြေကြီးထွားသန်မာပြီး ခြေချောင်းများအကြား၌ အရေပြားဆက် ရှိသည်။ အမြီးမပါ။ ပူနွေးသော ဒေသများတွင် နေသည်။ သဲကန္တာရနေ အကောင်များတွင် ကြမ်းတမ်းသော အရေပြား ရှိသည်။ဖား၊ဖားပြုပ်တို့သည် အရေပြားဖြင့်လည်း အသက်ရှူနိုင်သည်။ အစေးပါသောလျှာကိုထုတ်၍ အစာကို ဖမ်းယူစားသည်။ 'အင်းဆက်'ပိုးများကိုစားသည်။ ဖားလောင်းသည် သက်ကြီးကောင်ဖားနှင့် ပုံသဏ္ဌာန် မတူပေ။ အသွင်ပြောင်းပြီးမှ သက်ကြီးကောင် ဖြစ်လာသည်။



မြောက်အမေရိကရှိ သစ်ပင်နေ အမေရိကန် ဖားသည် ၂.၅ ဆင်တီမီတာခန့် ရှည်သည်။

### သစ်ပင်နေဖား၏ လက်ချောင်း၊ ခြေချောင်းများ

သစ်ပင်နေ ဖားများတွင် လက်ချောင်း၊ ခြေချောင်းများ၌ တွယ်ကပ်နိုင်သောအဖုများ ရှိခြင်းကြောင့် အကိုင်းအခက်နှင့် သစ်ခေါက်များတွင် တွယ်ကပ်နေနိုင်သည်။






'ဝှိုက်'သစ်ပင်နေဖားသည် ၈ ဆင်တီမီတာခန့် ရှည်သည်။ ဩစတြေးလျတွင် ပျံ့နှံ့လျက်ရှိသည်။ ဤဖားသည် သစ်ပင်တက် ကျွမ်းကျင်သည်။ တခါတရံ သစ်ရွက်များတွင် ကုပ်တွယ်နေတတ်သည်။ အဓိကအားဖြင့် 'အင်းဆက်' ပိုးများကို စားပြီး တခါတရံ ခရုကို အကောင်လိုက်မျိုချသည်။



နယူးဇီလန်နေ အမြီးရှိ ရှားပါးသော ဖားသည် ၅ ဆင်တီမီတာခန့် ရှည်သည်။ ရေနှင့်ဝေးရာ တောင်စောင်းများတွင် နေသည်။ စွတ်စိုသောနေရာများ၊ ကျောက်တုံး၊ သစ်တုံးများအောက်၌ ဥသည်။ ဖားလောင်းအစား အမြီးရှိ ဖားငယ်များပေါက်သည်။ ဖားလောင်းအဆင့် မရှိတော့ချေ။ အကောင်ကြီးလာသည်နှင့်အမျှ အမြီး တဖြည်းဖြည်း တိုလာသည်။



'ဂိုလီယက်'ဖားသည် ဖား၊ ဖားပြုပ်များတွင် အကြီးဆုံးဖြစ်သည်။ ဆင်တီမီတာ ၃၀ ခန့်ရှည်ပြီး အိမ်မွေးကြောင်ခန့် အလေးချိန်စီးသည်။ မျက်စိနောက်ဘက်တွင် အဆိပ်'ဂလင်း'ရှိသည်။ ၎င်းဖားကို အာဖရိကအနောက်ပိုင်း၌ တွေ့ရသည်။



တောင်အမေရိက သစ်တောများတွင် တွေ့ရသော သစ်ပင်နေဖားကြီးသည် ၁၁ ဆင်တီမီတာခန့် ရှည်သည်။



ဖားပြုပ်၏အဆိပ်'ဂလင်း'



ထရီနီဒက်နှင့် တောင်အမေရိကရှိ 'ဆူရီနမ်' ဖားပြုပ်သည် ၁၅ ဆင်တီမီတာခန့် ရှည်သည်။ကိုယ်ပြားပြီး တြိဂံပုံ ဦးခေါင်းရှိသည်။ အဖိုသည် အမ၏ ကျောပေါ်ရှိ အိတ်ငယ်များအတွင်းသို့ ဥများကို တွယ်ချိတ်ပေးသည်။ ထိုအိတ်ငယ်များအတွင်း၌ပင် ဥများပေါက်ပြီး ဖားလောင်းအဆင့်ကို ကျော်လွန်သည်။ ရေနှင့်ဝေးရာသို့ ထွက်ခွာလေ့မရှိ။ ကြယ်ပုံ လက်ချောင်းထိပ်များဖြင့် ထိတွေ့မှုအာရုံခံသည်။ အဓိက အားဖြင့် ငါးများကို စားသည်။

ဥရောပမြောက်ပိုင်း၊ အလယ်ပိုင်းနှင့် အာရှအလယ်ပိုင်းတွင်တွေ့ရသော ဖားပြုပ်သည် ၁၀ ဆင်တီမီတာခန့် ရှည်သည်။ သစ်တော၊ ဥယျာဉ်၊ လယ်ကွက်များ၌ နေသည်။ ညဥ့် ကျက်စားသည်။ ကြမ်းတမ်းစွတ်စိုသော အရေပြား ရှိသည်။ 'အင်းဆက်'ပိုး၊ ခရုနှင့် 'ဝမ်း'ကောင်များကို စားသည်။





အာဖရိက အလယ်ပိုင်းနှင့်တောင်ပိုင်းတွင်တွေ့ရသော ခြေသည်းပါ ဖားပြုပ်သည် ၁၀ မှ ၁၂ ဆင်တီမီတာထိ ရှည်၏။ ရေကန်များတွင် တသက်လုံး နေသည်။ ခြေချောင်းသုံးချောင်းတွင်ရှိ ခြေသည်းများဖြင့် အစာယက်ရှာသည်။ ကန်ရေ ခန်းခြောက်သောအခါ ရွှံ့ထဲတွင် မိုးမကျမချင်း နေသည်။

ဥရောပ မြောက်ပိုင်းနှင့် အလယ်ပိုင်း သစ်တောနေ ဖားသည် ၆ ဆင်တီမီတာခန့် ရှည်သည်။ ညထွက် ကျက်စားသည်။ ချောမွတ် စွတ်စိုသော အရေပြား ရှိသည်။



တောင်အမေရိကနေ ချိုပါသော 'ကိုလမ်ဗီယန်' ဖားပြုပ်သည် ၂၅ ဆင်တီမီတာခန့် ရှည်သည်။ ပါးစပ်ကြီးပြီး မျက်လုံးများအထက်ရှိ ချိုပုံ ဖုများသည် အရောင် တောက်နေသည်။ သဲ သို့မဟုတ် ရွှံ့ထဲတွင် ပုန်းအောင်းကာ ကြွက်များနှင့်'အင်းဆက်'ပိုးများကို ဖမ်းစားသည်။



အာဖရိကရှိ ကင်မရွန်နှင့် ကွန်ဂို သစ်တောများ၌ တွေ့ရသော ငွေရောင် အပြောက်ပါ သစ်ရွက်နေ ဖားသည် သစ်ရွက်များတွင် တွယ်ကပ်နေ၏။ ၃ ဆင်တီမီတာခန့် ရှည်သည်။





## အသံအိတ်များ

ဖားနှင့် ဖားပြုပ်အများစုတွင် အဖိုသည် အသံအိတ် ရှိ၍ ကျယ်ကျယ် အော်နိုင်သည်။ အသံအိတ်သည် အချို့ဖားများ၌ လည်ချောင်းတွင် ရှိပြီး အချို့၌ ဦးခေါင်းဘေး တဘက်တချက်စီတွင် ရှိသည်။ အသံပြုသောအခါ ဘောလုံးကဲ့သို့ ဖောင်းလာပြီး အသံကျယ်ထွက်လာသည်။ မိတ်လိုက်ရာသီ၌ အဖိုများ၏ အော်သံသည် အမများကို ဆွဲဆောင်သည်။







ပီရူးနှင့် တောင်အမေရိက အီကွေဒေါ သစ်တောများ၌ တွေ့ရသော 'ဂိုလဒီ' ဖားသည် ၄ ဆင်တီမီတာခန့် ရှည်သည်။ အမသည် ဥများကို ကျောဘက် အိတ်ငယ်များတွင် သယ်ဆောင်ထားသည်။ ဖားမ ရေသို့ ဆင်းပြီးနောက် ဥများမှ ဖားလောင်းများ ပေါက်လာသည်။





ဗဟိုနှင့် တောင်အမေရိကတွင် တွေ့ရသော မြားဆိပ်ဖားသည် အရောင်တောက်ပ၏။ ၄ ဆင်တီမီတာခန့် ရှည်သည်။ တောက်ပသော အရောင်သည် အဆိပ်ရှိကြောင်း ပြသည်။ ဖား၏ အရေပြားမှ ရသော အဆိပ်ကို ဒေသခံ လူများက မြားထိပ်တွင် သုတ်လိမ်း အသုံးပြုသည်။ အဖိုသည် ဥများကို ကျောတွင် သယ်ဆောင်ထားသည်။ ဖားလောင်းသည် ဖွံ့ဖြိုးသည်အထိ ဖခင်ကိုတွယ်ကပ်နေသည်။



မြောက်အမေရိကရှိ အရွယ်အကြီးဆုံး ဖားနွားသိုးသည် ၁၉ ဆင်တီမီတာခန့် ရှည်သည်။ တခါတရံ ငှက်နှင့် လိပ်ငယ်များကို စားသည်။ အမသည် အဖိုထက် အရွယ်ကြီးပြီး တစ်ကြိမ်လျှင် ထောင်ပေါင်းများစွာ ဥသည်။ ဤဖား၏ ပေါင်သားများကို လူတို့ အရသာခံစားကြသည်။



ဖားနွားသိုးလောင်းသည် ၁၄ ဆင်တီမီတာခန့် ရှည်သည်။ ၁ နှစ်မှ ၂ နှစ်တိုင် အသွင်မပြောင်းပဲ နေသည်။

ဥရောပ ဖားပြုပ်ဝမ်းဆွဲသည် ရေနေဖားပြုပ် ဖြစ်သည်။ ၅ ဆင်တီမီတာခန့် ရှည်သည်။ ဥများကို အဖိုများက သန္ဓေအောင်စေသည်။ ၎င်း၏ ကျောဘက်နှင့် နောက်ခြေတွင် ဖားလောင်း ပေါက်သည် အထိ သယ်ဆောင်သည်။ ထိုဥများကို ရက်သတ္တ ၃ ပတ်ခန့် စောင့်ရှောက်ပြီးနောက် ဥများ ကောင်းစွာ ဖွံ့ဖြိုးလာသည့် အခါ ရေသို့ဆင်းသည်။ ဥများသည် ရေထဲတွင် အကောင် ပေါက်သည်။





တောင်အမေရိကရှိ ဖားနွားသိုးသည် ဆင်တီမီတာ ၂၀ ခန့် ရှည်သည်။ ရေတွင် ဥလေ့မရှိ။ သစ်ရွက်၊ အကျိအခဲ့များဖြင့် အသိုက် လုပ်ပြီး ဥ၍ အမြှုပ်ဖြင့် ဖုံးအုပ်ပေးသည်။ အသိုက်အတွင်း၌ ဖားလောင်းများ ဖား ဖြစ်သွားကြသည်။





ချိုရှိ အာရှဖားပြုပ်သည် ၁၀ ဆင်တီမီတာခန့် ရှည်သည်။ အရှေ့တောင်အာရှတွင် ရှိသည်။ သစ်ရွက်ခြောက်နှင့် တူသည်။



ဂျပန်ပြည် မြေပြန့်ဒေသနေ 'ရှဲရီဂျယ်' ဖားစိမ်းသည် ၅ ဆင်တီမီတာခန့် ရှည်၏။ ဥများသည် ပူဖောင်းများ စုပုံထားသည်နှင့် တူသည်။



အနောက်အာဖရိကရှိ အမွေးပါ ရှားပါး ဖားသည် ၁၀ ဆင်တီမီတာခန့် ရှည်သည်။ မိတ်လိုက်ရာသီတွင် ပေါင်နှင့် ကိုယ်ဘေး၌ အမွေးကဲ့သို့အရာများကို တွေ့ရသည်။ စင်စစ် အရေပြား ကြွတက်သာခြင်းသာဖြစ်သည်။ ဖားများပိုမိုလှုပ်ရှားသည့်အခါ အောက်ဆီဂျင်ကို ရှူနိုင်ရန် ၎င်းတို့က အထောက်အကူပြုသည်။

အမြှုပ်ဖုံး ဥများ



အမြှုပ်ဖြင့် အသိုက်လုပ် ဂျပန်ဖားသည် ၈ ဆင်တီမီတာခန့်ရှည်ပြီး အရောင်စိမ်းသည်။ ရေပေါ် တွဲလောင်းကျ သစ်ခက်များတွင် အသိုက်လုပ်သည်။ အမြှုပ်ဖြင့် ဥများကို အကာအကွယ်ပေးသည်။ ဥအကက်ကွဲသောအခါ အမြှုပ်များ နူးညံ့ ပျော့ပျောင်းပြီး ဖားလောင်းများ ရေထဲကျလာသည်။



အရှေ့တောင်အာရှ မိုးသစ်တောများနေ 'ဝေါလေ့' ဖားပျံသည် သစ်ပင်နေ ဖားဖြစ်သည်။ ၇ ဆင်တီမီတာခန့် ရှည်သည်။ ခြေချောင်းများအကြား၌ အရေပြားဆက် ရှိသည်။ သစ်ကိုင်းတခုမှတခုသို့ ခုန်ကူးသောအခါ ခြေချောင်းအရေပြားဆက်သည် လေထီးသဖွယ် ဖြစ်သွားသည်။ အခြားဖားပျံများ နည်းတူ ခရီးတိုကို လေဟုန်စီးသွားသည်။



ဥရောပ အလယ်ပိုင်းနှင့် အာရှတွင် တွေ့ရသော ရိုးရိုးစားဖားသည် ရေတိမ်ပိုင်းတွင် အနေများသည်။ ဖား၏ ပေါင်သားသည် နူးညံ့ပြီး အရသာ ရှိသည်။

# ကုန်းနေရေနေသတ္တဝါနှင့် တွားသွားသတ္တဝါများ၏ ဘဝအဆင့်ဆင့်

ကုန်းနေရေနေသတ္တဝါများတွင် အကျိအချွဲ ဖုံးဥများမှ သားလောင်းများပေါက်လာသည်။ သားလောင်းတို့တွင် ပြင်ပပါးဟက်များ ရှိသည်။ ရေတွင်နေသည်။ အသွင်ကူးပြောင်းချိန်၌ ခြေလက်များဖြစ်ပေါ်လာပြီး ပါးဟက်နှင့်အမြီး ပျောက်ကွယ်သွားကာ သက်ကြီးကောင်ဖြစ်လာသည်။

တွားသွားသတ္တဝါများသည် ကုန်းပေါ်၌ ဥသည်။ မိဘနှင့်ဆင်တူသော အကောင်ငယ်များ ပေါက်သည်။ တွားသွားသတ္တဝါငယ်များသည် သားလောင်းအဆင့်မရှိ။ အချို့သတ္တဝါများသည် အကောင်လိုက်မွေးသည်။

## ကုန်းနေရေနေသတ္တဝါများ




## တွားသွားသတ္တဝါများ




## ကုန်းနေရေနေသတ္တဝါများ (ရေထဲနေ)




## တွားသွားသတ္တဝါ (ရေနေ)



# တွားသွားသတ္တဝါများ

လိပ်၊ မိကျောင်း၊ ပုတ်သင်၊မြွေနှင့် လူသိနည်းသော ‘တူအာတာရာ’ တို့သည် တွားသွားသတ္တဝါမျိုးပေါင်းတွင် ထင်ရှားသော မျိုးစဉ်ငါးခုမှ ဖြစ်သည်။ ရှေးနှစ် သန်းပေါင်းများစွာ တွားသွား သတ္တဝါကြီး များ ကြီးစိုးခဲ့စဉ်က ‘ဒိုင်နိုဆော’ ကဲ့သို့သော သတ္တဝါကြီးများ ပေါ်ပေါက်ခဲ့သည်။ ယခုအခါ ကွယ်ပျောက်နေပြီဖြစ်သည်။ ခန္ဓာကိုယ်တွင် မာကျောသော အကြေးခွံများ ဖုံးအုပ်လျက်ရှိ၏။ အပူပိုင်းဒေသများတွင် နေလေ့ရှိသည်။ ဆောင်းခိုကြသည်။ သွေးအေးသတ္တဝါများဖြစ်ပြီး အဆုတ်ဖြင့် အသက်ရှူသည်။ ရေနေဓလေ့ ရှိသည်။ အသက်ရှူရန် ရေမျက်နှာပြင်ထက်သို့ တက်သည်။ အများစုသည် ဥ ဥသည်။



ပုတ်သင်ညို (သစ်ပင်နေသွေးစုပ်ပုတ်သင်)

# ရေလိပ်နှင့်ကုန်းလိပ်များ

လိပ်ကိုယ်သည် အခွံမာဖြင့် ဖုံးအုပ်လျက်ရှိသည်။ ဦးခေါင်း၊ ခြေ၊ လက်နှင့် အမြီးတို့ကိုသာ မြင်နိုင်သည်။ အန္တရာယ်နှင့်ကြုံလျှင် အခွံအတွင်းသို့ ဦးခေါင်း၊ ခြေ၊ လက်တို့ကို ကျုံ့သွင်းနိုင်သည်။ သွားများမရှိ။ အများစုသည် မြစ်၊ ချောင်း၊ ကန်နှင့် ပင်လယ်တို့၌နေပြီး အချို့ ကုန်းပေါ်၌ နေသည်။ သောင်ပြင်၌ ဥပြီး နေပူရှိန်ကြောင့် သားပေါက်သည်။ အမျိုးပေါင်း ၃၀၀ ကျော်ရှိသည်။ အငယ်ဆုံးသည် ရွှံ့တွင်းနေပြီး အကြီးဆုံးမှာ သားရေပြားကဲ့သို့ အခွံရှိ ပင်လယ်လိပ်များ ဖြစ်သည်။ အချို့ကို လူတို့ ချစ်စနိုး မွေးသည်။

## လိပ်ကို ဝမ်းဘက်မှမြင်ရပုံ

ဝမ်းဘက်ရှိ အခွံကို ရင်ခွံဟု ခေါ်ပြီး ကျောဘက်ရှိ အခွံကို ကျောခွံဟု ခေါ်သည်။ရေနေလိပ်များတွင် ရင်ခွံငယ်ပြီး ခြေချောင်းများ အကြား၌ ရေကူးနိုင်သည့်အရေပြားဆက် ရှိသည်။ ကုန်းနေလိပ်တို့၌ ရင်ခွံကြီးမားသည်။






ခွံပျော့လိပ်ကို မြစ်၊ ချောင်း၊ ရေအိုင်များ၌ တွေ့ရသည်။ အခွံပျော့ပျောင်း ပါးလွှာပြီး သားရေကဲ့သို့ ဖြစ်သည်။ နှုတ်ခမ်းထူပြီး နှာတံ ရှည်လျားပျော့ပျောင်းသည်။

'စနက်ပင်'လိပ်သည် ကိုယ်ထည်ကြီးပြီး အမြီးရှည်သည်။ ကျောခွံ ၄၅ ဆင်တီမီတာခန့် ရှိ၏။ ရန်လိုသည့်သတ္တဝါဖြစ်ပြီး သားကောင်ကို ဟပ်၍ ဖမ်းတတ်သည်။ အဟပ်ခံရလျှင် ဒဏ်ရာပြင်းသည်။ မြောက်အမေရိကတွင် နေသည်။



## လိပ်များ ခြေ၊ လက်၊ ဦးခေါင်းတို့ကို အခွံအတွင်းသို့ ကျုံ့သွင်းပုံ အမျိုးမျိုး



သေတ္တာပုံ လိပ်၏ ရင်ခွံနှင့် ကျောခွံသည် ပတ္တာဆက်ကဲ့သို့ တင်းကျပ်စွာချိတ်ဆက်နိုင်သဖြင့် ဦးခေါင်း၊ ခြေ၊ လက် တို့ကို အခွံအတွင်း လုံခြုံစွာ ထားနိုင်သည်။



'ဂိုဖာ' လိပ်သည် ဦးခေါင်းကို အခွံအတွင်း ကျုံ့သွင်းသည်။ သို့ရာတွင် ခြေသည်း၊ လက်သည်းနှင့် ခေါင်းပိုင်း အနည်းငယ်မျှ ပြင်ပ၌ ကျန်ရစ်သည်။



လည်ပင်းရှည်လိပ်သည် ဦးခေါင်း တခုလုံးကို အခွံတွင်း၌ စုဝှက် မထားနိုင်ချေ။ ခေါင်း တစိတ်တပိုင်းကိုသာ ပခုံးသား ပွပွ အောက်တွင် ဝှက် နိုင် သည်။ လည် တံ ရှည် ကြီး ကို ဘေးတိုက် တွေ့နိုင်သည်။

တောင်အမေရိကရှိ 'မာတာမာတာ' သည် လည်ပင်းရှည် လိပ်မျိုး ဖြစ်သည်။ လည်တံသည် ကျောရိုးထက် ရှည်သည်။ နှုတ်သီးရိုး မာကောက်သည်။ ဦးခေါင်းထက်၌ အရေပြားများ အရစ်လိုက်ရှိသည်။ ထိုအရစ်များ ရေတွင်လှုပ်ရှားကာ ငါးများကို ဆွဲဆောင်ပြီး ကြီးမားသော ပါးစပ်ဖြင့် စုပ်ဖမ်းသည်။



အတ္တလန္တိတ် ကမ်းခြေနှင့် အမေရိကန်ပြည် အရှေ့တောင်ပိုင်းနေ လိပ်ကတိုးသည် ၁၂ ဆင်တီမီတာခန့် ရှည်၏။ ကတိုးနံ့ ထွက်သည်။ ကုန်းနေရေနေသတ္တဝါငယ်များနှင့် ငါးများကို စားသည်။





မဒါဂါစကာ တောင်ပိုင်းနေ ရောင်ဖြာ ကုန်းလိပ်သည် မြက်ခင်းပြင်များ၌ နေသည်။ ကျောခွံ ဆင်တီမီတာ ၄၀ ခန့် ရှည်သည်။ ကျောခွံမှန်ကူကွက်များရှိ အဝါပြောက်များမှ အဝါစင်းများ ဖြာထွက်နေသည်။ ရှားစောင်းရွက်များကို စားသည်။



နားရွက်နီလိပ်တွင် ကျောခွံ ဆင်တီမီတာ ၂၀ခန့်ရှည်၏။ မျက်စိနောက်ဘက်ရှိ အနီရောင်တန်းကြောင့် နားရွက်နီဟုခေါ်သည်။ လူတို့ ချစ်စနိုးမွေးလေ့ရှိသည်။



လိပ်စုန်၏ ကျောခွံသည် ဆင်တီမီတာ ၉၀ ခန့် ရှည်၏။ သိမ်းငှက်၏နှုတ်သီးနှင့် တူသော နှုတ်သီးရှိ၏။ လှေ်တက်သဏ္ဍာန်ခြေလက်များဖြင့် ကူးခပ်သည်။ ပစိဖိတ်နှင့် အိန္ဒိယ သမုဒ္ဒရာတွင် နေ၏။ ၎င်း၏ အခွံကို အလှပစ္စည်းများအဖြစ် ပြုလုပ်ရောင်းချသည်။



ကုန်းပေါ်နေ လိပ်ကြီးမျိုး၌ မျိုးစိတ် နှစ်ခုရှိသည်။ တမျိုးကို အယ်ဒါဗရာနှင့် အိန္ဒိယသမုဒ္ဒရာရှိ ဆေးရှဲကျွန်းစုတွင် တွေ့ရ၏။ ကျန်တမျိုးကို ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဂါလာပါဂိုကျွန်းစုတွင် တွေ့ရသည်။ ဂါလာပါဂိုလိပ်သည် အကြီးဆုံးဖြစ်၏။ ကျောခွံသည် တစ်မီတာခန့် ရှည်၍ ကီလိုဂရမ် ၂၃၀ ခန့် လေးသည်။ သိမ်မွေ့သော အပြုအမူ ရှိသောကြောင့် တိရစ္ဆာန် ဥယျာဉ်များတွင် ကလေးများ တက်စီးရန် ခွင့်ပြုထားသည်။



အပူပိုင်း ရေပြင်နေ လိပ်စိမ်းသည် ၁.၂ မီတာခန့် ရှည်ပြီး ၁၃၅ မှ ၁၈၀ ကီလိုဂရမ်အထိ လေးသည်။ လူတို့ စားသုံးနိုင်သော လိပ်မျိုးဖြစ်သည်။



'လော့ဂါဟက်' သည် အပူပိုင်းဇုံနှင့်သမပိုင်းဇုံတို့တွင်တွေ့ရသော အလွန် ကြီးမားသည့် သားစားပင်လယ်လိပ် ဖြစ်သည်။ ကီလိုဂရမ် ၃၀၀ခန့်လေး၏။ ကျောခွံ တစ်မီတာကျော် ရှည်သည်။ လှေ်တက်ပုံ ခြေလက်များဖြင့် ရေကူးသည်။

သားရေ ကျောခွံ ပင်လယ်လိပ်သည် ၂ မီတာခန့် ရှည်ပြီး ကီလိုဂရမ် ၆၅၀ ခန့် လေးသည်။ ကျောခွံမှာတွင် သားရေကဲ့သို့သော အရေခွံ ရှိ၏။ အီကွေတာ ပတ်ဝန်းကျင်တွင် နေသည်။ပင်လယ်လိပ်တို့တွင် အရွယ်အကြီးဆုံး ဖြစ်သည်။

# ဖွတ်၊ပုတတ်နှင့်ပုတ်သင်များ

ဖွတ်၊ ပုတတ်နှင့် ပုတ်သင်များတွင် အကြေးခွံ ရှိသည်။ ခြေလက်များ ဖွံ့ဖြိုးပြီး အမြီး ရှည်သည်။ တွားသွားသတ္တဝါများ ဖြစ်သည်။ အများစုတွင် နားပေါက်နှင့် လှုပ်ရှားနိုင်သော မျက်ခွံများ ရှိသည်။ အမြီးပြတ်သွားပါက အသစ်ထွက်သည်။ 'ဂီလာမွန်စတာ'မှလွဲ၍ ကျန်အကောင်တို့တွင် အဆိပ်မရှိ။မျိုးစိတ်ပေါင်း ၂၅၀၀ ရှိ၏။ ၅ ဆင်တီမီတာမှ ၃ မီတာထိ ရှည်၏။ ပူနွေးသော ဒေသတွင် နေသည်။



'တူကေး'ခေါ် တောက်တဲ့ကြီးမျိုးသည် ဆင်တီမီတာ ၃၀ ရှည်ပြီး တောက်တဲ့တို့တွင် အကြီးဆုံးဖြစ်သည်။ အသံကျယ်ဖြင့် မိမိ၏အမည်ကိုဖော်၍ 'တူကေး-တူကေး'ဟု အော်တတ်သည်။ အလွန်များပြီး အရှေ့တောင်အာရှနေအိမ်များ၊သစ်ပင်များတွင်နေသည်။

## တောက်တဲ့များ

တောက်တဲ့အများစုသည် ၁၀ မှ ၁၅ ဆင်တီမီတာထိ ရှည်၏။ နံရံ၊ သစ်ပင်နှင့် ချောမွတ်သော မျက်နှာပြင်များပေါ် လျှောက်လျှင် ပြုတ်မကျရန် ခြေချောင်းများ အောက်တွင် တွယ်ကပ်ဖုပြားများ ရှိသည်။ များသောအားဖြင့် မျက်စိသူငယ်အိမ်သည် ဒေါင်လိုက်တည်ရှိ၏။ မျက်ခွံများ မလှုပ်ရှားနိုင်ပေ။ စုတ်ထိုးသံ၊ ရန်လုပ်သံများ ပြုနိုင်သည်။ တောက်တဲ့မျိုးစိတ်ပေါင်း ၃၀၀ ရှိသည်။



← ခြေချောင်းကောက် တောက်တဲ့ကို အာဖရိကနှင့် အရှေ့တောင်အာရှ နေအိမ်များတွင် တွေ့ရ၏။ ၇မှ၁၀ဆင်တီမီတာထိရှည်၏။ညကျက်စားသည်။



တောက်တဲ့စိမ်းသည် ဆင်တီမီတာ ၂၀ ရှည်သည်။ အရှေ့တောင်အာရှနှင့် မဒါဂါစကာတွင် ရှိသည်။ အများအားဖြင့် နေ့ဥသာ ကျက်စားသည်။ →

## ဖွတ်၊ပုတတ်များ၏ခြေထောက်ပုံအမျိုးမျိုး



'အဂါးမစ်'၏ ခြေထောက်



ယပ်တောင်ပုံ ခြေထောက်ရှိ တောက်တဲ့၏ ခြေထောက်



တောက်တဲ့၏ခြေထောက်



တောက်တဲ့ပျံသည် ဆင်တီမီတာ ၂၀ ရှည်၏။ အရှေ့တောင်အာရှ သစ်တောများတွင် တွေ့ရ၏။ ကိုယ်နှင့် ခေါင်းရှိ အရေပြားများသည် ကျယ်ပြန့် ပြားချပ်နေ၏။ ၎င်းကို ဖြန့်၍ လေဟုန်စီးသည်။ခြေချောင်းများသည် အရေပြားဆက် ခြေချောင်းများ ဖြစ်သည်။

တောက်တဲ့သည် ဖွတ်၊ပုတတ်များနှင့်မတူပေ။ မျက်ခွံမလှုပ်ရှားနိုင်။ မျက်စိသည် စိုစွတ်ပြီး ထွင်းဖောက်မြင်နိုင်သော အမြေးပါးဖြင့် ဖုံးအုပ်နေသည်။ ၎င်းကို လျှာဖြင့် လျက်ပေးသည်။ ညကျက်စား တောက်တဲ့များတွင် သူငယ်အိမ် ဒေါင်လိုက်ရှိ၏။ နေ့ကျက်စား တောက်တဲ့များတွင် သူငယ်အိမ် လုံးဝန်းသည်။



အချို့ဖွတ်၊ ပုတတ်များသည် 'အဂါးမစ်'များကဲ့သို့ မျက်ခွံလှုပ်ရှားနိုင်ပြီး သူငယ်အိမ် လုံးဝန်းသည်။



## တူအာတာရာ

'တူအာတာရာ'သည် ဖွတ်၊ ပုတတ်မျိုးနွယ်နှင့်တူသော တွားသွားသတ္တဝါ ဖြစ်သည်။ နှစ်ပေါင်း သန်း ၁၀၀ လောက်က မျိုးပြုန်းခဲ့သော တွားသွားမျိုးစဉ်တွင် ပါဝင်သည်။ သမိုင်းမတင်မီခေတ်က ရှိခဲ့သော ရှေးအနွယ်ဝင်များနှင့် တူ၏။ ၎င်းအုပ်စုတွင် ဤအမျိုးအစားသာ အသက်ရှင်လျက် ကျန်ရှိသောကြောင့် သက်ရှိရုပ်ကြွင်းများဟု ခေါ်သည်။ ယခုအခါ မြောက်ဘက် နယူးဇီလန်ကျွန်းတွင် နေကြ၏။ ဖွတ်၊ ပုတတ်၊ 'အင်းဆက်'ပိုး၊တီကောင်နှင့် ခရု၊ ယောက်သွား စသည်များကို စားသည်။ မြေကျင်းများတွင် ဥ၏။ သားပေါက်ရန် ၁ နှစ်ခန့် ကြာသည်။



သစ်တက်ပုတ်သင်တို့တွင် ကောင်းစွာ ဖွံ့ဖြိုးသော ခြေချောင်း လက်ချောင်း၊ ရှည်သော အမြီး ရှိသည်။






'အီဂွာနာ' ဖွတ်သည် ၂ မီတာခန့် ရှည်ပြီး တောင်အမေရိက အပူပိုင်း သစ်တောများတွင် နေသည်။ သစ်ပင်နေသတ္တဝါဖြစ်သော်လည်း လန့်စရာကြုံက ရေထဲသို့ ဆင်းပြေးတတ်သည်။



သစ်ပင်နေ 'ဂျပါလူရာ' ပုတ်သင်သည် ရှည်သော အမြီး အပါအဝင် ၂၅ ဆင်တီမီတာခန့်ရှိသည်။ ခြေသည်းများ သန်မာသည်။ခွေးသွားစိပ်ကဲ့သို့သော အချွန်များခေါင်းမှ ကျောဘက်တိုင်ရှိသည်။ အာရှတောင်ပိုင်း၌ တွေ့ရ၏။

ပုတ်သင်ပျံသည် ၂၅ ဆင်တီမီတာခန့် ရှည်ပြီး သစ်ပင်နေ ဖွတ်ပုတတ်ငယ်မျိုး ဖြစ်သည်။ အရှေ့တောင် အာရှ သစ်တောများတွင် တွေ့ရ၏။ တောင်ပံသည် အကြေးခွံပါ အရေပြားဖြစ်သည်။အတောင်ကိုဖြန့်၍ လေဟုန်စီးသည်။

ကြာယပ်ပုံနားရွက်ရှိ ဩစတြေးလျပုတ်သင်သည် ဆင်တီမီတာ ၇၀ ခန့် ရှည်၏။ မြေပေါ်တွင် လည်း ကောင်း၊ သစ်ပင်ပေါ်တွင် လည်း ကောင်း နေသည်။ လည်ပင်းရှိ အကြေးခွံပါ အရေပြားပွကို ခေါက်ထားသည်။ လန့်လျှင် ပါးစပ်ပွင့်လာပြီး အရေပြားပွ ကြာယပ်ပုံ ပြန့်ကားလာခြင်းကြောင့် ရန်သူလန့်ပြေးသည်။



မြေပြင်နေ ပုတ်သင်များတွင် သန်မာသောခြေထောက်နှင့် ခြေချောင်းများ ရှိသည်။ ရှေ့လက်ကို မြေမှကြွလျက် နောက်ခြေဖြင့် ကောင်းစွာ ပြေးနိုင်သည်။

ပင်လယ် 'အီဂွာနာ' သည် ၁.၅ မီတာခန့် ရှည်၏။ ဂါလာပါဂို ကမ်းခြေတွင် တွေ့နိုင်၏။ ရေကူးနိုင်၏။ လန့်စရာကြုံလျှင် ရေတွင်ခိုအောင်း၏။ ပင်လယ်တွင်းနှင့် ကုန်းတွင်းပိုင်းသို့ ဝေးဝေး မသွားပေ။ ရေမှော်များကို ကုတ်ဖဲ့စားရန် လက်သည်းရှည်များ ရှိ၏။ ပင်လယ်နေ ဖွတ်ပုတတ်မျိုး ဖြစ်သည်။

'ဗက်ဇီလစ်'ပုတ် သင် သည် ၇၅ ဆင်တီမီတာခန့် ရှည်၏။ အမေရိက အပူပိုင်းတွင် နေ၏။ နောက်ခြေဖြင့် လျင်မြန်စွာပြေးနိုင်သည်။ ကိုယ်အလွန်ပေါ့သော ကြောင့် ရေပြင်ပေါ်၌ပင် တာတိုပြေးနိုင်သည်။





သဲကန္တာရနေ ဖွတ်၊ ပုတတ်တို့တွင် အမြိတ်ပုံ ခြေချောင်းများ ပါသည်။ ထို့ကြောင့် သဲပြင်ပေါ်တွင် လျင်မြန်စွာ သွားလာနိုင်သည်။ အချို့တွင် ခြေထောက်များ တိုပြီး အချို့တွင်ခြေထောက် မရှိပေ။ညဉ့်ကျက်စား၏။သဲအောက်တွင် တွင်းတူးနေနိုင်သည်။

အမြိတ်ပုံခြေချောင်းရှိ ပုတတ်သည် ၁၀ ဆင်တီမီတာခန့် ရှည်သည်။ သဲပွပေါ်တွင် လျင်မြန်စွာ ပြေးနိုင်သည်။ မိုဟားဗီးနှင့် ဆိုနိုရာ သဲကန္တာရများတွင် နေသည်။





ချိုရှိ ပုတ်သင်သည် ၁၁ ဆင်တီမီတာ ရှည်၏။ မြောက်အမေရိက သဲကန္တာရတွင်နေသည်။ ဖားပြုပ်နှင့်တူသည်။ ဒေါသထွက်လျှင် သွေးမျက်ရည် ပန်းထွက်သည်။

## ပုတ်သင်များ

ပုတ်သင်များတွင် တွယ်ချိတ်နိုင်သော အမြီးနှင့် သစ်ပင်တက်ရာတွင် ထောက်ကူသည့် ခြေချောင်းများ ရှိသည်။ လျှာဖြင့် အဝေးမှ အစာကို ရယူနိုင်သည်။ အစိမ်းရောင်မှ အဝါရောင်၊တဖန် မီးခိုးရောင်သို့ ပြောင်းလဲနိုင်သည်။မျက်စိ တလုံးချင်းကို လွတ်လပ်စွာ လှုပ်ရှားနိုင်သဖြင့် ပတ်ဝန်းကျင် အရပ်မျက်နှာတို့ကို တပြိုင် နက် ကြည့်နိုင်သည်။



‘ဂျက်ဆင်’ ပုတ်သင်သည် ဆင်တီမီတာ ၂၀ မှ ၂၅ ထိ ရှည်၏။ အာဖရိကတွင်သာ ရှိ၏။ အထီးတွင် ချို ၃ ခု ရှိသည်။

## ပုတ်သင်၏လျှာ



ပုတ်သင်တို့သည် လျှာကို လိုရာသို့ ထုတ်နိုင်သည်။ စေးကပ်သည့်လျှာထိပ်ဖြင့်‘အင်းဆက်’ပိုးများကို ဖမ်းသည်။ လျှာကို အမြန်သွင်းပြီး‘အင်းဆက်’ပိုးများကိုစားသည်။




ပုတ်သင်၏ရှေ့ခြေ

ပုတ်သင်၏နောက်ခြေ

## ပုတ်သင်၏ခြေထောက်များ

ခြေထောက် တချောင်းစီတွင် ခြေချောင်း ၂ ချောင်းနှင့် ၃ ချောင်းဆိုင်လျက် ပါရှိသည်။ ရှေ့ခြေတွင် ခြေချောင်း ၂ ချောင်း သည် အပြင် လှည့်ပြီး ၃ ချောင်း အတွင်း လှည့်၏။ နောက်ခြေတွင် ၃ ချောင်းသည် အပြင်လှည့်ပြီး ၂ ချောင်း အတွင်း လှည့် ၏။ ထိုအနေအထားကြောင့် ပုတ်သင်တို့ ဟန်ချက်ကိုထိန်းလျက် တွယ်ကပ်နေနိုင်ခြင်း ဖြစ်သည်။



အစိမ်းရောင်‘အန်နိုလီ’သည် ဆင်တီမီတာ ၂၀ ခန့် ရှည်၏။ အမေရိကန်ပြည် အရှေ့တောင်ဘက် ဘဟားမား နှင့် ကျူးဘားတို့တွင် တွေ့ရ၏။ သစ်ပင်ပေါ်၌ နေ၏။ အမေရိကန် ပုတ်သင် ဟုလည်း ခေါ်သည်။ ‘အီဂွာနာ’ မျိုးတွင် ပါ၏။ အ ရောင် ပြောင်း နိုင် သည်၊ အ ဖို တွင် လည်ချောင်းအိတ် ရှိသည်။ လန့်လျှင် ကြီးလာသည်။

## ကင်းလိပ်များ

ကင်း လိပ် များ သည် မြေပြင်တွင် နေ၏။ ကိုယ်ရှည်ပြီး ချော မွတ် တောက် ပ သော အကြေးခွံများ ရှိ၏။ အများစုသည် ခြေတိုပြီး အချို့တွင် ခြေထောက် မပါချေ။ အမြီးသွယ်၏။ ဆင်တီမီတာ ၃၀ ခန့် ရှည်သည်။ မျိုးစိတ်ပေါင်း ၆၀၀ ခန့် ရှိသည်။



သေး ငယ် သော ကင်းလိပ်ညိုကို အ မေ ရိ ကန် ပြည် တွင် တွေ့ရ၏။ ၁၂ ဆင်တီမီတာခန့် ရှည်၏။ အညိုဖျော့နှင့်အညိုရင့်ရောင် ရှိသည်။



## ကင်းလိပ်တို့၏အမြီးများ

ကင်းလိပ်ကို အမြီးမှ ဆွဲကိုင်၍ ဖမ်းလျှင် အမြီးပြတ်၍ တွန့်လူးကျန်ခဲ့ပြီး ကင်းလိပ်သည် အဝေးသို့ ပြေးသည်။ အမြီးသစ် ပြန်ပေါက်သည်။

အစင်း ၅ ခုရှိ အာဖရိကကင်းလိပ်သည် ၂၅ ဆင်တီမီတာခန့် ရှည်၏။လူ့ပတ်ဝန်းကျင်တွင် နေ၏။‘အင်းဆက်’ပိုးများကို စားသည်။ သက်ငယ်ကောင်၏ မည်းသောကိုယ်ပေါ်တွင် အပြာစင်း ၅ ခု ရှိ၏။အပြာရောင်အမြီးသွယ်ရှိ၏။သက်ကြီးကောင်မှာ အရောင်ကွဲပြား၏။ အမ၏ အညိုရောင်ကိုယ်ပေါ်၌ ရွှေရောင်အစင်းများ ပါ၏။ အထီးသည် နှုတ်ခမ်းဝါ၊ လည်ပင်းမည်းပြီး ကိုယ်ညိုသည်။ →



## ကင်းလိပ်၏မျက်ခွံ

ကင်းလိပ်များတွင် လှုပ်ရှားနိုင်သော အကြေးခွံပါ အောက်မျက်ခွံ ရှိသည်။ အချို့ကင်းလိပ်တွင် အောက်မျက်ခွံ၌ အလင်းပေါက် အပြား ပါ၏။ မြေအောင်းသောအခါ ၎င်းအပြားသည် မျက်လုံးကို ကာကွယ်ပြီး အပြင်သို့လည်း မြင်စေနိုင်သည်။



← ကင်းလိပ် အမျိုးမျိုးတွင် အလင်းပေါက် အပြား အရွယ်အမျိုးမျိုး ရှိ၏။ ကင်းလိပ်ညို၏ အောက်မျက်ခွံ၌ အလင်းပေါက်အပြားငယ် ရှိသည်။



← ‘ထရာဗင်ကိုး’ ကင်းလိပ်တွင် အလင်းပေါက် အပြား သည် အောက်မျက်ခွံ ထက် ဝက် ထက် ကြီးသည်။



← မျက်ခွံမဲ့ ကင်းလိပ်တွင် အလင်းပေါက် အပြား သည် မျက်လုံးပေါ်တွင် အမြဲရှိသည်။



← ဖလော်ရီဒါ သဲကင်းလိပ်သည် ၅ ဆင်တီမီတာခန့် ရှည်၏။ မြေအောင်းမျိုး ဖြစ်သည်။ ကိုယ်ရှည်ပြီး ခြေ အလွန်သေးသည်။ သောင်ပြင်တွင် လူးလွန့်သွားသည်။ မျက်လုံးသေး၏။ အပြင်နားပေါက် မရှိ။ ဖလော်ရီဒါနှင့် အနောက်တောင်အာရှတွင် တွေ့ရ၏။

ဆော်လမွန်ကျွန်းရှိ ကင်းလိပ်ကြီးသည် အကြီးဆုံး ကင်းလိပ်မျိုးဖြစ်ပြီး ဆင်တီမီတာ ၆၀ ခန့် ရှည်၏။ တွယ်ချိတ်နိုင်သော အမြီး ရှိ၏။ သစ်ပင်တက် နိုင်၏။ အပင်ငယ်များကို စား၏။



၁။ မြေပြင်နေ အချို့ပုတ်သင်များသည် ခြေတိုပြီး အမြီးရှည်သည်။



မြောက်အမေရိကရှိ မိကျောင်းခေါင်းတို့နှင့် တူသော ပုတ်သင်သည် ၂၅မှ ၅၀ ဆင်တီမီတာထိရှည်ပြီး ကိုယ်၌အကြေးခွံ ရှိသည်။

၂။ အချို့ပုတ်သင်များ၌ အလွန်သေးပြီး ရေယက်နှင့်တူသော ခြေများရှိသည်။



မြောက်အမေရိက နှင့် ဥရောပ တောင်ပိုင်းရှိ ဆလင်ဒါပုံ ကင်းလိပ်သည် ၂၅ မှ ၄၀ ဆင်တီမီတာခန့် ရှည်သည်။

၃။ မြေပြင်နေ အချို့သော ပုတ်သင်တို့၌ ခြေမရှိ။ မြွေနှင့်တူပြီး ခြေရှိ ပုတ်သင်တို့ထက် လျင်မြန်စွာ ရွေ့လျားနိုင်သည်။



ဖလော်ရီဒါ တီကောင်တူပုတ်သင်ကို အမေရိကန်ပြည်တွင် တွေ့ရ၏။ ဆင်တီမီတာ ၃၀ ခန့်ရှည်ပြီး ပန်းရောင် ဖြစ်သည်။

မြွေတူ ပုတ်သင်သည် ၁.၂ မီတာခန့် ရှည်သည်။ အမြီးပြတ်ပါက အသစ်ပြန် ထွက်၏။ ဥရောပ၊ အာဖရိက၊ အာရှနှင့် မြောက်အမေရိကတွင် တွေ့ရသည်။





တီကောင်တူ ကင်းလိပ်နီသည် ဆင်တီမီတာ ၄၀ ခန့် ရှည်၏။ မြေအောင်းသည်။ ဆလင်ဒါပုံကိုယ်၌ အရစ်များရှိသည်။ တောင်အမေရိကတွင် တွေ့ရသည်။

'မာလီ' ဖွတ်ကြီးသည် ၂ မီတာခန့် ရှည်သည်။ အရှေ့တောင်အာရှတွင် တွေ့ရသည်။ ငှက်ဥများနှင့် သတ္တဝါငယ်များကို စား၏။ သန်မာသောအမြီးဖြင့် မိမိကိုယ်ကို ကာကွယ်သည်။





'ဂီလာမွန်စတာ' (လက်ဝဲ) ကို မက္ကဆီကိုနှင့် အမေရိကန်ပြည် အရီဇိုနာ၊ နီဗားဒါး၊ ယူတားပြည်နယ်များရှိ သဲကန္တာရများတွင် တွေ့ရ၏။ ဆင်တီမီတာ ၆၀ ခန့်ရှည်၏။ အရေပြားတွင် ပုတီးစေ့ပုံ ဖုကလေးများရှိ၏။ အဆိပ်ရှိသည်။ မြွေပွေးအဆိပ်လောက် မပြင်းပေ။ လှုပ်ရှားမှုနှေးသဖြင့် မပြေးနိုင်သော သတ္တဝါငယ်၊ ငှက်ဥနှင့် တွားသွားသတ္တဝါများကို စားသည်။

'ကိုမိုဒိုဒရာဂွန်' (လက်ယာ) သည်ဖွတ်ပုတတ်မျိုးတွင်အကြီးဆုံးဖြစ်၏။ ၃ မီတာခန့်ရှည်ပြီး ကီလိုဂရမ် ၁၃၀ ခန့် လေးသည်။ သန်မာသောခြေသည်းများ၊ ချွန်ထက် သွားများနှင့် မြွေနှင့်တူသော လျှာရှိ၏။ သမင်ငယ်၊ ဝက်ငယ်နှင့်တိရစ္ဆာန်သေများကိုစားသည်။အင်ဒိုနီးရှားရှိ ဆန်ဒါကျွန်းအချို့တွင် တွေ့ရသည်။



# မြွေများ

မြွေများသည် ခြေ၊ မျက်ခွံ၊ နားပေါက်၊ ရင်အုံရိုး မရှိသော တွားသွားသတ္တဝါများ ဖြစ်ကြသည်။ အရေပြားတွင် အကြေးခွံများအတန်းလိုက်ရှိပြီး တနှစ်လျှင် အနည်းဆုံး တကြိမ်ခန့် အရေခွံလဲသည်။ မြွေကြီးများတွင် ကျောရိုးဆစ် ၄၀၀ ခန့် ရှိသည်။ ကျောရိုး တဘက်တချက်ရှိ ကြွက်သားများကို တလှည့်စီ ကျုံ့၍ ရွေ့လျားသည်။ ရေကူးနိုင်သည်။ သွားများ နောက်ဘက် ယိုင်နေသည်။ အဆိပ်ရှိမြွေတို့တွင် အစွယ်မှ အဆိပ်ထွက်သည်။ လျှာသည် ထိပ်ဘက်သို့ သွယ်သွားပြီး နှစ်ခွဖြစ်နေသည်။ အနံ့အာရုံကို ခံစားနိုင်သည်။ အစာကို မဝါးပဲ မျိုချသည်။ မြွေအားလုံး သားစားကောင်များ ဖြစ်ကြသည်။



မှန်ကူကွက်စပါးအုံးမြွေသည် မြွေများတွင် အရှည်ဆုံး ဖြစ်၏။ ၉ မီတာခန့် ရှည်သည်။ နို့တိုက်သတ္တဝါငယ်များကို စားလေ့ရှိသည်။ ဝက်ကောင်ကို မျိုနိုင်သည်။ အရှေ့တောင် အာရှတောများတွင် တွေ့ရသည်။



အိန္ဒိယစပါးအုံးသည် ၆.၅ မီတာခန့် ရှည်သည်။ တုတ်ခိုင်သော ကိုယ်ရှိပြီး ကျင်လည်စွာ ရေကူးနိုင်သည်။ အိန္ဒိယ၊ အရှေ့တောင်အာရှနှင့် တရုတ်ပြည်တောင်ပိုင်းတွင် တွေ့ရသည်။

## စပါးအုံး၊ စပါးကြီးနှင့်အင်နာကွန်ဒါမြွေကြီးများ

၎င်းတို့သည် 'ဘိုအိုင်းဒေး' မျိုးရင်းတွင် ပါဝင်သည်။ ရှေးကျသော မြွေများဖြစ်၍ တင်ရိုးခွေနှင့် နောက်ခြေရှိခဲ့ဖူးသည့် လက္ခဏာများကျန်ရှိသည်။ အကြီးဆုံးမြွေများသည် ဤမျိုးရင်းတွင်ပါဝင်သည်။ အဆိပ်မရှိ။ သားကောင်ကို ကိုယ်ဖြင့် ရစ်ပတ်ညှစ်သတ်သည်။

'ရာဘာ'စပါးကြီးမြွေသည် ဆင်တီမီတာ ၆၀ ခန့် ရှည်သည်။ မြောက်အမေရိက ပစိဖိတ်ကမ်းခြေ စိုထိုင်း သစ်တောများတွင်နေ၏။ ရန်သူချဉ်းကပ်လာလျှင် ခေါင်းကို ကိုယ်အောက်တွင်ဝှက်ထား၍ ခံနိုင်ရည်ရှိဆုံးသော အမြီးကို ခေါင်းသဖွယ် ထုတ်ထားသည်။





စပါးကြီးမြွေသည် ၄.၅ မီတာခန့် ရှည်သည်။ အာဂျင်တီးနားအလယ်ပိုင်းနှင့် မက္ကဆီကိုတွင် တွေ့ရ၏။ ခြောက်သွေ့သစ်တောများတွင် နေသည်။

စပါးအုံး၊ စပါးကြီးနှင့် 'အင်နာကွန်ဒါ' မြွေများတွင် ခြေများအလွန်သိမ်နေ၍ ရွေ့လျားရာ၌ အသုံးမဝင်ချေ။




သစ်ပင်နေ မြစိမ်းရောင်စပါးကြီးမြွေသည် ၂.၅ မီတာခန့် ရှည်၏။ တောင်အမေရိက အပူပိုင်းသစ်တောများတွင် နေ၏။ နားနေသည့်အခါနှင့် သားကောင် စောင့်သည့်အခါ သစ်ကိုင်းပေါ်တွင် ခွေနေသည်။ သားကောင်ဖမ်းသည့်အခါ အခွေကိုဆန့်ပြီး အမြီးကို သစ်ကိုင်းတွင် ချိတ်ကာ လျင်မြန်စွာ ဖမ်းသည်။ ငှက်၊ ရှဉ့်၊ ဖွတ်၊ ပုတတ်များကို စားသည်။



စပါးအုံး၏ အရိုးစုတွင် 'ကွာဒရိတ်'ရိုးက ခေါင်းခွံနှင့် အောက်မေးရိုးကို ဆက်ထားသည်။ ထိုအရိုးက လှုပ်ရှားမှုကိုထိန်းပေးပြီး ပါးစပ်ကို ကျယ်ပြန့်စွာ ဖွင့်နိုင်စေသည်။ သို့ဖြစ်၍ ကြီးမားသောသတ္တဝါများကို မျိုချနိုင်သည်။




'အင်နာကွန်ဒါ'မြွေကြီးသည် ၇.၆ မီတာခန့် ရှည်သည်။ မှန်ကူကွက်စပါးအုံးထက် တိုသော်လည်း ကိုယ်အလေးဆုံးမြွေ ဖြစ်သည်။ ငှက်နှင့် နို့တိုက်သတ္တဝါများကို အဓိကစားပြီး တောင်အမေရိကတွင် နေသည်။



# ကိုလူဗရစ်မြွေများ

မြွေအမျိုးစုသည် အန္တရာယ်မပြုပေ။ အဆိပ် အနည်းငယ်သာ ရှိသည်။ ၎င်းတို့ကို 'ကိုလူဗရစ်' မြွေများဟု ခေါ်၏။ ကမ္ဘာပေါ်ရှိ မြွေစုစုပေါင်း၏ ၃ ပုံ ၂ ပုံ ခန့်သည် 'ကိုလူဗရစ်' မြွေများ ဖြစ်သည်။၎င်းတို့တွင် ကုန်းနေ၊ သစ်ပင်နေ၊ မြေအောက်နေ၊ ရေနေ ဟူ၍ လေးမျိုးရှိသည်။ အချို့မြွေများသည် ကုန်းမြေနှင့် သစ်ပင်ပေါ်တွင် နေပြီး အချို့ ရေတွင် နေကြသည်။



သစ်ပင်နေ ကြေးနီရောင်မြွေသည် ၁.၅ မီတာခန့် ရှည်သည်။ အိန္ဒိယတွင် တွေ့ရသည်။



ကျားပွတ်ပုံနှာတံရှည်မြွေများသည် ၁.၄ မီတာခန့် ရှည်၏။ အရှေ့တောင်အာရှ သစ်ပင်များ၌ တွေ့ရသည်။ →





'ပါရာဒိုက်' မြွေမျိုးသည် ၁.၂ မီတာခန့် ရှည်ပြီး အရေပြားပေါ်တွင်ရောင်စုံအဆင်ပါရှိသည်။ အင်ဒိုနီးရှားနှင့် မလေးရှားသစ်တောများ၌ တွေ့ရသည်။

← လမုတောမြွေသည် ၂ မီတာခန့် ရှည်ပြီး အရှေ့တောင်အာရှတွင် နေ၏။ ငှက်နှင့်ငှက်ဥကို စားသည်။

ဝက်နှာခေါင်း မြွေမျိုးသည် ဆင်တီမီတာ ၆၀ မှ ၈၀ အထိ ရှည်၏။ အဆိပ်ရှိဟန် ဆောင်သော်လည်း စင်စစ် အဆိပ်မဲ့သည်။ နှာမှုတ်၍ ခြိမ်းခြောက် တတ်၏။ မအောင်မြင်လျှင် ... လျက် သေယောင် ဆောင်နေသည်။ နှာခေါင်းဖြင့် မြေ...၏။အမေရိကန်ပြည်အရှေ့ပိုင်းတွင် နေ၏။ ဖားပြုပ်များကို ...ားသည်။ →



↑ အစင်းရှိသဲမြွေသည် ဆင်တီမီတာ ၄၀ ခန့် ရှည်၏။ သြစတြေးလျ အလယ်ပိုင်းသဲကန္တာရတွင် နေသည်။



ဥကိုစားသော အာဖရိကမြွေသည် ၇၆ ဆင်တီမီတာခန့် ရှည်၏။ ကြက်ဥကို အလုံးလိုက် မျိုနိုင်သည်။ လည်ပင်းရိုးချွန်များက ဥကိုခွဲခြေပြီး အကာနှင့်အနှစ်ကိုမျိုချသည်။ ကြေနေသောဥခွံကို ပြန်ထွေးထုတ်သည်။ ↓



မြောက်အမေရိကန် အပြေးမြန် မြွေနီမျိုးကို သဲကန္တာရတွင် တွေ့ရ၏။ ↓ ပုတတ်နှင့် အခြားသတ္တဝါငယ်များကို စားသည်။





← ကျောရိုးတန်း ပဆစ်ကွက်မြွေသည် ၁.၂ မီတာခန့် ရှည်သည်။ ရေတွင် အနေများ၏။ အာရှတိုက် တောင်ပိုင်းတွင် တွေ့ရသည်။

ရေမြွေအမျိုးစုကို အရှေ့တောင်အာရှ စွတ်စိုသောဒေသတွင် တွေ့ရ၏။ ငါးနှင့် ကုန်းနေ ရေနေ သတ္တဝါများကို စား၏။ ၆၅ ဆင်တီမီတာခန့် ရှည်သည်။ →





← မြက်လျှောမြွေသည် ဆင်တီမီတာ ၆၀ ခန့် ရှည်ပြီး ရေကန်အနီး မြက်ခင်းများတွင် နေ၏။ မြောက်အမေရိကတွင် တွေ့ရသည်။

ပြုပ်မြွေသည် ၂ မီတာခန့် ရှည်၏။ အရှေ့တောင်အာရှ ရေနီးဒေသများတွင် တွေ့ရသည်။ အစာကိုရှာ၍မစား။ အနီးရောက်လာအောင် စောင့်၍ ဖမ်းယူစားသည်။ →



## အဆိပ်ရှိမြွေများ

အဆိပ်ရှိ မြွေများကို မြွေဟောက်၊ ဂျတ်မြွေ၊ 'မမ်ဗာ' မြွေ၊ သန္တာမြွေ၊ ငန်းမြွေ၊ ငန်းတော်ကျားမြွေများပါသော မြွေဟောက်အုပ်စုနှင့် မြွေပွေး၊ ခလောက်မြွေများပါသော မြွေပွေးအုပ်စုဟူ၍ ၂ ခု ခွဲထားသည်။ မြွေဟောက်အုပ်စုတွင် အစွယ်များ ပုံသေ ထွက်နေ၏။ မြွေပွေးအုပ်စုတွင် အစွယ်ကို ခေါက်သွင်းထားနိုင်သည်။



'မမ်ဗာ' မြွေမည်းသည် ၂ မီတာခန့်ရှည်ပြီး အာဖရိက တွင်သာ တွေ့ရ၏။ သစ်ပင်များတွင် နေပြီး ငှက်နှင့် သတ္တဝါငယ်များကို မယုံနိုင်လောက်အောင် လျင်မြန်စွာ ဖမ်း၍ စား၏။



ထွေးမှုတ်မြွေဟောက်သည် ၁.၆ မီတာခန့် ရှည်၏။ အာဖရိက တောင်ပိုင်းတွင် နေသည်။ အစွယ်ကို ဖွင့်၍ အဆိပ်ကို ၁.၅ မှ ၃ မီတာအထိ ထွေးမှုတ်နိုင်သည်။ မျက်စိကို ခေတ္တ သို့မဟုတ် အမြဲ ကန်းစေသည်။

တောကြီးမြွေဟောက်သည် ၅ မီတာခန့် ရှည်ပြီး အဆိပ်ရှိမြွေများတွင် အကြီးဆုံး ဖြစ်၏။ အိန္ဒိယ၊ တရုတ်ပြည်တောင်ပိုင်း၊ အရှေ့တောင်အာရှ သစ်တောများ၊ မြေပြန့်များတွင်တွေ့ရသည်။ရန်ရှာတတ်၊ အန္တရာယ်ပြုတတ်၏။ အခြားမြွေများကို စားသည်။ အသိုက်ဖွဲ့၍နေသည့် တမျိုး တည်းသော မြွေဟောက်မျိုး ဖြစ်သည်။



### အစွယ်အမျိုးအစား

၁။ အိန္ဒိယမြွေဟောက်အစွယ်

၂။ ထွေးမှုတ်မြွေဟောက်အစွယ် (အဆိပ်ထွက်လာသည့်အပေါက်ကို ပြထား သည်။)






အိန္ဒိယမြွေဟောက်သည် ၁.၅ မီတာခန့် ရှည်၏။ အိန္ဒိယနှင့် အရှေ့တောင် အာရှတွင်နေသည်။ ပါးပျဉ်းတွင် မျက်မှန်ပုံ သို့မဟုတ် စက်ဝိုင်းပုံရှိ၏။ အမျက် ထွက်လျှင် ကိုယ်ခန္ဓာအရှည်၏ ၃ပုံ၁ပုံအထိ ပါးပျဉ်းထောင်လာပြီး ကျယ်လောင် သော တွန်သံပြုသည်။ ၎င်း၏အဆိပ်သည် လူကို သေစေနိုင်သည်။

အဝါနှင့်အနက်ရောင်ရှိ ဂျတ်မြွေသည် ၁ မီတာ ခန့်ရှည်ပြီး ပင်လယ်တွင်သာ နေ၏။ မက္ကဆီကို ပင်လယ်ကွေ့၊ အိန္ဒိယ သမုဒ္ဒရာ၊ ပစိဖိတ် သမုဒ္ဒရာများတွင် တွေ့ရ၏။ ဥ မဥချေ။ အကောင်လိုက် မွေးဖွားသည်။



ငန်းတော်ကျားသည် ၁.၅ မီတာခန့်ရှည်၏။ အရှေ့တောင်အာရှတွင် တွေ့ရသည်။ အဝါနှင့် အနက် အရစ်များပါပြီး အန္တရာယ်ပြုမြွေမျိုး ဖြစ်သည်။



သန္တာမြွေ အများစုကို ဗဟိုနှင့် တောင်အမေရိကတွင် တွေ့ရသည်။ အချို့ကို အာရှ၊ အာဖရိကနှင့် ဩစတြေးလျတို့တွင် တွေ့ရသည်။ ကိုယ်၌ အဝါ၊ အနက်၊ အနီ အရစ်များ ရှိသည်။ အဆိပ်ရှိ မြွေများဖြစ်သည်။ လူကို ရန်မူခဲ့သည်။



သန္တာမြွေ အများစုသည် ၇၅ မှ ၁၀၀ ဆင်တီမီတာခန့် ရှည်ပြီး မြွေဟောက်နွယ်ဝင်ဖြစ်သည်။ဦးခေါင်းတွင် မဲနယ်ရောင်၊ အဝါနှင့်မဲနယ် ရောင် အရစ်များရှိ၏။ အမေရိကန်ပြည်နှင့် မက္ကဆီကိုတွင် တွေ့ရသည်။



## မြွေပွေးများ

မြွေပွေးများသည် အစွယ်ကြီးသော အဆိပ်ရှိမြွေများ ဖြစ်သည်။ အစွယ်များ နောက်ဘက်သို့ လှည့်နေသည်။ ပေါက်သောအခါ အစွယ်များ ထောင်လာသည်။ အချိုင့်ရှိ မြွေပွေးနှင့် ရိုးရိုးမြွေပွေးဟူ၍ မျိုးရင်း နှစ်ခု ရှိသည်။ ရိုးရိုးမြွေပွေးကို ကမ္ဘာဟောင်း (အမေရိကတိုက်မှအပ ကျန်တိုက်ကြီးများ) မြွေပွေးများဟုလည်း ခေါ်သည်။ အချိုင့်ရှိ မြွေပွေးတွင် မျက်စိနှင့် နှာပေါက်အကြား တဘက် တချက်စီ၌ အချိုင့် ပါသည်။ အချိုင့်ဖြင့် အပူကို အာရုံခံနိုင်သောကြောင့် သွေးနွေး သတ္တဝါများကို ဖမ်းယူနိုင်သည်။

မြွေစိမ်းမြီးခြောက်သည် တစ်မီတာခန့် ရှည်၏။ အဆိပ်ပြင်းသည်။ သန်မာပြီး ရစ်ပတ်နိုင်သော အမြီး ရှိ၏။ သစ်ပင်ပေါ်၌ နေသည်။ ထိုင်ဝမ်နှင့် အရှေ့တောင်အာရှတွင် တွေ့ရသည်။



သဲကန္တာရ နင်းစောင်းမြွေသည် ဆင်တီမီတာ ၄၀ မှ ၆၀ ထိ ရှည်ပြီး အမေရိကန်ပြည် အနောက်တောင်ဘက် သဲကန္တာရ၌ တွေ့ရသည်။ ဘေးတိုက်ရွေ့လျားသွားလာသဖြင့် သဲပေါ်တွင် 'S' ပုံ လမ်းကြောင်းရာများ ထင်ကျန်ခဲ့သည်။ မျက်စိအထက်၌ ချိုရှိသဖြင့် ချိုခလောက်မြွေ ဟုလည်း ခေါ်သည်။

'ရတ်ဆ ယ်' မြွေပွေးသည် ၁.၅မီတာ ခန့်ရှည် ၏။ အိန္ဒိယတွင်တွေ့ရသည်။ ညထွ ်စလေ့ရှိပြီး ဖားနှင့် နို့တိုက် သတ္တ ဝါငယ်များကို စားသည်။ တစ်  ကြိမ်လျှင် အကောင် ၆၀ မျ မွေ သည်။






အချိုင့်ပါ မြွေပွေးတို့၌ အချိုင့်သည် မျက်စိနှင့် နှာပေါက် အကြားတွင် ရှိသည်။

နှာမှုတ်မြွေသည် တစ်မီတာခန့် ရှည်ပြီး အာဖရိကနှင့် အာရှမိုင်းနားတွင် တွေ့ရသည်။ ကြောက်လန့်သော အခါ နှာမှုတ်သည်။



မြွေပွေးသည် အခြားအဆိပ်ရှိမြွေနှင့် မတူချေ။ ခေါက်နေသော အစွယ်များရှိသည်။ အစွယ်များကို ပါးစပ်ပိတ်၍ ခေါက်သိမ်းထားနိုင်သည်။





'မိုကာဆင်' ရေမြွေဆိုးကို အမေရိကန်ပြည် အနောက်တောင်ပိုင်းတွင် တွေ့ရ၏။ ၁.၂မီတာခန့်ရှည်သည်။ ငါး၊ဖားနှင့် နို့တိုက် သတ္တဝါငယ်များကို စားသည်။ လန့်လျှင် ပါးစပ် ဟ၏။ ပါးစပ်အတွင်းပိုင်းသည် ဂွမ်းကဲ့သို့ ဖြူခြင်းကြောင့် ပါးစပ်ဖြူမြွေ ဟုလည်း ခေါ်သည်။

'ဂါဗွန်'မြွေပွေးသည် ၁.၅ မီတာခန့် ရှည်၏။ ကျယ်ပြန့်သော ခေါင်းပိုင်းနှင့် ကြီးမားပြီး အရေထူသော ကိုယ် ရှိသည်။ အစွယ်ရှည်များနှင့် ပြင်းထန်သော အဆိပ် ရှိသည်။ ကိုယ် မှဲ့ပြောက်ရှိ၏။ သားကောင်ကို လျင်မြန်စွာပေါက်ပြီး သားကောင် သေမှလွှတ်သည်။ အာဖရိက မိုးသစ်တောများတွင် နေသည်။



ကျောတွင် စိန်ကွက်ထနေသော ခလောက်မြွေကို အမေရိကန်ပြည်အရှေ့တောင်ပိုင်းတွင် တွေ့ရသည်။ ၂မီတာခန့်ရှည်ပြီး ခလောက်မြွေများတွင် အကြီးဆုံး ဖြစ်သည်။



ခလောက်မြွေများသည် အချိုင့်ရှိ မြွေပွေးများဖြစ်သည်။ ခလောက်ပုံ အမြီးကြောင့် ခလောက်မြွေဟု ခေါ်သည်။ ခလောက်တွင် ခပ်လျော့လျော့ ဆက်ထားသော အခေါင်းဆစ်ပိုင်း ၁၀ ခုခန့်ပါသည်။ တစ်နှစ် တစ်ကြိမ် အရေခွံလဲတိုင်း ခလောက်ဆစ် ၂ ခုမှ ၄ ခုထိ တိုးလာသည်။ မြွေလှုပ်ရှားသောအခါ ခလောက်သံကြားရသည်။ ထိုအသံဖြင့် ရန်သူများကို ခြိမ်းခြောက်သည်။ အမေရိကတိုက်များနှင့် ကနေဒါပြည်တွင် မျိုးစိတ် ၂၀ ခန့် ရှိသည်။ အထူးသဖြင့် အမေရိကန်ပြည်ရှိ ခြောက်သွေ့သော အနောက်တောင်ဒေသတွင် နေလေ့ရှိသည်။

# မိကျောင်းမျိုးများ

မိကျောင်း၊မိကျောင်းခေါင်းတို၊ လူသိနည်းသော‘ဂယ်ဗီယာ’နှင့် ‘ကေမင်’တို့သည် မိကျောင်းမျိုးစဉ်တွင်ပါဝင်သည်။ တွားသွား သတ္တဝါများတွင် အရွယ်အကြီးဆုံး ဖြစ်ပြီး ‘ဒိုင်နိုဆော’ နွယ်ဝင်ဖြစ်သည်။ အပူပိုင်းဇုံတွင်နေသည်။ ရေနေသတ္တဝါဖြစ်သော်လည်း ကုန်းပေါ်တက်၍ နေစာလှုံတတ်သည်။ ခြေတိုများဖြင့် ခရီးတိုလျှောက်ခြင်း၊ ပြေးခြင်းပြုသည်။ သားရေကဲ့သို့ အရေခွံပေါ်၌ အကြေးခွံမာများ ရှိသည်။အမြီးပိုင်းသွယ်သွားသည်။ပြားသော အမြီးဝေးကို ရေကူးရန်နှင့် အစာရိုက်ဖမ်းရန် အသုံးပြုသည်။ သန်မာသော မေးရိုးပေါ်တွင် ကတော့ပုံသွားများရှိ၏။ ၎င်းတို့ဖြင့် အစာကိုက်ချီသည်။ အစာအိမ်၌ အထူးပြုပြင်ထားသော ဒုစိတ်အပိုင်းများ ရှိပြီး အစာကို ညက်စေသည်။ အပေါ်မေးရိုး လှုပ်ရှားနိုင်သည်။ ဥဥကြသည်။



အနောက်အာဖရိက မိကျောင်းပု



တောင်အမေရိက ‘ကေမင်’မိကျောင်း




မိကျောင်းမျိုးတွင် နား၊ နှာခေါင်း၊ မျက်စိတို့သည် ခေါင်း အပေါ်ဘက်တွင် တည်ရှိသည်။ ကိုယ်သည် ရေအောက် ရောက်နေသော်လည်း အထက်ပါ အင်္ဂါများကို အသုံးပြုနိုင်၏။ ရေအောက် လုံးဝငုပ်လျှိုးသွားသောအခါ နား၊ နှာခေါင်းများကို အခင်ဖြင့် ပိတ်ထား၏။ မျက်စိကို မျက်ကြည်လွှာဖြင့် ကာကွယ်ထား၏။ ပါးစပ် ရေမလုံသော်လည်း လေပြွန်နှင့် လည်ချောင်းကို အရေပြားဖြင့် ကာထားသည်။



ဖလော်ရီဒါ၊ လူဝီဆီယာနာနှင့် မစ္စစ္စပီပြည်နယ်တို့တွင် တွေ့ရသော အမေရိကန်မိကျောင်းသည် ၃.၆ မှ ၆မီတာအထိ ရှည်သည်။ အနောက်အိန္ဒိယကျွန်းစုနှင့် အီကွေဒေါတွင်လည်း တွေ့ရသည်။

## မိကျောင်းနှင့် မိကျောင်းခေါင်းတိုတို့၏ ခြားနားချက်များ

အထူး ထင်ရှားသော ခြားနားချက်မှာ သွားအနေအထားပင် ဖြစ်သည်။ မိကျောင်း၏ အောက်မေးရိုးမှ ထွက်သော စတုတ္ထမြောက် သွားသည်ကြီးပြီး ပါးစပ်ပိတ်ထားလျှင် အပေါ်နှုတ်ရိုး ဘေးဘက်ရှိ အဟိုက်တွင် အံဝင်ခွင်ကျဖြစ်နေ၏။ အပြင်မှ မြင်ရ၏။ မိကျောင်းခေါင်းတိုများတွင်မူ ပါးစပ်ပိတ်ထားလျှင် အောက်သွားများကို မမြင်ရချေ။ ၎င်းတွင် ကြီးမား တိုတုတ်သော နှာရောင် ရှိသည်။



မလေးရှားတွင်တွေ့ရသော‘ဂယ်ဗီယာ’သည်‘ဂယ်ဗီယာ’တု ဖြစ်သည်။ ၃ မှ ၅ မီတာ ရှည်ပြီး မလေးရှားကျွန်းဆွယ်နှင့် အင်ဒိုနီးရှားတွင် တွေ့ရသည်။




ရေငန်မိကျောင်းကို အရှေ့တောင်အာရှနှင့် နယူးဂီနီတွင် တွေ့ရသည်။ ၄.၂ မှ ၆ မီတာအထိ ရှည်၏။ လူသားစား မိကျောင်းအဖြစ် ထင်ရှားသည်။



## ဂယ်ဗီယာ

‘ဂယ်ဗီယာ’များသည်မိကျောင်းများနှင့်တူသော်လည်း နှုတ်သီး ရှည်သွယ်၏။ မေးရိုးများတွင် သွားများအပြည့်ရှိပြီး ငါးများကိုစားသည်။



အိန္ဒိယ‘ဂယ်ဗီယာ’သည် ၄.၅မှ ၆မီတာထိ ရှည်၏။ ဂင်္ဂါ၊ မဟာနဒီ၊ ဗြဟ္မပုတ္တရနှင့် အိန္ဒုမြစ်များတွင် တွေ့ရသည်။



မစ္စစ္စပီမိကျောင်းခေါင်းတိုသည် ၃မီတာခန့်ရှည်၏။မစ္စစ္စပီမြစ်ဝကျွန်းပေါ်ရှိ နွံတောများ၊ ဖလော်ရီဒါပြည်နယ်နှင့် အမေရိကန်ပြည် အရှေ့တောင်ပိုင်းတွင် တွေ့ရသည်။

# ဥက်များ

ငှက်တို့သည် အမွေးအတောင်ရှိသော သွေးနွေးသတ္တဝါများ ဖြစ်သည်။ နှာပေါက်ပါသော နှုတ်သီးရှိသည်။ သွားများမရှိ။ တောင်ပံများ ရှိ၍ပျံသန်းနိုင်ကြသည်။ အရိုးစုတွင် အခေါင်းပါသဖြင့် ပေါ့သည်။ငှက်တိုင်းတွင် ခြေထောက် နှစ်ချောင်းစီ ရှိသည်။ ရပ်နေစဉ် ခြေချောင်းများက ကိုယ်ကို ထောက်မထားသည်။ ဖနောင့်များ မြေမှ ကြွတက်နေသည်။ အသိုက်တွင် ဥသည်။ မိဘများက ငှက်ပေါက်စများကို စောင့်ရှောက်သည်။

ငှက်မျိုးစိတ် အများစုသည် လူတို့၏နှောင့်ယှက်မှုကြောင့် ယခုအခါ ပျောက်ကွယ်ကုန်ပြီဖြစ်သည်။ ငှက်များ၏ မျိုးဆက်တည်တံ့မှုနှင့် ကာကွယ်မှုတို့အတွက် ဘေးမဲ့ကြိုးဝိုင်းများ၊ ဘေးမဲ့ဥယျာဉ်များအပြင် ငှက်ပစ်မှု ဥပဒေများကိုလည်း ပြဋ္ဌာန်းထားသည်။



အမြီးဖြန့်ကားထားသောဒေါင်း

# မပျံသန်းနိုင်သောငှက်များ

'ပင်ဂွင်' ငှက်များသည် မပျံသန်းနိုင်ကြပေ။ ရေတွင် နေသည်။ ကမ္ဘာ့တောင်ဘက် ခြမ်းတွင်သာ တွေ့နိုင်သည်။





'ကီဝီ' ငှက်(အပေါ်) သည် ရှားပါးငှက်မျိုးဖြစ်သည်။ နယူးဇီလန်တွင်သာ တွေ့ရသည်။ 'တိုင်နာမော' ငှက်(အောက်) ကို တောင်အမေရိကနှင့်ဗဟိုအမေရိကတွင်သာ တွေ့ရသည်။





ငှက်ကုလားအုတ်(အပေါ်) သည် ငှက်များတွင် အကြီးဆုံးဖြစ်သည်။ အာဖရိကနှင့်အာရေဗျတွင်သာ တွေ့ရသည်။ 'ရီအာ' ငှက် (အောက်) ကို တောင်အမေရိကတွင်သာ တွေ့ရသည်။



'ကက်ဆိုဝါရီ'(အပေါ်)နှင့် 'အီးမျူး' (အောက်) ငှက်ကြီးများကို ဩစတြေးလျတွင် တွေ့ရ၏။ 'ကက်ဆိုဝါရီ' ကို နယူးဂီနီနှင့် အနီးအနား ကျွန်းများတွင်လည်း တွေ့ရသည်။





# ထန်းစေ့မှုတ်ငှက်နှင့် လွန်းငှက်များ

ထန်းစေ့မှုတ်ငှက်များသည် 'ပိုဒီဆီပီဒီဖေါမီး' မျိုးစဉ်တွင် ပါဝင်သည်။ အလတ်စား ရေငှက်များဖြစ်သည်။ ရေကူး၊ ရေငုပ်ကျွမ်းကျင်သည်။ အဝေးမှကြည့်လျှင် ဘဲနှင့်တူသည်။ ၎င်းတို့သည် ဘဲထက် ရေပေါ်တွင် ပို၍ပေါ်နေပြီး လည်တံပိုရှည်ကာ နှုတ်သီး ချွန်သွယ်သည်။ အမြီး အလွန်တိုသည်။ ခြေဖဝါးသည် အခြားရေငှက်များနှင့် ခြားနားသည်။ ခြေချောင်းများသည် အရေပြားနှင့်တွယ်ဆက်မနေပဲ တချောင်းချင်း ပြာနေသည်။ အဓိကအစာမှာ ငါးငယ်များ ဖြစ်သည်။ ရေချိုဒေသတဝိုက်တွင် ပေါက်ပွားသည်။



လည်နက်ထန်းစေ့မှုတ်ငှက်သည်ကမ်းစပ်ကျူပင်ပေါသော ကန်များ၌ နေ၏။ ဥရောပ၊ အာရှ၊ တောင်အာဖရိက၊ မြောက်အမေရိကအနောက်ပိုင်းတို့၌ ရှိသည်။ နားမွေးဝါ၍ နှုတ်သီး အနည်းငယ် ကော့သည်။



မိတ်လိုက်ချိန်တွင် ထန်းစေ့မှုတ်ငှက် ဖိုမ နှစ်ကောင်သည် အတူတကွ မြက်များဖြင့် အသိုက် လုပ်ကြသည်။ ရေပေါ်အသိုက်ထဲတွင် ၄၊ ၅ လုံးထိ ဥသည်။ အစာရှာထွက်ချိန်၌ ဥများကို မြက်များဖြင့် ဖုံးအုပ်ခဲ့သည်။ ဥများမှ ငှက်ငယ်များ ပေါက်လာသောအခါ မိဘနှစ်ဦးလုံးက အစာရှာကျွေးသည်။

ထန်းစေ့မှုတ်ငှက်များသည် ရေထဲတွင် အလွန်သွက်လက်သည်။ အစာရှာရန်နှင့် ရန်သူဘေးမှရှောင်ရန် ရေတွင်ငုပ်ပြီး စက္ကန့် ၃၀ ခန့်အထိ နေနိုင်သည်။ ရေထဲသို့ ကိုယ်ကို တဖြည်းဖြည်း နှစ်၍ မျက်လုံးနှင့် နှုတ်သီးတို့ကိုဖော်ပြီး နေနိုင်သည်။

လည်နီ ထန်းစေ့မှုတ်ငှက်သည် နွံအိုင်များတွင် ပေါက်ပွားသည်။ ဆောင်း၌ မြောက်အမေရိက၊ ဥရောပနှင့် အာရှ ကမ်းခြေတွင် နေသည်။

ထန်းစေ့မှုဝဲငှက်ငယ်သည် ဥရောပ၊ အာဖရိက၊ အာရှ၊ ဩစတြေးလျနှင့် ပစိဖိတ်ကျွန်းများရှိ ကန်များတွင် နေ၏။နှုတ်သီးထိပ်ဝါ၏။ ၂၅ ဆင်တီမီတာခန့် ရှည်သည်။



နှုတ်သီးကျား ထန်းစေ့မှုတ်ငှက်သည် ရေအိုင်ကမ်းစပ် တလျှောက်၌ နေသည်။ မြောက်အမေရိကမှ အာဂျင်တီးနား တောင်ပိုင်းထိ တွေ့ရသည်။





နားမွေးထူ ထန်းစေ့မှုတ်ငှက်ကြီးတွင် ထင်ရှားသောနားမွေးထူထူကြီး ရှိသည်။ ကမ္ဘာ့အရှေ့ဘက်ခြမ်း ယူရေးရှားနှင့် အာဖရိကမှဩစတြေးလျထိ တွေ့ရသည်။ ၄၈ ဆင်တီမီတာခန့် ရှည်သည်။

ထန်းစေ့မှုတ်ငှက်ငယ်မျိုး၏ ရေပေါ်အသိုက်



ထန်းစေ့မှုတ်ငှက်ငယ်မျိုး ငှက်ငယ်တစ်ကောင်



## လွန်းငှက်များ

'လွန်း' ငှက်များသည်'ဂါဗီဖေါမီး'မျိုးစဉ်တွင် ပါဝင်သည်။ သန်မာသောခြေထောက်များနှင့် အရေပြားဆက် ခြေဖဝါးများ ရှိသည်။ ရေကူး၊ ရေငုပ် ကျွမ်းကျင်သည်။ ရှည်ချွန်သော နှုတ်သီးများဖြင့် ငါးဖမ်းသည်။ မျိုးပွားရာသီ၌ အမေရိကနှင့် ဥရောပရှိ တန်ဒြာဒေသများနှင့် မြောက်ပိုင်းသစ်တောများတွင် နေ၏။ ဆောင်းရာသီ၌ အာဖရိက မြောက်ပိုင်းနှင့် ဗဟိုအမေရိကသို့ ရွှေပြောင်းနေသည်။



လည်မျိုနက်'လွန်း' ငှက်သည် ဥရောပ၊အာရှနှင့် အမေရိကအနောက်ဘက်ရှိကန်များတွင် အသိုက်ဖွဲ့၍ နေသည်။ လည်မျိုနက်ပြီး မီးခိုးဖျော့ရောင် ဦးခေါင်း ရှိသည်။ ရေတွင် ၁ မိနစ်ကျော် ငုပ်နိုင်သည်။ ၆၈ ဆင်တီမီတာခန့် ရှည်သည်။



လည်မျိုနီ 'လွန်း' ငှက်သည် အငယ်ဆုံးမျိုး ဖြစ်သည်။ လည်မျို၌ တြိဂံပုံ နီညိုကွက် ရှိသည်။ တန်ဒြာဒေသတွင် နေသည်။ ၆၃ ဆင်တီမီတာခန့် ရှည်သည်။

# အယ်ဗာထရော့နှင့် ပီထရယ် ပင်လယ်စင်ရော်များ

'အယ်ဗာထရော့' နှင့် 'ပီထရယ်' ပင်လယ်စင်ရော်များသည် 'ပလိုဆယ်လာရီဖောမီး' မျိုးစဉ်တွင် ပါဝင်သည်။ ၎င်းတို့သည် သမုဒ္ဒရာပြင်တွင်နေပြီး တောင်ပစိဖိတ်ရှိ ခေါင်သော ကျွန်းများတွင် မျိုးပွားသည်။ ကောင်းစွာ ပျံသန်းနိုင်၏။ အရေပြားဆက် ခြေချောင်းများရှိပြီး နှုတ်သီးထိပ် ကောက်နေ၏။ ပြွန်ပုံ နှာခေါင်းရှိ ရေကူးငှက်ဟုလည်း ခေါ်သည်။ ၎င်းများအားဖြင့် လေပြင်နှင့် ရေပြင်တွင် နေ၏။ အသိုက်လုပ်ရန်သာ ကုန်းသို့လာသည်။

'အယ်ဗာထရော့' ပင်လယ် စင်ရော်ကြီးများကို သမုဒ္ဒရာတွင်နေနိုင်ရန် သဘာဝက ဖန်တီးထားပြီး ဖြစ်သည်။ ပင်လယ်တွင် လပေါင်းများစွာနေနိုင်သည်။ ရေပြင်ပေါ်၌ အိပ်၏။ ပင်လယ်ရေကို သောက်သည်။ မျိုးပွားရန်သာ ကုန်းပေါ်သို့ တက်ကြ၏။ တောင်ပံရှည်ကြီးများရှိပြီး ဝဲပျံခြင်း၊ လေဟုန်စီးခြင်း ပြုနိုင်၏။ ၎င်းတို့ကို ကမ္ဘာ့တောင်ဘက်ခြမ်းတွင် တွေ့ရ၏။ တောင်ပံတဆန့်သည် ၃.၆ မီတာ ရှိသည်။

ရှေးခေတ်က သင်္ဘောသားများ စင်ရော်ကိုသတ်လျှင် ကံဆိုးတတ်သည်ဟု အယူရှိခဲ့သော်လည်း လတ်ဆတ်သော အသားများရရန် သတ်ခဲ့ကြသည်။ ၁၉ ရာစုတွင် စင်ရော်မွေးများဖြင့် မွေ့ရာများပြုလုပ်ကြ၍ စင်ရော်ဦးရေလျော့နည်းခဲ့ရသည်။ ပစိဖိတ်မြောက်ပိုင်းတွင် မျိုးပြုတ်လုနီး ဖြစ်ခဲ့သည်။ ဘေးမဲ့ဥပဒေပြဋ္ဌာန်းခြင်း၊ အမွေးများကို လူသုံးနည်းသွားခြင်းတို့ကြောင့် မျိုးဆက် တည်တံ့နေသည်။





'စတယ်လာ' စင်ရော်ကြီးများ မျိုးပြုန်းသွားသည်ဟု တချိန်က ထင်ခဲ့ကြသည်။ လွန်ခဲ့သော နှစ် ၁၀၀ ကျော်က ဗယ်ရင်ပင်လယ်နှင့် ကာလီဖိုးနီးယားမြောက်ပိုင်း ကမ်းခြေတို့၌ အများအပြား တွေ့ခဲ့ကြသည်။ ယခုအခါ ၎င်းတို့ကို ဥပဒေဖြင့် ကာကွယ်ထားသည့် ဂျပန်ပြည်တွင်သာ အများဆုံး တွေ့ရသည်။

'လေးဆန်း' စင်ရော်ကြီးကို ဟာဝေယန်အနီး လီဝတ်ကျွန်းများ၌ တွေ့ရသည်။ တောင်ပံတဆန့် ၂.၁ မီတာခန့်ရှိပြီး မြောက်ပစိဖိတ် စင်ရော်ကြီး ဖြစ်သည်။





ခြေမည်း စင်ရော်ကြီးမျိုးသည် မစ်ဝေးကျွန်း၊ ဂျပန်နှင့် လတ္တီတွတ်တတန်းတည်း ဖြစ်သော အခြားကျွန်းများတွင် မျိုးပွားသည်။ မီးခိုးရင့်ရောင် ဖြစ်၏။ တောင်ပံတဆန့် ၂.၁ မီတာ ရှိသည်။

လှည့် လည် စင် ရော် ကြီး သည် တောင်ပစိဖိတ်တွင် လူသိအများဆုံး ဖြစ်သည်။ တောင်ပံ တဆန့် ၃.၆ မီတာရှိ၏။ သက်ကြီးကောင်သည် ဖြူဆွတ်ပြီး တောင်ပံထိပ်များတွင် အနက်ရောင်ရှိသည်။



## ပီထရယ်များ

'ပီထရယ်' သည် စင်ရော်ငယ်မျိုး ဖြစ်သည်။ စင်ရော်ကြီးများနည်းတူ မာပြီး ကောက်သော နှုတ်သီးထိပ်နှင့် ပြွန်ပုံနှာပေါက်များ ရှိသည်။ အရှိန်ပြင်းစွာ ပျံသန်းနိုင်သော်လည်း စင်ရော်ကြီးများထက် တောင်ပံပိုခတ်ရသည်။ သမုဒ္ဒရာတိုင်း၌ နေသည်။ အန္တာတိတ်ဒေသတွင် အထူးတွေ့ရသည်။ ဥ တလုံးသာ ဥပြီး ဖိုမ နှစ်ကောင်လုံး စောင့်ရှောက်ကြသည်။

နှင်းဖြူစင်ရော်ငယ်သည် ကိုယ်လုံးဖြူ၏။ နှုတ်သီးနှင့် မျက်လုံးများ မည်းနက်သည်။ အန္တာတိတ် တောင်ပိုင်းတွင် တွေ့နိုင်သော စင်ရော်ငယ်မျိုး ဖြစ်သည်။



'ပီထရယ်' စင်ရော်ကြီးသည် 'ပီထရယ်' များတွင် အကြီးဆုံး ဖြစ်သည်။ တောင်ပံတဆန့် ၂.၄ မီတာခန့် ရှိ၏။ ငါး၊ ပုစွန်နှင့် ရံဖန်ရံခါ 'ပင်ဂွင်' ငယ်များကို စားသည်။

# ငှက်ကြီးဝန်ပို၊ တင်ကျီးနှင့် ၎င်းတို့၏မျိုးနွယ်များ

ငှက်ကြီးဝန်ပို၊ တင်ကျီးနှင့် ၎င်းတို့၏ မျိုးနွယ်များသည် ‘ပယ်လီကန်နီဖောမီး’ မျိုးစဉ်တွင် ပါဝင်သော ရေနေငှက်ကြီးများ ဖြစ်ကြသည်။ ခြေတံတိုသည်။ အရေပြားဆက် ခြေချောင်းများရှိသည်။ တောင်ပံကြီးသည်။ ကောင်းစွာ ပျံသန်းနိုင်သည်။ ရေကူးနိုင်သည်။ နှုတ်သီး ရှည်သည်။ ငါးကိုစားသည်။ သမပိုင်းဒေသများ၌ နေသည်။

ငှက်ကြီးဝန်ပိုတို့သည် ရေကူးရေငုပ်ကောင်းသည်။ အောက်နှုတ်သီးနှင့် လည်တံအကြား၌ အိတ်ရှိသည်။ ငါးကို အစိက ဖမ်းစားကြသည်။ ပျံသန်းစဉ် လည်တံကို ‘S’ သဏ္ဍာန်ကွေးထားတတ်၏။ ကုန်းပေါ်၌ တိုတုတ်သောခြေတံများဖြင့် ကိုးရိုးကားရား သွားလာသည်။ ရွှံ့နွံပေါ်တွင်လည်းကောင်း၊ ရေအိုင်၊ ထုံးအိုင်ရှိ ကျွန်းငယ်များပေါ်တွင်လည်းကောင်း အသိုက်ပြုလုပ်သည်။



ငှက်ကြီးဝန်ပိုဖြူ သည် ၁.၅ မီတာရှည်သည်။ တောင်ပံထိပ်၌ အနက်ရောင်ရှိသည်။ မြောက်အမေရိ ကရှိ ရေချိုအိုင်များအတွင်း ကျွန်းငယ်များပေါ်၌ အသိုက်လုပ်သည်။

တင်ကျီးငှက်များကို ဂျပန်တံငါသည်များက ငါးဖမ်းရာ၌ သုံးသည်။ တံငါသည်သည် တင်ကျီးငှက်ကို ငါးမျိုမချနိုင်အောင် လည်ပင်းကို ကြိုးဖြင့် လေရှူနိုင်ရုံ ချည်ထား၏။ တံငါသည်သည် လှေပေါ်၌ကြိုးစကိုကိုင်၍ တင်ကျီးငှက်ကို ရေငုပ် ငါးဖမ်းစေသည်။ ငါးမိသောအခါ တင်ကျီးကို လှေပေါ်သို့ဆွဲတင်၍ နှုတ်သီးမှ ငါးကို နှုတ်ယူလိုက်၏။ တခါတရံ ဆုလာဘ်အဖြစ် ငါးတစ်ကောင်ကို တံငါသည်က ကျွေးလေ့ရှိသည်။



ရိုးရိုးတင်ကျီးကို ဥရောပ၊ အာရှ၊ အာဖရိက၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် မြောက်အမေရိကတွင် တွေ့ရသည်။ ကျောက် ကမ်း ပါး များ ပေါ်တွင် အုပ်စုလိုက် နေသည်။





‘ဂွာနေ’ တင်ကျီးကို ချီလီနှင့် ပီရူးနိုင်ငံတွင် တွေ့ရသည်။ ၇၆ ဆင်တီမီတာ ရှည်သည်။ ၎င်းတို့၏ မစင်များကို ပီရူးတွင် မြေဩဇာ အဖြစ် သုံးကြသည်။

မျက်နှာနီ တင်ကျီးမျိုးသည် ‘ရှက်’ တင်ကျီးမျိုးထက် အနည်းငယ်ပိုကြီးသည်။ ရှားပါး သည်။ မြောက်ပစိဖိတ် မြောက်ပိုင်းနှင့် ဗယ်ရင်ပင်လယ်ရှိ ကျွန်းများပေါ်တွင် မျိုးပွားကြသည်။

‘ရှက်’ တင်ကျီးသည် ကိုယ်မည်းပြီး မျက်နှာ နီသည်။ ခေါင်းပေါ် တွင် အမောက်သဖွယ် အမွေးစု နှစ်စု ရှိသည်။ ဂျပန်ပြည်မြောက်ပိုင်း အော့ခေါ့ပင်လယ်၊ ဗယ်ရင်ပင်လယ်၊ အာတိတ်သမုဒ္ဒရာနှင့် မြောက်အမေရိက အနောက်ဘက် ကမ်း တလျှောက် ကျွန်းများပေါ်၌မျိုး ပွားသည်။



‘တမ်မစ်’ တင်ကျီးကို ဂျပန်တံငါသည်များက ငါးဖမ်းရန် သုံးသည်။ သမုဒ္ဒရာကမ်းစပ် တောင်ကမ်းပါးယံများပေါ်၌ အသိုက်လုပ်သည်။



‘တမ်မစ်’ တင်ကျီးအုပ်စု



# ဟောစ်၊ ဗျိုင်းနှင့် ဗစ်တန်ငှက်များ

ဟော်၊ ဗျိုင်း၊ 'ဗစ်တန်'၊ ငှက်ကုလား၊ ခရုစုတ်ငှက်နှင့် ကြိုးကြာငှက်များသည် 'ဆိုင်ကိုနီ ဖောမီး' မျိုးစဉ်တွင်ပါဝင်သော ရေစပ်နေ ငှက်များ ဖြစ်ကြသည်။ လည်တံ ရှည်ပြီး နှုတ်သီး ချွန်၏။ သေးရှည်သော ခြေထောက်များ ရှိ၏။ ငါးစားသည်။ ရွံ့နွံ၌ နေသည်။

ဟောစ်နှင့်ဗျိုင်းတို့သည် ဖား၊ မြွေနှင့်ငါးများကို စားသည်။ သစ်ပင်ကြီးများ၏ သစ်ကိုင်းပေါ်၌ အသိုက်လုပ်သည်။ အမွေးလှရရန် ဗျိုင်းများကို သတ်ဖြတ်ခြင်းကြောင့် ကောင်ရေ နည်းလာသည်။



ဗျိုင်းများ မျိုးပွားရာဒေသ



ကျွဲကျောင်းဗျိုင်းကို ကျွဲနွားအုပ်များရှိသော နေရာ၌တွေ့ရသည်။ ကျွဲနွားများ၏ ကျောပေါ်တွင် နား၍ 'အင်းဆက်' ပိုးများကို စားသည်။ ယူရေးရှား၊ အာဖရိကမှသည် တောင်အမေရိကနှင့် အမေရိကန်ပြည် တောင်ပိုင်းထိ ပြန့်ပွားသည်။



ဗျိုင်းငယ်မျိုးသည် ရွှံထူသောဒေသတွင် အုပ်စုလိုက် နေ၏။ ဥရောပ၊ အာရှ၊ အာဖရိကနှင့် ဩစတြေးလျတွင် တွေ့ရသည်။



အဖြူရောင် ဥဗျိုင်းကြီး၏ တောင်ပံ တဆန့်သည် ၁.၃ မီတာခန့် ရှိသည်။ အမွေးများရယူရန် ၎င်းတို့ကို သတ်ဖြတ်ခြင်းကြောင့် မျိုးပြုန်းလုနီးဖြစ်ခဲ့သည်။ သို့သော် ကာကွယ်မှုပြုပေးခဲ့သောကြောင့် မူလအတိုင်း ပြန်လည် တိုးပွားလာကြသည်။ ဥရောပ အရှေ့တောင်ပိုင်း၊ အရှေ့တောင် အာရှ၊ အာဖရိကနှင့် ဩစတြေးလျတို့၌ တွေ့ရသည်။



သောင်ဟောစ်သည် အရောင် မည်းနက်သည်။ ဩစတြေးလျ၊ နယူးဇီလန်နှင့် အရှေ့တောင်အာရှ သဲသောင်ကမ်းစပ်များတွင် တွေ့ရသည်။



လင်းဝက်သည် ရေချို ရေငန်တဝိုက်ရှိ ရွှံနွံတောများတွင် ပေါက်သည့် သစ်ပင်များပေါ်၌ နေသည်။ ၎င်းတို့ကို ကမ္ဘာအနှံ့ တွေ့ရသည်။ ညဥ့်အစာရှာသည်။



နှုတ်သီးကြီး ဟောစ်သည် နှုတ်သီးပြားကြီးနှင့် မျက်လုံးကျယ် ရှိသည်မှ လွဲ၍ လင်းဝက်နှင့် ဆင်သည်။ ညငှက်မျိုးဖြစ်ပြီး ငါး၊ ကဏန်းနှင့် ကြွက်ငယ်များကို စားသည်။ မက္ကဆီကို တောင်ပိုင်း၊ ပီရူးနှင့် ဘရာဇီး တောင်ပိုင်း လမုတောများတွင် နေသည်။



ဟောစ်မွဲသည် ဥရောပ ဟောစ်မျိုးဖြစ်သည်။ အိုင်ကြီးများ၊ ထုံးအိုင်များ၊ မြစ်များနှင့် နွံတောများ တဝိုက်တွင် နေသည်။



ဟောစ်ပြာငယ်သည် အမေရိကန်ရှိ အငယ်ဆုံး ဟောစ် ဖြစ်သည်။ အမေရိကန်ပြည် အရှေ့ပိုင်း၊ ပီရူးနှင့် ဥရုဂွေး၌ တွေ့ရသည်။



ဟောစ်ပြာကြီးသည် အမေရိကန်မျိုး ဖြစ်သည်။ ကြိုးကြာဟုလည်းခေါ်သည်။ အလတ်စကားမှ မက္ကဆီကိုထိ တွေ့ရသည်။ ဖား၊ ငါး၊ ပုစွန်နှင့် ရေမြွေများကို စားသည်။



'ဗစ်တန်'ငှက်ငယ်သည်နွံထူကိုင်းတောများတွင် အသိုက်ပြုလုပ်သည်။ ဟောစ်ငယ်မျိုး ဖြစ်သည်။ တောင်ပံတဆန့် ၄၃ ဆင်တီမီတာခန့် ရှိသည်။ ဥရောပ၊ အာရှ၊ အိန္ဒိယ၊ အာဖရိကနှင့် ဩစတြေးလျတွင် မျိုးပွားသည်။



အမေရိကန် 'ဗစ်တန်' ကို မြောက်အမေရိက ရှိ ကနေဒါ၊ မက္ကဆီကို၊ ဗဟိုအမေရိကနှင့် အနောက်အိန္ဒိယကျွန်းစုတွင် တွေ့ရသည်။ ရန်သူ မြင်ရန် အစင်းပါ လည်တံကိုဆန့်၍ ငြိမ်သက်စွာ နေတတ်၏။ ဤသို့ပြုခြင်းဖြင့် မြက်တောများတွင် ကွယ်ပျောက်နေတတ်သည်။

# ကြိုးကြာနီး၊ ငှက်ကျားနှင့် ၎င်းတို့၏မျိုးနွယ်များ

ငှက်ကျားများသည် အများအားဖြင့် အဖြူနှင့် အနက်ကျားများ ဖြစ်သည်။ နှုတ်သီးဖြောင့်တန်းသည်။ သက်ကြီးကောင်များသည် အသံအ သည်။ လည်တံကို ဆန့်တန်းပြီးဖြည်းညင်းစွာ ပျံသန်းသည်။ ၎င်းတို့ကို ကမ္ဘာတဝန်းရှိ ပူနွေးဒေသများ၊ အာဖရိက၊ ယူရေးရှားနှင့် အမေရိကတိုက်များ၌ တွေ့ရသည်။

ခရုစုတ်ငှက်နှင့် ဇွန်းနှုတ်သီးငှက်များ၏ မျက်နှာ၌ အမွေးမရှိ။ သက်ကြီးကောင် အများစုသည် အသံ အ သည်။ ခရုစုတ်၏ နှုတ်သီးသည် ကောက်နေသည်။ ဇွန်းနှုတ်သီးငှက်၏ နှုတ်သီးထိပ်သည် ပြားပြီး ကားနေသည်။



ယူရေးရှားငှက်ကျားဖြူကို ပြင်သစ်၊ ဟော်လန်နှင့် ဂျာမနီပြည်၌ တွေ့ရသည်။ အိမ်ခေါင်မိုးပေါ်၌ သစ်ကိုင်းခြောက်များဖြင့် အသိုက်ပြုလုပ်သည်။ ဆောင်း၌ အာဖရိက တောင်ပိုင်းသို့ ပြောင်းရွှေ့သည်။



'ဂျဗီ ရူး' သည် ကမ္ဘာသစ် (အမေရိကတိုက်များ) ၌ အကြီးဆုံး ငှက်ကျားဖြစ်သည်။ ငါးနှင့် ကုန်းနေ ရေနေ သတ္တဝါများကို စားသည်။ မက္ကဆီကိုမှ အာဂျင်တီးနား အထိ တွေ့ရသည်။



ဇွန်းနှုတ်သီးငှက် ပန်းရောင်သည် အလွန်လှပသည်။ လည်တံ ဖြူဖွေးပြီး တောင်ပံနှင့် ကိုယ်ဘေး၌ ပန်းရောင် အမွေးအတောင်များ ရှိသည်။ လမုပင်များ၏ထိပ်၌ အသိုက်လုပ်သည်။ အမေရိကန်ပြည်၊ အနောက်အိန္ဒိယကျွန်းစု၊ အာဂျင်တီးနား၊ ချီလီ၌ တွေ့ရသည်။

## ကြိုးကြာနီများ

ကြိုးကြာနီသည် နှုတ်သီးကောက်ပြီး လည်တံနှင့် ခြေတံများ အလွန်ရှည်သည်။ နှုတ်သီးဖြင့် နွံထဲမှအစာကို ထိုးကော်စားသည်။ ပန်းနုရောင်အမွေးအတောင်များ ရှိ၏။ ရေတိမ်ပိုင်း၌ အုပ်စုဖွဲ့နေသည်။ ပျံသန်းစဉ် လည်တံကို 'S' ပုံ ထားသည်။



ရိုးရိုး ဇွန်းနှုတ်သီး ငှက်သည် ယူရေးရှားနှင့် အာဖရိက မြောက်ပိုင်း၌ တွေ့ရသည်။ ရွှံ့နွံများ၊ ပင်လယ် ကမ်းရိုးတန်း ထုံးအိုင်များရှိ ကျွန်းများ ပေါ်၌ အသိုက် လုပ်သည်။ မျိုးပွားချိန် တွင် ဦးခေါင်း နောက်ပိုင်း၌ အမောက် ဖြစ်လာသည်။

ကြိုးကြာနီအကြီးစားသည် ပန်းရင့်ရောင် ဖြစ်သည်။ ခြေထောက်များနီရဲနေပြီး နှုတ်သီးထိပ်မည်း၏။ ရွှံ့၌ အသိုက်လုပ်၍ အုပ်စုဖွဲ့ နေသည်။ အနောက်အိန္ဒိယကျွန်းစု၊ တောင်အမေရိက၊ ယူရေးရှားနှင့် အာဖရိက၌ တွေ့ရသည်။





ချောပြောင် ခရုစုတ်ငှက်တွင် ကြေးနီရောင်နှင့်အစိမ်းရောင်သန်းသော တောက်ပသည့် အမွေးအတောင်များ ရှိသည်။ ရွှံ့နွံနှင့် ကျူတောများ၌ မျိုးပွား၏။ စိမ်းပြာရောင် ဥ ဥသည်။ ကမ္ဘာ့ပူနွေးဒေသများ၌ ပျံ့နှံ့လျက် ရှိသည်။



ခရုစုတ်နီသည် အနီရောင်တောက် အမွေးများရှိသဖြင့် လှပသည်။ တောင်ပံထိပ်ဖျား မည်းနက်သည်။ အုပ်စုကြီးများဖွဲ့၍ လမုတောများ၌ နေသည်။ တောင်အမေရိက၊ ဗင်နီဇွဲလားနှင့် ဘရာဇီးအထိ တွေ့ရသည်။

# ရေငှက်များ

ရေငှက်များဖြစ်သော ဝမ်းဘဲ၊ ဘဲငန်း၊ တောဘဲငန်းနှင့် 'စခရီးမား' များသည် 'အန်စရီဖော မီး မျိုးစဉ်တွင် ပါဝင်သည်။ ခြေချောင်းများအကြား၌ အရေပြားဆက်များရှိ၏။ ခြေတံတိုပြီး လည်တံ ရှည်သည်။ နှုတ်သီးပြားတွင် သွားပုံ စောင်းများပါပြီး အစာ စစ်ယူနိုင်သည်။ မွေးနုများရှိသဖြင့် ကိုယ်ကို နွေးစေသည်။ အသိုက်များကို မွေးနုများဖြင့် ကာရံထားသည်။ ဥမှ ပေါက်စ သားငယ်များ ရေကူးနိုင်သည်။ 'စခရီးမား'မှ လွဲ၍ ကျန်ရေငှက်များကို ကမ္ဘာအနှံ့၌ တွေ့ရသည်။

## တောဘဲငန်းများ

ရေငှက်များတွင် တောဘဲငန်းသည် အကြီးဆုံးဖြစ်သည်။ လည်တံသည် ကိုယ်ထက် ရှည်၏။ ရေကူးခြင်း၊ ပျံသန်းခြင်းပြုရာ၌ အလွန်လှပ၏။ ၎င်းတို့သည် 'V'ပုံ သို့မဟုတ် အတန်းလိုက် ပျံသန်းကြသည်။ ဩစတြေးလျတောဘဲငန်း နက်မှလွဲ၍ အမွေးရောင် ဖြူသည်။ ဦးခေါင်းကို ရေထဲ နှစ်၍ အပင်ငယ်များကို စားသည်။ အုပ်စုဖွဲ့၍ အစာရှာခြင်း၊ ရွှေ့ပြောင်းခြင်း ပြုသည်။ အထီး အမ နှစ်ကောင်လုံး ဥများကို ဝပ်ပြီး သားငယ်များကို စောင့်ရှောက်သည်။



'ဟူးပါး' တောဘဲငန်းအုပ်စု



အသံအ တောဘဲငန်း



'ဟူးပါး' တောဘဲငန်းသည် ဥရောပနှင့် အာရှရှိ ရေငန်အိုင် နှင့် မြစ်များ၌ မျိုးပွားသည်။ ကိုယ်ကြီးပြီး ၁.၅ မီတာခန့် ရှည်သည်။ တောက်ပသော အဝါအနက် စပ်သည့် နှုတ်သီး ရှိသည်။ လည်တံကို မတ်၍ ရေကူးသည်။



အသံအ တောဘဲငန်းများကို အာရှ၊ ဥရောပ မြောက်ပိုင်းနှင့် အမေရိကန်ပြည်၌ တွေ့ရသည်။ အလွန်လှပပြီး ရေကူးစဉ် လည်တံသည်'S' ပုံ ဖြစ်နေ၏။ နှုတ်သီးရင်းတွင် ထင်ရှားသော အနက်ဖု ရှိ၏။ ၎င်းတို့ကို အလှမွေးကြ၏။ ၎င်းငှက်၏ အလှကို ဖော်ကျူးသော 'ငန်းတို့ပျော်ရာ ရေကန်သာ' ဘဲလေးအကသည် အလွန်စွဲမက်စရာ ကောင်းသည်။



တောဘဲငန်း လည်နက်ကို တောင်အမေရိက တောင်ပိုင်း၌ တွေ့ရသည်။ အနက်ရောင် လည်တံမှလွဲ၍ တကိုယ်လုံး ဖြူဖွေးနေသည်။ နှုတ်သီးရင်း၌ အနီဖု ရှိသည်။

## စခရီးမားများ

'စခရီးမား'များသည် တောင်အမေရိကန်ဝမ်းဘဲ၊ ဘဲငန်းနှင့် တောဘဲငန်း မျိုးနွယ်များဖြစ်သည်။ အလွန်ကျယ်လောင်စွာ အော်တတ်သောကြောင့် 'စခရီး မား'ဟု ခေါ်၏။ တောင်အမေရိက ပူနွေးသစ်တောနှင့် စိုစွတ် မြက်ခင်းများ၌ နေ၏။ သန်မာသော တောင်ပံ၏ရှေ့မှ အတက် တစုံစီ ထွက်သည်။ နှုတ်သီး တိုပြီး ကောက်သည်။ ရေမှော်ပင်များကို စားသည်။ အရေပြားအောက်ရှိ လေအိတ်များကြောင့် ကိုယ်ကို ဖောင်းထားနိုင်သည်။ ခြေချောင်းများ အကြား၌ အရေပြားဆက်များ မရှိချေ။



အမောက်ချွန် 'စခရီးမား'ကိုတောင်အမေရိကပူနွေးသစ်တောများနှင့် စိမ့်တောများ၌ တွေ့ရသည်။နဖူးမှ ရှေ့သို့ ကောက်နေသော အမောက်သည် ၁၅ ဆင်တီမီတာခန့် ရှိသည်။



တောဘဲငန်းနက်ကို ဩစတြေးလျ တောင်ပိုင်း နှင့် တက်စမေးနီးယားကျွန်းရှိ အိုင်နှင့် မြစ်များ၌ တွေ့ရသည်။ အနက်ရောင် အမွေးကောက်များနှင့် နှုတ်သီးနီ ရှိသည်။

# ဘဲငန်းများ

ဘဲငန်းများသည် ကြီးပြီး ဆူဖြိုးသည်။ လည်တံရှည်ပြီး ခြေတို၏။ အရေပြားဆက် ခြေချောင်းရှိသည်။ ဝမ်းဘဲ၏ခြေထက် ရှေ့ပိုရောက်နေသည်။ နှုတ်သီးပြားပြီး ထိပ်ဝိုင်းသည်။ စပါးနှံ၊ မြက်ပင်ငယ်နှင့် ရေမှော်များကို စားသည်။ ရေကူး အလွန်ကျွမ်းကျင်သော်လည်း ရေ၌ မပျော်မွေ့ချေ။ မြေပေါ်၌ လျင်မြန် ဖျတ်လတ်ပြီး ပျံသန်းရာ၌လည်း ကျွမ်းကျင်သည်။



ထိပ်ဖြူ ဘဲငန်း

'ဂရေးလက်' ငန်းသည် ဥရောပမြောက်ပိုင်းနှင့် အာရှအလယ်ပိုင်း၌ မျိုးပွားသည်။ နွေ၌ ကွင်းပြင်၊ ရေအိုင်နှင့် ကျွန်းများတွင်နေပြီး ဆောင်း၌ ရေချိုရေငန်စပ် ရွှံ့နွံ၌နေသည်။ အိမ်မွေးငန်းများသည် ၎င်းတို့မှ ဆင်းသက်သည်။ →



တရုတ်ဘဲငန်းကို ဆိုက်ဗေးရီးယား တောင်ပိုင်းနှင့် တရုတ်ပြည်မြောက် ပိုင်း တွင် တွေ့ရသည်။ နှစ်ပေါင်း ၃၀၀၀ ခန့်က စ၍ တရုတ်ပြည်၌ မွေးမြူခဲ့သည်။ ↓

ထိပ်ဖြူဘဲငန်းတို့သည် အာတိတ် ရေခဲပြင် ၌ မျိုး ပွား ၏။ မျိုးမပွားမီ ဥရောပတောင်ပိုင်း၊အိန္ဒိယမြောက်ပိုင်း၊တရုတ်၊ ဂျပန်နှင့် မက္ကဆီကိုတွင် တွေ့ရ၏။ ၎င်းတို့သည် တန်ဒြာကမ်းရိုးတန်း၊ ရေအိုင်၊ ကွင်းပြင်နှင့် ရွှံ့နွံများ၌ နေသည်။ →



ကနေဒါငန်းများသည် ကနေဒါနှင့် အမေရိကန်ပြည်မြောက်ပိုင်း၌မျိုးပွား၏။ → ဆောင်း၌ မက္ကဆီကိုတောင်ပိုင်းတွင် တွေ့ရ၏။ မြောက်အမေရိက၌ အများဆုံး ရှိသည်။ငှက်ပစ်သမားများ နှစ်ခြိုက်သည်။



'ဘရန့်'တောငန်းရိုင်းသည် မြောက်အမေရိက၊ဥရောပ၊အာရှနှင့်အာတိတ်မြောက်ပိုင်း ကျွန်းများ၌မျိုးပွား၏။ ဆောင်း၌ ဥရောပရှိ မြောက်ပင်လယ်တလျှောက်နှင့် အမေရိကန်ပြည်ရှိ ကာလီဖိုးနီးယားနှင့် ဗာဂျီးနီးယားပြည်နယ်များ၌ တွေ့ရသည်။ ↓

ထိပ်ဖြူဘဲငန်းအငယ်စားသည် နွေ၌ အာတိတ်မြောက်ပိုင်းတွင်နေပြီး ဆောင်း၌တောင်ပိုင်းသို့ ပျံသွားသည်။ →





← ခေါင်းကျားတောငန်းကို အာရှ၌တွေ့ရ၏။ မီးခိုးရောင်ဖြစ်၏။ ဦးခေါင်းပေါ်တွင် အနက်ရောင်တန်း နှစ်တန်းရှိသည်။



မီးခိုးရောင် 'မက်ဂျယ်လန်'တောငန်း၏ ဝမ်းဘက်တွင် အနက်စင်းများ ရှိသည်။ တောင်အမေရိကနှင့်ဖောက်ကလန်ကျွန်းများ၌ တွေ့ရ၏။ သီးနှံဖျက်ငှက်မျိုး ဖြစ်သည်။

'ဗင်း'တောငန်းသည် ဂရင်းလန်၊ ဥရောပနှင့် အာရှအရှေ့ပိုင်းဒေသ၌ မျိုးပွား၏။ အနက်ရောင် နှုတ်သီးတွင် လိမ္မော်ရောင်အစင်း ပါ၏။ အာတိတ်၌ ရေခဲလျှင် တောင်ပိုင်းသို့ ရွှေ့ပြောင်းသည်။ →



ငန်းနှင်းဖြူသည်မြောက်အမေရိကနှင့်ဂရင်းလန်ကျွန်း၏အာတိတ်ဒေသတွင် မျိုးပွားသည်။ တကိုယ်လုံးဖြူ၍ အတောင်ဖျားနက်၏။ →





# ဝမ်းဘဲများ

ဝမ်းဘဲများသည် တောငန်း၊ ဘဲငန်းများထက် အရွယ်ငယ်သည်။ ဝမ်းဘဲမျိုး အများစုတွင် အထီးသည် အမထက် အမွေးရောင် ပိုစုံ၏။ နှုတ်သီး ပြားသည်။ အစာကို စစ်ယူစား၏။ ရေကူးရာ၊ ပျံသန်းရာ၌ ကျင်လည်၏။ အချို့ဝမ်းဘဲများသည် ရေချိုရေတိမ်ပိုင်း၊ ကန်၊ အိုင်နှင့် ရွှံ့နွံများ၌ နေသည်။ အချို့ကို ရေငန်ပိုင်းဖြစ်သော ပင်လယ်အော်နှင့် မြစ်ဝများ၌ တွေ့ရသည်။ သစ်ပင်ပေါ်၌လည်း နေတတ်သည်။

ရိုးရိုးစစ်စလီ





နှုတ်သီးပြောက် ဝမ်းဘဲ



ဘဲခေါင်းစိမ်း



ဘဲရစ်

နှုတ်သီးပြောက်ဝမ်းဘဲသည် အာရှအရှေ့ပိုင်း၌ နေသည်။ အညိုရောင် ဘဲခေါင်းစိမ်း အမနှင့် အလွန်တူသည်။ တောက်ပသော အပြာကွက်ပါ တောင်ပံရှိသည်။

ဘဲခေါင်းစိမ်းကို ကမ္ဘာ့မြောက်ဘက်ခြမ်း၌ တွေ့ရ၏။ အစိမ်းတောက် ဦးခေါင်းနှင့် အပြာကွက်ပါ တောင်ပံရှိ၏။ အမြီး၌ မွေးကော့ရှိ၏။ အိမ်မွေး ဘဲများသည် ဘဲခေါင်းစိမ်းမျိုး ဖြစ်သည်။

အာရှ ‘ပေကာ’ စစ်စလီ အထီး၏ ခေါင်း၌ အနက်၊ အစိမ်းနှင့် နို့သာရောင် အကွက်ဆန်းများရှိသည်။

ဘဲရစ်ကို ဥရောပ၊ အာရှနှင့် အမေရိက၌ တွေ့ရသည်။ နိုင်းမြစ်အထက်ပိုင်း၌ အများဆုံးတွေ့ရသည်။

ရိုးရိုးစစ်စလီသည် အငယ်ဆုံးမျိုးဖြစ်သည်။ ဥရောပ၊ အာရှနှင့် မြောက်အမေရိက၌ တွေ့ရ၏။

တောဝမ်းဘဲတွင် အညို၊ အနက်နှင့် အဖြူကွက်များရှိသည်။ အိုင်၊ ကန်နှင့် မြစ်များ၌ နေသည်။ ဥရောပ၊ အာရှနှင့် မြောက် အမေရိကတွင် နေသည်။

ဟင်္သာအထီး၏တောင်ပံ၌ အဖြူကွက်ကြီးရှိ၏။ စပိန်၊ အာဖရိကနှင့် အာရှ၌ မျိုးပွားသည်။ တွင်းနှင့် သစ်ခေါင်းများ၌ အသိုက်လုပ်သည်။

ရင်ကော့ စစ်စလီကို အရှေ့မြောက် အာရှတွင် တွေ့ရ၏။ အထီး၏တောင်ပံတွင် အစိမ်းကွက် ရှိသည်။

‘မန်ဒါရင်’ ဘဲကို အာရှနှင့် အင်္ဂလန်၌ တွေ့ရသည်။ ကုန်းပေါ်၌ အစာရှာပြီး သစ်ခေါင်း၌ အသိုက်လုပ်သည်။ အထီးသည် အလွန်လှပြီး ယပ်ပုံတောင်ပံများ ရှိသည်။

‘ပေကာ’ စစ်စလီ



ရိုးရိုးစစ်စလီ



တောဝမ်းဘဲ





ဟင်္သာ

‘မန်ဒါရင်’ ဘဲ



‘မန်ဒါရင်’ ဘဲ






ရင်ကော့စစ်စလီ




‘ရှယ်ဒတ်’တောဝမ်းဘဲသည် စပိန်ကမ်းရိုးတန်းဒေသများ၊ ဗြိတိန်၊ ဥရောပနှင့် အာရှတိုက်၌ နေသည်။ မြေတွင်းများ၌ အသိုက်လုပ်သည်။ အထီး၏နှုတ်သီးရင်း၌ အနီဖု ရှိသည်။

‘ဘဲအ’ကို ဥရောပအရှေ့မြောက်ပိုင်းနှင့်အာရှမြောက်ပိုင်း၌ တွေ့ရသည်။ အဓိကအားဖြင့် ရေနေအပင်ငယ်များကို စားသော်လည်း ရံဖန်ရံခါ ကုန်းနေ အပင်ငယ်များကိုလည်း စားသည်။ ကောင်းစွာ လမ်းလျှောက် နိုင်သည်။

‘ရှိုဗယ်လာ’၌ ဇွန်းပုံ နှုတ်သီးရှိ၏။ ရေထဲရှိအစာကို ရှာစားသည်။ ဥရောပ၊ အာရှနှင့် မြောက်အမေရိက၌ တွေ့ရသည်။

နောက်တွဲအမောက်ပါဘဲသည် နုန်းမြေနှင့် ကမ်းရိုးတန်းတို့၌ နေ၏။ ခရုနှင့်ရေမှော်များကိုစားသည်။ အာရှနှင့် ဥရောပ၌ တွေ့ရ၏။ အထီးနှင့် အမ နှစ်မျိုးလုံး၌ နောက်တွဲ အမောက် ရှိသည်။

မျက်လုံးရွှေဝါရောင်ဘဲသည် မြောက်အမေရိက၊ ဥရောပနှင့် အာရှ၏မြောက်ပိုင်းရှိ ပင်လယ်အော်များ၊ ပင်လယ်ကမ်းခြေအနီး မြစ်များ၌ နေ၏။အခြားဝမ်းဘဲများထက် ပင်လယ်ဘက်သို့ ပို၍ ကူးခပ်နိုင်သည်။ အမ၏ဦးခေါင်း ညိုပြီး အထီး၏ဦးခေါင်း စိမ်းသည်။ မျက်လုံးအောက်၌ အဖြူကွက် ရှိသည်။




‘ဆမျူး’ရေငုပ်ဘဲသည် လှပသောဘဲမျိုးဖြစ်သည်။အဖြူ၊ အညို အမွေးများ ရှိ၏။ ယူရေးရှားမြောက်ပိုင်း၌ တွေ့ရသည်။

ရောင်စုံခြယ်ဘဲ၌ ရောင်စုံခြယ်အပြောက်များ ပါရှိ၏။ ကျောက်ဆောင်ထူ ကမ်းရိုးတန်း၌ နေသည်။ အိုက်စလန်နှင့် မြောက်အမေရိက အနောက်မြောက်ပိုင်း၌ တွေ့ရသည်။

ရင်အုပ်နီ ‘မာဂန်ဆာ’ ဘဲသည် လှပပြီး အမောက်ပါသည်။ မြောက်ဝင်ရိုးစွန်းဒေသ၌ တွေ့ရ၏။

‘အိုင်ဒါ’ ပင်လယ်ဝမ်းဘဲသည် လက်ဗရေဒေါနှင့် နော်ဝေးကမ်းခြေ၌ ရှိသည်။ အသိုက်များကို အမွေးနုများဖြင့် ဝန်းရံပြီး ဥများကို နွေးစေသည်။ ၎င်းငှက်မွေးများဖြင့် အနွေးထည်များ ပြုလုပ်သည်။

သစ်ပင်နေဘဲများတွင်ခြေထောက်ရှည်ရှိ၏။ဝမ်းဗိုက်မည်း သစ်ပင်နေဘဲ၏ ကိုယ်သည် ညိုပြီး တောင်ပံ ဖြူ၏။ နှုတ်သီးနှင့် ခြေထောက်မှာ ပန်းရောင် ဖြစ်သည်။ မက္ကဆီကိုနှင့် တောင်အမေရိက၌ တွေ့ရသည်။

ဇော်ဂျီရောင်ဘဲသည် သစ်ပင်နေဘဲတွင် အငယ်ဆုံး ဖြစ်သည်။ အမေရိက၊ အာဖရိကနှင့် အိန္ဒိယ၌ တွေ့ရသည်။

# သားရဲ ငှက်များ

လင်းတ၊ လင်းယုန်၊ စွန်၊ သိမ်းငှက်နှင့် ၎င်းတို့၏မျိုးနွယ်များသည် 'ဖယ်လကွန်နီဖောမီး' မျိုးစဉ်တွင် ပါဝင်သော သားရဲငှက်များ ဖြစ်ကြသည်။ နှုတ်သီးထိပ် ကောက်ပြီး အထက်နှုတ်သီးရင်း၌ နူးညံ့သည့် အမွေးမဲ့အသား ရှိသည်။ ခြေထောက်သန်မာပြီး ခြေသည်းများ ရှိသည်။ ခြေချောင်း လေးချောင်းစီ ရှိသည်။ သုံးချောင်းသည် ရှေ့ဘက်လှည့်ပြီး ကျန်တစ်ချောင်းသည် နောက်ဘက်လှည့်သည်။ ဝန်လက်ငှက်၏ နောက်ခြေချောင်းသည် ရွှေ့လျားနိုင်၏။ သားရဲငှက်များသည် သွေးနွေးသတ္တဝါတို့၏ အသားကို နှစ်သက်သည်။ အချို့သည် အသေသားကို စားသည်။ အမြင် ထက်မြက်သဖြင့် ပျံသန်းနေစဉ်ပင် အစာကို အမြင့်မှ မြင်နိုင်သည်။ အမသည် အထီးထက် အရွယ်ကြီး၏။ ကမ္ဘာသစ် (အမေရိကတိုက်များ) လင်းတ၊ 'စက္ကရီတေရီ' ငှက်၊ ကမ္ဘာဟောင်း (အမေရိကတိုက်မှအပ အခြားတိုက်များ) လင်းတ၊ စွန်၊ လင်းယုန်၊ ဝန်လက်နှင့် သိမ်းငှက်များသည် သားရဲငှက်များတွင် ပါဝင်သည်။

## လင်းတများ

လင်းတများသည် အသေကောင်ပုပ်များကို စားသည်။ သန်မာသော ခြေသည်းများမရှိသဖြင့် သားကောင်အရှင်ကို မဖမ်းနိုင်ပေ။ နှုတ်သီးကြီးမား၍ အသားများကို ဆုတ်ဖြဲနိုင်သည်။ ဦးခေါင်းနှင့် လည်ပင်း၌ အမွေးအနည်းငယ်ရှိသည်လည်း ရှိ၏။ လုံးဝမရှိသည်လည်း ရှိ၏။ လင်းတ အုပ်စုနှစ်စု ရှိ၏။ ကမ္ဘာသစ်အုပ်စုနှင့်ကမ္ဘာဟောင်း အုပ်စုတို့ ဖြစ်သည်။ ၎င်းအုပ်စုနှစ်စုကို ပြင်ပအသွင်အားဖြင့် ခွဲခြားရန် ခက်ခဲသည်။ ခန္ဓာဗေဒ အရသာ ခွဲခြားနိုင်သည်။



'အင်ဒီး' လင်းတသည်ကမ္ဘာသစ်လင်းတများတွင် အကြီးဆုံး ဖြစ်သည်။ ၁.၃ မီတာ ရှည်၏။ အင်ဒီးဒေသတွင် နေ၏။ အထီးသည် အမထက် ကြီးသည်။



အမေရိကန်လင်းတဘုရင်သည် ၇၆ ဆင်တီမီတာခန့် ရှည်သည်။ မက္ကဆီကိုမှ အာဂျင်တီးနားအထိ တွေ့ရသည်။ အပေါ်နှုတ်သီးရင်း၌ အသားထူ အဝါရောင် အမောက် ရှိသည်။



'ဂရစ်ဖွန်' လင်းတကို ဥရောပ၊ အာဖရိကနှင့် အနောက်တောင် အာရှ၌ တွေ့ရသည်။ ဦးခေါင်းနှင့် လည်ပင်း၌ အဖြူရောင်အမွေးနုများ ရှိသည်။

ကြက်ဆင်လင်းတသည် နေရာအနှံ့၌ တွေ့ရသော ကမ္ဘာသစ် လင်းတ ဖြစ်သည်။ ကနေဒါတောင်ပိုင်းမှ အာဂျင်တီးနား တောင်ပိုင်းအထိ တွေ့ရသည်။ တောင်ပံတဆန့် ၇၃ ဆင်တီမီတာခန့် ရှိသည်။



အီဂျစ် လင်းတသည် ၅၈ ဆင်တီမီတာခန့် ရှည်သည်။ ကမ္ဘာဟောင်း လင်းတမျိုးတွင် အငယ်ဆုံး ဖြစ်သည်။ ဥရောပ၊ အာဖရိကနှင့်အိန္ဒိယရှိ မြို့ရွာသို့ ဝင်တတ်သည်။



လင်းတကျောဖြူကို အိန္ဒိယနှင့် မလေးကျွန်းဆွယ်တွင် တွေ့ရ၏။ ရွာပြင်ရှိ အညစ်အကြေးများကို စားလေ့ရှိသည်။



# လင်းယုန်နှင့် သိမ်းငှက်များ

လင်းယုန်များသည် အရွယ်ကြီးပြီး အလွန်ရဲရင့်သော သားရဲငှက်များ ဖြစ်သည်။ ကြီးမားသော တောင်ပံနှင့် အမြီးရှိ၏။ အများအားဖြင့် အရောင်မှိုင်းသည်။ ကျောက်ဆောင်နှင့် တောင်ပေါ်တို့၌ အသိုက်လုပ်သည်။ လင်းယုန်ကို သားရဲငှက်ဘုရင်ဟု မှတ်ယူကြ၏။ ၎င်းငှက်များ၏ ရုပ်ပုံကို တိုင်းပြည်၏ အမှတ်တံဆိပ်အဖြစ် အချို့နိုင်ငံများကအသုံးပြုသည်။ပစ်ခတ်ခြင်းကြောင့် လင်းယုန်များရှားပါးလာ၏။ရွှေလင်းယုန်၊ 'စတယ်လာ' ပင်လယ်လင်းယုန်နှင့် လင်းယုန်ထိပ်ပြောင်များကို အထူး ကာကွယ်စောင့်ရှောက် ထားကြသည်။

သိမ်းငှက်များကို လူသိများ၏။ လင်းယုန်နှင့် မျိုးနီးစပ်သည်။ သိမ်းငှက်များသည် လျင်မြန်စွာ ပျံသန်းနိုင်သည်။သန်မာသော ခြေသည်းများနှင့် နှုတ်သီးရှိ၏။ သတ္တဝါငယ်နှင့် ငှက်များကို စားသည်။ ၎င်းတို့ထက် ကြီးသော သတ္တဝါများကိုလည်း ဖမ်းစားနိုင်သည်။



'စတယ်လာ' ပင်လယ်လင်းယုန်၏ နှုတ်သီးသည် ဝါ၍ မြင့်မောက်သည့် နှုတ်သီးရှိသဖြင့် ရိုးရိုးပင်လယ်လင်းယုန်နှင့် ခြားနားသည်။ ငါး၊ ယုန်နှင့် ငှက်များကို စား၏။ ဆိုက်ဗေးရီးယားအရှေ့ပိုင်း၊ဗယ်ရင်နှင့်အော့ခေါ့ပင်လယ် ကမ်းခြေတို့၌ မျိုးပွားသည်။ အလတ်စကား၌လည်း တွေ့ရတတ်သည်။



လင်းယုန်မင်းသည် အာရှတွင် အိန္ဒိယအနောက်မြောက်ပိုင်းမှသည် တရုတ်ပြည်အထိနှင့် မြေထဲပင်လယ်ဒေသတွင် နေသည်။ အလွန်ပေါ်လွင်သော အဖြူနှင့်အနက်ရောင် အမွေးများရှိသည်။



လင်းယုန်ထိပ်ပြောင်သည် အမေရိကန်ပြည်ထောင်စု၏ အထိမ်းအမှတ် ငှက် ဖြစ်သည်။ စင်စစ် ဦး ခေါင်း ပြောင် မ နေ ပေ။ ဦးခေါင်းနှင့် လည်တံ ဖြူဖွေးနေခြင်းသာ ဖြစ်သည်။ ဂ၆ဆင်တီမီတာခန့်ရှည်၏။မြောက်အမေရိကနှင့် ဆိုက်ဗေးရီးယား၌ တွေ့ရသည်။



ဒေါင်းစွန်သည် ဥရောပနှင့် အာရှရှိ ကွင်းပြင်များ၌ နေသည်။ ရွှံ့နွံများ၌ အစာရှာစားသည်။



'ဟာပီ' လင်းယုန်သည် ၉၅ ဆင်တီမီတာခန့် ရှည်သည်။ မက္ကဆီကိုမှ အာဂျင်တီးနားထိ တွေ့ရသည်။ ခြေများ သန်မာ၏။ ဦးခေါင်း၌ အမောက် ရှိ ၏။ မျောက်နှင့် နို့တိုက်သတ္တဝါငယ်များကို စားသည်။



ပျံလွှားမြီး စွန်ကို အမေရိကန်ပြည်မှ အာဂျင်တီးနားထိ တွေ့ရသည်။ အမေရိကန် စွန်များအနက် အလှဆုံးဖြစ်သည်။ပိုးမွှား၊ ဖားနှင့် တွားသွား သတ္တဝါငယ်များကို စားသည်။



စာသိမ်းသည် ဥရောပ၊ အာဖရိကနှင့် အာရှ၌ နေသည်။



ချိုးသိမ်းငှက်သည်ဗြိတိန်မှလွဲ၍ မြောက်အမေရိက၊ အာရှနှင့် ဥရောပ သစ်တောများ၌နေသည်။ အမ၏ တောင်ပံတဆန့်သည် တစ်မီတာကျော် ရှိသည်။

# သိမ်းငှက်များနှင့် ၎င်းတို့၏ မျိုးနွယ်များ

သိမ်းငှက်များသည် စွန်များနှင့်တူသော်လည်း မျိုးရင်းမတူပေ။ သိမ်းငှက်၏အထက်နှုတ်သီး၌ အစာကို ဆုတ်ဖြဲရန် စောင်းမာများ ရှိသည်။ ၎င်းတို့ကို ကမ္ဘာအနှံ့၌ တွေ့ရသည်။ လေ့ကျင့်သင်ကြားထားသော သိမ်းငှက်များသည် အမဲလိုက်ပြိုင်ခြင်းတွင် ကျော်ကြား၏။ ‘ကာရာကာရာ’များသည် သိမ်းငှက်များနှင့် မျိုးတူသော်လည်း အသွင်ကွဲပြား၏။ ‘ကာရာကာရာ’ များသည် ငှက်နှင့် အခြားသတ္တဝါများ၏ အသေကောင်ပုပ်ကို စား၏။ တောင်အမေရိက၌ နေသည်။



‘ချီမန်ဂိုကာရာကာရာ’ကို ဘရာဇီးမှ ချီလီအထိ တွေ့ရသည်။ ဆင်တီမီတာ ၆၀ ခန့် ရှည်သည်။

‘ကက်စတရယ်’သိမ်းငှက်မျိုးသည် ဥရောပ၊ အာရှနှင့် အာဖရိက မြေပြန့်နှင့် သစ်တောများ၌ နေသည်။ ကြွက်၊ ငှက်နှင့် ‘အင်းဆက်’ပိုးများကို စားသည်။







‘ဂိုင်ရာဖာကွန်’ သည် ဆင်တီမီတာ ၅၀ ခန့် ရှည်သည်။ အမဲလိုက် သိမ်းငှက်များတွင် အကြီးဆုံး ဖြစ်သည်။ မြောက်အမေရိက၊ ဥရောပနှင့် အာရှ၌ တွေ့ရသည်။

‘ပယ်ရီဂရင်း’ အမဲလိုက်သိမ်းငှက်သည် အလွန် ကျော်ကြားသည်။ ပင်လယ်ကမ်းခြေမှ တောင်ပေါ် ဒေသအထိ နေသည်။ ကျောက်ကမ်းပါးများ၊အဆောက်အအုံမြင့်များ၏ အမိုးများပေါ်၌ အသိုက်လုပ်သည်။ အန္တာတိကမှ လွဲ၍ ကမ္ဘာအနှံ့၌ တွေ့ရသည်။

သိမ်းပုမျိုးသည် အငယ်ဆုံး သိမ်းငှက်ဖြစ်သည်။ ၁၆ ဆင်တီမီတာခန့် ရှည်သည်။ ဖိလစ်ပိုင်၌ တွေ့ရသည်။

ဝန်လက်ငှက်တွင် ရှေ့နောက်လှုပ်ရှားနိုင်သော ခြေချောင်း တစ်ခုရှိသည်။ ငါးများကိုစား၏။ ရေထဲသို့ ရုတ်တရက် ထိုးဆင်းပြီး အစာကို သုတ်ချီသည်။ ခြေသန်သဖြင့် အစာကို ခိုင်မြဲစွာ ကုပ်ချီထားနိုင်သည်။ မိမိပိုင်နက်ကို ကာကွယ်ရာတွင် အလွန်ရဲရင့်သည်။ ကမ္ဘာအနှံ့၌ တွေ့ရသည်။

‘စက္ကရီတေရီ’ငှက်သည် ခြေတံရှည်ပြီး ၁.၂ မီတာ မြင့်သည်။ အမောက်သည် ငှက်မွေးမင်တံများ ထိုးထားသည်နှင့်တူသည်။ သတ္တဝါငယ်နှင့် ‘အင်းဆက်’ပိုးများကို စားသည်။ မြွေကို ခြေသည်းမာများဖြင့် ထိုးကုပ်ဖမ်းပြီး နှုတ်သီးဖြင့် ပေါက်သည်။ခြေကျင်လျှောက်၍အစာရှာသည်။အာဖရိကရှိ ဆဗားနားတွင် တွေ့ရသည်။





## သိမ်းငှက် အမဲလိုက်ပြိုင်ပွဲ

လေ့ကျင့်ထားသော သားရဲငှက်များဖြင့် အမဲလိုက် ပြိုင်ခြင်း ဖြစ်သည်။ အရှေ့နိုင်ငံများ၌ ဘီစီ ၁၂၀၀ ခန့်က စ၍ ပြုလုပ်ခဲ့သည်။ အလယ်ခေတ် ဘုရင်များ၏ ကျော်ကြားသော တောကစားပွဲဖြစ်သည်။လေ့ကျင့်ထားသော သိမ်းငှက်များကို ဘုရင်တို့က ဆုအဖြစ် ချီးမြှောက်ကြသည်။ ယခုအခါ ၎င်းပြိုင်ပွဲများ ခေတ်မစားတော့ပေ။

အလယ်ခေတ် သိမ်းငှက် အမဲလိုက် ပြိုင်ပွဲပုံ





# ကြက်နှင့်တူသောငှက်များ

ရစ်ပု၊ ငုံး၊ ရစ်၊ ဒေါင်း၊ 'ကျူရာဆိုး'နှင့် 'မီဂါပေါ့'များသည် 'ဂယ်လီဖောမီး' မျိုးစဉ်တွင် ပါဝင်ကြသည်။ လှပသည်။ လေးလံသောကိုယ်ရှိသော်လည်း ကောင်းစွာ ပြေးနိုင်သည့် ကုန်းနေငှက်များ ဖြစ်သည်။ ရေမကူးနိုင်။ မိတာ ရာအနည်းငယ်သာ ပျံသန်းနိုင်သည်။ နှုတ်သီးတို့၏ အောက်ဘက်သို့ ကွေးသည်။ မြေကို ယက်ပြီး အစာရှာသည်။ အဖိုသည် အမထက် အရောင်စုံသည်။အန္တာတိကနှင့် ပိုလီနီးရှားမှလွဲ၍ ကမ္ဘာအနှံ့၌ တွေ့ရသည်။

## ရစ်ပုမျိုး

ရစ်ပုမျိုးသည် ခန္ဓာကိုယ် တုတ်ခိုင်သည်။ ခြေထောက်နှင့် နှာပေါက်တွင် အမွေးရှိသည်။'တာမိဂန်'တို့သည် အအေးပိုင်းရစ်ပုမျိုးဖြစ်သည်။ ဆောင်း၌ အမွေးဖြူသည်။







ဆောင်း၌အမွေးဖြူသောကျောက်ဆောင်နေ'တာမိဂန်'များ

'ပရေးရီ'ကြက်၏ လည်တိုင် တဘက်တချက်တွင် အဝါရောင် လေအိတ် တခုစီ ရှိသည်။ မိတ်လိုက် ရာသီ၌ ကြင်ဖော်ရှာစဉ် လေအိတ်ကို ဖောင်းပြီး ကသည်။ လိုဏ်သံ ပေးပြီး အော်မြည်တတ်သည်။ ကနေဒါ အနောက်ပိုင်းနှင့် အမေရိကန်ပြည်တောင်ပိုင်း၌ တွေ့ရသည်။

ကျောက်ဆောင်နေ 'တာမိဂန်'သည် နွေ၌ အညိုနှင့် အဖြူကျား ဖြစ်သည်။ ဆောင်း၌ မျက်စိတွင် ကန့်လန့်ဖြတ် အနက်စင်း ရှိသည်မှလွဲ၍ တကိုယ်လုံး အဖြူရောင်သို့ပြောင်းသွားသည်။ အရောင်ပြောင်းမှုကြောင့် ပတ်ဝန်းကျင် အရောင်နှင့် ရောပြီး ပုန်းကွယ်နိုင်သည်။ ယူရေးရှားနှင့် မြောက်အမေရိက မြောက်စွန်းပိုင်းတွင် နေသည်။

## ကျူရာဆိုးနှင့်၎င်းတို့၏မျိုးနွယ်များ

'ကျူရာဆိုး'၊ 'ဂူအန်'နှင့် ၎င်းတို့၏ မျိုးနွယ်များသည် ရစ်ငှက်မျိုးနှင့် တူသည်။ တောင်အမေရိက အပူပိုင်းဒေသ၌ နေသည်။ သစ်ပင်ဖျားတွင် တွေ့ရသော်လည်း မြေ၌သာ ကျက်စားသည်။ သစ်သီး၊သစ်ရွက်၊ 'အင်းဆက်'ပိုးနှင့် 'ဝမ်း'ကောင် များကို စားသည်။



'ကျူရာဆိုး'အကြီးမျိုးသည် မက္ကဆီကို တောင်ပိုင်းမှ အီကွေဒေါ အထိ သစ်တောများတွင် နေထိုင်သည်။အထီး၏ အမောက်တွင် အမွေးများ လိပ်ခွေနေ၍ အလွန်လှသည်။ နှုတ်သီးပေါ်၌ တောက်ပသော အဝါရောင်ဖု ရှိသည်။

## ကြက်ဆင်များ

ကြက်ဆင်များတွင် သတ္တုရောင်လက်သော အမွေးအတောင်များရှိသည်။ အထီး၏ ခြေ၌ အတက်ပါသည်။ မြေတွင် ကျက်စားပြီး ညအခါ သစ်ပင်ပေါ်၌ အိပ်သည်။ လည်ချောင်းသံပြုပြီး ဟန်ဖြင့် လမ်းလျှောက်သည်။ ကြင်ဖော်ရှာစဉ် အထီးသည် အမြီးကို ယပ်သဖွယ် ဖြန့်ကားထားသည်။ ယခုအခါ ၎င်းတို့ကို အသားစားရန် အတွက် မွေးမြူကြသည်။

ကြက်ဆင်ရိုင်းကို အမေရိကန်ပြည် အရှေ့တောင်ပိုင်းနှင့် မက္ကဆီကိုတွင် တွေ့ရသည်။ ငှက်ပစ်သမားများကြောင့် ကောင်ရေ လျော့နည်းခဲ့၏။ ယခုအခါ ဘေးမဲ့ပေးထားသည်။



အမောက်ဖြူ'ဂူအန်'ငှက်ကို ဗင်နီဇွဲလား၊ ပါရာဂွေးနှင့် အာဂျင်တီးနားတွင် တွေ့ရသည်။ ဂဂ ဆင်တီမီတာခန့် ရှည်သည်။



# ဒေါင်းမျိုးများ

အိမ်မွေးကြက်၊ ဒေါင်း၊ ရစ်နှင့် ငုံးတို့သည် ဒေါင်းမျိုးရင်းတွင် ပါဝင်သည်။ အထီးတွင် အမြီးရှည် ရှိသည်။ ကြင်ဖော်ရှာစဉ် အမြီးဖြန့်ပြီး အမကို ဆွဲဆောင်သည်။ ခြေထောက်၌ အတက်ရှိသည်။ ဒေါင်းကို တိရစ္ဆာန်ရုံနှင့် ကိုယ်ပိုင်ဥယျာဉ်များ၌ အလှမွေးသည်။ ငုံးကို ဥနှင့်အသား စားရန် မွေးသည်။





ရိုးရိုးဒေါင်း၏ဦးခေါင်း


ဒေါင်းစိမ်း၏ဦးခေါင်း

ရိုးရိုးဒေါင်းတို့၏ ဇာတိမှာ အိန္ဒိယနှင့် သီရိလင်္ကာ ဖြစ်သည်။ အမြီးရှည်၌ ရွှေရောင်နှင့် အပြာရောင် မျက်လုံးပုံ အကွက်ကြီးများ အတန်းလိုက် ရှိသည်။ သရဖူပုံ အမောက်ရှိသည်။ အမသည် ညိုမှိုင်းသည်။

ဒေါင်းစိမ်းကို မြန်မာ၊ အင်ဒိုနီးရှားနှင့် အင်ဒိုချိုင်းနားတွင်တွေ့ရသည်။ ရိုးရိုးဒေါင်းနှင့် အလွန်တူသည်။ သို့သော် ဒေါင်းစိမ်း၏အမောက်၌ အရေပြား ပါသည်။ လည်တံ စိမ်းနေသည်။

ဒေါင်းဖြူသည် ရိုးရိုးဒေါင်း တမျိုးဖြစ်သည်။ ခြံလှောင်မွေးသော ဒေါင်းများမှ ပေါက်ပွားလေ့ရှိသည်။



အဖြူလည်ရစ်ပါ ရစ်သည် အာရှတိုက် သမပိုင်းတွင်ရှိသည်။ ယခုအခါ ဥရောပ ငှက်ပစ်သမားတိုင်း သိသော ငှက်ဖြစ်သည်။ မြက်ရှည်၊ ချုံဖုတ်နှင့် သစ်ပင်ငယ်များ ရှိသော ဥယျာဉ်များကို နှစ်ခြိုက်၏။ တခါတရံ သစ်ပင်ပေါ်၌ အိပ်လေ့ရှိသည်။



ရိုးရိုး ငုံးများကို ယူရေးရှား သမပိုင်း၊ အာဖရိကနှင့် မဒါဂါစကာကျွန်းတွင် တွေ့ရသည်။ အသိုက်များကို မြေပေါ်၌ပြုလုပ်၏။ ချုံဖုတ်နှင့်မြက်ရှည်များ အကြား၌ ပုန်းကွယ်နေလေ့ ရှိသည်။

အိမ်မွေးကြက်သည် တိန်ညင်ကြက်နီမျိုးမှ ဆင်းသက်၏။ ၎င်းတို့တွင်အသားအမောက်နီရှိခြင်း၊ နှုတ်သီးရင်း၌ ပါးပျဉ်းရှိခြင်းတို့ကြောင့် ဒေါင်းများနှင့် ကွဲပြားသည်။ အမြီးခုံးသည်။ အမသည်အထီးလောက်အရောင်မစုံ။ အိမ်မွေးကြက်ကို ဥနှင့် အသားရရန်၊ အလှပြရန်နှင့် ကြက်တိုက်ရန် မွေးကြသည်။

အမြီးရှည် 'ယိုကိုဟားမား'ကြက်





တောကြက်ဖစိမ်း


ဗြာမကြက်


တိန်ညင်ကြက်နီ

'ပလိုင်းမောက်ရော့'
ရစ်ကြက်ကြီး



မွဲပြာရောင် တောကြက်ဖ



# ကြိုးကြာများနှင့် ၎င်းတို့၏မျိုးနွယ်များ

ကြိုးကြာများ၊ ရေငုံးများ၊ ရေကြက်များ၊ 'ဗတ်စတတ်'များနှင့် ၎င်းတို့၏မျိုးနွယ်များသည် 'ဂရူအီဖောမီး' မျိုးစဉ်တွင် ပါဝင်သည်။ နှုတ်သီးမာ၊ အတောင်ဝိုင်းနှင့် အမြီးတိုရှိသည်။ အများစုသည် ရေတွင်ကျက်စားပြီး ရွှံ့နွံနှင့် နုန်းမြေများတွင် နေသည်။ ခြေချောင်း၌ အရေပြားဆက် မရှိပေ။ ဦးရေနည်းလာပြီ ဖြစ်၍။ ကာကွယ်မှု မပေးပါက အချို့မျိုးနွယ်များ ကွယ်ပျောက် သွားနိုင်သည်။

## ကြိုးကြာများ

ကြိုးကြာများသည် ခြေထောက်နှင့်လည်တံ ရှည်သည်။ နှုတ်သီးရှည်၍ ချွန်သည်။ အပင်၊ 'အင်းဆက်'ပိုး၊ဖားနှင့်အခြားသတ္တဝါငယ်များကိုစားသည်။ဖျတ်လတ်စွာ ကပြနိုင်ပြီး တံပိုးခရာသံကဲ့သို့ အသံပြုတတ်၏။ တောင်အမေရိက၊ ပစိဖိတ်ကျွန်းများ၊ နယူးဇီလန်နှင့် မလေးကျွန်းစုမှလွဲ၍ ကမ္ဘာအနှံ့၌ တွေ့ရသည်။



လှပသော သရဖူပုံအမောက်ပါ ကြိုးကြာကို အာဖရိကတွင် တွေ့ရသည်။



အသံကျယ် အမေရိကန် ကြိုးကြာကြီးသည် ၁.၃ မီတာခန့် မြင့်သည်။ ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုရန် တားမြစ်ထားသည်။ ကနေဒါ အနောက်ပိုင်းတွင် ပေါက်ပွားသည်။ တက္ကဆက် ပြည်နယ်တွင် ဆောင်းခိုသည်။



ဆိုက်ဗေးရီးယား ကြိုးကြာဖြူ မျိုးသည် ဆိုက်ဗေးရီးယား၌ ရှိသည်။ကက်စပီယန် ပင်လယ်ကမ်းခြေ၌ ဆောင်းခိုသည်။

ကြိုးကြာငယ်မျိုးသည် ယူရေးရှား အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ ကုန်းပြင်မြင့်နှင့် လွင်ပြင်များ၌ ပေါက်ပွားသည်။

## မရေငုံးနှင့် ရေကြက်များ

ရေငုံးနှင့် ရေကြက်တို့သည် ကမ္ဘာအနှံ့ ရွှံ့နွံများတွင် နေသည်။ ရေနေအပင်၊သစ်စေ့၊ 'အင်းဆက်'ပိုး၊ပုတ်သင်နှင့်ကြွက်များကိုစား၏။ ရေငုံးသည် သေး၏။ ကောင်းစွာပြေးနိုင်၏။ ဝေးဝေးမပျံနိုင်။ ရေကြက်သည် ရေကူး၊ ရေငုပ်နိုင်၏။ ခြေချောင်းများ၌ အရေပြားဖတ် ရှိသည်။



အမေရိကန် ရေကြက်ကို ကနေဒါ အလယ်ပိုင်းမှ အီကွေဒေါ်ထိတွေ့ရ၏။ မီးခိုးရင့် ရောင်ရှိပြီး ကြက်နှုတ်သီးနှင့်တူ သည့် ဖြူ သော နှုတ် သီး ရှိ ၏။



အနီရောင် ရေငုံးသည် သေး၏။ ၂၃ ဆင်တီမီတာခန့်ရှိ၏။ အာရှ၌ တွေ့ရ၏။



'ပီကာချာ' သစ်တောရေငုံးသည် ၄၅ ဆင်တီမီတာခန့်ရှိပြီးကြီး၏။ တောင်အမေရိကတွင်သာ တွေ့ရသည်။

## ထရမ်ပက်တာငှက်များ

'ထရမ်ပက်တာ' ငှက်များကို တောင်အမေရိကအပူပိုင်းတွင် တွေ့ရသည်။ ပြေးနိုင်၊ ရေကူးနိုင်သည်။ ကောင်းစွာမပျံနိုင်။ အထီး၏အသံသည် တံပိုးခရာသံနှင့် တူသည်။ ညအခါ သစ်ပင်ပေါ်၌အိပ်သည်။ ကြင်ဖော်ရှာစဉ် ဖျတ်လတ်စွာ ကပြ၏။ မြေပေါ်တွင် အသိုက်လုပ်သည်။ သစ်သီး၊ သစ်စေ့များကို စားသည်။

## ဗတ်စတတ်ငှက်များ

'ဗတ်စတတ်' များသည် လေးလံပြီး အပျံ နှေး သည်။ ခြေ တိုပြီး အပြေးမြန်သည်။လွင်တီးခေါင်၌ နေ၏။ သစ်စေ့၊ အစို့အညှောင့်၊ 'အင်း ဆက်' ပိုး၊ ကြွက်၊ မြွေ၊ ပုတ်သင်နှင့်ငှက်ငယ်များကို စားသည်။ အာဖရိက၊ အာရှနှင့် ဩစတြေးလျတွင် တွေ့ရသည်။



'ဟောင်ဗာရာ ဗတ်စတတ်' ငှက်ကို အာရှနှင့် အာဖရိကတွင် တွေ့ရသည်။ အထီးရော အမပါ အမောက်ရှိသည်။



ရိုးရိုး'ထရမ်ပက်တာ'ငှက်

# ရေစပ်နေငှက်များနှင့် ၎င်းတို့၏မျိုးနွယ်များ

'ချာရာဒရီဖောမီး' မျိုးစဉ်ကို အုပ်စုကြီး သုံး ခု ခွဲနိုင်သည်။ အကြီးဆုံးဖြစ်သည့် ပထမအုပ်စုတွင် ရေစပ်နေငှက်များ၊ ဒုတိယအုပ်စုတွင် ကမ်းခြေနေစင်ရော်များ၊ မြစ်တွေးငှက်များ၊ 'စကူအာ' စင်ရော်ကြီးများနှင့် 'စကင်မာ' များ၊ တတိယ အုပ်စုတွင် ပင်လယ်နေ 'အော့' ငှက်များ ပါဝင်သည်။



လည်ရစ်ပါ 'ပလိုဗာ' ငှက်ငယ်သည် ၁၅ ဆင်တီမီတာခန့် ရှည်ပြီး အာရှနှင့် ဥရောပမြောက်ပိုင်းတွင် ပေါက်ပွားသည်။ နှုတ်သီးမည်းပြီး ခြေထောက် အရောင်ဖျော့သည်။ ရင်ပိုင်းတွင် အမည်းရစ် ရှိသည်။

'ကက်စပီယန်ပလိုဗာ' ငှက်သည် ၁၈ ဆင်တီမီတာခန့် ရှည်သည်။ မြက်ခင်းပြင်သို့ မကြာခဏ အုပ်စုလိုက် ဆင်းသက်လေ့ရှိသည်။





'ကင့်တစ်ပလိုဗာ' ငှက်သည် ၁၅ ဆင်တီမီတာခန့်ရှည်၏။ အင်္ဂလန် အရှေ့တောင်ပိုင်း၊ ဥရောပ၊ အာဖရိက၊ အာရှနှင့် ဩစတြေးလျရှိ သဲနှင့် ကျောက်ပေါသော ကမ်းခြေ၌ တွေ့ရသည်။



လည်ရစ်ပါ 'ပလိုဗာ' ငှက်သည် အငယ် မျိုးနှင့် အလွန်တူသည်။ သို့သော် ထိပ် ဖျားမည်း လိမ္မော်ရောင် နှုတ်သီးကို ကြည့်ပြီး ခွဲခြားနိုင်သည်။

## ရေစပ်နေငှက်များ

ခြေတံရှည်ပြီးနှုတ်သီး သေးသွယ်သည်။ ခြေတွင် အမွေးမရှိ။ ရေတွင် ဖြတ်လျှောက်နိုင်သည်။ ကမ်းရိုးတန်းတလျှောက်၌ တွေ့ရသည်။

ရေစပ်နေငှက်အများစုသည် 'ပလိုဗာ' ငှက်များဖြစ်သည်။ အရွယ် သေးသည်။ ၁၅ မှ ၃၈ ဆင်တီမီတာအထိ ရှည်သည်။ အပြေးမြန်သည်။ ပျံအားကောင်းသည်။ 'အင်းဆက်' ပိုး၊ ပုစွန်၊ ကဏန်း၊ တီနှင့်ပင်လယ်ရေမျှော်တို့ကို စားသည်။ ကျောက်စရစ်ခဲနှင့်တူသော ဥများကို ကျောက်ဆောင်ကြား၌ ဥသည်။



ရေညှောင့်ကောင်ငှက်ပြောက်သည် ဆင်တီမီတာ ၂၀ ခန့် ရှည်သည်။ မြောက်အမေရိကတိုက်တွင် တွေ့ရသည်။

ဘီကျားခေါ် ကြာဖက်နင်းငှက်သည် ဆင်တီမီတာ ၅၀ ခန့် ရှည်သည်။ အိန္ဒိယနှင့် အရှေ့တောင်အာရှတွင် တွေ့ရသည်။ လည်ကုပ်ဝါပြီး အမြီး ရှည်သည်။



ရိုးရိုးတစ်တီတူးငှက်မျိုးသည် ဆင်တီမီတာ ၃၀ ခန့် ရှိ၏။ အရောင်တောက်ပပြီး အမောက် ရှည်၏။ ဥရောပနှင့် အာရှတွင် တွေ့ရသည်။



ရောင်စုံခြယ် 'စနိုက်' ငှက်သည် ၂၄ ဆင်တီမီတာခန့် ရှည်ပြီး အာဖရိက၊ အာရှနှင့် ဩစတြေးလျ၌ တွေ့ရ၏။ တီ၊ ခရုနှင့် ယောက်သွား စသည်များကို စားသည်။

ဥရောပ ကမာဖမ်း ငှက်သည် ဆင်တီမီတာ ၅၀ ခန့် ရှည်သည်။ ကမ်းရိုးတန်း၌ ကျက်စားသည်။ သန်မာသော အနီရောင် နှုတ်သီးဖြင့် ကမာများကို စားသည်။



ရေစပ်နေ ငှက်များသည် အသိုက်နှင့် သားငယ်များကို ရန်သူနှောင့်ယှက်လျှင် ဝေးရာသို့ မျှားခေါ် သွားတတ်သည်။ ဒဏ်ရာရဟန်ဖြင့် အဝေးမှ တောင်ပံခတ်သံပေး၏။ ရန်သူသည် သားရဲမျိုးဖြစ်လျှင် ပိုကြီးသော သားကောင်အသွင်ဖြင့် မျှားခေါ်သွားတတ်သည်။ အသိုက်နှင့် ဝေးရာရောက်မှ လွတ်ရာပျံသွားသည်။ ထိုအခါ ရန်သူသည် နေရာပြောင်း၍ အစာရှာရတော့သည်။



# ကမ်းခြေစင်ရော်များ၊ အော့ငှက်များနှင့် ၎င်းတို့၏မျိုးနွယ်များ

ကမ်းခြေစင်ရော်များနှင့် မြစ်တွေးငှက်များသည် သေးသွယ်သော ကိုယ်ရှိသည်။ တောင်ပံရှည်ပြီး အဖျားချွန်သည်။ ခြေချောင်းများ အရေပြားနှင့်ဆက်နေသည်။ ပင်လယ်ကမ်းစပ်နှင့် ရွံ့နွံများတွင်နေသည်။ ကမ်းခြေစင်ရော်သည် ရေကူးနိုင်သော်လည်း ရေမငုပ်နိုင်။ လေတွင် ကောင်းစွာပျံဝဲသည်။ အသိုက်ကို မြေပေါ်၌ လုပ်သည်။ မြစ်တွေးငှက်သည် ငယ်ပြီး ကောင်းစွာ ရေမကူးနိုင်။ ရေငုပ်နိုင်သည်။ စင်ရော်၏နှုတ်သီးဖျားသည် ကောက်၏။ မြစ်တွေးငှက်၏ နှုတ်သီးဖျားမှာ ချွန်၏။



ကမ်းခြေစင်ရော်သည် ဆင်တီမီတာ ၄၀ ခန့် ရှည်သည်။ ဆိပ်ကမ်းနှင့် ဥယျာဉ်ခြံကြီးများ၌ တွေ့ရသည်။ ဥရောပ၊ အာရှနှင့် မြောက်အမေရိကတွင် နေသည်။



'ဟဲရင်း'စင်ရော်သည် ၆၁ ဆင်တီမီတာခန့်ရှည်၏။ ကန်များ၊ မြစ်များအနီး၌ ကျက်စား၏။ အာတိတ်၊ မြောက်အမေရိက မြောက်ပိုင်း၊ ဥရောပကမ်းခြေတလျှောက်၌ နေထိုင်ပေါက်ပွားသည်။



စိမ်းပြာရောင် စင်ရော်ကြီးသည် ၇၆ ဆင်တီမီတာခန့် ရှည်သည်။ အာတိတ်ကျွန်းများ၊ ဥရောပမြောက်ပိုင်း၊ အာရှ၊ မြောက်အမေရိက ကမ်းခြေတွင် ပေါက်ပွားသည်။



ရိုးရိုးမြစ်တွေးငှက်ကို လူသိများသည်။ ၃၇ ဆင်တီမီတာခန့် ရှည်သည်။ ဥရောပ၊ အာရှ၊ အာဖရိကနှင့် မြောက်အမေရိကတွင် နေသည်။



ကျပ်ခိုးရောင် မြစ်တွေးငှက်သည် ဆင်တီမီတာ ၄၀ ခန့်ရှည်သည်။ တကိုယ်လုံးမည်းပြီး ထိပ်နှင့်ကိုယ် အောက်ပိုင်း ဖြူသည်။ အိန္ဒိယ၊ ပစိဖိတ်နှင့်အတ္တလန္တိတ်ကမ်းခြေတလျှောက်၌ တွေ့ရသည်။



နတ်သမီးမြစ်တွေးငှက်သည်ဆင်တီမီတာ ၃၀ ခန့် ရှိသည်။ ဟာဝေယန်ကျွန်း၊အတ္တလန္တိတ်၊ အိန္ဒိယနှင့် ပစိဖိတ်ရှိ ကျွန်းများ၌ ရှိ၏။

## စကူအာများ

'စကူအာ'ငှက်တို့သည်စင်ရော်၊မြစ်တွေးငှက်တို့နှင့်မျိုးနီးသည်။ နှုတ်သီးထိပ်ကောက်သည်။ နှုတ်သီးပေါ်၌ အရေပြားပျော့ရှိသည်။ ရေကူး၊ ရေငုပ် မကျွမ်းကျင်ပေ။ အခြားငှက်တို့၏ အစာကို လုစားတတ်သည်။



အာတိတ်'စကူအာ'သည် လူသိအများဆုံး ဖြစ်သည်။ ၄၅ ဆင်တီမီတာခန့် ရှည် သည်။ အာတိတ် ကမ်းခြေ၌ နေသည်။



'စကူအာ' ငှက် ကြီး သည် ၅၈ ဆင်တီမီတာခန့်ရှိသည်။ အကြီးဆုံး 'စကူအာ' မျိုး ဖြစ် သည်။ သောင်ပြင်နှင့် ကမ်း ခြေ များတွင် ငါးနှင့် အသေကောင်များကို စားသည်။ 'ပင်ဂွင်' ငှက်၏ ဥ နှင့် သား ငယ် များကိုလည်း စားသည်။ အန္တာတိတ် ဒေသတွင် တွေ့ရသည်။

## အော့၊ပါဖင်နှင့် ၎င်းတို့၏မျိုးနွယ်များ

'အော့'ငှက်၊'ပါဖင်' (ပင်လယ်ကြက်တူရွေး) နှင့် ၎င်းတို့၏ မျိုးနွယ်များသည် ရေတွင် ကျက်စားသည်။ 'ပင်ဂွင်'များနှင့် ဆင်သော်လည်း ပျံသန်းနိုင်သည်။ 'အော့'ငှက်သည် မြေပြင်ညီမှ ထ မပျံနိုင်။မြင့်သော ကျောက်ဆောင်များပေါ်မှ ထပျံနိုင်သည်။ ငါးများကိုစားသည်။ ခြေဖဝါးတွင် အရေပြား ဆက်နေပြီး ရေကူး ရေငုပ်နိုင်သည်။ 'ပါဖင်' ပင်လယ်ကြက်တူရွေးသည် မြေပြင်ညီမှ ထပျံနိုင်သည်။ နှုတ်သီး အရောင်သည် မျိုးပွားရာသီတွင် တောက်ပသော်လည်း ဆောင်း၌ မှိန်သွားသည်။ ကျင်းများ၌ အသိုက်လုပ်သည်။ အာတိတ်ဒေသ၌ တွေ့ရသည်။



ရိုးရိုး'ပါဖင်' ပင်လယ် ကြက်တူရွေးသည် ဆင်တီမီတာ ၃၀ ခန့် ရှည်သည်။ ငါးများကို စားသည်။ မြောက်အတ္တလန္တိတ်ကမ်းရိုးတလျှောက်၌ တွေ့ရသည်။



နှုတ်သီးထက် 'အော့'ငှက်သည် ၄၃ ဆင်တီမီတာခန့်ရှိသည်။ နှုတ်သီး၌ မြောင်းပါ၏။ မြောက် အတ္တလန္တိတ် ကမ်း ရိုးတလျှောက်၌ အများ အပြား တွေ့ရ၏။

# ခိုများနှင့် ၎င်းတို့၏ မျိုးနွယ်များ

ခို၊ ချိုး၊ ငုံ၊ သဲမြေနေရစ်ပုနှင့် ပျောက်ကွယ်ပြီးဖြစ်သော 'ဒိုဒို'ငှက်တို့သည် 'ကိုလမ်ဘီဖောမီး'မျိုးစဉ်တွင် ပါဝင်သည်။ ၎င်းတို့တွင် ဝသောကိုယ်နှင့် အထူးပြည့်ဖြိုးသော ရင်အုပ်ရှိသည်။ အသီးအနှံနှင့် မြက်များကို စားသည်။ ခိုနှင့်ချိုးတို့သည် စလုတ်မှ စစ်ထုတ်သည့် နို့ရည်ကို ငှက်ပေါက်ကလေးများအား တိုက်ကျွေးသည်။ ချိုးသည် ခိုထက် ငယ်ပြီး ပို၍ သိမ်မွေ့သည်။ အခြားငှက်များကဲ့သို့ ခေါင်းမော့ပြီး ရေသောက်လေ့ မရှိ။ ဝင်ရိုးစွန်းဒေသမှ လွဲ၍ ကမ္ဘာအနှံ့၌ တွေ့ရသည်။



ငုံကြီးများကို မလေးကျွန်းဆွယ်၊ဘော်နီယို၊ဆူမတြာနှင့် ဂျာဗားကျွန်းရှိ သစ်တောများတွင် တွေ့ရသည်။ ရင်ဘတ်တွင် အနီကွက် ရှိသည်။ သစ်ပင်ပေါ်၌ နေသည်။



ချိုးနီပုသည် ဥယျာဉ်၊ ခြံနှင့် လယ်ကွင်းများတွင် အများအားဖြင့်နေသည်။ မြေပေါ်တွင် ဖျတ်လတ်စွာ လှုပ်ရှားသည်။ဥရောပအလယ်ပိုင်း၊အာဖရိကမြောက်ပိုင်းနှင့် အာရှတွင် နေသည်။



ချိုးလင်းပြာတွင် အဖြူကွပ် အနက်လည်ရစ် ရှိသည်။ ၎င်းကို အိန္ဒိယ၊ သီရိလင်္ကာ၊ ဟိမဝန္တာ၊ မြန်မာနှင့် အာရှအရှေ့ပိုင်းရှိ စိုက်ကွင်းနှင့် လွင်ပြင်များ၌ တွေ့ရသည်။



ကျောက်ဆောင်နေချိုးများကို အာရှ၊ အာဖရိကမြောက်ပိုင်းနှင့် ဥရောပသမပိုင်းဒေသများတွင် တွေ့ရသည်။ ကျောက်ဆောင် ထူထပ်သောကမ်းခြေရှိ ကျောက်နံရံများနှင့်ကျောက်ဂူများတွင် အသိုက်လုပ်သည်။ အိမ်မွေးခိုများသည် ၎င်းချိုးမျိုးမှ ဆင်းသက်သည်။



'ဒိုဒို' ငှက်သည် အရွယ်ကြီးပြီး မပျံနိုင်။ တောင်ပံသေးငယ်သည်။ နှုတ်သီးထိပ် ကောက်နေပြီး အမြီး၌ အမွေးကောက်များရှိသည်။ မောရစ်ရှတွင်ရှိခဲ့သည်။ သို့သော် ၁၇ ရာစု နောက်ပိုင်းကပင် ပျောက်ကွယ်ခဲ့သည်။



အမောက်ပြာခိုကို နယူးဂီနီတွင် တွေ့ရသည်။ ခိုမျိုးတွင် အရွယ်အကြီးဆုံးဖြစ်ပြီး ၈၄ ဆင်တီမီတာခန့် ရှည်သည်။ ခေါင်းပေါ်၌ အမွေးနုဖြင့်ပြီးသော ယပ်ပုံအမောက် ရှိသည်။ သစ်သီးများကို စားသည်။



ခိုမြီးကော့တွင် ယပ်ပုံအမြီး ရှိသည်။ အလှမွေးသည်။တကိုယ်လုံးဖြူ၏။အမြီးလှကို ဖြန့်ကားလေ့ရှိသည်။

## အိမ်မွေးခိုများ

အိမ်မွေးခိုများကို အီဂျစ်နှင့် အာရှအလယ်ပိုင်းတွင် လွန်ခဲ့သော နှစ်ပေါင်း ထောင်ပေါင်းများစွာကပင် မွေးမြူခဲ့ကြသည်။ သတင်း ပို့ဆောင်ရာတွင် အသုံးပြုသည်။ အမှတ်သညာကောင်းသည်။ အချို့ခိုများကို ခေတ်ခွဲခန်းတွင် သုံးသည်။ အချို့ကို စားရန်နှင့် အချို့ကို ချစ်စနိုး အလှ မွေးကြသည်။



ပြိုင်ခိုကို အိမ်တွင် မွေး၏။ လေ့ကျင့်ထားသော ပြိုင်ခိုသည် ကီလိုမီတာ ၁၀၀၀ မှ နေရပ်သို့ ပြန်လာနိုင်စွမ်း ရှိသည်။

# ကြက်တူရွေးနှင့် ၎င်းတို့၏မျိုးနွယ်များ

ကြက်တူရွေးများ၊ ကြက်တောများ၊ ကတ္တဝါများနှင့် 'ဗတ်ဂျာရီဂါ' များသည် 'ဆစ်တဆီဖောမီး' မျိုးစဉ်တွင် ပါဝင်သည်။ တောက်ပသောအရောင်များ ရှိသည်။ ကိုယ်ပုတိုပြီး အမြီးရှည်သည်။ ခြေတိုပြီး သန်မာသည်။ ထိပ်ဆိုင်ခြေချောင်း တစုံပါသည်။ ခြေချောင်းကို အစာကောက်ယူရန် အသုံးချသည်။ အပေါ်နှုတ်သီးလှုပ်ရှားနိုင်ပြီး သစ်ပင်တက်ရာ၌ အသုံးဝင်သည်။ လျှာသား ထူ၏။ စကားနှင့် အသံကို အတုခိုးနိုင်သည်။ သစ်တောများတွင် အုပ်စုလိုက်နေပြီး သစ်ခေါင်းတွင် အသိုက် ပြုလုပ်သည်။ အိမ်၌ အလှမွေးလေ့ရှိသည်။



ကတ္တဝါ



မျက်နှာဖုံး စွပ်ထားဟန်ရှိ အချစ်ငှက်များ



အာဖရိက မီးခိုးရောင်ကြက်တူရွေး

ကြက်တောများ



'ဗတ်ဂျာရီဂါ'ငှက်



# ဥသြငှက်နှင့် ၎င်းတို့၏ မျိုးနွယ်များ

ဥသြများ၊ 'အေနီ' များ၊ 'တိုရာကို' များနှင့် 'ကော့ကယ်' ငှက်များသည် 'ကူကူလီဖော်မီး' မျိုးစဉ်တွင် ပါဝင်သည်။ ကိုယ်သေးသွယ်ပြီး အမြီးရှည်သည်။ ခြေထောက်၌ ရှေ့လှည့်ခြေချောင်း နှစ်ချောင်းနှင့် နောက်လှည့် ခြေချောင်း နှစ်ချောင်းရှိသည်။ သမပိုင်း သစ်တောများတွင် နေသည်။ 'အင်းဆက်' ပိုးနှင့် သစ်သီးများကို စားသည်။ မိတ်လိုက်ရာသီ၌ ဥသြအထီးသည် ဥသြဟု အော်မြည်လေ့ရှိသည်။

အချို့ ဥသြမျိုးသည် အခြားငှက်သိုက်မှ ဥကိုခိုးယူပြီး ထိုအသိုက်တွင်းတွင် မိမိ၏ ဥကို ဥထားခဲ့သည်။ ထိုဥမှ ပေါက်သည့် ဥသြငယ်သည် အခြားဥများနှင့် ငှက်ပေါက်စများကို တွန်းဖယ်လေ့ ရှိ၏။ အသိုက်ရှင် ငှက်မသည် မိမိအရွယ်ထက် ကြီးကောင်းကြီးမည်ဖြစ်သော ထိုဥသြငှက်ငယ်ကို အစာကျွေးလေ့ရှိသည်။

ဥသြငှက်ကို အာရှ၊ အာဖရိကသမပိုင်းဒေသများနှင့်ဥရောပဒေသ များတွင် တွေ့ရသည်။အဖိုသည် မီးခိုးရောင်၊အမသည် အညိုရောင် ဖြစ်သည်။ ဥများကို ကျူတောသနေ ငှက်လက်မ၊ မြက်ခင်းစာနှင့် မြီးညှော့ကောင် ငှက်တို့၏ အသိုက်ထဲတွင် ဥသည်။




သိမ်းဥသြမျိုးသည် အိန္ဒိယနှင့် သီရိလင်္ကာ တွင် နေ၏။ သိမ်းငှက်နှင့်တူ၏။ ဇွဲငှက်၏ အသိုက်ထဲတွင် ဥလေ့ရှိ၏။ သစ်သီးနှင့် 'အင်းဆက်' ပိုးများကို စား၏။



မြစိမ်းရောင် ဥသြငှက်သည် လှပသည်။ ဆဟာရ တောင်ပိုင်းတွင် နေသည်။ ပင်မြင့်များ၌ နေပြီး ဥများကို ဗွတ်ငှက်နှင့် စာဘုန်းကြီးငှက်တို့၏ အသိုက်ထဲတွင် ဥသည်။



ဥသြ၏ ဥ (အကြီးဆုံး အလုံး) ကို ငှက်လက်မ၏ အသိုက်ထဲတွင် တွေ့ရပုံ





ဥသြပြောက်ကြီးမျိုးသည် အာဖရိကနှင့် ဥရောပ တောင်ပိုင်းတွင် ပေါက်ပွားသည်။ဥများကို ကျီးနှင့် ဗွတ်ကုလားငှက်တို့၏ အသိုက်ထဲတွင် ဥသည်။

## တိုရာကိုငှက်များ

'တိုရာကို' ငှက်သည် ဥသြမျိုးနွယ်တွင် အရောင်အတောက်ဆုံး ငှက်ဖြစ်သည်။ အာဖရိကတွင်သာ တွေ့ရသည်။ ခြေချောင်းကို ကုပ်တွယ်ရန် သုံးသည်။ အပြင်ဘက်ရှိ ခြေချောင်းသည် ရှေ့နောက်လှည့်နိုင်သည်။



'တိုရာကို' ငှက်ပြာကြီးသည် ၇၂ ဆင်တီမီတာခန့် ရှိ၏။ သစ်သီးများ ကို စား ၏။ အာဖရိက အနောက်ပိုင်း၌နေသည်။၎င်း၏ မျိုးရင်းတွင် အရွယ် အကြီးဆုံး ငှက်ဖြစ်သည်။



လမ်းပြေးငှက်ခေါ် မြေဥသြမျိုးကို မြောက်အမေရိက၏ အနောက်တောင်ပိုင်း သဲကန္တာရများ၌ တွေ့ရသည်။ ခလောက် မြွေများကို သတ်နိုင်သည်။ ပုတ်သင်များကို စားသည်။ ရှားစောင်းပင်တွင် အသိုက်လုပ်သည်။



နှုတ်သီးချော 'အေနီ' ငှက်ကို တောင်အမေရိကနှင့် အနောက် အိန္ဒိယကျွန်းစု တွင် တွေ့ရသည်။ တောက်ပြောင်သော အမွေးနက်များ ရှိ၏။ ရေစပ်တွင် အစုလိုက်နေသည်။ အသိုက် များကို တုတ်များ၊ သစ် ခက် များ ဖြင့် လုပ် သည်။ သစ်သီး၊ သစ်စေ့နှင့် 'အင်းဆက်' ပိုးများကို စားသည်။

# ဇီးကွက်များနှင့် ဖားပါးစပ်ငှက်များ

ဇီးကွက်များသည် 'ဆထရိုင်ဂျီဖောမီး' မျိုးစဉ်တွင် ပါဝင်သည်။ အန္တာတိကဒေသမှ လွဲ၍ ကမ္ဘာအနှံ့၌ တွေ့ရသည်။ ညထွက်အစာရှာသည်။ အချို့က နေ့၌ပင် အစာရှာနိုင်သည်။ နှုတ်သီးကောက်နှင့် ခြေသည်းချွန်ကြီးများ ရှိသည်။ သတ္တဝါငယ်များကို စားသည်။ အကောင်ကြီးများကိုလည်း ကိုက်ဖဲ့စားနိုင်သည်။ မခြေဖျက်နိုင်သော အစာကို ပါးစပ်မှ ပြန်ထုတ်ပစ်သည်။ နားပါးသည်။ အမွေးများ နူးညံ့သည်။ အသံမမြည်အောင် ပျံသန်းနိုင်သည်။ မျက်လုံးကြီးများသည် ရှေ့သို့မူလျက်ရှိပြီး မလှုပ်ရှားနိုင်။ သို့ရာတွင် ဇီးကွက်တို့သည် ခေါင်းကို လှည့်ခြင်းဖြင့် အရပ်မျက်နှာအားလုံးကို ကြည့်နိုင်သည်။ အသံအမျိုးမျိုး အော်မြည်တတ်သည်။ သစ်ခေါင်းများတွင် အသိုက်လုပ်သည်။



နားရွက်ရှည် ဇီးကွက်ကို ကမ္ဘာ့မြောက်ဘက်ခြမ်း ရွက်ချွန် သစ်တောများတွင် တွေ့ရသည်။ နားမွေးရှည်စု ရှိသည်။ ကြွက်နှင့် အခြား ငှက်ငယ်များကို စားသည်။



နှင်းဖြူ ဇီးကွက်ကို အာတိတ် တန်ဒြာဒေသတွင် တွေ့ရသည်။ နေ့၌ အစာရှာသည်။ ယုန်နှင့် ကြွက်ငယ်များကို စားသည်။ မြေကျင်းများတွင် ဥသည်။



မျက်ကွင်းဖြူဇီးကွက်ကို မက္ကဆီကိုမှ အာဂျင်တီးနား မြောက်ပိုင်းထိ တွေ့ရသည်။ ၄၃ ဆင်တီမီတာခန့် ရှည်၏။ မျက်စိပတ်လည်တွင် အဖြူရောင် အမွေးများ ရှိသည်။



ဇီးကွက်ပုတိုသည် ၁၄ ဆင်တီမီတာခန့် ရှိသည်။ အရွယ်အငယ်ဆုံးမျိုး ဖြစ်သည်။ ရှားစောင်းပင်နှင့် သစ်ခေါင်းပေါက်များ၌ အသိုက်လုပ်သည်။ 'အင်းဆက်' ပိုးကြီးများကို စားသည်။ ၎င်းကို မက္ကဆီကိုနှင့် အမေရိကန်ပြည် အနောက်တောင်ပိုင်းရှိ ထင်းရှူးတောနှင့် သဲကန္တာရတွင် တွေ့ရသည်။

ဖားပါးစပ်ငှက်၊ မြေဝပ်ငှက်နှင့် ၎င်းတို့၏ မျိုးနွယ်များသည် 'ကာပရီမာဂျီဖောမီး' မျိုးစဉ်တွင် ပါဝင်သည်။ ညနှင့် ဆည်းဆာချိန်တွင် ထွက်သည်။ ပါးစပ်ကျယ် ပတ်လည်၌ မွေးငုတ်များ ရှိသည်။ တောင်ပံ ရှည်ချွန်ပြီး အမွေး နူးညံ့သည်။ ဆီငှက်မျိုးမှလွဲ၍ ၎င်းငှက်များသည် 'အင်းဆက်' ပိုးများကို စား၏။ ဖားပါးစပ်ငှက်မှအပ အခြားငှက်များသည် ပျံသန်းနေစဉ် 'အင်းဆက်' ပိုးများကို ထိုးသုတ်စားသည်။



မလေးရှား ကုပ်ကလူငှက်သည် မလေးရှားနှင့် အင်ဒိုနီးရှားရှိ မြေနိမ့်ဒေသနှင့် တောင်ပေါ်သစ်တောများတွင် နေသည်။ ၄၅ ဆင်တီမီတာခန့် ရှည်သည်။ ကြွက်၊ မြွေနှင့် ငှက်ငယ်များကို စားသည်။



မိန်ငှက်သည် နှလုံးပုံ မျက်နှာရှိ၏။ ခြေတွင် အမွေးများ ရှိ၏။ သစ်ခေါင်းများ၊ စပါးကျီများ၊ အဆောက်အအုံဟောင်းများတွင် အသိုက်လုပ်သည်။ ကြွက်များကို စားသည်။ တောင်သူလယ်သမားများကို အကျိုးပြုသည်။ ကမ္ဘာအနှံ့၌ တွေ့ရသည်။

ဥရောပမြေဝပ်ငှက်ကြီးသည် အညို၊ အနက်၊ အနီ ရောသော အမွေးအတောင်များရှိသည်။ မြေကျင်းများ၌ ဥသည်။ဥရောပနှင့် အာရှအလယ်ပိုင်းတွင် တွေ့ရသည်။ အာဖရိက အပူပိုင်းတွင် ဆောင်းခိုသည်။







ဆီငှက်သည် ညည်းသံ ပြုတတ်သည်။ အသီးအနှံများကို စားသည်။ တောင်အမေရိကနှင့် ထရီနီဒက်၌ တွေ့ရသည်။

ဖားပါးစပ်ငှက်ကို ဩစတြေးလျတွင် တွေ့ရသည်။ နီညိုရောင် အမွေးများ ရှိ၏။ နှုတ်သီးကြီးပြီး ကောက်သည်။ မြေမှအစာကို ကောက်ယူစားသည်။

# ပျံလွှား၊ ငှက်ပိတုန်း၊ ထပ်တယူနှင့် ကိုလီငှက်များ

ပျံလွှားနှင့် ငှက်ပိတုန်းတို့သည် 'အပိုဒီဖောမီး'မျိုးစဉ်တွင် ပါဝင်သည်။ ၎င်းတို့သည် တောင်ပံဖွံ့ဖြိုးပြီး ပျံသန်းနိုင်ဆုံး ငှက်များဖြစ်သည်။ ခြေတိုပြီး ခြေချောင်းသေးလှီသည်။ ဥများဖြူပြီး ရှည်သည်။ အများစုကို အပူပိုင်းဒေသများတွင် တွေ့ရသည်။

ပျံလွှားများသည် အမြန်ဆုံး ပျံသန်းနိုင်သော ငှက်များ၌ ပါဝင်သည်။ သေးသွယ်သော ကိုယ်ထည်နှင့် လခြမ်းပုံ တောင်ပံရှည်ရှိသည်။ အပင်ပေါ်၌ မနားနိုင်ပေ။ အမြီး၏အကူအညီဖြင့် ချောက်ကမ်းပါးနှင့် ပင်စည်ပေါ်တွင် နားခိုတတ်သည်။ လေတွင် အမြဲလိုပျံဝဲနေ၏။ ပျံသန်းစဉ် 'အင်းဆက်'ပိုးများကို ထိုးသုတ်စားသည်။

အမြီးဆူးပါ လည်ညိုပျံလွှားကို အာရှအရှေ့ပိုင်း၌ တွေ့ရသည်။ ၁၈ ဆင်တီမီတာ ရှည်၏။ ပျံသန်းရာ၌ အလွန်လျင်မြန်သည်။





ပျံလွှားရိုးရိုးကို ဥရောပ၊ အာဖရိကနှင့် အာရှတောင်ပိုင်းတွင် တွေ့ရသည်။ ၁၆ ဆင်တီမီတာခန့် ရှည်၏။ အမြီးနှစ်ခွဖြစ်ပြီး ကျပ်ခိုးရောင်အမွေးများ ရှိသည်။



ငှက်ပြားပိတုန်းသည် ငှက်ပိတုန်းများတွင် အငယ်ဆုံး ဖြစ်၏။ ၅.၆ ဆင်တီမီတာခန့် ရှိ၏။ အလေးချိန် ၂ ဂရမ်ခန့်သာ ရှိ၏။ ကျူးဘားကျွန်းတွင် တွေ့ရ၏။

ပတ္တမြားလည်ဆွဲ ငှက်ပိတုန်းသည် ဂ.၆ ဆင်တီမီတာခန့် ရှည်၏။ ကနေဒါနှင့် အမေရိကန်ပြည်တွင် တွေ့ရ၏။ နွေအခါ တောင်ပိုင်းမှ ပြောင်းရွှေ့လာကြသည်။



## ငှက်ပိတုန်းများ

ငှက်ပိတုန်းများသည် အလွန်သေးငယ်သည်။ သေးသွယ်ရှည်လျားသော နှုတ်သီးရှိသည်။ တောက်ပသော အရောင်ရှိ၏။ အသံမြည်အောင် တောင်ပံအမြန်ခတ်နိုင်သည်။ ရှေ့တိုး၊ နောက်ငင်၊ ဘေးလှည့်ကာ အမျိုးမျိုးပျံသန်းပြီး ပတ်ဝန်းကျင်ရှိ ပန်းဝတ်ရည်ကို စုပ်ယူ၏။ လျှာသည် ပြွန်ပုံ လုံးရှည်ပြီး နှုတ်သီးထိပ်ကို ကျော်၍ထုတ်နိုင်၏။ အချို့တွင် လျှာထိပ်ဖွာနေ၏။ 'အင်းဆက်'ပိုး ဖမ်းရန်နှင့် ဝတ်ရည်စုပ်ရန် အသုံးဝင်၏။ တောင်အမေရိက၌ တွေ့ရသည်။



## ထပ်တယူငှက်များ

ထပ်တယူငှက်များသည် 'ထရိုဂိုနီဖောမီး' မျိုးစဉ်၏တခုတည်းသော မျိုးရင်းတွင် ပါဝင်သည်။ တောက်ပသော အဆင်းရှိသည်။ ကမ္ဘာအနှံ့ရှိ အပူပိုင်းဒေသ၌ တွေ့ရ၏။ အခြားငှက်များနှင့် တမူထူးသည်မှာ ပထမနှင့်ဒုတိယခြေချောင်းများ နောက်လှည့်နေခြင်းပင် ဖြစ်သည်။ နူးညံ့ပါးလွှာသော အရေပြား ရှိသည်။ ပျံသန်းမှု နှေးသည်။ 'အင်းဆက်'ပိုးများကို စားသည်။

## ကိုလီငှက်များ

'ကိုလီ' ငှက်များသည် 'ကိုလီဖောမီး' မျိုးစဉ်၏ တခုတည်းသောမျိုးရင်းတွင် ပါဝင်သည်။ ၎င်းတို့ကို အာဖရိကတိုက်၌သာ တွေ့ရသည်။ အပြင် ခြေချောင်းများ ရှေ့နောက် လှည့်နိုင်ခြင်းမှာ ထူးခြားချက်ပင် ဖြစ်၏။ အရောင် မှိုင်း၏။ အမွေးများ နူးညံ့ပြီး အမြီး ရှည်၏။ အမောက်ပါသည်။

'ကွက်ဇယ်' ငှက်အထီးများသည် ထပ်တယူငှက်များအနက် အလှဆုံး ဖြစ်သည်။ အရောင်တောက်ပ၏။ အမောက်အပြည့်ပါပြီး အမြီးရှည်သည်။ မက္ကဆီကိုတောင်ပိုင်းမှ ကော်စတာရီကာအထိ တွေ့ရသည်။ ဂွာတီမာလာ၏ အမျိုးသားငှက် ဖြစ်သည်။

အစက်ပါ'ကိုလီ'ငှက်သည် ၃၅ ဆင်တီမီတာခန့် ရှည်သည်။ အာဖရိကအလယ်ပိုင်းနှင့် အရှေ့ပိုင်းတွင် တွေ့ရသည်။





ငှက်ပိတုန်းကြီးသည် ၂၁.၅ ဆင်တီမီတာရှည်၏။ ငှက်ပိတုန်းမျိုးတွင် အကြီးဆုံးဖြစ်၏။ အင်ဒီးဒေသတွင် တွေ့ရသည်။

# ပိန်ညင်း၊ အောက်ချင်းနှင့် ၎င်းတို့၏ မျိုးနွယ်များ

ပိန်ညင်း၊ 'တော့ဒီ'၊ 'မော့မော့'၊ ပုစဉ်းထိုး၊ ငှက်ခါး၊ တောင်ဘီစူးငှက်နှင့် အောက်ချင်းငှက်များသည် 'ကိုရာဆီဖောမီး'မျိုးစဉ်တွင် ပါဝင်သော အပူပိုင်းဒေသနေ ငှက်များဖြစ်သည်။ နှုတ်သီးကြီးပြီး တောက်ပသောအဆင်းရှိသည်။ အသံသည် ဆူညံပြီး ထိတ်လန့်ဖွယ်ကောင်းသည်။ ငါး၊ တွားသွားသတ္တဝါ၊ 'အင်းဆက်'ပိုးနှင့် ကုန်းနေရေနေသတ္တဝါတို့ကို စားသည်။ မြစ်ကမ်းဘေးနှင့် သစ်ပင်ဆွေးများ၌ ကျင်းတူး အသိုက်လုပ်သည်။

ပိန်ညင်းတို့ကို ငါးဖမ်းမျိုးနှင့် သစ်တောကျက်စားမျိုးဟု နှစ်မျိုးခွဲနိုင်သည်။ ပထမအမျိုးသည် ရေပေါ်သို့ ကိုင်းကျနေသောသစ်ကိုင်းမှ ရေထဲထိုးဆင်းပြီး ငါးများကို ဖမ်းစားသည်။ ဒုတိယအမျိုးအစားအချို့သည် ရေအနီး၌ နေသည်။ အများစုသည် သစ်တောရှိ တွားသွားသတ္တဝါနှင့် 'အင်းဆက်'ပိုး ကြီးများကို စားသည်။



ရိုး ရိုး ပိန်ညင်း ကို ယူရေး ရှား တောင်ပိုင်းနှင့် အာဖရိက တောင်ပိုင်းမှ ဆော်လမွန် ကျွန်းစု အထိ တွေ့ရသည်။ ရေ စပ် သစ် ကိုင်း ပေါ်၌ နားပြီး ငါးများကို စောင့်ဖမ်းသည်။



ပိန်ညင်းနီကို အာရှတွင် တွေ့ရ၏။ သစ်ခေါင်း၌ အ သိုက် လုပ် သည်။ ပုတ် သင်၊ နှံ့ တိုက် သတ္တဝါငယ်နှင့် 'အင်းဆက်' ပိုး ကြီးများကို စားသည်။



ခေါင်းမည်း ပိန်ညင်းသည် မြစ် ကမ်း ဘေး၌ အသိုက်လုပ်သည်။ အာဖရိက အာရှနှင့်သြစတြေးလျ၌ တွေ့ရသည်။



'ကိုကာဗူရာ' ငှက်ကို သြစတြေးလျ၌သာ တွေ့ရသည်။သစ်တောကျက်စား ပိန်ညင်းကြီးမျိုး ဖြစ်သည်။ အသံကျယ်လောင်ပြီး ရယ်သံနှင့်တူသည်။ ပုတ်သင်နှင့် မြွေများကို စားသည်။

## အောက်ချင်းငှက်မျိုးများ

အောက်ချင်းငှက်မျိုးတွင်ကြီးမားပြီး အောက်ဘက်သို့ကောက်သော နှုတ်သီး ရှိသည်။ နှုတ် သီး မာ ပေါ်၌ ခမောက်ကဲ့သို့ ဖြစ်နေသည်။ အာရှနှင့် အာဖရိကရှိ သစ်တောများတွင် နေသည်။ သစ်ခေါင်းများတွင် ရွှံ့ဖြင့် အသိုက်လုပ်သည်။ အပေါက် တခုတည်းရှိသော အသိုက်ထဲနေ အမအား အဖိုက အစာရှာကျွေးသည်။ သားငယ်များ ကြီးသည် အထိ မိခင်သည် အသိုက်တွင် နေလေ့ရှိသည်။ သစ်သီး၊ 'အင်းဆက်' ပိုးနှင့် တိရစ္ဆာန်ငယ်များကို စားသည်။



ယောင်းယင် ငှက်ကို အိန္ဒိယနှင့် အ ရှေ့တောင် အာရှတွင် တွေ့ရသည်။ ၁.၂ မီတာခန့်ရှည်သည်။ အခြားအောက်ချင်းများမှာကဲ့သို့ ခေါင်းပွ နှုတ်သီးမရှိ။ ခေါင်းပိတ် နှုတ် သီး ရှိ၏။ ၎င်း နှုတ် သီး ကို အဆင်တန်ဆာအဖြစ် သုံးသည်။



တောင် ဘီ စူး သည် အာ ဖ ရိ က၊ ယူရေးရှားနှင့် မဒါဂါစကာတွင် နေသည်။ အနက်ကွပ်အမောက်ရှိ၏။ အဆင်းလှပပြီး ကောင်းစွာ ပြေးနိုင်သည်။ ဝမ်းကောင်နှင့် ပု ရွက် ဆိတ်ကို စားသည်။ သစ်ခေါင်း၌ အသိုက်လုပ်သည်။



ပုစဉ်းထိုးငှက်ကို ဥရောပ၊ အာရှ အနောက်တောင်ပိုင်းနှင့် အာဖရိကတွင် တွေ့ရ သည်။ လှပသော အရောင်များရှိသည်။ 'အင်းဆက်' ပိုးများကို ဖမ်းစားသည်။ အထူးသဖြင့် လေထဲပျံသန်းနေသော ပျားများကိုဖမ်းစားသည်။ သစ်ပင်ပေါ်၌နေပြီး မြေကျင်း၌ အသိုက်လုပ်သည်။



တောင်အမေရိကနှင့်မက္ကဆီကိုရှိ'မော့မော့'ငှက်သည် အပူပိုင်းအမေရိကန်ငှက်မျိုးတွင်အကြီးဆုံးဖြစ်သည်။ နှုတ်သီးတွင် လွှသွားပုံ စောင်းများ ရှိသည်။ အမြီးမှ ဗက်တံပုံအမွေးတစုံ ရှည်ထွက်နေသည်။



မိုးကောင်းငှက်ကို ဆိုက်ဗေးရီးယားတောင်ပိုင်းမှ သြစတြေးလျထိ တွေ့ရသည်။ အခြားငှက်ခါးများကဲ့သို့ပင် လှသည်။ မိတ်လိုက်ချိန်၌ လေထဲကျွမ်းထိုးပျံဝဲ၏။ နှံကောင်၊ ကျိုင်းကောင် တို့ကို စားသည်။

# သစ်တောက်ငှက်၊ ကော့ယင်ငှက်နှင့် ၎င်းတို့၏မျိုးနွယ်များ

သစ်တောက်ငှက်၊ ကော့ယင်ငှက်၊ ပန်းထိမ်ဖိုငှက်နှင့် ၎င်းတို့၏မျိုးနွယ်များသည် 'ပိဆိဖောမီး'မျိုးစဉ်တွင် ပါဝင်ကြသည်။ ဒုတိယနှင့် တတိယခြေချောင်းများ ရှေ့လှည့်ပြီး ပထမနှင့် စတုတ္ထခြေချောင်း နောက်လှည့်သည်။ သစ်ပင်ပေါ်၌နေသည်။ အပူပိုင်းနှင့် သမပိုင်းသစ်တောများရှိ သစ်သီးများနှင့် 'အင်းဆက်' ပိုးများကို စားသည်။

သစ်တောက်ငှက်များသည် သစ်ပင်တက်ငှက်မျိုး ဖြစ်သည်။ ခြေသည်းချွန်များဖြင့် သစ်ခေါက်ကို ကုပ်တွယ်သည်။ သန်မာသောအမြီးဖြင့် ပင်စည်ကို ထောက်လေ့ရှိသည်။ သပ်နှင့်တူသော နှုတ်သီးမာဖြင့် သစ်ခေါက်ကို တီးခေါက်ထိုးထွင်းပြီး 'အင်းဆက်' ပိုးများကို ရှာသည်။ စေးကပ်ရှည်လျားပြီး အချွန်အတက်ရှိ လျှာဖျားဖြင့် သစ်ခေါင်းအက်ကြောင်းအကြား ထိုးသွင်း၍'အင်းဆက်'ပိုးများကို ရှာစားသည်။ ဩစတြေးလျနှင့် မဒါဂါစကာမှအပ ကမ္ဘာအနှံ့ သစ်တောများ၌ တွေ့ရသည်။



သစ်တောက်နက်သည် ၂၅ ဆင်တီမီတာခန့် ရှည်၏။ ဥရောပရှိ သစ်တောက်ငှက်များတွင် အကြီးဆုံး ဖြစ်သည်။ အဖို၏ဦးခေါင်းနှင့် အမ၏လည်တွင် အနီကွက်ရှိသည်။ ဥရောပ၊ အာရှမြောက်ပိုင်းနှင့် ဆိုက်ဗေးရီးယား၌ တွေ့ရသည်။



သစ်တောက်ပြောက်သည် ၂၂ ဆင်တီမီတာ ရှည်သည်။ ဥရောပနှင့် အာရှသစ်တော၌ တွေ့ရသည်။ အဖို၏လည်ပင်း၌ အနီကွက်ရှိသည်။



သစ်တောက် ကျောနီကို အာရှတွင် တွေ့ရသည်။ ဆင်တီမီတာ ၃၀ ခန့် ရှည်၏။ ကျောအောက်ပိုင်း၌ ထင်ရှားသော ကြက်သွေးရောင် အစင်းကြီး ရှိ၏။



သစ် တောက်ကြီး မျိုးကို မက္ကဆီကိုတွင် တွေ့ရ၏။ ၅၆ ဆင်တီမီတာခန့် ရှည်ပြီး အကြီးဆုံး သစ်တောက်ငှက်မျိုး ဖြစ်သည်။

သစ် တောက် ငှက် ပု သည် သစ်တောက်ငှက်မျိုးတွင် အငယ်ဆုံး ဖြစ်သည်။



သစ်တောက်ငှက်၏အသိုက်



## ကော့ယင်ငှက်များ

ကော့ယင်ငှက်များကို အမေရိကအလယ်ပိုင်းနှင့် တောင်ပိုင်းရှိ အပူပိုင်း သစ်တောများ၌ တွေ့ရ၏။ ကြီးမားတောက်ပြောင်သော ခေါင်းပွနှုတ်သီးသည် ကောက်နေသည်။ သစ်သီးများကို စားသည်။

## ပန်းထိမ်ဖိုငှက်များ

ပန်းထိမ်ဖိုငှက်များသည်သေးငယ်သောသစ်တောက်မျိုးနွယ်များ ဖြစ်သည်။ လည်တံတိုပြီး ခေါင်းကြီးသည်။ နှုတ်သီး ထူပြီး အရင်း၌ အမွေးတိုများရှိသည်။ သစ်ပင်ပေါ်နေ အပူပိုင်းဒေသငှက်မျိုးဖြစ်သည်။ အထူးသဖြင့် အာဖရိကတွင် တွေ့ရသည်။



'တိုကို'ကော့ယင်သည် ၆၄ ဆင်တီမီတာခန့် ရှည်ပြီး အကြီးဆုံး ဖြစ်သည်။ ဂီယာနာနှင့် ဘရာဇီးသစ်တောများ၌ တွေ့ရသည်။



ရွှေလည်တံ ပန်းထိမ်ဖိုငှက်မျိုးကို အရှေ့တောင်အာရှ၌တွေ့ရ၏။ ၂၃ ဆင်တီမီတာခန့် ရှည်၏။

# သစ်ကိုင်းနေငှက်များ

သစ်ကိုင်းနေငှက်များသည် 'ပက်ဆရီဖောမီး' မျိုးစဉ်တွင်ပါဝင်ပြီး ငှက်လောကတွင် အများဆုံးဖြစ်သည်။ ခြေချောင်းငယ် သုံးချောင်းရှေ့လှည့်ပြီး ကျန်တစ်ချောင်း နောက်လှည့်နေခြင်းကြောင့် သစ်ကိုင်းပေါ်နားရန် သင့်လျော်သည်။ အသံအိုးကောင်းစွာဖွံ့ဖြိုးသည်။ အဖိုသည် အမထက် အသံသာသည်။ ဥမှ ပေါက်စ ငှက်များတွင် အမွေးနုအနည်းငယ်သာ ရှိသည်။ သားငယ်များ မိမိကိုယ်ကို မိမိ ကာကွယ်နိုင်သည် အထိ မိဘများက စောင့်ရှောက်သည်။ တောကျီးနှင့် 'လိုင်ယာ' စောင်းပုံ အမြီးရှိ ငှက်မျိုးမှာ အရွယ်အကြီးဆုံးမျိုး ဖြစ်သည်။ ၎င်းတို့ကို အန္တာတိတ်ဒေသမှလွဲ၍ ကမ္ဘာအနှံ့၌တွေ့ရှိနိုင်သည်။ မျိုးရင်း ၆၅ မျိုးကျော်မျှ ရှိသည်။

## နှုတ်သီးတုတ်သောငှက်များ

နှုတ်သီးတုတ်သော ငှက်များသည် 'ယူရီလေမိုင်းဒေး' မျိုးရင်းတွင် ပါဝင်သည်။ ကိုယ်လုံး ပုတိုသည်။ ၁၂မှ ၂၈ ဆင်တီမီတာအထိ ရှည်သည်။ ဦးခေါင်းကြီးပြီး လည်ပင်းတိုသည်။ နှုတ်သီးအနည်းငယ်ပြားပြီး ကောက်သည်။ အာရှနှင့်အာဖရိကတွင် အနှံ့အပြားတွေ့ရသည်။



အစိမ်းရောင် နှုတ်သီးတုတ်ငှက်ငယ်မျိုးသည် ၁၅ ဆင်တီမီတာခန့် ရှည်သည်။ အရှေ့တောင်အာရှတွင် တွေ့ရသည်။



အမြီးရှည်နှုတ်သီးတုတ်ငှက်မျိုးသည် ဟိမဝန္တာမှသည် အင်ဒိုချိုင်းနား အထိနှင့် အရှေ့တောင်အာရှအထိ ပျံ့နှံ့သျက်ရှိသည်။



လွင်ပြင်နေ 'ဇီးနေ့' ငှက်သည် အာဗင် ငှက်မျိုးပင် ဖြစ်ပြီး မက္ကဆီကိုမှ ဘရာဇီးအထိ တွေ့ရသည်။ ၁၂ ဆင်တီမီတာခန့် ရှည်သည်။



လည်ပြောင် ခေါင်းလောင်း ငှက်မျိုးကို ဘရာဇီး အရှေ့မြောက်ပိုင်း၌ တွေ့ရသည်။ အဖိုသည် ဖြူပြီး မျက်နှာတွင် အမွေးမရှိ။ လည်ပင်း စိမ်းသည်။ အမ၌ အစိမ်းနှင့် မီးခိုးရောင် အမွေးများ ရှိသည်။

## အာဗင်ငှက်များ

'အာဗင်' ငှက်သည် 'ဖာနရိုင်းဒေး' မျိုးရင်းတွင် ပါဝင်၏။ ရွှံ၊ မြက်၊ ကောက်ရိုးတို့ဖြင့် မုန့်ဖုတ်ဖို (အာဗင်) သဏ္ဌာန် အသိုက် လုပ်လေ့ ရှိသည်။ မက္ကဆီကို တောင်ပိုင်းမှ ပက်တဂိုးနီးယား အထိ တွေ့ရသည်။



အနီရောင်'အာဗင်'ငှက်ကို မုန့်ဖုတ်ငှက်ဟုလည်း ခေါ်သည်။ ဘရာဇီး တောင်ပိုင်းနှင့် အာဂျင်တီးနားတွင် တွေ့ရသည်။ ဆင်တီမီတာ ၂၀ ခန့် ရှိသည်။ အသိုက်သည် အချင်း ဆင်တီမီတာ ၃၀ ခန့်ရှိပြီး ၅ ကီလိုဂရမ်အထိ လေးသည်။

## ကိုတင်ဂါငှက်များ

'ကိုတင်ဂါ' ငှက်များသည် 'ကိုတင်ဂိုင်ဒေး' မျိုးရင်းတွင် ပါဝင်သည်။ တောင်အမေရိကတွင် တွေ့ရသည်။ အရွယ်နှင့် ပုံကို လိုက်ပြီး အရောင် ကွဲပြားသည်။ ခေါင်းလောင်းငှက်များနှင့်သစ်သီးစား ကျီးများသည် 'ကိုတင်ဂါ'မျိုးတွင်ပါဝင်သည်။ ဤမျိုးရင်းတွင် လူသိအများဆုံး ငှက်များဖြစ်သည်။

'ပီရူးကိုတင်ဂါ'ငှက်ကို အင်ဒီးမြောက်ပိုင်းနှင့် ကိုလမ်ဗီယာမှ ပီရူးအထိ တွေ့ရသည်။အဖိုသည် ဆင်တီမီတာ ၃၀ ရှည်ပြီး အမောက်ကြီးသည်။





အနီရောင်'အာဗင်'ငှက်၏အသိုက်

# ပုစဉ်းထိုးငှက်၊ လိုင်ယာစောင်းပုံအမြီးရှိငှက်နှင့် မြေငုံးများ

ကမ္ဘာသစ် ပုစဉ်းထိုးများသည် 'တိုင်ရန်နိုင်းဒေး'မျိုးရင်းတွင် ပါဝင်၏။ ရက်စက်သော ငှက်မျိုးများအဖြစ် ထင်ရှားသည်။မှိုင်းသော အမွေးများရှိသည်။ နှုတ်သီးတုတ်ပြီး အရင်းတွင် အမွေးများရှိခြင်းသည် လေထဲရှိ 'အင်းဆက်'ပိုးများကို ဖမ်းစားနိုင်သော လက္ခဏာဖြစ်သည်။ ဆူညံပြီး ရန်လိုတတ်သည်။



သားငယ်ကို အစာကျွေးနေသော 'နာဆီဆတ်' ပုစဉ်းထိုး

'နာ ဆီ ဆတ်' ပုစဉ်း ထိုး ငှက် သည် ၁၂.၅ ဆင်တီမီတာခန့် ရှည်သည်။ နွေတွင် တရုတ်၊ ကိုရီးယားနှင့် ဂျပန်တွင် နေပြီး ဆောင်းတွင် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၌ နေသည်။ အဖိုတွင် အနက်နှင့် အဝါရောင်၊ အမတွင် အညိုရောင် ရှိသည်။




'ကစ်စကာဒီး' သည် ၂၃ ဆင်တီမီတာခန့် ရှည်၏။ တက္ကဆက် ပြည်နယ်မှ အာဂျင်တီးနား အထိ တွေ့ရ၏။



ဂျပန်ပုစဉ်းထိုးပြာသည် အကြီးဆုံး ဖြစ်သည်။ အဖိုသည် မိတ်လိုက်ရာသီ၌ သာယာစွာ တေးဆိုသည်။ အဖိုပြာပြီး အမညိုသည်။ နွေ၌ ဂျပန်၊ ကိုရီးယားနှင့် မန်ချူးရီးယားတွင် နေပြီး ဆောင်း၌ မလေးကျွန်းဆွယ်တွင် နေသည်။



သားငယ်ကို အစာကျွေးနေသော ဂျပန် ပုစဉ်းထိုးပြာ



'အကာဒီယန်' ပုစဉ်းထိုးသည် ၁၅ ဆင်တီမီတာခန့် ရှည်၏။ အမေရိကန်ပြည်အရှေ့ပိုင်းတွင် တွေ့ရသည်။




## ကမ္ဘာဟောင်းပုစဉ်းထိုးငှက်များ

ကမ္ဘာဟောင်း ပုစဉ်းထိုးငှက်များသည် 'မာဆီကပိုင်းဒေး'မျိုးရင်းတွင် ပါဝင်သည်။ နှုတ်သီးတိုပြီး ပြားသည်။ နှုတ်သီးရင်း၌ အမွေးတိုများ ရှိသည်။ ပိုးမွှားကို ပျံသန်းနေစဉ် ကိုက်ဖမ်းပြီး သစ်ကိုင်းပေါ် ပြန်နားကာ ဖြည်းဖြည်း စားသည်။ အများစုသည် သစ်ပင်ပေါ်၌နေပြီး ခွက်ပုံအသိုက် လုပ်သည်။

## လိုင်ယာ စောင်းပုံအမြီးရှိငှက်များ

'လိုင်ယာ'စောင်းပုံ အမြီးရှိ ငှက်များကို ရှည်လျားသော အမြီးကြောင့် တချိန်က ရစ်၊ ဒေါင်းများနှင့် မှားခဲ့သည်။အသံမျိုးစုံ (ဥပမာ ဥသြဆွဲသံ၊ ခွေးဟောင်သံ) တုတတ်သည်။ သြစတြေးလျတွင်သာ တွေ့ရသည်။



ရင်အုပ်နီ မြေငုံးများကို ဖိလစ်ပိုင်၊ နယူးဂီနီနှင့် မိုလတ်ကာကျွန်းများတွင် တွေ့ရသည်။



'စတီရီ' မြေငုံးသည် ဆင်တီမီတာ ၂၀ ခန့် ရှိသည်။ ဖိလစ်ပိုင်၌ တွေ့ရသည်။



လှပသော 'လိုင်ယာ' စောင်းပုံအမြီးရှိ ငှက်သည် ၁.၃ မီတာ ရှည်သည်။ သြစတြေးလျ အရှေ့တောင်ပိုင်း သစ်တောများ၌ တွေ့ရသည်။ အဖို၏အမြီးသည် ရှေးခေတ် စောင်းပုံ ဖြစ်သည်။

## မြေငုံးများ

မြေငုံးများကို ကမ္ဘာဟောင်းအပူပိုင်းဒေသများတွင် တွေ့ရသည်။ အရောင်စုံ၍ လှပသည်။ မြေပေါ်တွင် ကျက်စားပြီး 'အင်းဆက်' ပိုးများကို စားသည်။ အာဖရိက၊ သြစတြေးလျနှင့် အထူးသဖြင့် အရှေ့တောင်အာရှတွင် တွေ့ရသည်။

# ဘီလုံးများ၊ ပျံလွှားများနှင့် ငှက်ရွှေဝါများ

ဘီလုံးများသည် 'အလူဒိုင်းဒေး' မျိုးရင်းတွင် ပါဝင်သည်။ အရောင်မှိန်ပြီး သေးငယ်သည်။ တေးသံကြောင့် ထင်ရှားသည်။ အကြေးခွံပါ လုံးဝန်းသည့် ခြေချင်းဝတ်ရှိသဖြင့် အခြားငှက်များထက် တမူထူး၏။ အများစုသည် ကွင်းပြင်၌ နေ၏။ ပျံအားကောင်းသည်။

ဘီလုံးငှက် (မိုးစွေငှက်) သည် ၁၇ ဆင်တီမီတာခန့် ရှိ၏။ ယူရေးရှား သမပိုင်း နှင့် အာဖရိက မြောက်ပိုင်းတွင် တွေ့ရသည်။ ကဗျာဆရာ ရှယ်လီက 'မိုးစွေငှက်သို့' အစီပွာယ်ရှိသော ကဗျာကို ဖွဲ့ခဲ့သည်။



ချိုပုံအမောက် ဘီလုံးငှက်သည် ၁၆ ဆင်တီမီတာခန့် ရှည်၏။ ယူရေးရှား၊ အာဖရိက မြောက်ပိုင်း နှင့် အမေရိကတိုက် တွင် တွေ့ရသည်။



## ပျံလွှားများနှင့်၎င်းတို့၏မျိုးနွယ်များ

ပျံလွှားများသည် 'ဟီရန်ဒီနိုင်းဒေး' မျိုးရင်းတွင် ပါဝင်သည်။ ကိုယ်သေးသွယ်ပြီး အတောင်ချွန်သည်။ အမြီး နှစ်ခွ ရှိသည်။ တခါတရံ မိုင်ထောင်ပေါင်းများစွာ ပျံသန်းနိုင်သည်။ အုပ်ဖွဲ့၍နေ၏။ ဆောင်းအခါ နွေးသည့်အရပ်သို့ ပြောင်းရွှေ့နေတတ်သည်။ သစ်ခေါင်းများ မြေကျင်းများတွင် အသိုက်လုပ်၏။ တခါတရံ ကျောက်စွန်းများတွင် ရွှံ့ဖြင့် အသိုက်လုပ်သည်။



အိမ်ပျံလွှားသည် ၁၃ ဆင်တီမီတာခန့် ရှည်၏။ ဥရောပနှင့် အာရှတွင်ရှိသည်။ အိမ်ခေါင်မိုး အောက် ဘက် နှင့် တောင်စောင်းများတွင် ရွှံ့ဖြင့် အသိုက်လုပ်၏။ ဂျပန်တွင် အုပ်စုကြီးဖွဲ့ပြီး နေ၏။ ကမ္ဘာလှည့်များ အထူးစိတ်ဝင်စားသည်။

စပါးကျီပျံလွှားကို ဥရောပ၊ အာရှနှင့် မြောက်အမေရိကတွင် တွေ့ရ၏။ ၁၅ ဆင်တီမီတာခန့် ရှည်သည်။ စပါးကျီ၊ အိမ်မိုးအောက်၊ သစ်ပင်၊ ကျောက်ဆောင်များတွင် နေ၏။





သားငယ်ကို အစာကျွေးနေသော စပါးကျီပျံလွှား

ရင်ညိုပျံလွှားသည် ဆင်တီမီတာ ၂၀ ခန့်ရှိ၍ တောင်အမေရိကတွင် နေသည်။



ကမ်းပါးယံပျံလွှားကို ကနေဒါမှ မက္ကဆီကိုအထိ တွေ့ရသည်။ ၁၅ ဆင်တီမီတာခန့် ရှိသည်။





အနက်ရောင်ငှက်ရွှေဝါကို မက္ကဆီကိုတောင်ပိုင်း၊ ပနားမားနှင့် ကရစ်ဗီယန်တွင် တွေ့ရသည်။ 'အစ်တာရိုင်းဒေး' မျိုးရင်းဝင် ဖြစ်သည်။

## ငှက်ရွှေဝါများ

'အိုရီအိုလိုင်းဒေး' မျိုးရင်းတွင် ပါဝင်သည်။ ကမ္ဘာဟောင်းအပူပိုင်းသစ်တောရှိ 'အင်းဆက်'ပိုးများနှင့် သစ်သီးများကို စားသည်။ ခွက်ပုံ အသိုက် လုပ်သည်။ အသံတုပြုရာ၌အလွန်တော်သည်။



ရွှေရောင်ငှက်ရွှေဝါကို ဥရောပနှင့် အာရှတွင် တွေ့ရ၏။ အထီး၏ တောင်ပံနှင့် အမြီးမည်းပြီး ကိုယ်ဝါ၏။ အမများတွင် စိမ်းဝါရောင် ရှိ၏။



နီညိုငှက်ရွှေဝါကို ဟိမဝန္တာမှ ဖော်မိုဆာ အထိ တွေ့ရသည်။ ၂၃ ဆင်တီမီတာခန့် ရှိသည်။

# ကျီးများနှင့် သိုက်မြုံဆောက်ငှက်များ

ကျီးများနှင့် ဗွတ်ကုလားငှက်များသည် ‘ကော်ဗိုင်းဒေး’မျိုးရင်းတွင် ပါဝင်၏။ အသိဉာဏ် အကောင်းဆုံး ငှက်များဖြစ်သည်။ ရဲတင်းပြီး လူနေအိမ်ခြေအနီး၊ မြက်ခင်းပြင်နှင့် ချုံများတွင် တွေ့ရ၏။ ၎င်းတို့ မျိုး၍ ရသည့် အရာမှန်သမျှကို စား၏။ ကျောက်တောင်စွန်းများ၊ သစ်ပင်ကြီးများတွင် သစ်ခက်များဖြင့် အဝကျယ်အသိုက်များ ပြုလုပ်၏။ ကျီးကန်းများသည် အမွေးအတောင် မည်းနက်၏။ ဗွတ်ကုလားများသည် အရောင်အမျိုးမျိုးရှိပြီး တောက်ပ၏။ အသီးအရွက်ကို အဓိက စား၏။ အကောင်ငယ်များကိုလည်း စား၏။ ဤငှက် နှစ်မျိုးလုံးကို အန္တာတိက၊ နယူးဇီလန်နှင့်တောင်အမေရိကတောင်ပိုင်းမှ လွဲ၍ ကမ္ဘာ အနှံ့၌ တွေ့ရသည်။

ကျီးအသည် ၄၅ ဆင်တီမီတာခန့် ရှည်သည်။ ရိုးရိုး ကျီးကန်း များနှင့် တူသည်။ သို့သော် ခေါင်းနှင့်နှုတ်သီးငယ်သည်။ အစုအဝေးလိုက် အသိုက်လုပ်သည်။ ဥရောပတွင် တွေ့ရသည်။





တောကျီးကန်းသည် ၄၃ ဆင်တီမီတာခန့် ရှည်သည်။ အရှေ့တောင် အာရှ၊ သီရိလင်္ကာ၊ မြန်မာနှင့် အိန္ဒိယရှိ တောများ၌ တွေ့ရသည်။ အစာရှာရန် မြို့ရွာများသို့လည်း လည်လေ့ ရှိသည်။ စွန့်ပစ်ထားသည့် အရာများ၊ သစ်သီးများ၊ နို့တိုက်သတ္တဝါငယ်များနှင့် ငှက်များကို စားသည်။



ရိုးရိုးကျီးကန်းသည် ၄၇ ဆင်တီမီတာခန့် ရှည်၏။ လူနေအိမ်အနီး၌ နေ၏။ ယူရေးရှား သမပိုင်း ဒေသတွင် တွေ့ရ၏။ အိန္ဒိယတွင်ပေါများ၏။ လူစားသည့် အစာဟူသမျှကို စားသည်။ အသေကောင်ပုပ်များကိုလည်း စားသည်။



ကျီးနက်ကြီးသည် ၆၃ ဆင်တီမီတာခန့် ရှည်သည်။ ကျီးမျိုးတွင် အကြီးဆုံးဖြစ်၏။ ကမ္ဘာ့မြောက်ဘက်ခြမ်း နေရာအနှံ့အပြား၌ တွေ့ရသည်။



ငှက်ကျားကို ကမ္ဘာ့အနှံ့ အပြား၌ တွေ့ရသည်။ ၄၅ ဆင်တီမီတာခန့် ရှည်သည်။



စိမ်းပြာဗွတ်ကုလားသည် အင်ဒီးနှင့် ကိုလမ်ဗီယာမှ ပီရူးထိ တွေ့ရသည်။ ၃၃ ဆင်တီမီတာခန့် ရှိသည်။



အစိမ်းရောင်သပိတ်လွယ်ငှက်ကို ဟိမဝန္တာမှသည် အင်ဒိုချိုင်းနားနှင့် အရှေ့တောင်အာရှ အထိ တွေ့ရသည်။ ၃၅ ဆင်တီမီတာခန့် ရှိသည်။



သိုက်မြုံဆောက်ငှက်ပြောက်သည် ဆင်တီမီတာ ၃၀ ခန့်ရှိ၏။ ဩစတြေးလျ အရှေ့ပိုင်းတွင် တွေ့ရသည်။



သိုက်မြုံဆောက် မွေးနုချော ငှက်သည် ၃၃ ဆင်တီမီတာခန့် ရှိ၏။ ဩစတြေးလျအရှေ့ပိုင်းတွင် တွေ့ရသည်။



သိုက်မြုံဆောက်ငှက်၏သိုက်မြုံစခန်း

## သိုက်မြုံဆောက်ငှက်များ

သိုက်မြုံဆောက်ငှက်များသည် ‘တိုင်လိုနိုရင်ကိုင်းဒေး’မျိုးရင်းတွင် ပါဝင်၏။၎င်းတို့သည် မိတ်လိုက်ရာသီ၌ သစ်ကိုင်းများဖြင့် သိုက်မြုံစခန်းများကိုဆောက်၏။၎င်းသိုက်မြုံကို ငှက်မွေးများ၊ အခွံများဖြင့် မွမ်းမံထားသည်။ ၎င်းအတွင်း၌ မိတ်လိုက်သည်။ အသိုက်ကို သစ်ပင်ပေါ်၌ လုပ်သည်။ ဩစတြေးလျနှင့် နယူးဂီနီ၌ တွေ့ရသည်။

# ပါရာဒိုက်ငှက်နှင့် စာဝတီးငှက်များ

'ပါရာဒိုက်'ငှက်တို့သည် 'ပါရာဒီဆိုင်းဒေး'မျိုးရင်းတွင် ပါဝင်သည်။ လှပဆန်းပြားသော အမွေးအတောင်များ ရှိသော်လည်း ဒေါင်းမျိုးနွယ် မဟုတ်ပေ။ သစ်ပင် ပေါ်၌ နားနေလေ့ရှိပြီး သစ်ကိုင်းတွင် အသိုက်လုပ်သည်။ တေးဆိုငှက်များဖြစ်သည်။ နယူးဂီနီကျွန်းရှိ သစ်တောများတွင် နေသည်။

စာဝတီးငှက်တို့သည် 'ပါရိုင်းဒေး' မျိုးရင်းတွင် ပါဝင်သည်။ တတ်သိလွယ်၊ ယဉ်ပါးလွယ်ပြီး လျင်မြန်ဖျတ်လတ်သော ငှက်များဖြစ်သည်။ အဓိကအစာမှာ 'အင်းဆက်'ပိုးများ ဖြစ်သည်။ ဆောင်း၌ သစ်စေ့များကို စားသည်။ အချို့ အစာ သိုလှောင်တတ်သည်။ သစ်ခေါင်းများနှင့် မြင့်မားသော ကျောက်ဆောင်များ အကြား၌ အသိုက်လုပ်သည်။ ဥရောပနှင့် အာရှသမပိုင်းဒေသများတွင် တွေ့ရသည်။

စာဝတီးငှက်ကြီး








စာဝတီးငှက်ကြီးသည် ၁၄ ဆင်တီမီတာခန့်ရှည်သည်။ စာဝတီးမျိုးတွင် အကြီးဆုံး ဖြစ်သည်။ အများအားဖြင့် သစ်တောများ၊ ဉယျာဉ်များ၊ ပန်းခြံများတွင် နေသည်။ ၎င်းတို့ကို ဥရောပ၊ အာဖရိက အနောက်မြောက်ပိုင်းနှင့် အာရှတွင် တွေ့ရသည်။



မျိုးကွဲ စာဝတီးငှက်သည် မန်ချူးရီးယား၊ ဂျပန်နှင့် ကိုရီးယား တောင်နိမ့်ပိုင်း သစ်တောများတွင် နေသည်။ ဂျပန်တွင် ၎င်းငှက်များကို ဗေဒင်ဟော စာတန်းများ ရွေးထုတ်စေရာ၌သုံးသည်။ဟောခများကောက်ယူရန်နှင့် ဟောစာတန်းများ ရွေးထုတ်ရန် သင်ပေးထားသည်။



အမြီးရှည်စာဝတီးငှက်သည် အမြီးအထိ ၁၃ ဆင်တီမီတာခန့် ရှိ၍ အမြီးသည် ၇.၅ ဆင်တီမီတာခန့် ရှည်သည်။ လွယ်အိတ်ပုံ လှပသော အသိုက်များကို ရေညှိ၊ ရေမှော်၊ ပင့်ကူအိမ်များဖြင့် လုပ်သည်။ အသိုက်တွင် ဘေးဝင်ပေါက်ရှိပြီး အတွင်း၌ ငှက်မွေးဖြင့် ကာရံထားသည်။ ယူရေးရှား သစ်တောများတွင် နေ၏။ 'အင်းဆက်'ပိုးများကို စားသည်။



စာဝတီးငှက်သည် စူးစမ်းတတ်သည်။ ကြောက်ရွံ့မှု မရှိ။ လူသင်ကြားသော ခုန်ပျံကစားခြင်း၊ ကျွမ်းထိုးခြင်း၊ ဟောစာတန်း ရွေးခြင်းတို့ကို ပြုလုပ်နိုင်စွမ်းရှိသည်။ငှက်အိမ်များတွင် အသိုက်လုပ်သည်။ လူကျွေးသော အစာများကို စားသည်။

စာဗူးတောင်းကို ဥရောပ အရှေ့ပိုင်း နှင့် တောင်ပိုင်း၌ တွေ့ရသည်။ ၁၁ ဆင်တီမီတာခန့် ရှိသည်။



မိုးမခ စာဝတီးသည် ၁၁ ဆင်တီမီတာရှည်၏။ 'အင်းဆက်'ပိုး နှင့် သစ်စေ့ကို စား၏။ မြောက်အမေရိက၊ ဥရောပမြောက်ပိုင်းနှင့် အာရှတွင် တွေ့ရ၏။

# ငှက်ပြာခြောက်၊ ဇွေ့ငှက်၊ ဗွတ်ငှက် နှင့် ငှက်စိမ်းများ

ငှက်ပြာခြောက်တို့သည် 'ဆစ်တိုင်းဒေး' မျိုးရင်းတွင် ပါဝင်သည်။ အရွယ်ငယ်၏။ နှုတ်သီးမာဖြင့် 'အင်းဆက်'ပိုးများကို သစ်ခေါက်အကြားမှ ထုတ်ယူစားသည်။ သစ်စေ့များကိုလည်း စားသည်။ ခုန်ပျံကစားတတ်ပြီး သစ်ပင်များကို မတ်မတ် တွယ်တက်နိုင်သည်။

ဇွေ့ငှက်တို့သည် 'တီမလိုင်းဒေး' မျိုးရင်းတွင် ပါဝင်၏။ ဩစတြေးလျနှင့် အာဖရိကတွင် တွေ့ရသည်။ အာရှ၌ အများဆုံး တွေ့ရ၏။ နူးညံ့သော မွေးနုများရှိသည်။ အများစုသည် အရောင်မှိုင်းသည်။ ဆူညံစွာ နေတတ်သည်။ 'အင်းဆက်'ပိုးများကို စား၏။ အချို့သည် သစ်စေ့များကို စားသည်။ သစ်တောကြီးများတွင် အများအားဖြင့် နေသည်။



ငှက်ပြာခြောက်အပုသည် ၁၀ ဆင်တီမီတာခန့် ရှည်သည်။ မြောက်အမေရိက အနောက်ပိုင်းတွင် တွေ့ရသည်။



ရင်မွေးနုငှက်ပြာခြောက်ကို အရှေ့တောင်အာရှတွင် တွေ့ရသည်။ ၁၂ ဆင်တီမီတာခန့် ရှည်သည်။



ရင်ဘတ်ဖြူ ငှက်ပြာခြောက်ကို ကနေဒါတောင်ပိုင်းမှ မက္ကဆီကိုထိတွေ့ရသည်။ ၁၄ ဆင်တီမီတာခန့် ရှည်သည်။



ဇွေ့ထိပ်နီကို ဟိမဝန္တာတောင်တန်းမှသည် အင်ဒိုချိုင်းနားနှင့် အင်ဒိုနီးရှား အထိ တွေ့ရသည်။ ၁၇ ဆင်တီမီတာခန့် ရှည်သည်။



ဇွေ့မောက်နက်သည် ၁၀ ဆင်တီမီတာခန့် ရှည်သည်။ အနက်ရောင် အမောက်ရှိသည်။ ဟိမဝန္တာအရှေ့ပိုင်းမှ တရုတ်ပြည်အနောက်ပိုင်းအထိ တွေ့ရသည်။



ဇွေ့ခေါင်းမွဲကို ဩစတြေးလျတွင် တွေ့ရသည်။ ၂၅ ဆင်တီမီတာခန့် ရှည်သည်။

## ဗွတ်ငှက်များ

ဗွတ်ငှက်များသည် 'ပစ်နိုနိုတိုင်းဒေး' မျိုးရင်းတွင် ပါဝင်သည်။ အရောင်မှိုင်းသည်။ အဖိုနှင့် အမ အရောင်ဆင်သည်။ သစ်ပင်ပေါ်တွင် နေပြီး သစ်သီးများကို စားသည်။ 'အင်းဆက်'ပိုးများကို တခါတရံ စား၏။ ခွက်ပုံအသိုက်ရှိသည်။ ၎င်းတို့သည် အာရှတောင်ပိုင်းနှင့် အာဖရိကတွင်ရှိသည်။ ထင်ရှားသော တေးဆိုငှက်များ ဖြစ်သည်။



ဗွတ်ဖင်ဝါကို စင်္ကာပူနှင့် မလေးရှားတွင် အမြဲ တွေ့ရသည်။ ၁၉ ဆင်တီမီတာခန့် ရှည်သည်။

## ငှက်စိမ်းများ

ငှက်စိမ်းတို့သည် 'ကိုလိုရှိဆိုင်းဒေး' မျိုးရင်းတွင် ပါဝင်သည်။ တေးဆို အလွန်ကောင်း၏။ အသံတုရာ၌လည်း တော်၏။ တောက်ပသောအရောင်များရှိ၏။ သစ်သီးများကို စား၏။ အသိုက်များမှာ ခွက်ပုံဖြစ်သည်။ အရှေ့တောင်အာရှရှိ သစ်တောကြီးများ၏ သစ်ပင်ထိပ်ဖျားပေါ်တွင် နေသည်။



ဗွတ်ကလုံကို အိန္ဒိယ၊ တရုတ်နှင့် အရှေ့တောင်အာရှတွင် တွေ့ရ၏။ ဆင်တီမီတာ ၂၀ ခန့် ရှည်၏။



ငှက်ပြာစိတ်ကို အိန္ဒိယ၊ အင်ဒိုချိုင်းနားနှင့် အင်ဒိုနီးရှားတွင် တွေ့ရ၏။ သစ်တောများ၌ နေ၏။ ၂၅ ဆင်တီမီတာခန့် ရှည်၏။



ရွှေရင်အုပ်ငှက်စိမ်းကို အရှေ့တောင်အာရှတွင် တွေ့ရ၏။ ဆင်တီမီတာ ၂၀ ခန့် ရှည်၏။ လှောင်ချိုင့်မွေးငှက် ဖြစ်၏။

# ရေငုပ်ငှက်၊ နှံပြီစုတ်ငှက်၊ မြေလူးငှက်နှင့် မေ့ာကင်ငှက်များ

ရေငုပ်ငှက်များသည်‘ဆင်ကလိုင်းဒေး’မျိုးရင်းတွင် ပါဝင်၏။ ၎င်းတို့သည် အရောင်မွဲ၏။ ရေနေငှက်များဖြစ်၏။ တောင်ကျချောင်းများတွင် နေ၏။ ရေပြင်ပေါ်တွင် ကျွမ်းကျင်စွာ မကူးခပ်နိုင်သော်လည်း ရေအောက်ထဲတွင် ကျွမ်းကျင်စွာ ကူးခပ်နိုင်၏။ ရေနေ ‘အင်းဆက်’ ပိုးများနှင့် ငါးငယ်များကို စား၏။

နှံပြီစုတ်သည် ‘ထရိုဂလိုဒိုင်တိုင်းဒေး’ မျိုးရင်းတွင် ပါဝင်၏။ ၎င်းသည် ၁၅ ဆင်တီမီတာထိ ရှည်၏။ ချွန်သွယ်သော နှုတ်သီးရှိ၏။ မြေပြင်နှင့်နီးရာတွင် နေ၏။ ‘အင်းဆက်’ ပိုးများကို စား၏။ ဆောင်းနှံပြီစုတ်မျိုးမှ လွဲ၍ အားလုံးကို ကမ္ဘာသစ်၌ တွေ့နိုင်၏။



ရိုးရိုးရေငုပ်ငှက်ကို ဥရောပမှ ဟိမဝန္တာထိ တွေ့ရသည်။ ၁၇ ဆင်တီမီတာရှည်သည်။



ဆောင်းနှံပြီစုတ်သည်ကမ္ဘာ့မြောက်ဘက်ခြမ်းတွင် နေ၏။ ၁၀ ဆင်တီမီတာခန့် ရှည်သည်။



ရှားစောင်း နှံပြီစုတ် ငှက်သည် အမေရိကန်ပြည် အနောက်ပိုင်းနှင့်မက္ကဆီကိုရှိ သစ်ပင်ကင်းမဲ့သော ကုန်းစောင်းများတွင် တွေ့ရသည်။ ဆင်တီမီတာ ၂၀ ရှည်သည်။

## မြေလူးငှက်များ

မြေလူးငှက်သည် ‘တာဒိုင်းဒေး’ မျိုးရင်းတွင် ပါဝင်သည်။ တေးဆို ငှက်များတွင် ကျော်ကြားဆုံး ဖြစ်သည်။ တီကောင်၊ ‘အင်းဆက်’ပိုးနှင့် သစ်သီးများကို စားသည်။ အာတိတ်၊ အန္တာတိတ်နှင့် ပေါ်လီနီးရှားကျွန်းများမှလွဲ၍ ကမ္ဘာအနှံ့၌ တွေ့ရသည်။



ညတေးဆိုငှက်သည် ၁၆ ဆင်တီမီတာခန့်ရှည်သည်။ ဥရောပနှင့် အာရှအနောက်တောင်ပိုင်းတွင် တွေ့ရသည်။ ကျော်ကြားသော တေးဆိုငှက်ဖြစ်သည်။



ညိုမည်းမြေလူးငှက်

## မေ့ာကင်ငှက်များ

‘မေ့ာကင်’ငှက်များသည် ‘မီမိုင်းဒေး’ မျိုးရင်းတွင် ပါဝင်၏။ တေးဆိုရာ၊ အသံတုရာတို့၌ တော်သည်။ မြေပြင်အနီးတွင်နေပြီး‘အင်းဆက်’ပိုးနှင့် သစ်သီးဝလံများကို စားသည်။မြောက်အမေရိကတွင် တွေ့ရသည်။



‘မေ့ာကင်’ငှက်သည် ၂၅ ဆင်တီမီတာခန့်ရှည်သည်။ တေးဆိုကောင်း၍ လူသိများသည်။ အမေရိကန်ပြည် တောင်ပိုင်းနှင့် မက္ကဆီကိုတွင် တွေ့ရသည်။



နှုတ်သီး လိမ္မော်ရောင် တေးဆို မြေလူး ငှက်ကို မက္ကဆီကိုမှ ဗင်နီဇွဲလားအထိ တွေ့ရသည်။ ၁၆ ဆင်တီမီတာ ရှည်သည်။



ညိုမည်းမြေလူးငှက်သည် ဆောင်းဦး၌ အာရှမှ ဥရောပသို့ ရောက်သည်။ ၂၄ ဆင်တီမီတာခန့် ရှည်သည်။



ဆိုက်ဗေးရီးယား မြေလူးငှက်သည် ၂၃ ဆင်တီမီတာခန့် ရှည်၏။ အာရှမြောက်ပိုင်း၌ တွေ့ရသည်။

# ငှက်လက်မနှင့် မြီးညှောင့်ငှက်များ

ငှက်လက်မများသည် 'ဆီဗိုင်းဒေး'မျိုးရင်းတွင် ပါဝင်သည်။ သေးငယ်သွက်လက်သည်။ အရောင်မှိန်သော အမွေးအတောင်များရှိ၏။ 'အင်းဆက်'ပိုးမျိုးများကို စား၏။ အများစုသည် သစ်ပင်ပေါ်၌နေ၏။ ခွက်ပုံ အသိုက်လုပ်သည်။

ကမ္ဘာသစ် ငှက်လက်မများသည် 'ပါရူလိုင်းဒေး' မျိုးရင်းတွင် ပါဝင်သည်။ ကမ္ဘာဟောင်း ငှက်လက်မများနှင့် အရွယ်အစား၊ ပုံသဏ္ဌာန်၊ ဓလေ့ဆင်တူသည်။ သို့သော်ကမ္ဘာဟောင်း ငှက်လက်မများနှင့် မတူသည့်အချက်မှာ နွေကူးနှင့် ဆောင်းကူးကာလတွင် ထူးခြားသော အရောင်အဆင်းများ ရှိခြင်းပင် ဖြစ်သည်။



ချုံဖုတ်နေ ငှက်လက်မသည် အခြားငှက်များ၏ အသံမျိုး တုရာတွင် ကျွမ်းကျင်သည့် ငှက် ဖြစ်သည်။ ဥရောပနှင့် အာရှရှိ ခြံ၊ဥယျာဉ်နှင့် သစ်တောများတွင် တွေ့ရသည်။ 'အင်းဆက်' ပိုးနှင့်ပန်းဝတ်ရည်ကို စားသုံးသည်။



ဥရောပ၊ မြောက်အမေရိကနှင့် အာရှရှိ ရေစပ်မြက်တောနေ ငှက်လက်မသည် ၁၉ ဆင်တီမီတာခန့် ရှည်သည်။



နှံပြီစုတ်သည် ၁၂ ဆင်တီမီတာခန့်ရှည်သည်။ မြန်မာ၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် မလေးရှားတွင် တွေ့ရသည်။ သစ်ရွက်နှစ်ရွက်၏ အနားကို နှုတ်သီးဖြင့် ဖောက်၍ မြက်ခြောက်မျှင်ဖြင့် သီချုပ်ပြီး အသိုက်လုပ်သည်။



မိုးမခ ငှက်လက်မသည် ၁၁ ဆင်တီမီတာ ရှည်သည်။ ဥယျာဉ်၊ ပန်းခြံကြီးများနှင့် သစ်တောများ၌ တွေ့ရသည်။ သာသာယာယာ တေးဆိုတတ်သည်။



မြီးညှောင့်ငှက်

မြီးညှောင့်ငှက်ကို လူသိများသည်။ ယူရေးရှား၊ အာဖရိက၊ ဂျပန်နှင့် ဖိလစ်ပိုင်တွင် တွေ့ရသည်။



တတိုင်းမွေး ငှက်လက်မကို ကနေဒါပြည်တွင်တွေ့ ရသည်။ ၁၂ ဆင်တီမီတာခန့် ရှည်သည်။



ခေါင်းမွပ်ပါ ငှက်လက်မသည် ၁၄ ဆင်တီမီတာခန့် ရှည်၏။ အမေရိကန်ပြည် အရှေ့ဘက်၌ တွေ့ရသည်။

မြီးညှောင့်ငှက် ခေါင်းပြာသည် ၁၆ ဆင်တီမီတာ ရှည်သည်။ ဦးခေါင်းမှာ မဲ့ပြာပြီး ဝမ်းဘက်ပိုင်း ဝါသည်။ ဥရောပနှင့် ဆိုက်ဗေးရီးယား အနောက်ပိုင်းရှိ ရွှံ့မြေနှင့် စိုက်ကွင်းများ၌ တွေ့ရသည်။





## မြီးညှောင့်ငှက်များ

မြီးညှောင့်ငှက်များသည် 'မိုတဆီလိုင်းဒေး' မျိုးရင်းတွင် ပါဝင်သည်။ ၎င်းတို့သည် ခန္ဓာကိုယ်သွယ်သည်။ မြန်မြန်ပြေးနိုင်၊ လျှောက်နိုင်၏။ ခုန်သွားလေ့ မရှိ။ အမြီးကို အထက်အောက် ဆက်တိုက် လှုပ်ရှားနိုင်၏။ ပျံအားကောင်း၏။ 'အင်းဆက်'ပိုးကို စားသည်။ ရေနှင့် ရွှံ့နွံထူ မြက်တောများ၌ နေ၏။ မြေပေါ်၌ အသိုက်လုပ်သည်။ ယူရေးရှားနှင့် အာဖရိကတွင် များစွာ တွေ့ရသည်။

# ငှက်ဘီလူးနှင့် ကျွဲဆက်ရက်များ

ငှက်ဘီလူးသည် 'လာနိုင်းဒေး'မျိုးရင်းတွင် ပါဝင်သည်။ အများအားဖြင့် အရောင်မှိန်သည်။ နှုတ်သီးကောက်၏။ ခြေများ သန်မာသည်။ခြေသည်းချွန်ထက်သည်။ 'အင်းဆက်'ပိုးများကို အဓိက စားသည်။ နို့တိုက်သတ္တဝါငယ်၊ ငှက်၊ ဖား၊ ပုတ် သင် များ ကိုလည်း စားသည်။ သားကောင်များကို ဖမ်းပြီး ဆူးပင်များရှိ ဆူးချွန်ကြီးတို့တွင် ထိုးသတ်၍ စားသောကြောင့် သားသတ်ငှက်ဟုလည်း တွင်သည်။ မြောက်အမေရိက၊ ဥရောပ၊ အာရှ၊ အာဖရိက၊ အင်ဒို နီးရှားနှင့် နယူးဂီနီတွင် တွေ့ရသည်။



မီးခိုးရောင် ငှက်ဘီလူးကြီးသည် တောထူထပ်သောနေရာကို ပိုမို နှစ်သက်သည်။ ဥရောပ၊ အာရှ၊ မြောက်အမေရိကနှင့် အာဖရိက တွင် ရှိသည်။



ဥရောပနှင့် အာရှ အနောက် ပိုင်း တလျှောက်၌ မျိုးပွားသည့် ကျောနီ ငှက်ဘီလူးသည် ချုံဖုတ်၊ စိုက်ခင်းနှင့်ဥယျာဉ် များတွင် နေသည်။ အဖိုသည် တေး ဆို ခြင်း၊ အသံတုခြင်း ကောင်းစွာ ပြုတတ် သည်။



သားငယ်ကို အစာကျွေးနေသော ကျောနီငှက်ဘီလူး






ကျွဲခေါင်းငှက်ဘီလူးသည် နွေဦး၌ တောင်ပေါ်တွင် နေပြီး ဆောင်း တွင် မြေပြန့်သို့ ဆင်းနေသည်။ အာရှအရှေ့ပိုင်း၌ တွေ့ရသည်။

၂၁ ဆင်တီမီတာ ရှည်သော အမောက်ပါ ငှက်ဘီလူးကို အာဖရိကတွင် တွေ့ရသည်။



အာဖရိက အပူပိုင်းတွင် တွေ့ရသော မရန်း စေ့ရောင် ကျွဲဆက်ရက်သည် ၁၇ ဆင်တီ မီတာခန့် ရှည်သည်။

## ကျွဲဆက်ရက်များ

ကျွဲ ဆက် ရက် သည် 'စတာနိုင်းဒေး' မျိုးရင်းတွင်ပါဝင်သည်။ဖျတ်လတ်ပြီး ဆူညံသည်။ အလတ်စားငှက်မျိုး ဖြစ် သည်။ အရောင်မတောက်ချေ။ ခြေ ထောက် သန်မာ၏။ သစ်သီးနှင့် 'အင်း ဆက်' ပိုး တို့ ကို နှစ် ခြိုက် သည်။ ကျွဲ ဆက်ရက်တို့သည် အသံတုပြုနိုင်သည်။



ရိုးရိုး ကျွဲဆက်ရက်သည် နေရင်း ဥရောပမှ ကမ္ဘာ့အနှံ့ ရောက်ရှိနေပြီး ဖြစ်သည်။ ၂၁ ဆင်တီမီတာခန့် ရှည်သည်။

သာလိကာသည် ၃၃ ဆင်တီမီတာ ရှည်၏။ စကားသင်ရ လွယ်ကူဆုံး သော ငှက်ဖြစ်၏။ အိန္ဒိယ၊ အင်ဒိုချိုင်းနားနှင့်မလေးရှားတွင် တွေ့ရ၏။



# ပန်းရည်စုပ်ငှက်၊ မျက်ကွင်းဖြူငှက်၊ ဗာရီအိုငှက်နှင့် တာနာဂါငှက်များ

ပန်းရည်စုပ်ငှက်သည်'နက်တာရီနိုင်းဒေး'မျိုးရင်းတွင် ပါဝင်သည်။ငှက်ပိတုန်းနှင့် ဆင်သည်။ အရောင်တောက်ပသည်။ ၁၅ ဆင်တီမီတာခန့် ရှည်၏။ ဝတ်ရည်စုပ်ယူရန် ကောက်ချွန်သည့် နှုတ်သီး ရှိသည်။ ကမ္ဘာဟောင်း အပူပိုင်းဒေသတွင် တွေ့ရသည်။

မျက်ကွင်းဖြူငှက်သည် 'ဇိုစထရိုပိုင်းဒေး' မျိုးရင်းတွင် ပါဝင်သည်။ မျက်လုံး ပတ်လည်၌ ထင်ရှားသောအဖြူကွင်းရှိသည်။ ၁၄ ဆင်တီမီတာထက် ပို၍ရှည်ခဲသည်။ ဝတ်ရည်ကို မှီဝဲ၏။ ကမ္ဘာဟောင်းတွင် တွေ့ရသည်။



ခရမ်းရောင် ပန်းရည်စုပ် ငှက်သည် ၁၀ ဆင်တီမီတာခန့် ရှည် သည်။ အိန္ဒိယမှ အင်ဒိုချိုင်းနားထိတွေ့ရသည်။



တော်ဝင် ပန်းရည်စုပ် ငှက်သည် ၁၂ ဆင်တီမီတာခန့် ရှည်၏။ ကွန်ဂိုမှ ယူဂန်ဒါထိ တွေ့နိုင်၏။



အရှေ့တိုင်း မျက်ကွင်းဖြူငှက်သည် ၁၀ ဆင်တီမီတာခန့် ရှည်သည်။ အိန္ဒိယမှဖိလစ်ပိုင်ထိ တွေ့ရသည်။

မျက်ကွင်းဝါ ငှက်သည် မျက်ကွင်း ဖြူမျိုးပင် ဖြစ်သော် လည်း အဖြူရောင် မျက်ကွင်းမပါသည့် တမျိုး တည်းသော ငှက်ဖြစ်သည်။



## ဗာရီအိုငှက်များ

'ဗာရီအို'ငှက်သည် 'ဗာရီအိုနိုင်းဒေး'မျိုးရင်းတွင် ပါဝင်သည်။အစိမ်းပုပ် သို့မဟုတ် ညိုမှိုင်းသောအရောင်ရှိသည်။ ငှက်အငယ်စားဖြစ်၏။ ၁၀ မှ ၁၅ ဆင်တီမီတာထိ ရှည်သည်။ ကမ္ဘာသစ်တွင် တွေ့ရသည်။

## တာနာဂါငှက်များ

'တာနာဂါ'ငှက်သည် 'သရာရှုပိုင်းဒေး' မျိုးရင်းတွင် ပါဝင်သည်။ တောက်ပသောအရောင်ရှိသည်။ ဆင်တီမီတာ ၂၀ ခန့် ရှည်သည်။ ကမ္ဘာသစ်တွင် တွေ့ရ၏။ တောင်အမေရိက၌ အများဆုံးတွေ့ရ၏။



မျက်လုံးနီ 'ဗာရီအို' ငှက်သည် ၁၅ ဆင်တီမီတာခန့် ရှည်၏။ ကနေဒါ တောင်ပိုင်းမှ အာဂျင်တီးနားထိ တွေ့ရသည်။



အနီတောက်ရောင် 'တာနာဂါ' သည် ၁၇ ဆင်တီမီတာခန့်ရှည်သည်။ မြောက်အမေရိက အရှေ့ပိုင်းတွင် တွေ့ရသည်။



လည်ဝါ'ဗာရီအို'ငှက်သည် ၁၄ ဆင်တီမီတာခန့် ရှည်သည်။ မြောက်အမေရိက အရှေ့ပိုင်းတွင်တွေ့ရသည်။



ရွှေဝါရောင်မျက်နှာဖုံးစွပ် 'တာနာဂါ' သည် လူသိအများဆုံး သော ငှက်တမျိုးဖြစ်သည်။ မက္ကဆီကို တောင်ပိုင်းမှ အမေဇုန်ထိ တွေ့ရသည်။

# သစ်စေ့စားငှက်များ

'ဖင့်' စာနှင့် စာကလေးမျိုးများသည် 'ဖင်ဂျီလိုင်းဒေး' မျိုးရင်းတွင် ပါဝင်၏။ သစ်စေ့စား ငှက်များ ဖြစ်ကြသည်။ ၎င်းငှက်အားလုံးတွင် တိုပြီးချွန်သော ကတော့ပုံ နှုတ်သီးရှိသဖြင့် သစ်စေ့များ စားရန် အထူးသင့်လျော်သည်။ မျိုးစိတ်ပေါင်း ၆၅၀ ကျော်ရှိသည်။ ထင်ရှားသော ငှက်များဖြစ်သည်။ ကမ္ဘာအနှံ့၌ တွေ့ရသည်။



ရဲရဲ 'ကာဒီနယ်' ငှက်များကို အမေရိကန် ပြည်မှ မက္ကဆီကိုတောင်ပိုင်းထိ တွေ့ရသည်။ ဆင်တီမီတာ ၂၀ ခန့်ရှိသည်။



ကတော့ပုံ နှုတ်သီး စာပြာ ကို အမေရိကန်ပြည် တောင်ပိုင်းမှ ကော့စတာရီကာထိ တွေ့ရသည်။ ၁၆ ဆင်တီမီတာခန့် ရှိသည်။



ညိုဝါရောင် လည်မျိုရှိ စာငှက်သည် ဆင်တီမီတာ ၂၀ ခန့်ရှိသည်။ မက္ကဆီကိုမှ ပါရာဂွေး ထိ တွေ့ရသည်။



ရောင်ခြယ်စာများကို အမေရိကန်ပြည် တောင်ပိုင်းမှ မက္ကဆီကိုထိ တွေ့ရသည်။ ၁၃ ဆင်တီမီတာခန့် ရှည်သည်။



မဲနယ်ရောင် စာများကို ကနေဒါတောင်ပိုင်းမှ ဖလော်ရီဒါပြည်နယ်နှင့် တက္ကဆက် ပြည်နယ် တိုင်အောင် တွေ့ရသည်။ ၁၂ ဆင်တီမီတာခန့် ရှည်သည်။

သစ်တောက်'ဖင့်'စာသည် ၁၂ ဆင်တီမီတာခန့် ရှိသည်။ ဂါလပါဂို ကျွန်းများတွင် တွေ့ရသည်။ ၎င်းသည် နှုတ်သီးဖြင့်ကိုက်ထားသော သစ်ချောင်း၊ ဆူးချောင်းများဖြင့် သစ်ခေါက်အကြားရှိ'အင်းဆက်' ပိုးများကို ထိုးထွင်း ကော်ယူ စားသောက်သည့် အလေ့ထူး ရှိသည်။



စာနှင်းဖြူသည် ၁၆ ဆင်တီမီတာခန့် ရှည်သည်။ အာတိတ်ဒေသတွင် တွေ့ရ သည်။





'ဖင့်'စာဝါကို ဗင်နီဇွဲလားမှ အာဂျင် တီးနားထိ တွေ့ရသည်။ ၁၄ ဆင်တီမီတာခန့် ရှိသည်။



ဥရောပစာရွှေဝါ



‘ဂျာဗား’စာငှက်များ



စာကျွဲခေါင်း



စာခေါင်းနီ



‘အာဗာဒါရက်’စာနီ

‘ဂျာဗား’စာငှက်သည် လူသိများသော လှောင်ချိုင့်မွေးငှက်ဖြစ်သည်။ အင်ဒိုနီးရှားနှင့် မလေးရှား၌ တွေ့ရသည်။

ဥရောပစာရွှေဝါသည် ၁၄ ဆင်တီမီတာခန့်ရှည်သည်။ ဥရောပ၊ အာရှအနောက်ပိုင်းနှင့် အာဖရိက အနောက်မြောက်ပိုင်း၌ တွေ့ရသည်။

စာကျွဲခေါင်းကို ယူရေးရှား သမပိုင်း၌ တွေ့ရသည်။ ၁၅ ဆင်တီမီတာခန့် ရှည်သည်။

‘အာဗာဒါရက်’စာနီ ကို အိန္ဒိယမှ သည် အင်ဒိုချိုင်းနားနှင့် အင်ဒိုနီးရှားအထိ တွေ့ရသည်။ ၇ ဆင်တီမီတာခန့် ရှည်သည်။

စာခေါင်းနီကို စကင်ဒီနေးဗီးယား၌ တွေ့ရသည်။ ၁၄ ဆင်တီမီတာခန့် ရှည်သည်။

စာခေါင်းမည်းကို ဥရောပ တောင်ပိုင်းနှင့် အာရှ အနောက်တောင်ပိုင်း၌ တွေ့ရသည်။ ၁၆ ဆင်တီမီတာခန့် ရှည်သည်။

ထင်းရှူးစာသည် ၁၄ ဆင်တီမီတာခန့် ရှည်သည်။ ယူရေးရှား၌ တွေ့ရသည်။

‘ကနေရီ’ စာဝါသည် လူသိများသော လှောင်ချိုင့်မွေးငှက်ဖြစ်သည်။ ကနေရီကျွန်းစုတွင် စတင်ပေါက်ပွား၏။ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့လျက်ရှိ၏။ မျိုးစပ်ခြင်းကြောင့် မျိုးကွဲများ ဖြစ်ထွန်းလာသည်။ ‘ကနေရီ’ အနီသည် ၎င်း မျိုးကွဲ တစ်ခု ဖြစ်၏။

မြက်ခင်းစာသည် ၁၅ ဆင်တီမီတာခန့် ရှည်သည်။ တာကစ်စတန်မှ ဂျပန် အထိ တွေ့ရသည်။

အိမ်စာသည် ၁၅ ဆင်တီမီတာခန့်ရှည်သည်။ မြို့နှင့် ကျေးရွာတွင် နေသည်။ လူသိများသောငှက် ဖြစ်သည်။ ကမ္ဘာဟောင်းတွင် တွေ့ရသည်။

နှုတ်သီးရွဲ့ စာသည်ရွက်ချွန်သစ်တောများ၌နေသည်။ ဥရောပမြောက်ပိုင်း၊ အာရှတိုက် အလယ်ပိုင်း၊ အာဖရိက အနောက်မြောက်ပိုင်းနှင့် အမေရိကမြောက်ပိုင်းတွင် တွေ့ရသည်။

‘ဆစ္စကင်’စာငှက်သည် ၁၂ ဆင်တီမီတာခန့် ရှည်သည်။ ယူရေးရှား၌ တွေ့ရသည်။



စာခေါင်းမည်း



ထင်းရှူးစာ



‘ကနေရီ’စာဝါ



မြက်ခင်းစာ



အိမ်စာ



နှုတ်သီးရွဲ့စာ



‘ဆစ္စကင်စာ’

# နို့တိုက်သတ္တဝါများ

ကြွက်၊မြင်း၊ကြောင်၊ဆင်၊ လင်းနို့စသည်တို့သည်'မမ်မေးလီးယား'မျိုးပေါင်းတွင်ပါဝင်သည်။ အခြားသတ္တဝါများမှ ခွဲခြားနိုင်သည့် လက္ခဏာနှစ်ရပ်မှာ နို့ရည်ပြု 'ဂလင်း' များနှင့် အမွေးများ ရှိခြင်းပင် ဖြစ်သည်။ ဥဥ နို့တိုက်သတ္တဝါအချို့မှ လွဲ၍ ကျန်အားလုံးသည် အကောင်လိုက် မွေးသည်။ သွေးနွေးသတ္တဝါများဖြစ်၏။ နှလုံးတွင် အခန်း လေးခန်းရှိသည်။ အများစုတွင် အမြစ်ပါသော သွားများရှိသည်။ ဦးနှောက် အလွန်ဖွံ့ဖြိုးသည်။



တောလိုက်ကျားသစ်သည် အပြေးအလျင်ဆုံး နို့တိုက်သတ္တဝါ ဖြစ်သည်။

# မိုနိုထရင်းများ
# (ဥဥ နို့တိုက်သတ္တဝါများ)

ဆူးထူပုရွက်စားကောင်နှင့် ဘဲတူဖျံတူတို့သည် ‘မိုနိုထရီမာတာ’ မျိုးစဉ်တွင် ပါဝင်၏။ အခြား နို့တိုက်သတ္တဝါများကဲ့သို့ပင် အမွေးများရှိပြီး သားငယ်များကို နို့တိုက်၏။ ဥဥ နိုင်ခြင်းသာ ခြားနား၏။ သဗ္ဗအိမ်ပေါက်တခုတည်းမှ မျိုးပွားခြင်းနှင့် အညစ်အကြေး စွန့်ခြင်းတို့ကို ပြု၏။ ၎င်းတို့ကို သြစတြေးလျနှင့် တက်စမေးနီးယားကျွန်းတွင် တွေ့ရ၏။ ဆူးထူပုရွက်စားကောင်ကို နယူးဂီနီကျွန်းအရှေ့ပိုင်းတွင်လည်း တွေ့နိုင်သည်။



ဆူးထူပုရွက်စားကောင်




## ဆူးထူပုရွက်စားကောင်

ဆူးထူပုရွက်စားကောင်သည် ဖြူကောင်နှင့် တူသည်။ ကျောနှင့်ကိုယ်၏ ဘေးတွင် ဆူးများ၊ အမွေးများ ရှိသည်။ ဆင်တီမီတာ ၄၀ ခန့် ရှည်သည်။ အခြား နို့တိုက်သတ္တဝါများကဲ့သို့ ကိုယ်အပူချိန်ကို ထိန်းမထားနိုင်ပေ။ အပြင်နားရွက်နှင့် သွားများ မရှိပေ။ ငှက်နှုတ်သီးပုံ နှာခေါင်းအတွင်းရှိ အလွန်ရှည်သောလျှာ၏ နောက်ပိုင်းတွင် စောင်းမာများ ရှိသည်။ လျှာဖြင့် အစာကိုဖမ်းယူပြီး အာခေါင်ဖြင့် ပွတ်ခြေစားသည်။ သန်မာသော ခြေသည်းများကို ခြအုံ၊ ပုရွက်အုံများ ထိုးဆွရန် အသုံးပြုသည်။






ဆူးထူပုရွက်စားကောင်၏ သားငယ်သည် မိခင်၏ ဝမ်းဗိုက်ရှိ အပေါက်များမှ စီးထွက်သောနို့ရည်ကို လျှာဖြင့် လျက်စားသည်။ အမများတွင်နို့သီးခေါင်းများ မပါချေ။



ဆူးထူပုရွက်စားကောင်၏ ဥသည် ၁.၅ ဆင်တီမီတာခန့် ရှည်သည်။ အမဥအိမ်၌ တဥချင်း ဖြစ်ပေါ်သည်။

ဆူးထူပုရွက်စားကောင်၏အရိုးစု





## ဘဲတူဖျံတူ

ဆလင်ဒါပုံ ကိုယ်၏ ဦးခေါင်းပိုင်းတွင် ဘဲနှုတ်သီးသဏ္ဍာန် နှုတ်သီးရှိသည်။ အမြီးသည် ထူပြီး ပြားသည်။ ခြေထောက်များ တိုပြီး သန်မာသောခြေသည်းများ ရှိသည်။ ရှေ့ခြေချောင်းများ အကြားတွင် ရေကူးရန် အရေပြားများ ပါရှိသည်။ သို့သော် မြေတူးရာ၊ လမ်းလျှောက်ရာတို့တွင် သုံးနိုင်သော ခြေသည်းများပေါ်အောင် ထိုအရေပြားကို ခေါက်တင်ထားနိုင်သည်။ အဖိုများ၏ နောက်ခြေအတွင်းဘက်၌ အဆိပ်ရည် 'ဂလင်း' (အကျိတ်) နှင့် ဆက်နေသော အတက်တစ်ခု ပါရှိသည်။ အမများသည် ဥများ မပေါက်မချင်း ဝပ်သည်။ မိခင်၏ ဝမ်းဗိုက်မှ စိမ့်ထွက်သော နို့ရည်များကို သားငယ်များ လျက်စားသည်။ ဘဲတူဖျံတူတို့ကို ဩစတြေးလျ အရှေ့ပိုင်းနှင့် တက်စမေးနီးယားကျွန်းတွင် တွေ့ရသည်။ ၎င်းတို့သည် အင်း၊ အိုင်၊ မြစ်၊ ချောင်းထဲမှ ပုစွန်ငယ်၊ 'ဝမ်း' ကောင်နှင့် ရေနေ သတ္တဝါငယ်များကို စားသည်။



အကောင်ငယ်များသည် မိခင်၏ ဝမ်းဗိုက်အရေပြားမှ စိမ့်ထွက်သော နို့ရည်များကိုလျက်စားသည်။အမများတွင်နို့သီးခေါင်းများမပါရှိချေ။



ဘဲတူဖျံတူ






ဥများ လုံးဝန်းသည်။ အချင်း ၁.၅ ဆင်တီမီတာ ခန့် ရှိသည်။

## ဘဲတူဖျံတူကို တွေ့ရှိပုံ

ဘဲတူဖျံတူကို ၁၇၉၇ ခုတွင် ဥရောပတိုက်သား တစ်ဦးက ဩစတြေးလျရှိ ဟော်ကက်ဗယ်ရီ မြစ်အနီးကန်စပ်တွင် ပထမဦးဆုံး တွေ့ရှိခဲ့သည်။ ၎င်းသတ္တဝါကို ရုပ်လုံး သွင်းပြီး ဥရောပ သတ္တဗေဒ ပညာရှင်များထံ ပို့သည်။ သတ္တဗေဒ ပညာရှင်များကလည်း ၎င်းသတ္တဝါကို အမျိုးအမည် မဖော်နိုင်ကြချေ။ အချို့ကလည်း သတ္တဝါ အစစ်ဟုပင် မယူဆကြပေ။ နို့တိုက်သတ္တဝါကိုယ်တွင် ဘဲနှုတ်သီး တပ်ထားသည်ဟု ထင်ကြသည်။ တဖန် ခန္ဓာဗေဒ ပညာရှင် အဲဗရက်ဟုမ်း၏ ခွဲစိတ်လေ့လာချက် အရ ဥဥသော နို့တိုက် သတ္တဝါ ဖြစ်ကြောင်း တွေ့ရှိ၏။ သိပ္ပံပညာရှင်များသည် ၎င်းဘဲတူ ဖျံတူကောင်နှင့် အခြားသတ္တဝါများ မည်သို့ မျိုးဆက်နွှယ်သည်ကို အချိန်အတော်ကြာ စဉ်းစားသုံးသပ်ကြသည်။








# သားပိုက်ကောင်များ (သားပိုက်အိတ်ပါ နို့တိုက်သတ္တဝါများ)

သားပိုက်အိတ်ပါ နို့တိုက်သတ္တဝါများသည် 'မာဆူပီအေးလီးယား' မျိုးစဉ်တွင် ပါဝင်သည်။ ၎င်းတို့ကိုသြစတြေးလျ၊ နယူးဂီနီကျွန်း၊ တောင်နှင့်မြောက် အမေရိကတိုက်တို့၌ တွေ့ရသည်။ အခြားနို့တိုက်သတ္တဝါများနှင့် တူသော်လည်း သားငယ် မဖွံ့ဖြိုးမီ မွေးဖွားကြသည်။ မိခင်၏ သားပိုက်အိတ်ထဲ၌ ဆက်လက်ဖွံ့ဖြိုး ကြီးထွားရသည်။ မိခင်သည် မွေးကင်းစ သားငယ်၏ ချက်ကြိုးကို ကိုက်ဖြတ်ပြီး မိမိ၏ ဝမ်းဗိုက်တလျှောက် အိတ်အထိ လျှာဖြင့် လျက်၍ လမ်းလုပ်ပေးသည်။ သားငယ်သည် အိတ်အတွင်း၌ နို့သီးခေါင်း လေးခုအနက် တစ်ခုကို စုပ်တွယ်ကာ နို့ပြတ်သည်အထိ ခြောက်လခန့် နေသည်။

'ကင်ဂရူး' သားပိုက်ကောင်များ




'ကင်ဂရူး' သားပိုက်ကောင်တို့၏ တင်ရိုးတွင် သားပိုက်အိတ်ကို ထောက်မထားရန် အရိုးပိုတစ်ခုပါသည်။ ဤအရိုးကို သားပိုက်ကောင်များ၌သာ တွေ့ရသည်။




'ကင်ဂရူး' သားပိုက်ကောင်၏ ဦးခေါင်းခွံတွင် ဦးနှောက်အိမ်ငယ်တခုသာ ပါသည်။

ဦးခေါင်းခွံ၏ အဓိကလက္ခဏာများမှာ နဖူးရိုးကြီးခြင်းနှင့် ဦးနှောက်အိမ် ငယ်ခြင်းတို့ ဖြစ်သည်။ အခြားနို့တိုက်သတ္တဝါများနှင့် မတူသည့်အချက်မှာ ရှည်လျားသော နှာခေါင်းရိုး ရှိခြင်းပင် ဖြစ်သည်။ အပေါ်နှင့်အောက် မေးရိုးများပေါ်တွင် သွားပေါင်း ၄၀ မှ ၅၀ ထိ ရှိသည်။ အောက်မေးရိုး၏ နောက်ပိုင်းသည် ချွန်ပြီး အတွင်းသို့ ကောက်ဝင်ကာ ထိပ်စွန်း ဖြစ်နေသည်။



၁။ မွဲပြာရောင်'ကင်ဂရူး'ကြီး၏မွေးကင်းစ သားငယ်သည် ၂.၅ ဆင်တီမီတာ ရှည်သည်။



၃။ သားငယ်သည် မိခင်၏ သားပိုက်အိတ်တွင်းသို့ရောက်အောင် မိခင်လုပ်ပေးထားသော လမ်းကြောင်းမှ တွားသွားသည်။

၂။ မွေးကင်းစ သားငယ်များ အိတ်တွင်းသို့ ရောက်နိုင်အောင် မိခင်သည် မိမိ၏ ဝမ်းဗိုက်မွေးများကို လျှာဖြင့် ခွဲပေးသည်။



၄။ သားငယ်သည် အိတ်ထဲတွင်နို့သီးခေါင်းကို စုပ်ပြီး နို့စို့သည်။





သြစတြေးလျနှင့် နယူးဂီနီ သစ်တောများတွင် တွေ့ရှိရသော သစ်ပင်တက် 'ကင်ဂရူး'သားပိုက်ကောင်သည် ဆင်တီမီတာ ၆၀ မှ ၉၀ အထိ ရှည်သည်။ မြေပြင်ပေါ်တွင် အနေများသော်လည်း သစ်ပင်များပေါ်၌ အစာစားပြီးအိပ်သည်။

'ကင်ဂရူး'နီသားပိုက်ကောင်ကို သြစတြေးလျတွင်သာ တွေ့ရသည်။ အမွေးနီညိုရောင်ရှိသည်။ ၁.၃ မီတာခန့် ရှည်၏။ မြက်ခင်းပြင်များတွင် နေသည်။



တက်စမေးနီးယားကျွန်းရှိ 'ဒက်ဆီယူး' သည် အညို တွင် အဖြူစက်များ ပါသော သားပိုက်ကောင် ဖြစ်သည်။ ညဘက် ကျက်စားသည်။ ၃၆ မှ ၄၄ ဆင်တီမီတာ အထိ ရှည်သည်။

'ကိုအာလာ' ဝက်ဝံကို ဩစတြေးလျ အရှေ့ပိုင်း သစ်တောများ တွင် တွေ့ရသည်။ ယူကလစ် အရွက်များကိုသာ စားသည်။ ၎င်းတို့သည် ဆင်တီမီတာ ၈၀ အထိ ရှည်နိုင်သော်လည်း အများအားဖြင့် ဆင်တီမီတာ ၆၀ ခန့်သာ ရှည်သည်။



သားပိုက်အိတ်ပါ ပွေးသည် ၁၆.၅ ဆင်တီမီတာခန့် ရှည်သည်။ ဩစတြေးလျ၏ သဲမြေပိုင်းများတွင် လိုဏ်များတူးပြီး နေကြသည်။ ၎င်းတွင် ကြီးပြီး မာသော နှာရောင်နှင့် မျက်ခွံများရှိသည်။ အပြင် နားရွက်များ မရှိချေ။





နယူးဂီနီကျွန်းနှင့် ဩစတြေးလျ သစ်တောများနေ သားပိုက်အိတ်ပါ 'ရှူးဂါးဂလိုက်ဒါ' သည် ၁၆ ဆင်တီမီတာခန့်ရှည်သည်။ ကိုယ်၏ဘေး တဘက်တချက်တွင် တွယ်ဆက်အရေပြား ရှိ၏။ ၎င်း အရေပြားဖြင့် သစ်ပင် တပင်မှတပင်သို့ ပျံဝဲပြီး ကူးနိုင်သည်။



တက်စမေနီယန်ဝံပုလွေသည် သားစား သားပိုက်ကောင်များ အနက် အကြီးဆုံး ဖြစ်သည်။ ၁.၂ မီတာခန့် ရှည်သည်။ သစ်တောများနှင့် တက်စမေးနီးယား မြက်ခင်းပြင် များတွင် သားကောင် လိုက်သည်။ ယခုအခါ တွေ့ရခဲသည်။



'အပေါ့ဆမ်' သည် ညထွက်လေ့ရှိသော သားပိုက်ကောင်ဖြစ်သည်။ ဆင်တီမီတာ ၄၀ မှ ၅၀ ထိ ရှည်သည်။ အမေရိကတိုက်များရှိ သစ်တောများတွင် နေသည်။ ကုပ်တွယ်နိုင်သော အမြီးဖြင့် အလွန်ကျွမ်းကျင်စွာ သစ်ပင်တက်နိုင်သည်။



'ဝမ်းဗက်' သည် ခြေတို၊ အမြီးမဲ့ သားပိုက်ကောင်ဖြစ်သည်။ တစ်မီတာခန့် ရှည်သည်။ ဩစတြေးလျ၏ လယ်ကွက်နှင့် သစ်တောများရှိ တွင်းခေါင်းများ၌ နေသည်။ အပင်ငယ်များကိုသာ စားသည်။



တက်စမေနီယန် သားပိုက်ကောင် သရဲသည် ဆင်တီမီတာ ၆၀ ရှည်သည်။ တက်စမေးနီးယား ကျွန်းရှိ သစ်တောများနှင့် ကျောက်ဆောင်များတွင် နေသည်။ အရွယ်ငယ်သော်လည်း မိမိထက်ကြီးသော သတ္တဝါများကိုပင် တိုက်ခိုက်အနိုင်ယူသည်။

# အင်းဆက်ပိုးစားကောင်များ (အင်းဆက်ပိုးစား နို့တိုက်သတ္တဝါများ)

ပွေး၊ ဈွေ၊ ဖြူငယ်၊ 'တင်းရက်'နှင့် 'ဆိုလီနိုဒွန်'များသည် 'အင်းဆက်'ပိုးစား နို့တိုက်သတ္တဝါများ ဖြစ်သည်။ နို့တိုက်သတ္တဝါများအနက် အငယ်ဆုံးမျိုးတွင် ပါဝင်သည်။ အများစုသည် ကြွက် အရွယ်လောက်သာ ရှိသည်။ ရှည်ပြီးချွန်သော နှာရောင်နှင့် ချွန်ထက်သော သွားများ ရှိသည်။ သွားတိုင်းတွင် အချွန်အတက်များစွာ ပါရှိသဖြင့် 'အင်းဆက်'ပိုးများကို ဖမ်းယူကြိတ်ခြေရန် အလွန်အသုံးဝင်သည်။ အများအားဖြင့် ပါးရိုးများ၊ ညှပ်ရိုးများ မရှိပေ။ ခြေတံလက်တံတိုပြီး ခြေချောင်းငယ် ငါးချောင်းစီ ရှိသည်။ ခြေချောင်းများတွင် ခြေသည်းများ ပါသော်လည်း ကုပ်တွယ်ရန် အသုံးမပြုချေ။ မြေအောက်တွင် တွင်းများ၊ လိုဏ်များတူးပြီး နေလေ့ရှိသည်။ ပွေးနှင့် ဈွေကို လူသိများသည်။



ရိုးရိုးပွေးတစ်ကောင်



'ဆိုလီနိုဒွန်'သည် ညထွက်ပြီး'အင်းဆက်'ပိုးများကို စားလေ့ရှိသည်။ ၄၈ ဆင်တီမီတာခန့် ရှည်သည်။ ကြွက်နှင့်တူသည်။ နှာရောင်ချွန်ပြီး နားရွက်ကားသည်။ အနောက်အိန္ဒိယကျွန်းစုတွင် တွေ့ရသည်။



'ဆာဗီ' ဈွေပုသည် ကမ္ဘာပေါ်တွင် အသေးဆုံး နို့တိုက်သတ္တဝါ ဖြစ်သည်။ ၂.၅ ဆင်တီမီတာရှိသော အမြီးအပါ အဝင် ၆.၃ ဆင်တီမီတာ ရှည်သည်။ ၎င်းကိုအာဖရိက၊ ဥရောပတောင်ပိုင်းနှင့် အာရှတောင်ပိုင်းတွင် တွေ့ရသည်။



ဈွေလမ်းလျှောက်သောအခါ ၎င်း၏ခြေဖဝါး တခုလုံးသည် မြေပြင်နှင့်ထိကပ်နေသည်။



အာဖရိက အပူပိုင်း မြစ်၊ ချောင်း နားတွင် နေသော ဖျံဈွေသည် ငါး၊ ခရု၊ ယောက်သွားနှင့် 'အင်းဆက်'ပိုးများကို စားသည်။ 'အင်းဆက်'ပိုးစားကောင်ကြီးမျိုးတွင် ပါဝင်သည်။ ဆင်တီမီတာ ၆၀ ထိ ရှည်သည်။

ဈွေ၏ဦးခေါင်းခွံ



ဈွေ၏ မေးရိုးများသည် ဇာဂဏာ များကဲ့သို့ ညှပ်နိုင်သည်။





ပွေးရွှေဝါ၏ အမွေးသည် ရွှေရောင်တောက်နေသည်။ ၁၀ ဆင်တီမီတာခန့် ရှည်သည်။ မြက်ခင်းပြင်များတွင် လိုဏ်များတူးပြီး နေသည်။ အာဖရိကတိုက် အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် တွေ့ရသည်။



ပြူငယ်၏ လုံးဝန်းသော ကိုယ်ပေါ်တွင် အမွေးကြမ်းများနှင့် ဆူးများ ရှိသည်။ ကြောက်လန့်သည့်အခါ ဆူးများ ထောင်လာပြီး ကိုယ်ကို ဘောလုံး ကဲ့သို့ လုံးလိုက်ပြီး အကာအကွယ် ယူသည်။ ခရု၊ ပက်ကျိ၊ ဥများကိုသာမက ကြွက်ငယ်များနှင့် မြွေများကိုပါ စားသည်။ ၂၈ ဆင်တီမီတာခန့် ရှည်သည်။ ဥရောပ၊ တရုတ်နှင့် ကိုရီးယားတွင် တွေ့ရသည်။



ခုန်လွှားစွေ့ကို နှာမောင်းနှင့်တူသည့် နှာရောင်ကြောင့် ဆင်စွေ့ဟုလည်း ခေါ်သည်။ မျက်လုံးကြီးများ၊ နားရွက်ကြီးများ၊ ရှည်လျားသော နောက်ခြေများနှင့် အကြေးခွံပါ အမြီးရှိခြင်းကြောင့်အခြား 'အင်းဆက်'ပိုးစားကောင်များနှင့် ကွာခြားသည်။ ၁၇ မှ ၅၈ ဆင်တီမီတာအထိ ရှည်သည်။ အာဖရိကတောင်ပိုင်းတွင် တွေ့ရသည်။



ပွေး၏ကိုယ်သည် ၁၅ ဆင်တီမီတာခန့် ရှည်သည်။ တိုသောအမြီးနှင့် ချွန်သောနှာရောင်ရှိသည်။ မြေတူးရန်အတွက် တုတ်ခိုင်သော ရှေ့ခြေနှင့် ချွန်ထက်သော ခြေသည်းများကို အသုံးပြုသည်။ ဥရောပနှင့် အာရှတွင် တွေ့ရသည်။



မလေး 'ဂျင်နယူအာ' (လကြွက်) သည် ဆူးမဲ့ ပြူငယ်ကောင်သာ ဖြစ်သည်။ အမွေးမဲ့ အမြီးရှိပြီး ဆင်တီမီတာ ၃၀ ခန့် ရှည်သည်။ အရှေ့တောင် အာရှတွင် တွေ့ရသည်။

အာရှရေစွေ့၏ ကိုယ်သည် ၉.၅ ဆင်တီမီတာခန့် ရှည်သည်။ တိုတုတ်သော နှုတ်သီးရှိသည်။ အာရှအနောက်တောင်ဘက်ရှိ မြစ်များ၊ ချောင်းများ အနီးတွင် နေသည်။





'တင်းရက်' 'အင်းဆက်'ပိုးစားကောင်တွင် အမြီး မရှိပေ။ ၃၅ ဆင်တီမီတာခန့် ရှည်သည်။ မဒါဂါစကာကျွန်းတွင်သာ တွေ့ရသည်။ ပြူကောင်မှာ ကဲ့သို့ ဆူးများရှိ၏။ ထောင်နေသော အမွေးတိုများလည်း ရှိသည်။

# မျောက်လှောင်ပျံများ

မျောက်လှောင်ပျံများသည် 'ဒါမော့ထရာ' မျိုးစဉ်တွင် ပါဝင်သည်။သီးရွက်စား နို့တိုက်သတ္တဝါများဖြစ်သည်။ ပျံဝဲနိုင်သည်။ ကိုယ်၏ဘေး တလျှောက်မှ အမြီးအထိ ဆက်နေသော အရေပြားရှိသည်။ ဤအရေပြားကို ဖြန့်ကားခြင်းဖြင့် မီတာ ၆၀ ခန့်ထိ ပျံဝဲနိုင်သည်။ မျောက်လှောင်ပျံသည် ဆင်တီမီတာ ၄၀ ခန့် ရှည်သည်။ ၎င်းတို့၏ ခြေချောင်းများ အကြားတွင် အရေပြားများ ပါရှိခြင်းကြောင့် ရှူးပျံများနှင့် ကွဲပြားသည်။အပေါ် ရှေ့သွားနှင့် စွယ်သွားတို့တွင် အမြစ်နှစ်ခုစီ ရှိသည်။ အောက် ရှေ့သွားတို့သည် ဘီးပုံ ဖြစ်နေသည်။



ရုပ်လုံးသွင်းထားသောမျောက်လှောင်ပျံ



မျောက်လှောင်ပျံများ ၏ ဘီးပုံအောက်ရှေ့သွားများ

မျောက်လှောင်ပျံသည် နှောင့်ယှက်မှုနှင့် ကြုံသောအခါအပင်၏ ထိပ်ဖျားသို့ တက်သွားသည်။





ထို့နောက် နောက်တပင်သို့ ခုန်ပျံကူးသွားသည်။

မျောက်လှောင်ပျံတွင် မျိုးစိတ်နှစ်ခုသာရှိသည်။ အရှေ့တောင်အာရှတောများတွင် တွေ့ရသည်။၎င်းတို့ကိုတွေ့ရသောဒေသများကို အနီရောင်ဖြင့်ပြထားသည်။



# လင်းနို့မျိုးများ

လင်းနို့မျိုးများသည် ပျံသန်းနိုင်သော နို့တိုက်သတ္တဝါများဖြစ်သည်။ 'ခီရော့ထရာ'မျိုးစဉ်တွင် ပါဝင်သည်။ အရေပြား တောင်ပံများဖြင့် ငှက်များကဲ့သို့ ပျံသန်းနိုင်သည်။ ရှေ့လက်ရှိ ပထမလက်ချောင်းသည် တိုပြီး လက်သည်းကောက်ပါ၏။ ကျန်လေးချောင်းမှာ အလွန်ရှည်သည်။ နောက်ခြေချောင်း ငါးချောင်းတွင် ရှည်ကောက်သော ခြေသည်းများ ရှိသည်။ ခြေသည်းများကို မွေးမှင်ဖြီးရန်နှင့် သစ်ကိုင်းများ၊ ကျောက်ဆောင်များတွင် တွယ်နေရန် အသုံးပြုသည်။ နေ့တွင် စောက်ထိုးတွဲခိုနေသည်။ ညဥ့် အကြားအာရုံကို အသုံးပြုပြီး ရှေ့လျားပျံသန်းသည်။ အသီးစားလင်းဆွဲများနှင့် 'အင်းဆက်' ပိုးစား လင်းနို့များဟူ၍ အုပ်စုနှစ်ခု ရှိသည်။ လင်းဆွဲများသည် လင်းနို့များထက် ကြီးသည်။



အတောင်ခေါက်ထားသော မြင်းခွာလင်းနို့ကြီး

နားနေသော မြင်းခွာ လင်းနို့ကြီး





အသီးစားလင်းဆွဲ

## အင်းဆက်ပိုးစား လင်းနို့၏ သွားများ

'အင်းဆက်'ပိုးစားလင်းနို့များ၌ အခွံမာ 'အင်းဆက်' ပိုး များ ကို ကြိတ် ဝါး ရန် သွားများရှိသည်။



အပေါ်မှမြင်ရပုံ



ဘေးမှမြင်ရပုံ

## လင်းနို့၏တောင်ပံရိုးများ




လက်ချောင်းလေးချောင်းတွင်ရှိ အရိုးများရှည်ထွက်နေခြင်း ကြောင့် တောင်ပံများကို ပိုမို ဖြန့်ကားနိုင်သည်။

## အသီးစားလင်းဆွဲ၏သွားများ

လင်းဆွဲများ၌ အသီးဝါးခြေရန် သွားများရှိသည်။



အပေါ်မှမြင်ရပုံ



ဘေးမှမြင်ရပုံ



ကမ္ဘာ့ဟောင်းရှိ အမြီးအစွပ်ပါ လင်းနို့သည် ၆ ဆင်တီမီတာခန့် ရှည်၏။ အမြီးသည်အမြှေးပါးမှ ထွက်လာသည်။ အမြီးထိပ်သည် အမြှေးပါး၏ အပေါ်မျက်နှာပြင်မှတွဲကျနေသည်။ မဒါဂါစကာနှင့် အရှေ့တောင်အာရှတွင် တွေ့ရသည်။



အသီးစား လင်းဆွဲသည် အရှေ့တောင်အာရှနှင့် ဩစတြေးလျ အရှေ့ပိုင်း တောများ၌ နေသည်။ သစ်သီးမျိုးစုံကို စားသည်။ ဆင်တီမီတာ ၄၀ ခန့် ရှည်ပြီး အလွန်ကြီးမားသည်။



နှာတံရှည်လင်းနို့၏ နှာခေါင်းပေါက်များသည် ပြွန်သဏ္ဌာန်ရှည်ထွက်နေသည်။ ၅ မှ ၇ ဆင်တီမီတာအထိ ရှည်သည်။ အရှေ့တောင်အာရှတွင် တွေ့ရသည်။



သွေးစုပ်လင်းနို့သည် လူနှင့် အချို့တိရစ္ဆာန်တို့၏သွေးကို စုပ်သည်။ ခွေးရူးပြန်ရောဂါပိုးကို သယ်ဆောင်သည်။ ၎င်းတို့၏ လက်ခြေများကိုအသုံးပြုကာ မြေကြီးပေါ်တွင် လျင်မြန်ပေါ့ပါးစွာပြေးနိုင်သည်။ ၇.၈ ဆင်တီမီတာခန့် ရှည်၏။ ဗဟိုအမေရိကနှင့် တောင်အမေရိကတွင် တွေ့ရသည်။



ရိုးရိုးလင်းနို့သည် ယင်ကောင်နှင့် ပိုးတောင်မာများကို စားသည်။ အိမ်အကြိုအကြားများတွင် အိပ်တန်းတက်သည်။ ၄.၈ ဆင်တီမီတာခန့် ရှည်သည်။ ဥရောပ၊ အာရှအရှေ့ပိုင်းနှင့် အနောက် တောင်ပိုင်းတွင် တွေ့ရသည်။



ဥရောပ၊ အာရှနှင့် အာဖရိက မြောက်ပိုင်းတွင် တွေ့ရသော မြင်းခွာလင်းနို့ငယ်သည် မြင်းခွာလင်းနို့ကြီးနှင့် တူသော်လည်း တောင်ပံအလျား ပိုတိုသည်။





သစ်ရွက်ပုံ နှာဖျားရှိ အမေရိကန်လင်းနို့တွင် ရှည်သော နှာရောင်ရှိ၏။ ရှည်လျားသေးသွယ်သော လျှာဖြင့် ပန်းဝတ်မှုန်နှင့် ဝတ်ရည်များကို စုပ်ယူနိုင်သည်။ ၆.၈ ဆင်တီမီတာခန့် ရှည်၏။ အမေရိက အပူပိုင်းဒေသများတွင် တွေ့ရသည်။

တောင်ပံကောက် လင်းနို့သည် 'အင်းဆက်'ပိုးများကို စား၏။ အရှေ့တောင် အာရှ၊ ဥရောပတောင်ပိုင်း၊ နယူးဂီနီကျွန်းနှင့် ဩစတြေးလျတွင်တွေ့ရသည်။ အရွယ်ငယ်သည်။ ၅.၂ မှ ၆.၈ ဆင်တီမီတာအထိ ရှည်သည်။

# ပရိုင်းမိတ်များ

‘ပရိုင်းမိတ်’မျိုးစဉ်တွင် အပင်နေရှဉ့်များ၊ ‘လီမာ’မျောက်များ၊ မျောက်များ၊ မျောက်ဝံများနှင့် လူများပါဝင်၏။အဆစ်ရှိ ခြေလက်ကြီးများသည် ရှည်ပြီးပျော့ပျောင်း၏။ပြားသော ခြေသည်း၊လက်သည်းများ ပါ၏။ လက်မသည် အခြားလက်ချောင်းများ၏ ထိပ်ဆိုင်၌ရှိသဖြင့် လက်များကို ကျင်လည်လျင်မြန်စွာ အသုံးပြုနိုင်၏။ အခြားသတ္တဝါများနှင့်မတူပဲ အရောင်ကို ခွဲခြားသိနိုင်၏။ မျက်စိနှစ်လုံးသည် မျက်နှာ၏ရှေ့တွင်ရှိသဖြင့် မြင်ကွင်းကျယ်၏။ ဦးခေါင်းကို လွယ်ကူစွာ လှည့်နိုင်သည်။ မေးရိုးများ တို၏။ ဦးခေါင်းခွံကြီး၏။ ဖွံ့ဖြိုးသော ဦးနှောက်ရှိသည်။ လူ၏ဦးနှောက်သည် အဖွံ့ဖြိုးဆုံးဖြစ်သဖြင့် အသိဉာဏ် ပိုမိုမြင့်မားသည်။



ဂျပန်မျောက်များ

## နို့တိုက်သတ္တဝါအချို့၏ ဦးနှောက်ရှိ အမြင်နှင့် အနံ့အာရုံခံ နေရာများ

အောက်ပါ ပုံများတွင် အညိုရောင်သည် အနံ့အာရုံနှင့် ဆိုင်ပြီး အစိမ်းရောင်သည် အမြင်အာရုံနှင့် ဆိုင်သည်။







ပရိုင်းမိတ် များ၏ မိသားစုမျိုးနွယ်စဉ်

‘ပရိုင်းမိတ်’များတွင် လက်မ ထိပ်ဆိုင်ကြောင့် မြဲမြံစွာ ဆုပ်နိုင်သည်။ လူမှလွဲ၍ ကျန်အားလုံးတွင် ထိပ်ဆိုင်ခြေမလည်း ရှိသည်။ လက်ချောင်းများတွင် လက်ဗွေ ရှိသည်။

## လက်များ




## ခြေထောက်များ




‘ပရိုင်းမိတ်’ အများစု၏ လက်သည်းများသည် ပြားနေသည်။



## ပရိုဆီမီအန်များ

ရှေးကျသော 'ပရိုင်းမိတ်'များ ဖြစ်သည့်'လီမာ'မျောက်၊ အပင်နေ ရွှေနှင့် 'တာဆီယာ' များ ပါသည်။'ဆီမီအန်'တို့တွင် လက်သည်းပြားသာ ပါသည်။'ပရိုဆီမီအန်'တို့၏နှာခေါင်းတို့ကို'ပရိုဆီမီအန်' များဟု ခေါ်သည်။ 'ပရိုဆီမီအန်'များသည်'ဆီမီအန်'များနှင့် မျိုးနီးသည် အများအားဖြင့် အောက်မေးရိုးထက် ရှည်သည်။ 'ပရိုဆီမီအန်'သည် ညကျက်စားပြီးသော်လည်း ကွာခြားချက်များ ရှိသည်။ 'ပရိုဆီမီအန်'တို့သည် 'ဆီမီအန်' များလောက် 'ဆီမီအန်'သည် နေ့ကျက်စားသည်။ 'ပရိုဆီမီအန်'တွင် အပင်နေ ရွှေ၊ 'လီမာ' မျောက်၊ အသိဉာဏ် မဖွံ့ဖြိုးချေ။ ခြေလက်များသွက်လက်ခြင်း မရှိ။ လက်သည်းခြေသည်းကောက် 'အိုင်း—အိုင်း'မျောက်၊ 'ဂါလာဂို'၊ မျောက်မောင်းမနှင့် 'တာဆီယာ'တို့ပါဝင်သည်။



'ပေါ့တို'



'ဂါလာဂို'



အပင်နေ ရွှေ



'အင်းဒရစ်'

အပင်နေရွှေသည် ရှဉ့်နှင့် တူသော်လည်း နှာရောင်ရှည်ပြီး နှုတ်ခမ်းမွေးများပါသည်။ ဆူညံသည်။ ဆင်တီမီတာ ၂၀ ခန့်ရှည်သည်။ ရန်လိုတတ်သည်။ အာရှတောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းသစ်တောအတွင်းရှိ သစ်ပင်များပေါ်၌နေသည်။

'ပေါ့တို' သည် ၃၅ ဆင်တီမီတာခန့် ရှည်သည်။ ကိုယ်သည် လုံးဝန်း၏။ မျက်စိများကြီးပြီး နားရွက်ငယ်သည်။ အမွေးထူပြီး ဒရယ်မွေးကဲ့သို့ နူးညံ့သည်။ အာဖရိက အရှေ့ပိုင်းနှင့် အနောက်ပိုင်းရှိ မိုးသစ်တောဘွင် နေသည်။ သီးရွက်စားသတ္တဝါ ဖြစ်သည်။

'အင်းဒရစ်'ကို မဒါဂါစကာတွင် တွေ့ရသည်။ ဆင်တီမီတာ ၉၀ ခန့်ရှည်သည်။ နှာရောင်နှင့် နောက်ခြေများ ရှည်၏။ ခုန်သွားလေ့ရှိသည်။ နေ့ကျက်စားသည်။

'ဂါလာဂို'တောကောင်ငယ်သည် ၁၈ ဆင်တီမီတာခန့်ရှည်သည်။ ကိုယ်လုံးဝန်းပြီး အမွေးထူ၏။ မျက်လုံးနှင့်နားရွက်ကျယ်သည်။အမြီးရှည်ပြီး ဖွာသည်။အသံသည် ကလေးငယ်ငိုသံနှင့် တူ၏။အိမ်များတွင် မွေးမြူလေ့ရှိသည်။ ဆဟာရ သဲကန္တာရ တောင်ပိုင်းတွင် နေသည်။

'တာဆီယာ'သည် ဖိလစ်ပိုင်၊ဘော်နီယို၊ဆူမတြာရှိ သစ်တောများတွင် နေသည်။ 'အင်းဆက်'ပိုး စားသည်။ ကိုယ်လုံးဝန်းသည်။ ကိုယ် ၁၂ ဆင်တီမီတာခန့်ရှည်၏။ အမြီးထိ ၂၅ ဆင်တီမီတာ ရှည်သည်။ မျက်နှာဝိုင်းပြီး မျက် လုံး ကျယ် သည်။ မျက်လုံး သူငယ် အိမ် သည် နေ့တွင် ပင်အပ်ဖျားခန့် ကျဉ်းသွားသည်။

အမြီးရစ်ပါ 'လီမာ' မျောက်သည် နှာထိပ်မှ အမြီးအထိ ၁.၂ မီတာခန့်ရှည်သည်။ 'အင်းဆက်'ပိုးနှင့် သစ်သီးကိုစားသည်။ မဒါဂါစကာကျွန်းရှိ ခြောက်သွေ့ပြီး အပင်နည်း ကျောက်ထူထပ် မြေများ၌ နေသည်။

သေးသွယ်မျောက်မောင်းမသည် ခြေလက်သေးသွယ်သည်။ မျက်လုံးကြီးပြီး နှာရောင်ချွန်သည်။ ဆင်တီမီတာ ၂၀ ခန့် ရှည်သည်။ အိန္ဒိယတောင်ပိုင်းနှင့် သီရိလင်္ကာ၌ တွေ့ရသည်။

'လီမာ'မျောက်ပုမျိုးသည် အရှယ်အငယ်ဆုံး ဖြစ်သည်။ ၂၅ ဆင်တီမီတာ ရှည်သည်။ကြွက်နှင့်တူသည်။ 'အင်းဆက်'ပိုးစားသည်။ မဒါဂါစကာကျွန်း၊ သစ်တောများရှိ ပင်မြင့်များတွင် အသိုက်လုပ်သည်။

'အိုင်း—အိုင်း' မျောက်သည် ဆင်တီမီတာ ၄၀ ခန့် ရှည်သည်။ မဒါဂါစကာအရှေ့ပိုင်းရှိ သစ်တောများ၌ တွေ့ရသည်။ ရှေ့သွားကြီးသည်။ သေးသွယ်သော လက်ချောင်းများ ရှိသည်။ အလယ်လက်ချောင်းသည် ပို၍ သေးသွယ် ရှည်လျားသည်။ ဤလက်ချောင်းဖြင့် တွင်းများရှိ 'အင်းဆက်'ပိုး သားလောင်းများကို ကော်စားသည်။



'တာဆီယာ'



အမြီးရစ်ပါ'လီမာ'မျောက်



'လီမာ'မျောက်ပုမျိုး



သေးသွယ်မျောက်
မောင်းမ



'အိုင်း—အိုင်း'မျောက်

# ကမ္ဘာ့သစ်မျောက်များ

ကမ္ဘာ့သစ်မျောက်များကို အမေရိကတိုက်များ၌သာ တွေ့ရ၏။ 'မာမိုဆက်'၊ 'တမာရင်း' တို့ ပါဝင်သော အုပ်စုနှင့် မျောက်ပင့်ကူ၊ မျောက်သူတော်၊ ရှဉ့်မျောက်၊ အမြီးဖွာ 'ဆာကီ' တို့ပါဝင်သော အုပ်စုဟူ၍ အုပ်စုနှစ်စုရှိသည်။ နှာပေါက်နှစ်ပေါက် နီးကပ်သော ကမ္ဘာဟောင်းမျောက်များနှင့် မတူပေ။ ကမ္ဘာ့သစ် မျောက်များ သည် နှာပေါက် တခုနှင့်တခု ဝေးသည်။ လူထက် သွားလေးချောင်းပိုသည်။ပါးစောင်အိတ်မပါချေ။ဇီးကွက်မျောက်၊ 'ယူကာရီ' မျောက်၊ 'မာမိုဆက်'၊ အမြီးဖွာ 'ဆာကီ'နှင့် 'တမာရင်း' မျောက်တို့မှလွဲ၍ ကျန် မျောက်တို့တွင် တွယ်ချိတ်နိုင်သော အမြီးပါသည်။ နေ့တွင် ပို၍ သွက်လက်စွာ ကျက်စားသည်။ 'အင်းဆက်'ပိုး၊ ငှက်ဥ၊ သီးရွက်များကို စား၏။ မက္ကဆီကို တောင်ပိုင်းမှအာဂျင်တီးနား မြောက်ပိုင်းရှိတောထဲ၌ တွေ့ရသည်။










မျောက်သူတော်သည် မျက်နှာနှင့်ပခုံးမှလွဲ၍ တကိုယ်လုံး မည်းနက်သည်။ ဆင်တီမီတာ ၄၀ ခန့်ရှည်သည်။ ဗဟိုအမေရိကနှင့် တောင်အမေရိက တောတွင်း၌ တွေ့ရသည်။

'ဟောင်လာ'မျောက်သည် ကမ္ဘာ့သစ် မျောက်များတွင် အရွယ် အကြီးဆုံး ဖြစ်သည်။ အောက်မေးရိုးကြီးပြီး လည်ချောင်း ပွသည်။ ၄ ကီလိုမီတာအထိ ကြားအောင် အူနိုင်သည်။ ၅၈ ဆင်တီမီတာခန့် ရှည်၏။ မက္ကဆီကို တောင်ပိုင်းမှ အာဂျင်တီးနား မြောက်ပိုင်းတလျှောက်ရှိ တောထဲ၌ တွေ့ရသည်။

ရှဉ့်မျောက်သည် ဆင်တီမီတာ ၃၀ ရှည်သည်။ အလွန်ပေါပါးသည်။ အမေဇုန် ချိုင့်ဝှမ်းရှိ မြစ်ကမ်းဘေး၌ အုပ်စုဖွဲ့၍ နေသည်။

မျောက်ပင့်ကူသည် အလွန်ကြီးသော ပင့်ကူနှင့် တူသည်။ ၄၅ ဆင်တီမီတာခန့် ရှည်သည်။ မက္ကဆီကိုတောင်ပိုင်းမှ ဥရုဂွေး အထိ သစ်တောများ၌ တွေ့ရသည်။

အမြီးဖွာ 'ဆာကီ'သည် ကိုယ်မွေးရှည်သည်။ မြေခွေးအမြီးကဲ့သို့ အမြီးဖွာရှိသည်။ အမေဇုန်ရှိ သစ်တောများ၌ နေသည်။ ၄၃ ဆင်တီမီတာခန့် ရှည်သည်။ အမြီးဖြင့် တွယ်ချိတ်နိုင်ခြင်း မရှိ။

ညမျောက်သည် ညပိုင်း၌ ကျက်စားသည်။ ဆင်တီမီတာ ၃၀ ခန့် ရှည်သည်။ ဗဟိုအမေရိကနှင့် တောင်အမေရိကရှိ သစ်တောများ၌ နေသည်။ မျက်လုံး အလွန် ကြီးသည်။ နေ့၌ သစ်ခေါင်းအတွင်း၌ နေသည်။

မျောက်မွေးဖွာသည် ဝမ်းနည်းသောအသွင်ရှိသည်။ တွယ်နိုင်သော အမြီးတိုရှိ၏။ သိုးမွေးနှင့် တူသော အမွေးရှိသည်။ အော်ရီနိုကိုဒေသနှင့် အမေဇုန်ချိုင့်ဝှမ်း၌ တွေ့ရသည်။ အသီး အရွက်နှင့် ပန်းများကို စားသည်။ တခါတရံသာ အသားစားသည်။ ၅၅ ဆင်တီမီတာခန့် ရှည်သည်။

'မာမိုဆက်'သည် နားမွေးဖွူနှင့် အဖွေးရစ်အမြီးဖွာရှိသည်။ ၂၂ ဆင်တီမီတာခန့် ရှည်သည်။အမေဇုန် ချိုင့်ဝှမ်း၌ နေသည်။

## ကမ္ဘာဟောင်းမျောက်များ

အမေရိကတိုက်များမှ လွဲ၍ ကျန်တိုက်များတွင် တွေ့ရသော မျောက်များဖြစ်သည်။ နှာပေါက်တခုနှင့်တခု နီးကပ်နေပြီး အောက်ဘက်လှည့်သည်။ ပါးစောင်အိတ်များ ရှိ၏။ တင်ပါးဆုံတွင် အမွေးမဲ့အသားမာ ရှိ၏။အမြီးများသည် တွယ်ချိတ်နိုင်စွမ်းမရှိချေ။ခြေနှင့် လက် အရှည်တူ၏။ လက်များသည် လျင်မြန်ဖျတ်လတ်သည်။ အချို့သည် သစ်ပင်ထက်တွင် နေပြီး အချို့ မြေကြီးပေါ်တွင် နေသည်။ အသီးအရွက်များကိုသာ စား၏။ အချို့ ‘အင်းဆက်’ပိုးများကိုပါ စားသည်။



‘မန်ဒရေး’ မျောက်ကို အာဖရိက အနောက်ပိုင်း သစ်တောများတွင် တွေ့ရသည်။ အထီး၏ပါးသည် ပြာပြီး နှာခေါင်းနီ၏။ နီပြာရောင် တင်ပါးဆုံ ရှိ၏။ ၁.၂ မီတာခန့် ရှည်သည်။ အမသည် အထီးလောက် အရောင်မစုံ၊ အရွယ်လည်း ငယ်၏။ အထီးများသည် ရိုင်းသည်။



နှာမောင်းပါ မျောက်သည် ဘော်နီယိုကျွန်း၏ တောတွင်း ရှိ မြစ်များအနီးတွင် နေသည်။ အထီး၏ နှာခေါင်း သည် ကြီးမားပြီး အောက်ဘက် တွဲကျနေသည်။ အရွယ် အားဖြင့် ဆင်တီမီတာ ၆၀ မှ ၇၅ ထိ ရှည်သည်။



အာရေဗျ ပင်လယ်ကွေ့ရှိ ကျွန်းများ နှင့် အီသီယိုးပီးယားတွင် တွေ့ရသော ‘ ဟာက် မာ ဒ ရိုင်း ယတ် ဘာ ဘွန်း ’ မျောက်သည် မွဲပြာရောင် ဖြစ်သည်။ တုတ်ခိုင်သောကိုယ် ရှိ၏။ လည်ဆံမွေး ရှည်ပြီး အသားရောင် မျက်နှာရှိသည်။ စွယ်သွားများ ကြီးမား၏။ တွယ်တက် နိုင်သော်လည်း မြေပြင် ပေါ် တွင်သာ နေလေ့ရှိသည်။ ၆ ဂ ဆင်တီမီတာခန့် ရှည်သည်။ ရှေး အီဂျစ် လူမျိုး တို့ က ဘာသာ တရား အရ ၎င်း တို့ကို ရိုသေ ကြသည်။

## လူတူမျောက်ဝံများ

ဤမျောက်ဝံကြီးများတွင် လူနှင့်တူသော လက္ခဏာအချို့ ရှိသည်။ လူများကဲ့သို့ မတ်မတ်ရပ်ပြီး လျှောက်သည်။ လက်တံများသည် ခြေတံများထက် ရှည်၏။ လက်များသည် လျင်မြန် ဖျတ်လတ်သည်။ ပါးစောင်အိတ်များ၊ အမြီးများ မရှိချေ။ ၎င်းတို့၏ ဦးနှောက်များသည် မျောက်များ၏ ဦးနှောက်ထက် ပို၍ ဖွံ့ဖြိုးသည်။



‘ဆီအာမိုင်း’ မျောက်လွဲကျော်သည် မျောက်လွဲကျော်များအနက် အကြီး ဆုံးဖြစ်သည်။ ဆင်တီမီတာ ၆၀ ခန့် ရှည်သည်။ အသံအိုးကို ကျယ်နိုင် ကျဉ်းနိုင်သည်။ ကျယ်လောင်သော အသံ ပြုနိုင် သည်။ ဆူမတြာ နှင့် မလေးရှား တောင်တန်းရှိ သစ်တော များတွင် နေသည်။



လူတူ မျောက်ဝံများအနက် မျောက်လွဲကျော်သည် အငယ်ဆုံး ဖြစ်သည်။ ၃ဂ မှ ၇၅ ဆင်တီမီတာထိ ရှည်သည်။ ခြေထောက်ထက် များစွာရှည်သော လက် များဖြင့် ခုန်လွှားနိုင်၊ ကျွမ်းထိုးနိုင်သည်။ အရှေ့တောင် အာရှ သစ်တောများတွင် တွေ့ရသည်။



‘အော်ရန် အူတန်’ လူဝံနှင့် သားငယ်

‘အော်ရန်အူတန်’ ၏ အမိပွာယ်မှာ တောတွင်းလူ ဖြစ်သည်။ နီညိုရောင် ရှိသည်။ ၁.၄ မီတာခန့် ရှိပြီး အလွန်တုတ်ခိုင်သည့် လူဝံ ဖြစ်သည်။ ငယ်စဉ်၌ လူနှင့်အလွန်တူသော်လည်း ကြီးပြင်းလာသောအခါ နဖူးမောက်ပြီး နှာပေါက်များ ကျယ်လာကာ လည်တိုင်ကြီးလာသည်။ ဆူမတြာနှင့် ဘော်နီယိုကျွန်းများရှိ သစ်တောများတွင် နေသည်။







‘ချင်ပင်ဇီ’ မျောက်ဝံသည် အလွန်သိလွယ်နားလည်လွယ်၏။ ဆပ်ကပ်ပြပွဲများတွင် သုံးသည်။ ကျောက်ခဲများ၊ တုတ်များကို အသုံးပြုတတ်သည်။ ၁.၆ မီတာခန့်မြင့်၏။ အာဖရိကတွင် တွေ့ရသည်။

‘ဂေါ်ရီလာ’ သည် မျောက်ဝံများအနက် အကြီးဆုံး ဖြစ်သည်။ ၁.၈ မီတာမြင့်၏။ ၂၀၄ ကီလိုဂရမ် လေးသည်။ အမြင်ဆိုးသော်လည်း အလွန် သိမ်မွေ့သည်။ မဲ့ပြာရောင်‘ဂေါ်ရီလာ’ နှင့် အနက်ရောင်‘ဂေါ်ရီလာ’ နှစ်မျိုးလုံးကို အာဖရိကတွင် တွေ့ရသည်။

# အီဒင်တိတ်များ

ပုရွက်စားကောင်၊ 'ဆလော့'နှင့် 'အမာဒီလို'များသည် 'အီဒင်တေတာ' မျိုးစဉ်တွင် ပါဝင်သည်။ 'အီဒင်တိတ်'၏ အဓိပ္ပာယ်မှာ သွားမဲ့သတ္တဝါ ဟူ၍ဖြစ်သည်။ ပုရွက်စားကောင်များတွင်သာ သွားမဲ့ပြီး ကျန်အုပ်စုဝင်တို့တွင် ကြွေမပါ သွားငယ်များ ရှိကြသည်။ 'အီဒင်တိတ်'များတွင် မြေတူးရန်နှင့် တွယ်တက်ရန် ခြေသည်း၊ လက်သည်းများရှိသည်။ အချို့ မြေပြင်ပေါ်တွင်နေပြီး အချို့ တွင်းများတူးကာ နေ၏။အချို့ အပင်ပေါ်၌ နေသည်။ အများစုကို ဗဟိုအမေရိကနှင့် တောင်အမေရိကဘွင် တွေ့ရသည်။



ပုရွက်စားကောင်ကြီး၏ ကိုယ်နှင့်အမြီးသည် ၁.၂မီတာစီ ရှည်သည်။ဆင်တီမီတာ ၃၀ ရှည်သောလျှာဖြင့် ခြများ၊ ပုရွက်များကို ဖမ်းစားသည်။ ၁နှစ်အရွယ်အထိ သားငယ်များကို ကျောပိုး သယ်ဆောင်သည်။ အမေရိက အပူပိုင်းဒေသတွင် တွေ့ရသည်။

## ပုရွက်စားကောင်ကြီး၏ ဦးခေါင်းခွံ



ပုရွက်စားကောင်၏ ဦးခေါင်းခွံတွင် ဦးနှောက်အိမ်သည် ငယ်သည်။ အပေါ်နှင့်အောက် မေးရိုးတွင် သွားများမရှိချေ။

## ပုရွက်စားကောင်ကြီး၏ လျှာ



ပုရွက်စားကောင်ကြီး၏ လျှာနှင့်ဆက်လျက်ရှိသော ကြွက်သားသည် နံရိုးအိမ်ထိ ရှည်သည်။ ဤကြွက်သားများဖြင့် လျှာကို အသွင်းအထုတ် လုပ်သည်။



ပုရွက်စားကောင်ငယ်သည် ၅၆ ဆင်တီမီတာခန့် ရှိသည်။ ပုရွက်စားကောင်ကြီး၏ ထက်ဝက် အရွယ် ရှိသည်။ နှာရောင် ငယ်ပြီး အမွေး တို၏။ တွယ်ချိတ်နိုင်သော အမြီးရှည် ရှိသည်။ ဗဟိုအမေရိကနှင့် တောင်အမေရိက တွင် တွေ့ရသည်။



ခြေချောင်း နှစ်ချောင်းပါ ပုရွက်စားကောင်သည် ၃၈ ဆင်တီမီတာခန့် ရှည်၏။ တိုသောနှာရောင်နှင့် တွယ်ချိတ်နိုင်သော အမြီး ရှိသည်။ ခြေသည်းကြီးများကို မြေတူးရန်နှင့်တွယ်တက်ရန် အသုံးပြုသည်။ ၎င်းတို့ကို ဘရာဇီး၊ ဂူယာနာနှင့် ဗင်နီဇွဲလားတွင် တွေ့ရသည်။

ခြေချောင်း နှစ်ချောင်းပါ 'ဆလော့'ကို ဘရာဇီး၌သာ တွေ့ရသည်။ ရှေ့ခြေနှစ်ဘက်၌ ခြေချောင်းနှစ်ချောင်းစီ ရှိ၏။ ခြေသည်းရှည်ပြီး ကောက်သည်။ ၆၂ဆင်တီမီတာခန့်ရှည်၏။ခြေချောင်း သုံးချောင်းပါ 'ဆလော့'ထက် လျင်မြန် ဖျတ်လတ်သည်။



ခြေချောင်းသုံးချောင်းပါ 'ဆလော့' သည် ဆင်တီမီတာ၅၀ခန့် ရှည်သည်။ ဖြည်းညင်းစွာ ရွေ့လျားလေ့ရှိသည်။ ၎င်းကို စိတ်ဆိုးအောင် စပါက နာကျင်အောင်ပြန်လုပ်တတ်သည်။ ဗဟိုအမေရိကနှင့် တောင်အမေရိက အပူပိုင်း သစ်တောများ၌ နေသည်။



## အမာဒီလိုများ

'အမာဒီလို'၏ ကိုယ်နောက်ပိုင်းနှင့် ဘေးဘက်များတွင် မာသောအပြားများ ရှိသည်။ ၎င်းအပြားများအကြားတွင် ပျော့ပျောင်းသော အရေပြား ရှိနေသဖြင့် ဘေးရန်တွေ့လျှင် ကိုယ်ကို ဘောလုံးကဲ့သို့ လုံးလိုက်နိုင်သည်။ ကျောဘက်ရှိ လှုပ်ရှားနိုင်သော အရစ်အရေအတွက်ကို ကြည့်၍ အမျိုးအစား ခွဲခြားနိုင်သည်။ ပုရွက်စားကောင်နှင့် မတူသည်မှာ 'အမာဒီလို'များတွင် သွားမြောက်မြားစွာ ရှိခြင်းပင်ဖြစ်၏။ 'အင်းဆက်'ပိုးနှင့် အပင်ငယ်များကို စား၏။ မြေတူး ကျွမ်းကျင်သည်။



အရစ်သုံးခုရှိ'အမာဒီလို'သည် ၃၈ ဆင်တီမီတာခန့် ရှည်သည်။ ဘေးရန်တွေ့လျှင် ပကတိ ဘောလုံးကဲ့သို့ လုံးလိုက်နိုင်သည်။ ဘရာဇီးနှင့် အာဂျင်တီးနားတွင် တွေ့ရ၏။



အရစ်ခြောက်ခုရှိ'အမာဒီလို'သည် ၄၅ ဆင်တီမီတာခန့် ရှည်၏။ ကြီးသောခေါင်း၊ သေးငယ်သောနားရွက်နှင့် အမြီးတိုရှိသည်။ ပါရာဂွေးနှင့် အာဂျင်တီးနားတွင် တွေ့ရသည်။



အရစ်ကိုးခုရှိ'အမာဒီလို'သည် ဆင်တီမီတာ ၆၀ ခန့် ရှည်သည်။နှာရောင်သွယ်၏။နားရွက်ရှည်သည်။ ညအခါ မြက်ခင်းနှင့် သဲကန္တာရစပ်များရှိ 'အင်းဆက်'ပိုးများကို စားသည်။ အာဂျင်တီးနားနှင့် အမေရိကန်ပြည် အနောက်တောင်ပိုင်းတွင် တွေ့ရသည်။



## သင်းခွေချပ်များ

သင်းခွေချပ် (အကြေးပါပုရွက်စားကောင်) များသည် 'ဖိုလီဒိုတာ'မျိုးစဉ်တွင် ပါဝင်သည်။ သွားမပါရှိချေ။ ကျောနှင့် ဘေးဘက်တွင် အကြေးမာပြားများ အထပ်လိုက် ရှိသည်။ အမွေးများသည် အကြေးအသွင် ဖွံ့ဖြိုးနေသည်။ အခြားနို့တိုက်သတ္တဝါများ၏ ချိုများ၊ အမွေးများ၊ လက်သည်း၊ ခြေသည်းများကဲ့သို့ပင် 'ကယ်ရာတင်'ဖြင့် ပြီး၏။ ပုံမှန်အမွေးသည် ကိုယ်၏အောက်ပိုင်း အကြေးများ အကြားတို့တွင် ပေါက်သည်။ သင်းခွေချပ်တို့သည် တိုက်ခိုက်ခံရလျှင် ဘောလုံးကဲ့သို့ လုံး၍ ကာကွယ်နိုင်သည်။



သင်းခွေချပ်ကြီးသည် ၁.၄ မီတာရှည်သည်။ ညဥ့်ကျက်စားသည်။အာဖရိကမြေပြန့်များတွင်နေသည်။



တရုတ်သင်းခွေချပ်သည် ၄၈ ဆင်တီမီတာရှည်သည်။ ပုံတွင် သားငယ်နှင့်အတူ တွေ့ရသည်။ အမြီးကို တွယ်တက်ရန် အသုံးပြုသည်။ ၎င်းကို အာရှတွင် နီပေါမှသည် တရုတ်နှင့် တိုင်ဝမ်အထိ တွေ့ရသည်။



သုံးရစ်ရှိ 'အမာဒီလို' ကဲ့သို့ပင် သင်းခွေချပ်သည် ဘောလုံးကဲ့သို့ လုံးလိုက်နိုင်သည်။



အမြီးရှည် သင်းခွေချပ်သည် ဆင်တီမီတာ ၉၀ ရှည်၏။ တွယ်ချိတ်နိုင်သော အမြီးဖြင့် သစ်ပင်တက်၍ ခါချဉ်ကို စားသည်။ အာဖရိကရှိ အပူပိုင်းသစ်တောများ၌ တွေ့ရသည်။



သင်းခွေချပ်၏ အကြေးပြားများသည် တခုနှင့် တခု ထပ်လျက်ရှိသည်။၎င်းတို့အကြားတွင် ကြမ်းသော အမွေးတိုများ ရှိသည်။

# ယုန်များ၊ တောယုန်များနှင့် ပိုက်ကာယုန်များ

ယုန်၊ တောယုန်နှင့် ‘ပိုက်ကာ’ ယုန်များသည် ‘လာဂိုမော်ဖာ’ မျိုးစဉ်တွင် ပါဝင်သည်။ ကြွက်၊ ရှဉ့်များနှင့် ခြားနားသည်။ ကိုက်ဖြတ် ရှေ့သွားနှစ်စုံသည် အပေါ်မေးရိုးတွင် ရှိသည်။ နောက်ဘက်ရှိ တစုံသည် အသုံးမဝင်ချေ။ ရှေ့ဘက်ရှိ တစုံသည် အသုံးဝင်သည်။ ရှေ့သွားများအစဉ်ထက်လျက် ရှိသည်။ သွားတခုလုံးတွင် ကြွေလွှာရှိသည်။ ကိုက်ဖြတ်စား သတ္တဝါများနှင့် မတူသောအချက်ပင်ဖြစ်သည်။ ကိုက်ဖြတ်စား သတ္တဝါတို့၏ သွားတွင်မူ အပြင်ဘက် မျက်နှာပြင်၌သာ ကြွေလွှာရှိသည်။ ယုန် မျိုးနွယ် များ သည် သစ်သီး သစ်ရွက်များကိုသာ စားသည်။ ‘ပိုက်ကာ’ယုန်များ၌ အမြီးမရှိချေ။ အိမ်မွေးယုန်နှင့် တောယုန်များ၌ အမြီးတိုရှိသည်။ အိမ်မွေးယုန်နှင့် တောယုန်များသည် အုပ်စုဖွဲ့၍ တွင်းအောင်းနေတတ်သည်။ တောယုန်များသည် မြေကြီးထဲရှိ လိုဏ်ခေါင်းများထဲတွင် နေတတ်ကြသည်။

ယုန်များသည် ဝံပုလွေ၊ မြေခွေးစသည့် ရန်သူတို့၏ဘေးမှ ကင်းဝေးရန် ပတ်ဝန်းကျင်နှင့် လိုက်လျောအောင် အရောင်အသွေး ပြောင်းနိုင်စွမ်း ရှိသည်။ ပုတ်သင်ညိုနှင့် ငါးများ၏ အရောင်ပြောင်းခြင်းမျိုး မဟုတ်ပဲ ဥတုအလိုက် ပြောင်းခြင်းမျိုး ဖြစ်သည်။ ဆောင်းရာသီတွင် အမွေးများသည် ဆီးနှင်းကဲ့သို့ ဖြူသည်။ နွေတွင် မြေကြီးနှင့် သစ်ခေါက်တို့ကဲ့သို့ ညိုသည်။



တောယုန်ပြာ



နွေရာသီ အညိုရောင်ကိုယ်   ဆောင်းရာသီ အဖြူရောင်ကိုယ်

တောယုန်များသည် အိမ်မွေးယုန်များထက် နောက်ခြေနှင့် နားရွက် ပိုရှည်သည်။




မွေးကင်းစ အိမ်မွေးယုန်များသည် မလှုပ်ရှားနိုင်၊ အမွေးမပါ၊ မျက်စိလည်း မမြင်။ မွေးကင်းစ တောယုန်များမှာမူ မိနစ်ပိုင်းအတွင်း လှုပ်ရှားနိုင်၏။ မျက်လုံးများ ပွင့်နေ၏။ ကိုယ်လုံးပြည့်အမွေးများပါသည်။




တောယုန်၏အာခေါင်ရိုးပြားသည် အိမ်မွေးယုန်များထက် ကျယ်သည်။




တောယုန်၏အပေါ်မေးရိုး   အိမ်မွေးယုန်၏အပေါ်မေးရိုး

## တောယုန်လှုပ်ရှားပုံ

ခုန်ဆွသွားစဉ် ခြေရာများကျန်ခဲ့ပုံ



ခုန်ပေါက်သွားစဉ် ခြေရာကျန်ခဲ့ပုံ





အိမ်မွေးယုန်



ခုန်လွှားနေသောတောယုန်ညို

‘အင်ဂိုရာ’ ယုန်သည် ၂.၅ ကီလိုဂရမ် လေးသည်။ ပိုးသားကဲ့သို့သော အမွေးရရန် မွေးမြူကြ၏။



ဟိမဝန္တာယုန်သည် ဖြူပြီး နှာရောင်၊နားရွက်များ၊ ခြေထောက်များနှင့် အမြီး မည်းနက်သည်။ ၎င်းကို ဟိမဝန္တာ တောင်တန်း၊ အိန္ဒိယ မြောက်ပိုင်း၊ နီပေါနှင့်တိဘက်တွင်တွေ့ရသည်။ထိုဒေသများတွင် ၎င်းတို့ကို ချစ်စနိုး မွေးကြသည်။ ၁.၅ ကီလိုဂရမ်ခန့်လေးသည်။

‘ကက်စတာ’ ယုန်ကို အမွေးရရန် အမြောက်အမြား မွေးမြူကြ၏။ ကိုယ်အလေးချိန် ၂.၆ မှ ၃.၅ ကီလိုဂရမ်အထိ ရှိသည်။



အိမ်မွေးယုန်ဖြူကို သားမွေး၊ အသားနှင့် သိပ္ပံခန်း၌ စမ်းသပ်ရန်အပြင် အလှမွေးတိရစ္ဆာန်အဖြစ် မွေးမြူကြ၏။ အရွယ်ရောက် ယုန်ဖြူ၏ အလေးချိန်သည် ၂.၆ မှ ၅.၇ ကီလိုဂရမ် အထိ ရှိသည်။

‘ဗယ်လဂျီယန်’ တောယုန်သည် ကြီးထွားနှုန်းနှင့် မျိုးပွားနှုန်း အလွန်မြန်သည်။ အသားစား အဖြစ် မွေးကြသည်။ ၃.၅ ကီလိုဂရမ်ခန့် လေးသည်။

တောယုန်ပြာကို အာရှနှင့် ဥရောပရှိ မြက်ခင်းပြင်များတွင် တွေ့ရသည်။ ဆောင်းရာသီတွင် အမွေးသည် နှင်းကဲ့သို့ ဖြူသည်။ ဆင်တီမီတာ ၅၀ ခန့်ရှည်သည်။



တောယုန်ညိုသည် ဆင်တီမီတာ ၆၀ ခန့် ရှည်သည်။ နားရွက်ထိပ်များမည်းသည်။မြက်နှင့်သစ်ရွက်များကို စားသည်။ ဥရောပနှင့် အာရှမြက်ခင်းပြင်များတွင် တွေ့ရသည်။

‘ပိုက်ကာ’ယုန်သည် ၁၅ ဆင်တီမီတာခန့်ရှည်သည်။ သေးငယ်ပြီး အမြီး မရှိချေ။ နားရွက် တိုသည်။ ခြေလေးချောင်း အရှည်တူညီ၏။ လေချွန်သံပေး တောယုန်ဟုလည်း ခေါ်သည်။ အသံ အမျိုးမျိုး ပြုတတ်သည်။ ဆိတ်မြည်သံကဲ့သို့လည်း ပြုတတ်သည်။ အာရှအလယ်ပိုင်းနှင့် မြောက်အမေရိကရှိ မြင့်မားသောတောင်တန်းများတွင် တွေ့ရသည်။



ဝါဂွမ်းလုံးပုံ အမြီးဖြူရှိ အိမ်မွေး ယုန်သည် ၃၂ ဆင်တီမီတာခန့် ရှည်သည်။ မြောက်အမေရိကတွင် တွေ့ရ၏။ ၎င်း၏သားမွေးကို သက္ကလတ် ဦးထုပ်ပြုလုပ်သည်။

# ကိုက်ဖြတ်စား သတ္တဝါများ (ကိုက်ဖြတ်စား နို့တိုက်သတ္တဝါများ)

ကြွက်၊ ရှဉ့်၊ ဖြူကောင် စသည့် နို့တိုက်သတ္တဝါအများစုသည် 'ရိုးဒင့်' ခေါ် ကိုက်ဖြတ်စား သတ္တဝါများဖြစ်ပြီး 'ရိုဒင်းရှား'မျိုးစဉ်တွင် ပါဝင်သည်။ ၎င်းတို့၏ မေးရိုးတိုင်းတွင် ရှေ့သွားတစုံသာ ပါသည်။ သွားရှေ့ဘက်ခြမ်းတွင် ကြွေပါရှိ၏။ ကိုက်ဖြတ်နိုင်သော သွားစောင်းသည် အမြဲချွန်ထက်နေသည်။ စွယ်သွား မပါရှိချေ။ ရှေ့သွားနှင့် အံသွားများ အကြားတွင် ကွက်လပ်ဖြစ်နေသည်။ အများစုတွင် ကြီးမားသော 'ဆီကမ်'ခေါ် တဘက်ပိတ်အူရှိပြီး 'ဆယ်လူလို့'ကို ခြေဖျက်နိုင်သည်။ ၎င်းတို့ကို အန္တာတိကနှင့် နယူးဇီလန်မှလွဲ၍ ကမ္ဘာအနှံ့အပြားတွင် တွေ့ရသည်။



ရှဉ့်



လယ်'ဗိုး'ကောင်

ရှဉ့်ဦးခေါင်းခွံ



ဖြူကောင်၏ ဦးခေါင်းခွံ



ကြွက်၏ ဦးခေါင်းခွံ



## မေးရိုးကြွက်သားများ

မေးရိုးကြွက်သားများသည် ကိုက်ဖြတ်စားရန် အတွက်ဖြစ်သည်။ နို့တိုက်သတ္တဝါတို့ရှိ အစာဝါး ကြွက်သားသည် ပါးရိုးမှ အောက်မေးရိုးသို့ စန့်ထွက်သည်။ ဆင့်ကဲ ဖြစ်စဉ်တွင် ကြွက်သားသည် နှာရောင်ထိ စန့်ထွက်သည်။

ရှဉ့်များတွင် ၎င်းကြွက်သားသည် ပါးရိုး၏ ရှေ့ဘက်မှ နှာရောင်သို့ စန့်ထွက်နေသည်။ (အပြာတန်းဖြင့် ပြထားသည်။)

ဖြူကောင်များတွင်မူ ၎င်းကြွက်သားသည် မျက်စိပေါက်ကို ဖြတ်၍ နှာရောင်သို့ စန့်ထွက်နေသည်။ (အနီတန်းဖြင့် ပြထားသည်။)

ကြွက်များတွင်မူ ၎င်းကြွက်သားနှစ်ခုစလုံးသည် နှာရောင်သို့ စန့်ထွက်နေသည်။

## ရှေ့သွားများ

အပေါ်အောက် ရှေ့သွားများ အမြဲကြီးထွားနေသည်ကို လိုအပ်သည်ထက် ရှည်မသွားစေရန် (သတ္တုကိုပင် ဖြစ်စေ) အမြဲ ကိုက်ဖြတ်နေရသည်။

အောက်ရှေ့သွားကျိုးလျှင် ကြာရှည်မကိုက်ဖြတ်နိုင်ချေ။ အပေါ်ရှေ့သွား ဆက်လက်ရှည်ထွက်လာပြီး အာခေါင်မိုးကို ထိုးဖောက်နေလျှင်လည်း အစာ မစားပဲ သေတတ်သည်။




## မြက်ဗိုးကောင်များ နေသည့်နေရာ

မြက်'ဗိုး'ကောင်သည် မြေအောက်လိုဏ်များ ဖောက်လုပ်ပြီး အသိုက်၊ အညစ်အကြေးစွန့်ခန်းနှင့် အစာသိုလှောင်ခန်းများ ပြုလုပ်သည်။






ရှဉ့်နီသည် ကိုယ်နီညိုပြီး ဝမ်းဗိုက်ဖြူသည်။ အမွေးထူနားရွက်များ ရှိ၏။ ၄၅ ဆင်တီမီတာခန့် ရှည်၏။ သစ်သီး၊ သစ်စေ့ကိုစားသည်။ ဆောင်းစာ သိုလှောင်တတ်၏။ ဥရောပနှင့် အာရှတွင် တွေ့ရသည်။



'ဗီဗာ'

'ဗီဗာ'သည် ကမ္ဘာ့မြောက်ဘက်ခြမ်းတွင် အကြီးဆုံး ကိုက်ဖြတ်စားသတ္တဝါဖြစ်သည်။ သန်မာသော ကိုယ် ရှိ၏။ အမြီးရှည် ဆင်တီမီတာ ၃၀ အပါအဝင် ၁၀၅ ဆင်တီမီတာထိ ရှည်သည်။ အမြီးသည် ပြားကျယ်ပြီး အကြေးများပါ၏။ အမြီးကို မြေတွင် ကျားကန် သကဲ့သို့၊ ရေတွင် လှော်တက်ကဲ့သို့ သုံးသည်။ ဘေးရန်တွေ့လျှင် ရေတွင် အမြီးကို ရိုက်ခတ်ပြီး အခြား'ဗီဗာ'များကို သတိပေးသည်။ ရှေ့လက်ချောင်းများသည် တွင်းတူးရန်နှင့် နောက်ခြေများသည် ရေကူးရန်အရေပြားများ တွဲဆက်နေသည်။ ရေနေသတ္တဝါဖြစ်၏။ သစ်ကိုင်း၊ ကျောက်တုံး၊ ရွှံ့များဖြင့် စမ်းချောင်းများကို ပိတ်ဆို့တတ်၏။ တုတ်၊ သစ်ခက်၊ ရွှံ့များဖြင့် အသိုက်လုပ်သည်။ ရေပေါ်တွင် ဝင်ပေါက်တစ်ခု၊ ရေအောက်တွင် တစ်ခု ရှိသည်။ 'အက်စပင်'၊ မိုးမခနှင့် 'ဗတ်'ပင်တို့၏အခေါက်များကို အဓိကစားသည်။ မြောက်အမေရိက၊ ဥရောပနှင့် အာရှတွင် တွေ့ရသည်။



မြက်'ဗိုး'ကောင်

မြက်'ဗိုး'ကောင်သည် ၁၀ ဆင်တီမီတာခန့် ရှည်၏။ သစ်ဥသစ်ဖုစား၏။ ယူရေးရှားနှင့် မြောက် အမေရိကတွင် တွေ့ရသည်။



'ကင်ဂရူး'ကြွက်



'လမ်မင်'

'လမ်မင်'သည် ၁၅ ဆင်တီမီတာခန့် ရှည်သည်။ ဥရောပမြောက်ပိုင်းနှင့် မြောက်အမေရိက အအေးပိုင်းတွင် နေသည်။ ရေကန်၊ စမ်းချောင်း၊ မြစ်များကိုဖြတ်ကာ ရွှေ့ပြောင်းကြသည်။ ပင်လယ်နှင့် ရေပြင်ကျယ်များကို ဖြတ်သည့်အခါ အစုလိုက် သေတတ်ကြသည်။

'ကင်ဂရူး'ကြွက်တွင် အသင့်အတင့် ကြီးသော ခေါင်း ရှိသည်။ ရှေ့လက်များ သေးငယ်ပြီး နောက်ခြေများ အလွန်ရှည်၏။ ၂ မီတာအထိ ခုန်နိုင်စွမ်းရှိသည်။ ၁၀ မှ ၁၈ ဆင်တီမီတာအထိ ရှည်သည်။ အမေရိကန်ပြည် အနောက်တောင်ပိုင်း သဲကန္တာရများတွင် တွေ့ရသည်။

ကြွက်ကတိုးသည် ၂၂ မှ ၃၆ ဆင်တီမီတာခန့် ရှည်၏။ ရေနေသတ္တဝါဖြစ်သည်။ မြစ်ကမ်းတလျှောက်ရှိ ရွှံ့နွံများတွင် အသိုက်လုပ်သည်။ မူလက မြောက်အမေရိကမှလာပြီး ယခုအခါ ဥရောပနှင့် ဆိုဗီယက်ပြည်ထောင်စုတွင် တွေ့ရသည်။

အရှေ့ပိုင်း'ချစ်မန့်'ရှဥ့်သည် ၁၇ ဆင်တီမီတာခန့် ရှည်၏။ အမြီးသည် ၁၀ ဆင်တီမီတာ ရှိသည်။ ကျောဘက်တွင် ပခုံးမှ အမြီးရင်းထိ ထင်ရှားသော အစင်းကြောင်း ငါးခု ရှိသည်။ ၎င်းသည် ချုံဖုတ်နှင့် မြက်ပင်ရိုင်းများတွင် တွင်းတူး၍ဖြစ်စေ၊ သစ်ခေါင်းများတွင် ဖြစ်စေ၊ ချုံများ၊ မြက်ပင်ရှည်များကြားတွင် တွင်းတူး၍ဖြစ်စေ နေတတ်သည်။ အမေရိကန်ပြည် အရှေ့ပိုင်းနှင့် အာရှအလယ်ပိုင်း၏ မြောက်ဘက်တွင် တွေ့ရသည်။



ကြွက်ကတိုး



အရှေ့ပိုင်း'ချစ်မန့်'ရှဥ့်

## ရှဥ့်ပျံများ

ရှဥ့်ပျံများသည်ညဘက်တွင် ကျက်စားသည်။ အာရှ၊ မြောက်အမေရိက၊ ယူရေးရှားတွင် တွေ့ရသည်။ ၎င်းတို့သည် စင်စစ် မပျံသန်းနိုင်ချေ။ လေဟုန်သာစီးတတ်သည်။ ရှေ့လက်နှင့် နောက်ခြေအကြားတွင်တွယ်ဆက်နေသော အရေပြားသည် အတောင်သဖွယ် အသုံးဝင်၏။ သစ်တပင်မှတပင်သို့ လေဟုန်စီးနိုင်သည်။ တချို့ကြီးမားသော ရှဥ့်ပျံများသည် တောင်ကုန်းထိပ်မှ ကီလိုမီတာဝက်ခန့် အကွာထိ လေဟုန်စီးနိုင်သည်။



အမြီးအကြေးပါ ရှဥ့်ပျံသည်မွေးထူအမြီးအောက်ဘက်၌ အကြေးလွှာရှိခြင်းကြောင့် ပင်စည်ကိုကုပ်တွယ်နိုင်၏။ အာဖရိကၥ်တွေ့ရသည်။ ၂၈ ဆင်တီမီတာအထိ ရှည်သည်။



ရှူးပျံခေါ် ရှဥ့်ပျံကြီးသည် ၂၇ မှ ၄၉ ဆင်တီမီတာအထိ ရှည်သည်။ အာရှသစ်တောများတွင် နေသည်။

ကမ္ဘာ့ဟောင်း လယ်ကြွက်မျိုးသည် ၆.၃ ဆင်တီမီတာခန့် ရှည်၏။ တွယ်ချိတ်နိုင်သော အမြီးသည် ကိုယ်အရှည်နှင့်ညီ၏။ မြက်ပင်နှင့် ပြောင်းရိုးများပေါ်တွင် နေ့ညဆင်းတက်နေတတ်၏။ သစ်စေ့သစ်နှံနှင့် 'အင်းဆက်'ပိုးများကို စား၏။ ဥရောပ၊ အာရှမြောက်ပိုင်းနှင့် တရုတ်တွင် တွေ့ရ၏။

သစ်တောကြွက် (အမြီးရှည် လယ်ကြွက်) သည် ၈.၈ ဆင်တီမီတာခန့်ရှည်ပြီး အမြီးနှင့်ကိုယ် အရှည်တူ၏။ ခုံမာသီး၊ ဝက်သစ်ချသီး၊ 'ဗယ်ရီ'သီးများကို စား၏။ ၎င်းကို ဥရောပ၊ အာဖရိကမြောက်ပိုင်းနှင့် အာရှရှိ သစ်တောများ၊ ဥယျာဉ်များနှင့် စိုက်ပျိုးမြေများတွင်တွေ့ရသည်။

ပီရူးမှ စတင်ရောက်ရှိလာသည့် ပူးအမျိုးအစားပေါင်းများစွာရှိ၏။ ၂၅ ဆင်တီမီတာခန့် ရှည်၏။ အမြီးအလွန်တို၏။ အချို့သည် အမွေးရှည်ပြီး အချို့တို၏။ လိပ်ခွေနေသော အမွေးရှိ၏။ အမွေးမှာ အဝါ၊ အဖြူ သို့မဟုတ် နှစ်ရောင်စပ် ဖြစ်၏။

အိမ်ကြွက်သည် ၁၅ မှ ၂၄ ဆင်တီမီတာထိ ရှည်၏။ ကမ္ဘာ့အနှံ့အပြားတွင် တွေ့ရ၏

အိမ်ကြွက်ငယ်သည် မီးခိုးရောင်ဖြစ်ပြီး ၇ မှ ၁၀ ဆင်တီမီတာထိ ရှည်၏။ ကမ္ဘာ့အနှံ့အပြားတွင်တွေ့နိုင်၏။



သစ်တောကြွက်

ကမ္ဘာ့ဟောင်းလယ်ကြွက်မျိုး





ပူး



အိမ်ကြွက်ငယ်



အိမ်ကြွက်



ကြွက်ကြီး



'ပက်တာဂိုနီယန်' တောယုန်



ဆူးထူ'အမမ်မီ'ကြွက်

ကြွက်ဖြူငယ်





ကြွက်ဖြူကြီး

မြီးတိုပါးတွဲရွှေရောင်ကြွက်



'ပက်တာဂိုနီယန်' တောယုန်သည် တောင်အမေရိကတွင် နေ၏။ နောက်ခြေရှည်၏။ လျင်မြန်၏။ ဆင်တီမီတာ ၈၀ ခန့် ရှည်သည်။

ကြွက်ကြီးသည် ၄၅ ဆင်တီမီတာ ရှည်သည်။ အမွေးတိုပြီးပါး၏။ အမွေးမဲ့ အမြီးရှည်ရှိသည်။ အာဖရိကတွင် ရှိသည်။

ဆူးထူ'အမမ်မီ'ကြွက်ကို ဂျပန်ရှိ အမမ်မီနှင့် အိုကီနာဝါကျွန်းတွင်သာ တွေ့ရသည်။ ၁၂ မှ ၁၈ ဆင်တီမီတာအထိ ရှည်၏။

ကြွက်ဖြူငယ်သည် ၁၀ ဆင်တီမီတာခန့် ရှည်၏။ လက်တွေ့စမ်းသပ်ရန်မွေးသည်။ မျက်လုံးနီသည်။ နားရွက်၊ ခြေထောက်နှင့် အမြီးသည် ပန်းရောင်ဖြစ်၏။ အိမ်ကြွက်မျိုးဖြစ်သည်။

ကြွက်ဖြူကြီးကို သိပ္ပံပညာရှင်များက ဓာတ်ခွဲခန်း စမ်းသပ်မှုအတွက် မွေးသည်။

မြီးတိုပါးတွဲ ရွှေရောင် ကြွက်သည် ၁၂ မှ ၁၆ ဆင်တီမီတာအထိ ရှည်သည်။ ဆီးရီးယားမှ လာသည်။ ယခုအခါကမ္ဘာ့အနှံ့အလှမွေး၏။ လက်တွေ့ခန်း၌လည်း သုံးသည်။

ဖြူကောင်သည် ဥရောပ၊ အာဖရိကနှင့် အာရှတွင် နေသည်။ ဆင်တီမီတာ ၆၀ မှ ၈၀ ထိ ရှည်ပြီး အမွေးကြမ်းများ၊ ဆူးများ ရှိသည်။ ကျောပေါ်ရှိ ဆူးရှည်များတွင် အနက်နှင့် အဖြူစက်များ ရှိသည်။ ဆူးများကို ထောင်ပြီး နောက်သို့ တွန်းထိုး၍ ရန်သူကို ခုခံတတ်သည်။ ညဥ့်ကျက်စားသည်။

'ကနေဒီယန်' ဖြူကောင်သည် မြောက်အမေရိကတွင် နေသည်။သစ်ပင်တက်ကျွမ်း၏။ ၆၃ မှ ၈၅ ဆင်တီမီတာထိ ရှည်၏။ ညိုနက်ရောင် အမွေးရှည်များ၊ ဖြူဝါရောင် ဆူးရှည်များ ရှိသည်။

ဝက်မှင်ဘီးပုံအမြီးရှိ မလေးယားဖြူကောင်ကို အရှေ့တောင် အာရှတွင် တွေ့ရသည်။ ဆင်တီမီတာ ၆၀ ခန့် ရှည်၏။ အမြီး သည် ဆင်တီမီတာ ၃၀ ရှည်၏။ အမြီးတွင် အကြေးများ ရှိ၍ အဖျားပိုင်းတွင်သာ ဝက်မှင်ဘီးပုံ ဆူးများရှိသည်။

သစ်ပင်တက် ဘရာဇီးဖြူကောင်သည် တောင် အမေရိကနှင့် မက္ကဆီကိုတွင်နေသည်။ ဆင်တီမီတာ ၆၀ခန့် ရှည်သည်။ ဆူးတိုများပါသည်။ တွယ်ချိတ်နိုင်သော အမြီးရှည်ဖြင့် သစ်ပင်တက်သည်။



ဖြူကောင်



ကနေဒီယန်ဖြူကောင်



ဝက်မှင်ဘီးပုံအမြီးရှိ မလေးယားဖြူကောင်



သစ်ပင်တက် ဘရာဇီးဖြူကောင်



'ကွိုင်ပူ'



တောင်အမေရိကန် 'ကပီဗရာ'



'ချင်ချီလာ'



'အဂူတီ'



အီဂျစ်'ဂျာဗိုး'ကောင်

'ကွိုင်ပူ' (နယူထရီယာ) သည် ရေနေ သတ္တဝါ ဖြစ်သည်။ဆင်တီမီတာ ၆၀ ခန့် ရှည်ပြီး ကိုယ် တုတ်ခိုင်သည်။နောက်ခြေတွင်အရေပြားရှိသည်။အကြေးပါ အမြီးရှည်လည်း ရှိသည်။

တောင်အမေရိကန်'ကပီဗရာ'သည် ၁.၂မီတာ ရှည်ပြီး ၅၃ ဆင်တီမီတာ မြင့်သည်။

'ချင်ချီလာ' ကိုအမွေးရရန် မွေးမြူကြသည်။ ပိုးသားကဲ့သို့ ပျော့ပျောင်းသည်။ ၂၄ မှ ၂၈ ဆင်တီမီတာထိ ရှည်သည်။ ပီရူးပြည် အင်ဒီးဒေသ၌ တွေ့ရသည်။

တောင်အမေရိကရှိ **'အဂူတီ'** သည် ဆင်တီမီတာ ၄၀ မှ ၅၀ ထိရှည်သည်။ ကိုယ်တုတ်ခိုင်ပြီး အမြီးတိုသည်။

အီဂျစ်'ဂျာဗိုး'ကောင်သည်ဆင်တီမီတာ ၂၀မှ၃၀ထိ ရှည်သည်။ အလွန်ရှည်၍ သန်မာသော နောက်ခြေ၊ ကိုယ်ထည်ထက် ပိုရှည်သော အမြီးရှိသည်။ ရေမရပဲ အချိန်အတော်ကြာ အသက်ရှင်နိုင်သည်။ အခုန်သန်သည်။

# ဝေလငါးများ၊ လင်းပိုင်များ နှင့် လင်းပိုင်ခေါင်းတိုများ

ဝေလငါး၊ လင်းပိုင်နှင့် လင်းပိုင်ခေါင်းတိုများသည်'ဆီတေးရှား' မျိုးစဉ်တွင်ပါဝင်သည့်နို့တိုက်သတ္တဝါများ ဖြစ်သည်။ ငါးများကဲ့သို့ပင် ရေနေသတ္တဝါများ ဖြစ်သည်။ အပြင်နားနှင့် နားခေါင်းပေါက် မပါချေ။ လည်ပင်း တိုလွန်း၍ ခေါင်းနှင့်ကိုယ် တဆက်တည်းရှိသည်ဟု ထင်ရသည်။ ရှည်သွယ်သော ကိုယ်ထည်ရှိသည်။ နှုတ်ခမ်းပေါ်ရှိ အမွေးအချို့မှလွဲ၍ အမွေးမရှိ။ ရေထဲတွင် လျင်မြန်စွာ လှုပ်ရှားနိုင်၏။ နောက်ခြေများမရှိ။ ရှေ့လက်များသည် ရေယက်အဖြစ် ဖွံ့ဖြိုးနေသည်။ တပြေးညီ ရေယက်ပုံ အစွန်းနှစ်ခုကို ဝေလငါးအမြီးဟု ခေါ်သည်။ ဦးခေါင်းထိပ်တွင် လေမှုတ်ပေါက် ခေါ် လေရှူ၊ လေထုတ်ရန်အပေါက် တစ်ခု ရှိသည်။ ရေအောက်တွင် အချိန်ကြာကြာ နေနိုင်သော်လည်း ရေပြင်ပေါ် တက်၍ အသက်ရှူရသည်။ ၎င်းတို့၌ ထူသောအဆီပြင် တစ်ထပ်ရှိပြီး ကိုယ်ကို နွေးစေသည်။ သားငယ်များကို ပင်လယ်ပြင်တွင် မွေးပြီး အခြားနို့တိုက်သတ္တဝါများကဲ့သို့ပင် နို့တိုက်သည်။



'ရစ်ဆို'လင်းပိုင်များ



ရိုးရိုးလင်းပိုင်

## ရေစစ်ပါ ဝေလငါးများ

ရေစစ်ပါဝေလငါးသည် အလွန်ကြီး၏။ အပေါ်မေးရိုးတွင် သွားများအစား ရေစစ်များ ရှိသည်။ အာခေါင်ဘေးတွင် 'ကယ်ရာတင်' ဖြင့်ပြီးသော ရေစစ်သဖွယ် တွဲဂံပုံ အပြား ရှိသည်။ ၎င်းသည် ပါးစပ်ထဲသို့ ရေနှင့်အတူပါ ပုစွန်ဆိတ်ငယ်များ၊ အကောင်ငယ်များကို သီးခြား စစ်ယူရာ၌ အသုံးဝင်သည်။

## သွားပါ ဝေလငါးများ

သွားပါ ဝေလငါးများသည် ရေစစ်ပါ ဝေလငါးများထက် ငယ်သည်။ မေးရိုးတွင် ကတော့ပုံ သွားများရှိသည်။ 'စပမ်း'ဝေလငါး၏ အောက်မေးရိုး၌ သွား ၄၀ ခန့် ရှိသည်။ 'နာဝါ' ၏ အပေါ်မေးရိုး၌ သွားနှစ်ချောင်းသာ ရှိသည်။

## ဝေလငါးအမျိုးမျိုး၏ ရေနှာမောင်းများ

ဝေလငါးများသည် လေမှုတ်ပေါက်မှ လေရှူ၏။ ရေမငုပ်မီ အဆုတ်ပြည့်အောင် လေကိုတဝရှူထားကြသည်။ ရေပေါ် မကြာခဏ တက်ရန် မလိုချေ။ ရေပေါ် တက်စဉ် ပူနွေး စွတ်စိုသော လေကို အပြင်သို့ တအား မှုတ်ထုတ်ရာမှ ရေနှာမောင်းပုံဖြစ်သွားသည်။




ရေစစ်ပါဝေလငါးတွင် အပေါ်မေးရိုးမှ အောက်ဘက်တွဲကျနေသော ရေစစ်များ ရှိသည်။




သွားပါဝေလငါးတွင် ကတော့ပုံ သွားများ၌ ကြွေမပါရှိချေ။

ဝေလငါးသည် မိမိသွားပုံနှင့် ကိုက်ညီသော အစာကိုသာ စားသည်။ စိတ်ဝင်စားဖွယ်မှာ အကြီးဆုံးဝေလငါးသည် အသေးဆုံးအစာကောင်ကိုသာ စားခြင်းဖြစ်သည်။





ရိုးရိုး ဝေလငါးသည် ရေစစ်ပါဝေလငါးမျိုး ဖြစ်၏။ ၁၂ မှ ၁၇ မီတာထိ ရှည်သည်။ အာတိတ်၊ အတ္တလန္တိတ် မြောက်ပိုင်းနှင့် ပစိဖိတ်သမုဒ္ဒရာတွင် တွေ့ရသည်။



'စပမ်း'ဝေလငါးတွင်သွားများရှိ၏။ ကျောဘက်ရေယက်မရှိ။ ၁၅ မှ ၂၀ မီတာထိ ရှည်၏။ ၃ ပုံ ၁ ပုံခန့်သည် ဦးခေါင်းပိုင်းဖြစ်သည်။ သမုဒ္ဒရာတိုင်း၌လိုပင်တွေ့ရသည်။



ဝေလငါးပြာသည် ရေစစ်ပါ ဝေလငါးမျိုး ဖြစ်၏။ အကြီးဆုံး ဝေလငါးမျိုးဖြစ်ပြီး ၂၄ မှ ၃၀ မီတာထိ ရှည်၏။ သမုဒ္ဒရာတိုင်းတွင် တွေ့ရသည်။

ကျောခုံးဝေလငါးသည် ၁၀ မှ ၁၇ မီတာအထိ ရှည်သည်။ ၄ မီတာရှည်သော ရေယက်များ ပါသည်။



'နာဝါ'သည် ၄.၈ မီတာခန့် ရှည်သည်။ မီးခိုးဖျော့ရောင် ရှိပြီး ကျောပေါ်တွင် အနက်ပြောက်များ ပါသည်။ အထီးတွင်ရှိသည့် ၂.၄ မီတာရှည် ခရုပတ်အစွယ်သည် ပါးစပ်မှ ငေါ်ထွက်နေသော အလွန်ကြီးမားသည့် သွားတစ်ချောင်း ဖြစ်သည်။





'ဗားယတ်'နှုတ်သီးဝေလငါးသည် ၉ မှ ၁၁ မီတာထိရှည်သည်။ ပြည်ကြီးငါးနှင့် ငါးကို စားသည်။ သမုဒ္ဒရာတွင် ရှိသော်လည်း မြင်ရခဲသည်။



လင်းပိုင်၏ ခေါင်းပိုင်းတွင် နှုတ်သီးပါသည်။ ကိုယ်ဘေးတွင် မီးခိုး၊အဝါနှင့် အဖြူစင်းများ ရှိသည်။ ၂ မီတာခန့် ရှည်သည်။ သမပိုင်းနှင့် ပူနွေးသော ပင်လယ်များတွင်တွေ့ရသည်။ 'ဟဲရင်း'ငါးများကို စားသည်။



လင်းပိုင်ခေါင်းတိုတွင် တူးရွင်းပြားပုံ သွားများပါရှိသည်။ ကျောဘက် ရေယက်သည် ကိုယ် အလယ်၏နောက်နား၌ကပ်လျက်ရှိသည်။ ၁.၈ မီတာ ရှိသည်။

## ဝေလငါးနှင့် လင်းပိုင်များ၏ ပူးပေါင်းဆောင်ရွက်မှု

၎င်းတို့သည် အုပ်စုဖွဲ့နေ နို့တိုက် သတ္တဝါများ ဖြစ်သည်။ မြောက်မြားစွာ အုပ်စုဖွဲ့၍ နေတတ်ကြသည်။ လုံခြုံမှုနှင့် ကာကွယ်မှုအတွက် အုပ်စုတွင်း အသင့်ပြင်ဆင်မှုရှိသည်။ ညအခါ အနားယူချိန်၌ သားငယ်များကို အလယ်တွင်ထားကာ သားစားကောင်များ၏ရန်မှ ကာကွယ်သည်။ သက်ကြီးကောင်များသည် အသင့်အနေအထားရှိသည်။ ဘေးရန်တွေ့ပါက သတိပေးသံပြုပြီး အုပ်စုကို ကာကွယ်ရန် အသင့်နေရာယူပြီး ဖြစ်ကြသည်။ လာရောက်ခြိမ်းခြောက်သည့် သားကောင်များကို တိုက်ခိုက်သတ်ဖြတ်ကြသည်။ အခြားသတ္တဝါများကဲ့သို့ ဒဏ်ရာရသူကို စွန့်ပစ်ထားခြင်း၊ သတ်ဖြတ်ခြင်းမပြုပဲ ဒဏ်ရာရသော အဖော်များကို ရေပေါ်သို့ တွန်းတင်ပြီး ပြုစုရန် အသိရှိကြသည်။

ငါးမန်းနှင့်လူတို့သည် ၎င်းတို့၏ အကြီးမားဆုံး ရန်သူများဖြစ်ကြသည်။ ငါးဖမ်းသမားများက လင်းပိုင်ကို ဖမ်းဆီးသတ်ဖြတ်မိပါက ကံမကောင်းဟု အယူရှိ၍ တမင်မဖမ်းကြသော်လည်း ပိုက်အတွင်းသို့ မတော်တဆဝင်မိသော လင်းပိုင်များသည် ရေမွန်းသေကြ၏။ ဝေလငါးကိုမူ ၎င်း၏အဆီပြင်၊ ရေစစ်ပိုင်းနှင့် အသား စသည်အပြင် အဖိုးတန်ရေမွှေး ပြုလုပ်ရန်အတွက် ဝေလငါးဖယောင်းနှင့် ငါးကြီးအန်ဖတ် ရရှိရန် နှစ် ရာပေါင်းများစွာ ဖမ်းဆီးခဲ့ကြ၏။ ထို့ကြောင့် ဝေလငါးမျိုးစိတ်များသည် ယခုအခါ အလွန်ရှားပါးနေပြီး ပျောက်ကွယ်သွားမည်ကိုပင် စိုးရိမ်ကြရသည်။ ၎င်းတို့ကို ကာကွယ်ရန် ဝေလငါးဖမ်း ဥပဒေများကို တင်းကျပ်စွာ ပြဋ္ဌာန်းထားသည်။

# သားစားကောင်များ (သားစားနို့တိုက် သတ္တဝါများ)

ဝက်ဝံ၊ ခွေး၊ ကြောင်၊ ပင်လယ်ဖျံနှင့် အစွယ်ပါ ပင်လယ်ဖျံကြီးများသည် 'ကာနီဗိုးရား'မျိုးစဉ်တွင် ပါဝင်သည်။ သားစားနို့တိုက်သတ္တဝါများ ဖြစ်သော်လည်း အချို့သည် အစုံစားသည်။ ဝက်ဝံ၊ ခွေး၊ ကြောင်ကဲ့သို့ လှုပ်ရှားနိုင်သည့် ခြေချောင်းငယ်ပါ သတ္တဝါအုပ်စုနှင့် ဖျံများ၊ 'ဆီးလိုင်းယန်း' ဖျံမျိုးများ၊ အစွယ်ပါ ပင်လယ်ဖျံကြီးများကဲ့သို့ ရေယက်ပုံ ခြေထောက်ပါ သတ္တဝါအုပ်စု ဟူ၍ နှစ်မျိုးရှိ၏။ သားစားကောင်များတွင် ခြေသည်းပါ ခြေချောင်း လေးချောင်းစီ ရှိသည်။ အချို့၏ ခြေသည်းများသည် ကြောင်မှာကဲ့သို့ ထုတ်နိုင်၊ သွင်းနိုင်ပြီး မလိုအပ်သည့်အခါ ဝှက်ထားနိုင်သည်။ ၎င်းတို့သည် အမြင်အကြားနှင့် အနံ့ခံခြင်းတို့တွင် ထက်မြက်သည်။



အလတ်စကာန်ဝံပုလွေ



ရိုးရိုးမြေခွေး

## သွင်းနိုင်ထုတ်နိုင်ခြေသည်း



ခြေသည်းသွင်းယူပုံ



ခြေသည်းလက်သည်း ဆန့်ထုတ်ပုံ

## သားစားကောင်၏သွားများ



အပေါ်နှင့်အောက် မေးရိုးရှိ စွယ်သွားနှင့် အံသွားများသည် ကြီးမားသန်မာပြီး ချွန်ထက်သည်။ ၎င်းတို့ဖြင့် အသားကို အပိုင်းအစများ ဖြစ်သည်အထိ ကိုက်ဖြတ်နိုင်သည်။

သားစားကောင်များတွင် အားကောင်းသန်မာသော မေးရိုးများနှင့် အသားများကို ကိုက်ဖြဲရန် ချွန်ထက်သော သွားများပါရှိသည်။ အပေါ်အောက်ရှေ့သွား ခြောက်ချောင်းစီ ရှိသည်။ ၎င်း၏ဘေးတွင် ရှည်သော စွယ်သွားများရှိသည်။ သားရဲစွယ်များဟု ခေါ်သည်။ သားစားကောင် အများစုတွင် အံသွားနှစ်စုံစီ ရှိသည်။ ၎င်းသွားတို့သည် ကြီးပြီးချွန်ထက်သည်။ ကိုက်ဖြတ်နိုင်သော စောင်းများ ရှိသည်။

သားစားကောင်များသည် တကောင်တည်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ သားကောင်ကို ဖမ်းသည်။ ဝံပုလွေသည် အုပ်စုလိုက် ဖမ်းတတ်သည်။ ၎င်းတို့၏ သားကောင်ကို ဝိုင်း၍ပိတ်ဆို့ တိုက်ခိုက်သည်။ ကြောင်ကြီးမျိုးသည် တကောင်တည်း သို့မဟုတ် အတွဲဖြင့် သားကောင်ကို ဖမ်းတတ်သည်။ ကျားသစ်များ၊ ကျားများသည် တကောင်တည်း သားကောင်ကို ဖမ်းသည်။ ၎င်းတို့သည် သားကောင်ကို မဖမ်းမီ တိတ်တဆိတ် ခြေရာခံကြသည်။ ခြင်္သေ့တို့သည် တခါတရံ အုပ်စုဖွဲ့၍ သားကောင်ကို လိုက်သည်။ တစ်ကောင်က ကျယ်လောင်စွာ ဟိန်းဟောက်၍ ကြောက်လန့်တကြား ပြေးလာသော သားကောင်ကို ကျန်အကောင်များက စောင့်ဖမ်းပြီး လျင်မြန်စွာ ကိုက်သတ် တတ်သည်။

## သားစားကောင်အမျိုးမျိုး၏ခြေထောက်များအသုံးပြုပုံခြားနားချက်



ရှီးရှီးဝံပုလွေသည် အုပ်စုဖွဲ့၍ 'ကယ်ရီဗူး'၊ နွားကတိုးနှင့်သမင်တို့ကို ဖမ်း၍ စားသည်။ မြောက်အမေရိက၊ ဥရောပနှင့် အာရှတွင်တွေ့ရသည်။ အထီးသည် ၁.၃ မီတာခန့်ရှည်သည်။

'ကိုယိုတီ' ဝံပုလွေသည် ၉၅ ဆင်တီမီတာခန့် ရှည်သည်။ မြောက်အမေရိကနှင့် မက္ကဆီကိုရှိ လွင်ပြင်များတွင် တွေ့ရသည်။ တကောင်ချင်း သို့မဟုတ် အတွဲလိုက် ယုန်ကဲ့သို့သော သားကောင်ငယ်များကို ဖမ်းစားတတ်သည်။

ခွေးအသည် သတ္တဝါငယ်များ၊ ခြသေ့်နှင့် ကျားများ၏ စားကြွင်းများကို စားသည်။ အာဖရိကနှင့် အာရှတွင် တွေ့ရသည်။ ဆင်တီမီတာ ၅၀ မှ ၈၀ ထိ ရှည်သည်။

မြေခွေးသည် အာရှ၊ ဥရောပ၊ အာဖရိက မြောက်ပိုင်းနှင့် မြောက်အမေရိကရှိ သစ်တောများတွင် နေသည်။ ၆၈ ဆင်တီမီတာခန့် ရှည်ပြီး ဆင်တီမီတာ ၃၀ မြင့်သည်။

'ရက်ကွန်း' ခွေးတွင် မျက်ကွင်းများ ပါသည်။ ဆင်တီမီတာ ၅၀ မှ ၆၈ ထိ ရှည်သည်။ အသားနှင့် သီးရွက်များကို စားသည်။




## ခွေးမျိုးနွယ်များ

ဝံပုလွေ၊မြေခွေး၊'ရက်ကွန်း' ခွေးနှင့် အခြားခွေးများသည် 'ကနိုင်းဒေး' မျိုးရင်းတွင် ပါဝင်သည်။ ၎င်းတို့၌ သေးသွယ်သောကိုယ်၊ ချွန်သောနားရွက်၊ ရှည်သောနှုတ်သီး ရှိ၏။ ခြေလက်များသည် သေးရှည်သည်။ ရှေ့လက်တွင် လက်ချောင်း လေးချောင်း သို့မဟုတ် ငါးချောင်း၊ နောက်ခြေတွင် ခြေချောင်း လေးချောင်းစီ ရှိသည်။









## ဝက်ဝံများ

'အာဆိုင်းဒေး' မျိုးရင်းတွင် ပါဝင်သော ဝက်ဝံများတွင် ကြံ့ခိုင်သော ကိုယ်၊ တိုသော အမြီး၊ တုတ်ခိုင်သော ခြေများရှိ၏။ ဖဝါးများသည် ပြားပြီး ကြီးသည်။ ခြေသည်းပါသော ခြေချောင်း ငါးချောင်းစီ ရှိသည်။ ခြေများကို အပြားလိုက်ချ၍ လမ်းလျှောက်သည်။ အမြင်အား နည်းသည်။ အနံ့နှင့် အကြားအာရုံ ကောင်းသည်။ အစုံစားသတ္တဝါ ဖြစ်သည်။ အများစုသည် ဆောင်းခိုတတ်သည်။



ဝက်ဝံညို

ဝက်ဝံညိုမျိုးစိတ်တွင် အဖြူ၊အနက်ရောင် မျိုးကွဲများ ရှိသည်။ ၂ မီတာခန့် ရှည်၏။ ကမ္ဘာ မြောက်ဘက်ခြမ်းတွင် အနှံ့အပြား တွေ့ရသည်။ အချိုးအစား မကျသော်လည်း လျင်မြန်စွာ လှုပ်ရှားနိုင်သည်။ ကောင်းစွာ ရေကူးနိုင်သည်။ သစ်ပင်လည်း တက်နိုင်သည်။

ပသျှူးဝက်ဝံမျိုးကို အရှေ့တောင် အာရှ တောများတွင် တွေ့ရသည်။ ၁.၃ မီတာခန့်ရှည်၏။ ပျားရည်နှင့် အချိုရည်များကို အလွန်ကြိုက်သည်။

မျက်ကွင်းဖြူ ဝက်ဝံသည် ၁.၅ မီတာခန့် ရှည်၏။ တောင်အမေရိကတွင်သာ တွေ့ရသည်။ ၎င်းတို့ကို ဗင်နီဇွဲလားမှ ချီလီရှိ အင်ဒီးတောင်တန်းတွင် တွေ့ရသည်။

'ဆလော့' ဝက်ဝံတွင်ထူကြမ်းသောအမွေးရှိ၏။အထူးသဖြင့် လည်တွင် အမွေး ပိုရှည်သည်။ ၁.၇ မီတာခန့် ရှည်၏။ အိန္ဒိယနှင့် သီရိလင်္ကာ သစ်တောများ၌ တွေ့ရသည်။ ပုရွက်ဆိတ်၊ ခြနှင့် အသီးအရွက်များကို စားသည်။ ဆောင်းခိုခြင်းမရှိ။

ဝင်ရိုးစွန်း ဝက်ဝံများသည် ဖြူ၏။ အာတိတ် ဒေသတွင် တွေ့ရသည်။ သန်မာပြီး ရေကူး ကျွမ်းကျင်သည်။ ၂.၇ မီတာခန့် ရှည်၏။ ပင်လယ်ဖျံများကို အဓိကစားသည်။ ဆောင်းခိုခြင်းမရှိ။



ပသျှူးဝက်ဝံ



မျက်ကွင်းဖြူဝက်ဝံ



'ဆလော့'ဝက်ဝံ



ဝင်ရိုးစွန်းဝက်ဝံ

## ရက်ကွန်းနှင့်ပန်ဒါများ

'ရက်ကွန်း' နှင့် 'ပန်ဒါ' များသည် 'မတ်စတီလိုင်းဒေး' မျိုးရင်းတွင် ပါဝင်သည်။ ခြေချောင်းငါးချောင်းစီရှိသည်။ ခြေများကို အပြားလိုက်ချ၍ လမ်းလျှောက်သည်။ ဝက်ဝံနှင့်မတူသည်မှာ 'ပန်ဒါ' ကြီးမှလွဲ၍ ၎င်းတို့တွင် အရစ်ပါသော အမြီးရှည်ရှိခြင်းပင် ဖြစ်၏။ သွားများသည် အခြား သားစားကောင်များထက် သေးငယ်ပြီး မချွန်ထက်ပေ။ အစုံစားကောင်များဖြစ်သည်။ သစ်ပင်တက် ကျွမ်းကျင်သည်။

'ပန်ဒါ' ကြီးကို တရုတ်ပြည် အနောက်တောင်ပိုင်း ပင်လယ် ရေမျက်နှာပြင် အထက် မီတာ ၁၈၀၀ နှင့် ၄၀၀၀ အကြား ဝါးတောများတွင် တွေ့ရသည်။ မျှစ်စို့များကို စားသည်။အကောင်ငယ်များ၊ ငှက်များကိုလည်း စားသည်။ ၁.၈ မီတာခန့် ရှည်သည်။

နှာဖြူ'ကွာတီ'တွင်သွယ်သောနှာရောင် ရှိသည်။သေးသွယ်သောအမြီးကို သစ်ပင်တက်ရာတွင် ဟန်ချက်အဖြစ် အသုံးပြုသည်။ ၄၃ မှ ၆၈ ဆင်တီမီတာအထိ ရှည်သည်။ မက္ကဆီကိုနှင့် ပီရူးအကြားရှိ သစ်တောများတွင် တွေ့ရသည်။ အသီးအရွက်များ၊ 'အင်းဆက်'ပိုးများ၊ 'ဝမ်း' ကောင်ငယ်များနှင့် ငှက်များကို စားသည်။

'ရက်ကွန်း'သည် ၄၁ မှ ၅၅ ဆင်တီမီတာအထိ ရှည်သည်။ သစ်ပင်တက်ခြင်း၊ ရေကူးခြင်း ကျွမ်းကျင်သည်။ ဖားငါးနှင့်ပုစွန်များကို ရေဆေးပြီးမှ စားသည်။မြောက်အမေရိကနှင့် ဗဟိုအမေရိက သစ်တောတွင်းရှိ ရေကန်နှင့် စမ်းချောင်းများအနီး၌ တွေ့ရသည်။



'ပန်ဒါ'ကြီး



နှာဖြူ'ကွာတီ'



'ရက်ကွန်း'



‘ဝိဇယ်’သည် ဆင်တီမီတာ ၃၀ ခန့် ရှည်၏။ကိုက်ဖြတ်စားကောင်နှင့် ငှက်များကို စားသည်။ မြောက်အမေရိက၊ ဥရောပ၊ အာရှတွင် တွေ့ရသည်။

## ဝိဇယ်နှင့် ၎င်းတို့၏ မျိုးနွယ်များ

‘ဝိဇယ်’ များ၊ ဖျံများ၊ နံစော်ဖျံများနှင့် ခွေးတူဝက်တူများသည် ‘မတ်စတီးလိုင်းဒေး’ မျိုးရင်းတွင်ပါဝင်သည်။ကိုယ်ရှည်ပြီး ခြေတို၏။ အမြီးရှည်၏။ ခြေထောက်တချောင်းစီတွင် အနည်းဆုံး ခြေချောင်းငယ် လေးချောင်းရှိသည်။ အချို့သည် ခြေဖဝါးချပြီး အချို့ ခြေဖျားထောက်၍ လမ်းလျှောက်သည်။ ‘အာမိုင်း’ သည် ဆောင်းတွင် ကိုယ်မွေးဖြူပြီး နွေတွင် ညိုသည်။ အများစုသည် မြေပေါ်တွင် နေသည်။ ဖျံများသည် ရေထဲတွင်အနေများသည်။ အမြီးနားတွင် အနံ့အိတ်ရှိပြီး ၎င်းမှ အနံ့ဆိုးထွက်သည်။ ၎င်းအနံ့ဖြင့် ရန်သူများမှ ကာကွယ်နိုင်သည်။



‘ရက်တယ်’ သည် ၇၂ ဆင်တီမီတာခန့် ရှည်၏။ အကြောက် အရွံ့မရှိ။ အာဖရိက၊ အာရေဗျနှင့် အိန္ဒိယတွင် တွေ့ရသည်။





‘မာတင်’ သည် ၄၇ ဆင်တီမီတာခန့် ရှိ၏။ အကောင်ငယ်များ၊ ငှက်များကို စားသည်။ မြောက်အမေရိက၊ ဥရောပနှင့် ဂျပန်ရှိ သစ်တောများတွင် တွေ့ရသည်။



ခွေးတူဝက်တူသည် အမေရိက၊ ဥရောပ၊ အရှေ့အာရှ သစ်တောများ တွင် တွင်းတူး၍နေသည်။၄၅မှ၁၀၀ ဆင်တီမီတာ ထိရှိသည်။ ‘အင်းဆက်’ ပိုး၊ ‘ဝမ်း’ ကောင်၊ သတ္တဝါငယ် နှင့် သစ်သီးများကိုစား၏။

နံစော်ဖျံများသည် အမြီးနားရှိ ‘ဂလင်း’နှစ်ခုမှ အနံ့ဆိုးဖြင့် ရန်ကိုကာကွယ်သည်။ ဆင်တီမီတာ ၄၀ ခန့်ရှည်၏။ မြောက်အမေရိက လွင်ပြင် သစ်တောများတွင် တွေ့ရ၏။



ရိုးရိုးဖျံသည် ၆၄ မှ ၈၂ ဆင်တီမီတာထိ ရှည်၏။ ခြေတိုပြီး အရေပြားဆက် ခြေခြေချောင်းများရှိ၏။ ရေနေသတ္တဝါများနှင့် သစ်ပင်ငယ်များကို စား၏။ ရှည်တုတ်သော အမြီးရှိ၏။



ဖျံကြီးမျိုး၌ ရေယက်ပုံ ကျယ်ပြန့်သော နောက်ခြေထောက်ရှိ၏။ တစ်မီတာခန့် ရှည်သည်။ ခရု၊ ယောက်သွားနှင့် ပင်လယ်ဖြူကောင်များကို စားသည်။



‘အာမိုင်း’သည်နွေတွင်အဖြူရောင်မှ အညိုရောင်သို့ ပြောင်းသည်။ ဆင်တီမီတာ ၂၀ မှ ၃၃ အထိ ရှည်၏။ အာရှ၊ မြောက်အမေရိကနှင့်ဥရောပတွင် တွေ့ရသည်။



‘ဝုဗာရင်း’ကို အမေရိကနှင့်အာရှမြောက်ပိုင်းသစ်တောများတွင်တွေ့ရသည်။ ရိုင်းစိုင်းပြီး အာသာဆန္ဒ ပြင်းလွန်းသည်။ ၆၅ မှ ၉၀ ဆင်တီမီတာထိ ရှည်သည်။

‘အာမိုင်း’သည် ရာသီအလိုက်အရောင်ပြောင်း သည်။ နေ ရောင်ခြည်ပေါ်မူတည်ပြီး အရောင်နှင့် အမွေး အထူအပါး ပြောင်း၏။ ထိုသို့ပြောင်းသော အခါ အမွေးကွက်အသစ်သည် ကျောဘက်မှ စ၍ ဖြစ်ပေါ်ကာ ခန္ဓာကိုယ်တခုလုံးသို့ ပျံ့နှံ့ ကြီးမားသွားသည်။

## ဆီဗစ်နှင့်မြွေပါများ

'ဆီဗစ်' နှင့် မြွေပါများသည် 'ဗီဗာရိုင်းဒေး' မျိုးရင်းတွင် ပါဝင်၏။ ကြောင်နှင့် တူသော လက္ခဏာအချို့ရှိ၏။ အချို့မှာ ခြေသည်းလက်သည်းကို အချိုအဝင်သာ သွင်းနိုင်ထုတ်နိုင်သည်။ ကြောင်ထက် တိုသော ခြေနှင့် ရှည်သော နှာရောင်ရှိ၏။ ရေမွှေးလုပ်ရာတွင် အသုံးပြုသော အရည်ကို စစ်ထုတ်သည့် အနံ့အိတ်ရှိ၏။



'လင်ဂဆန်' ကို တရုတ် တောင်ပိုင်း၊ နီပေါနှင့် ဘော်နီယိုတွင်တွေ့ရသည်။ ၃၉ဆင်တီမီတာခန့် ရှည်ပြီး အမြီးနှင့်ကိုယ် အရှည်တူ၏။ ခြေသည်းလက်သည်းများကို သွင်းနိုင် ထုတ်နိုင်သည်။



ဝံကြောင်တွင် တွယ်ချိတ်နိုင်သော အမြီးရှည် ရှိသည်။ ဆင်တီမီတာ ၆၀ မှ ၉၅ ထိရှည်သည်။ အရှေ့တောင်အာရှ အာသံမှ ဘော်နီယိုအထိ ချုံတောများတွင် တွေ့ရ၏။သစ်သီး၊ သစ်ရွက်နှင့် အကောင်ငယ်များကို စားသည်။



သေးငယ်သော အိန္ဒိယ ကြောင်ကတိုးသည် ၄၅ မှ ၆၅ ဆင်တီမီတာထိရှည်၏။ ၎င်း၏အနံ့အိတ်မှ ကတိုးကို ထုတ်ပေးသည်။ တရုတ်၊ မြန်မာ၊ အိန္ဒိယ၊ ဆူမတြာနှင့် ဂျာဗားတွင် တွေ့ရသည်။



နှာဖြူကြောင်ကတိုး (ကြောင်ဝံပိုက်) သည် ၅၁ ဆင်တီမီတာခန့်ရှည်၏။ အရှေ့တောင်အာရှတွင် တွေ့ရသည်။

အပြောက်ပါ ခွေးအ ကြီးကို အာဖရိကတောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် တွေ့ရသည်။ ၁.၅ မီတာခန့် ရှည်သည်။ ခြသေ့စားကြွင်းနှင့် အိမ်မွေးတိရစ္ဆာန်များကို စားသည်။



အစင်းပါ ခွေးအ ကြီးသည် ၁.၃မီတာခန့် ရှည်၏။ အရှေ့မြောက် အာဖရိက၊အာရေဗျနှင့်အိန္ဒိယတွင် တွေ့ရသည်။ အသေကောင်များကို စားသည်။



## ခွေးအ ကြီးမျိုးများ

ခွေးအ ကြီးမျိုးသည် 'ဟိုင်အီနိုင်းဒေး' မျိုးစဉ်တွင် ပါဝင်သည်။၎င်းတို့၏ ရယ်သံ၊ ငိုသံ၊ ကရော်သံများကြောင့် အရယ်သန် ခွေးအ ကြီးများဟု ခေါ်သည်။ ၎င်းတို့တွင် လည်ဆံမွေးပါပြီး ရှည်တုတ်သော လည်ပင်းရှိသည်။ ရှေ့လက်သည် နောက်ခြေထက် ရှည်သဖြင့် ကိုယ်ထည်သည် ခုံနေသည်။ ခြေချောင်း လေးချောင်းစီရှိသည်။ အသားစားတိရစ္ဆာန်အားလုံးတွင် ၎င်းတို့၏မေးရိုးများသည် အသန်မာဆုံး ဖြစ်၍ အရိုးရော၊ အသားကိုပါ ဝါးစားနိုင်သည်။

မြွေပါကို အာရေဗျ၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် နီပေါရှိ သစ်တော ဒေသများတွင် တွေ့ရသည်။ ၄၁ ဆင်တီမီတာခန့်ရှည်သည်။ အလွန်လျင်မြန်ဖျတ်လတ်သည်။ မြေကြွက်ကြီး၊အိမ်ကြွက်ငယ်၊မြွေနှင့်အခြားအကောင်ငယ်များကို စားသည်။



‘ပါရှန်’အိမ်ကြောင် အကြီးစား၌ ပျော့ပျောင်းသော အမွေးရှည် ရှိသည်။

‘အဘီဆီနီယန်’ကြောင်သည် အိမ်ကြောင်၏ ရှေးအနွယ်ဖြစ်သည်။ ရှေးအီဂျစ်လူမျိုးများက အထွတ်အမြတ်ထားသည်။ အိမ်ကြောင်ထက် မျက်နှာနှင့်နားရွက် ပိုရှည်သည်။



‘ပါရှန်’ကြောင်

‘အဘီဆီနီယန်’ကြောင်

ကြောင်မွေးတို

ယိုးဒယားကြောင်

ကြောင်မွေးတိုတွင် မွေးနုတိုကလေးများ ရှိ၏။ အမွေးရောင် အမျိုးမျိုး၊ အဆင် အမျိုးမျိုး ရှိ၏။ အစင်းပါသော ကြောင်မွေးတိုသည် ၎င်း၏ကိုယ်ကို ကွေးလိုက်ပါက ခရုပတ်ပုံ ပေါ်လာသည်။

ယိုးဒယားကြောင်သည် အရောင်ဖျော့သည်။ မျက်နှာ၊ နားရွက်၊ ခြေထောက်နှင့် အမြီးသည် အရောင်ရင့်သည်။ မျက်လုံးပြာများ ရှိသည်။

## ကြောင်မျိုးများ

ကြောင်အုပ်စု တခုတွင် တောကြောင်၊ အိမ်ကြောင်၊ ‘လင့်’ ကြောင်များ ပါဝင်သည်။ အခြားအုပ်စုတွင် ကြောင်ကြီးမျိုးဖြစ်သော ခြင်္သေ့၊ ကျား၊ ကျားသစ်တို့ ပါဝင်သည်။ ခြေချောင်းငယ်ကို အားပြုပြီး လမ်းလျှောက်သည်။ ရှေ့ခြေတွင် ခြေချောင်း ငါးချောင်း ပါရှိပြီး နောက်ခြေတွင် လေးချောင်း ပါသည်။ခြေသည်းချွန် ပါပြီး တောလိုက်ကျားသစ်မှအပ သွင်းနိုင်ထုတ်နိုင်သည်။ ၎င်းတို့တွင် ချွန်ထက်သည့် သွားများရှိသည်။ လျှာကြမ်းဖြင့် ကိုယ်ကိုသန့်ရှင်းသည်။ အရိုးရှိအသားကိုလည်း လျက်တတ်သည်။ မှောင်ထဲတွင် မြင်နိုင်စွမ်းရှိသည်။



‘လင့်’ကြောင်သည် တစ်မီတာခန့် ရှည်၏။ အမြီးတို၊ ခြေကြီးပြီး အမွေးထူနားရွက်ရှိသည်။ မြောက်အမေရိက၊ ဥရောပနှင့် အာရှမြောက်ပိုင်းရှိ ရွက်ချွန်တောများတွင် တွေ့ရသည်။

နားရွက်ကြီးရှိ ‘ဆာဗယ်’ကြောင်သည် ၉၅ ဆင်တီမီတာခန့် ရှည်၏။အာဖရိကမြက်ခင်းတွင် တွေ့ရသည်။



သစ်ကြောင်သည် ဆင်တီမီတာ ၄၀ မှ ၆၀ ထိ ရှည်၏။ ညဘက် ကျက်စားသည်။ နေ့တွင် သစ်ခေါင်းများ၌ အိပ်နေတတ်သည်။ အာရှ အရှေ့ပိုင်းနှင့် တောင်ပိုင်းတွင် တွေ့ရသည်။

## တောကြောင်များ

တောကြောင်များသည် အမေရိက၊ ဥရောပနှင့်အာရှ ဇာတိဖြစ်၏။ ကြွက်များကို နှိမ်နင်းရာ၌ အသုံးဝင်သဖြင့် ၎င်းကို အိမ်တွင် မွေးလာကြသည်။



‘လစ်ဘီယန်’တောကြောင်

ဥရောပတောကြောင်

‘လစ်ဘီယန်’တောကြောင်သည်ဥရောပတောကြောင်နှင့် ပုံသဏ္ဍာန်၊ အရွယ်အစားတူသည်။ အိမ်ကြောင်မျိုးနွယ်ဟု ထင်ရသည်။ အာဖရိက၊ ဆာဒီးနီးယား၊ ကော်ဆီကာ၊မယော်ကာနှင့် အာရှအနောက်တောင်ပိုင်းတွင် တွေ့ရသည်။

ဥရောပ တောကြောင်သည် အိမ်ကြောင်ထက် ပို၍ ကိုယ်ထည်ဖွံ့ဖြိုးသည်။ ဆင်တီမီတာ ၆၀ ခန့် ရှည်သည်။ ၎င်းကို ဥရောပနှင့် အာရှမိုင်းနားဒေသများတွင် တွေ့ရသည်။



‘ဂျာဂွာ’ကျားသစ်သည် ၁.၄ မီတာခန့် ရှည်၏။ ရေကူးခြင်း၊ သစ်ပင်တက်ခြင်း ကျွမ်းကျင်သည်။ ဗဟိုအမေရိကနှင့် တောင်အမေရိကတွင် တွေ့ရသည်။

ကျားသည် ၂.၈ မီတာခန့် ရှည်၏။ ကြောင်မျိုးတွင် အကြီးဆုံးဖြစ်သည်။ အီရတ်၊ ဆိုက်ဗေးရီးယား၊ ကိုရီးယား၊ အိန္ဒိယနှင့် မလေးရှားတွင် တွေ့ရသည်။





‘ပျူမာ’ တောင်ခြင်္သေ့သည် ၁ မှ ၂ မီတာထိရှည်သည်။ ၆ မီတာကျော်ခုန်နိုင်၏။ တောင်နှင့်မြောက်အမေရိကတွင် တွေ့ရသည်။

‘အိုဆီလော့’သည် ၆၈ မှ ၉၇ ဆင်တီမီတာ အထိ ရှည်သည်။ မက္ကဆီကိုနှင့် တောင်အမေရိက တောနက်တွင်း၌ တွေ့ရသည်။





တိရစ္ဆာန်ဘုရင်ခေါ် ခြင်္သေ့ကို အာဖရိကအရှေ့ပိုင်းနှင့် အိန္ဒိယအချို့ဒေသများရှိ တောထဲတွင် တွေ့ရသည်။ ၁.၆ မှ ၂.၃မီတာအထိ ရှည်သည်။ မိသားစုအလိုက် နေသည်။ သားငယ်များတွင် အစက်အပြောက်များ ရှိ၏။ ကြီးပြင်းလာလျှင် ပျောက်သွား၏။

ကျားသစ်သည် ၂မီတာခန့် ရှည်၏။ ကျားထက်ငယ်သည်။ သစ်ပင်တက်ခြင်း၊ ရေကူးခြင်း ကျွမ်းကျင်၏။ အာရှနှင့် အာဖရိကတွင်တွေ့ရသည်။မျိုးစိတ်ကိုလိုက်၍ အညိုရောင်၊ အနက်ရောင် ကွဲပြား၏။ ကျားသစ်နက်ကြီးမျိုးကိုမူ ‘ပန်သာ’ဟု ခေါ်သည်။



‘လီယိုပွန်’



‘ဂျာဂွာရန်ဒီ’ကျားသစ်သည် ၅၆ မှ ၇၆ ဆင်တီမီတာအထိ ရှည်သည်။ မြောက်အမေရိက တောင်ပိုင်း၊ ဗဟိုအမေရိကနှင့် တောင်အမေရိကတွင် တွေ့ရသည်။ ရေနေသတ္တဝါနှင့် ကုန်းနေ နို့တိုက်သတ္တဝါငယ်များကို စားသည်။

မျိုးစိတ်တခုမှ အထီးနှင့် အခြားမျိုးစိတ်တခုမှ အမကို မျိုးစပ်လျှင် ကပြားမျိုးစိတ်သစ် တခုကို ရသည်။ ထိုမျိုးစိတ်သစ်တွင် မိဘနှစ်ပါးစလုံး၏ လက္ခဏာများ ပါသော်လည်း အမြုံဖြစ်နိုင်သည်။ ‘လီယိုပွန်’ သည် ကျားသစ်ထီးနှင့် ခြင်္သေ့မ၏ သားသမီးအမည်ဖြစ်ပြီး ‘လီပါ’ သည် ခြင်္သေ့ထီးနှင့် ကျားသစ်မ၏ သားသမီးအမည် ဖြစ်သည်။ ထို့အတူ ကျားထီးနှင့် ခြင်္သေ့မ၏ သားသမီးကို ‘တိုက်ဂွန်’၊ ခြင်္သေ့ထီးနှင့် ကျားမ၏ သားသမီးကို ‘လိုင်ဂါ’ ဟု ခေါ်သည်။



# ပင်လယ်ဖျံများနှင့် ၎င်းတို့၏မျိုးနွယ်များ

ပင်လယ်ဖျံ၊ မွေးထူဖျံ၊ အစွယ်ပါ ပင်လယ်ဖျံကြီးနှင့် ပင်လယ်ဆင်ဖျံကြီးများသည် သားစား သတ္တဝါများ ဖြစ်သည်။ ခြေရေယက်ပါအုပ်စု 'ပင်နီပီးဒီးယား'တွင် ပါဝင်သည်။ ခြေရေယက် အဖြစ် ပြောင်းလဲနေသော ခြေချောင်းငယ်များသည် အရေပြားတွင် မြုပ်နေသည်။ ရှေ့လက်တွင် ပထမလက်ချောင်းသည် အရှည်ဆုံးဖြစ်၏။ နောက်ခြေတွင် ဒုတိယခြေချောင်းမှာ အရှည်ဆုံးနှင့် အသန်မာဆုံးဖြစ်သည်။ ကုန်းပေါ်၌သာ မျိုးပွားသည်။ ငါးနှင့် ကဏန်းများကို စားသည်။ ဝင်ရိုးစွန်းဝက်ဝံ၊ သားကြီးစားဝေလငါးနှင့် လူတို့သည် ၎င်း၏ အဓိက ရန်သူများ ဖြစ်သည်။

'မိုင်အိုဆင်း' အကာယုဂ် (နှစ်ပေါင်း ၂၅သန်းခန့်) က 'ပင်နီပီဒီယန်' ကျောက်ဖြစ်ရုပ်ကြွင်းများကိုသာ တွေ့ရှိကြသဖြင့် ၎င်းတို့၏အနွယ်များကို အတိအကျ မသိရှိနိုင်။ 'ဝီဇယ်' နွယ်ဖြစ်နိုင်သည်။ သို့သော် ရေတွင်နေနိုင်ရန် ပြောင်းလဲ ဖွံ့ဖြိုးလာသည်။ ဝေလငါးနှင့် လင်းပိုင်များလောက် ရေတွင် မနေနိုင်ပေ။ ပြင်ပနားများနှင့် နှာရောင်များ ပါရှိသည်။ ကျောရေယက်နှင့် အမြီး ဖွံ့ဖြိုးခြင်း မရှိချေ။



← မွေးထူဖျံကို ပစိဖိတ်သမုဒ္ဒရာမြောက်ဘက်တလျှောက်တွင် တွေ့ရ၏။ အပြင်နားရွက်သေးများရှိ၏။ ပြည့်ဖြိုးသော လည်ပင်း ပတ်လည်၌ မီးခိုးရောင်အမွေးများရှိ၏။ အထီးသည် ၂.၂ မီတာခန့်ရှည်သည်။



↑ ဖဲပြားရစ် ပင်လယ်ဖျံသည် ၁.၅မီတာခန့် ရှည်၏။ ဗယ်ရင်ပင်လယ်နှင့် ဝင်ရိုးစွန်း ဒေသ ရေခဲပြင်ပေါ်တွင် တွေ့ရ၏။

'ဆီးလိုင်းယန်း' ဖျံမျိုးများ





← 'စတယ်လာ ဆီးလိုင်းယန်း' ဖျံမျိုးသည် ခရု၊ ယောက်သွား၊ ပြည်ကြီးငါးနှင့် ငါးငယ်များကို စား သည်။ အလတ်စကားမှ ကာလီဖိုးနီးယား ကမ်းခြေထိတွေ့ရ၏။ အထီးသည် ၃ မီတာခန့် ရှည်သည်။

ကာလီဖိုးနီးယား'ဆီးလိုင်းယန်း'ဖျံမျိုးကို ကာလီဖိုးနီးယား ကမ်းခြေတွင် တွေ့ရသည်။ ယဉ်ပါးလွယ်သောကြောင့် တိရစ္ဆာန်ရုံနှင့် ဆပ်ကပ်ပွဲတို့တွင် ကျော်ကြားသည်။ အမမှာ အထီး ထက် သေးငယ်သည်။ ၂.၄ မီတာခန့် ရှည်သည်။ →



ဆင်တီမီတာ ၆၀ ရှိ အစွယ်ရှည်ပါ ပင်လယ်ဖျံကြီးသည် အစွယ်ကြီးဖြင့် ခုံကောင်များ၊ ကဏန်းများနှင့် ပင်လယ်ဖြူများကို တူးဖော်စားသည်။ မြောက်ဝင်ရိုးစွန်းကမ်းခြေနှင့် ရေခဲပြင်တို့တွင် အစုလိုက်နေ၏။ အထီးသည် ၃.၇မီတာခန့်ရှည်ပြီး အမထက်ကြီးသည်။ ↓

ပင်လယ်ဆင်ဖျံကို တောင်ဝင်ရိုးစွန်းရှိ ကျွန်းများနှင့် ကာလီဖိုးနီးယား ကမ်းခြေ၌ တွေ့ ရ သည်။ အခြားဖျံများထက် အနည်းဆုံး နှစ်ဆခန့်ရှိသည်။ အထီးသည် ၆.၁ မီတာခန့်ရှည်၏။ အထီး၏ နှာမောင်းနှင့်တူသည့် နှာခေါင်းသည် ပွရောင်းလျှင် ဆင်တီမီတာ ၆၀ခန့် ရှိသည်။ ↓





# အတ်ဗတ်

'အတ်ဗတ်'သည်' ကျူဗျူလီဒင်တာ'မျိုးစဉ်တွင်ပါဝင်သည်။ ပြွန်ပုံသွားများ ရှိ၏။ ၎င်းတွင် သေးသောဦးခေါင်းရှည်၊ ဝက်တူနှာရောင်၊ သေးသောပါးစပ်နှင့် ထောင်နေသည့် နားရွက်ကြီးများရှိသည်။ ရှေ့ခြေတွင် ခြေချောင်းလေးချောင်း၊ နောက်ခြေတွင် ငါးချောင်း ရှိသည်။ ခြေသည်းရှည်ဖြင့် ခြတောင်ပို့များကို တူး၏။ ခြများနှင့် သခွားရိုင်းများကိုစား၏။ ၎င်း၏လျှာရှည်ဖြင့် အစာကို ပါးစပ်ထဲ ထည့်သည်။ ရှေ့သွားနှင့် စွယ်သွားများ မရှိ။ သွားများတွင် အမြစ် မရှိချေ။

'အတ်ဗတ်'သည် ၁.၂ မှ ၁.၅ မီတာထိရှည်သည်။ အာဖရိကတောင်ပိုင်း ခြောက်သွေ့သော လွင်ပြင်တွင် တွင်းအောင်း၍နေသည်။



အတ်ဗတ်၏သွားပုံ



သွားကို အပေါ်ဘက်မှ မြင်ရပုံ



သွားကို ဘေးဘက်မှ မြင်ရပုံ

# ဟိုင်းရက်

'ဟိုင်းရက်'များကို 'ဒေစီ'သို့မဟုတ်'ကိုနီ' ဟုလည်းခေါ်၏။ 'ဟိုင်ရာကွိုင်းဒီးယား' မျိုးစဉ်တွင် ပါဝင်သည်။ ယုန်များကဲ့သို့ နှာရောင် တိုသည်။ အပေါ်နှုတ်ခမ်းကွဲနေသည်။ သီးရွက်စားသတ္တဝါမျိုးဖြစ်သည်။ အပေါ်မေးရိုးတွင် ရှေ့သွား တစုံရှိပြီး အောက်မေးရိုးတွင် ရှေ့သွားနှစ်စုံ ရှိသည်။ ခြေထောက်သည် ကြွံ့ခြေထောက်နှင့် တူသည်။ရှေ့ခြေတွင် ခြေချောင်း လေးချောင်းရှိပြီး နောက်ခြေတွင် သုံးချောင်းသာ ရှိသည်။ ခြေသည်းများ ပြားပြီးတုံးသည်။ တတိယခြေချောင်း၏ ခြေသည်းသာ ချွန်ပြီးကောက်သည်။ ခြေဖဝါးချ၍ လမ်းလျှောက်သည်။

ကျောက်ဆောင်နေ ဟိုင်းရက်သည် ၄၅ ဆင်တီမီတာခန့် ရှည်သည်။ အာဖရိကရှိ ကျောက်ဆောင် ထူထပ်သော တောင်စောင်းများနှင့် တောင်ကုန်းများပေါ်တွင် အုပ်စုလိုက် နေထိုင် ကျက်စားသည်။





'ဟိုင်းရက်'၏ရှေ့လက်ရိုးများ



ဝက်၏ရှေ့လက်ရိုးများ

# ဆီးကောင်း (ရေဝက်မျိုး)

'ဆီးကောင်း'သည် 'ဆိုင်ရင်နီးယား'မျိုးစဉ်၌ပါဝင်သည်။ ၎င်းကို အတ္တလန္တိတ်သမုဒ္ဒရာနှင့် ကရစ်ဗီယန်ပင်လယ်နေ 'မင်နာတီး' နှင့် ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာနေ ရေဝက် (ဒူးဂေါင်း)များဟုခွဲခြားထားသည်။ရှေ့လက်များသည် ရေယက်များဖြစ်ပြီး နောက်ခြေများသည် အမြီးများ အဖြစ် ပြောင်းလဲနေသည်။ 'ဆီးကောင်း'များသည် ရေမှော်နှင့် အခြားအပင်များကို စားသည်။ ငါးမန်း၊ သားစား ဝေလငါးတို့၏ ဘေးမှကာကွယ်ရန် ရေတိမ်ပိုင်း၌ ကျက်စားသည်။ လှုပ်ရှားမှုနှေးကွေးသည်။ ရန်သူကို ခုခံကာကွယ်နိုင်စွမ်း မရှိ။

ရေဝက်သည် အလျား ၂.၇ မီတာခန့် ရှည်သည်။ ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယ သမုဒ္ဒရာ အနွေးပိုင်း၌ တွေ့ရသည်။



'မင်နာတီး'





'မင်နာတီး'အမြီး



ရေဝက်အမြီး

# ဆင်များ

ဆင်သည် ကုန်းနေ နို့တိုက်သတ္တဝါများတွင် အကြီးဆုံးဖြစ်သည်။ 'ပရိုဘောဆီးဒီးယား' မျိုးစဉ်ဝင် ဖြစ်သည်။ ၎င်းတို့၏ ရှည်သောနှာရောင်ကို နှာမောင်းဟု ခေါ်သည်။ နှာမောင်းသည် အာရုံခံစားမှု အလွန်ကောင်းပြီး နွဲ့ပျောင်းကာ လိပ်တင် ကွေးဆန့်နိုင်သည်။ ထိတွေ့ရန်၊ အနံ့ခံရန်၊ အစာနှင့်ရေကို ပါးစပ်ထဲသွင်းရန်၊ ရေနှင့်ဖုန်များကို ကိုယ်ပေါ်သို့လောင်းရန် နှာမောင်းကို အသုံးပြု၏။ နှာမောင်းဖြင့် သစ်တုံးများကို သယ်ယူနိုင်၏။ လူ၏လက်ဖဝါးပေါ်တင်ထားသော မြေပဲစေ့ကိုလည်းကောက်ယူနိုင်၏။ နားရွက်ကြီးများကို အကြားအာရုံခံစားရန်၊ အအေးဓာတ်ရရန်၊ ယင်ခြောက်ရန် သုံးသည်။ အပေါ်ရှေ့သွား နှစ်ချောင်းသည် အစွယ်အဖြစ် ထိုးထွက်နေသည်။ သီးရွက်စားကောင်များ ဖြစ်သည်။



အာဖရိကဆင်သည် ၃.၂ မီတာခန့်မြင့်သည်။ အိန္ဒိယဆင်ထက် နားရွက် ပိုကြီးသည်။ လက်ချောင်းကဲ့သို့ အသုံးချနိုင်သည့် နှာဖျားစွန်း နှစ်ခု ပါသည်။ ဆင်ထီး၊ ဆင်မတို့တွင် အစွယ် ရှိသည်။



အိန္ဒိယဆင်ကို အိန္ဒိယနှင့် အရှေ့တောင်အာရှတွင်တွေ့ရ၏။ ၂.၈ မီတာခန့်မြင့်၏။ လက်ချောင်းကဲ့သို့ အသုံးချနိုင်သည့် နှာဖျားစွန်းတစ်ခု ပါ၏။ နားရွက်သည် အာဖရိက ဆင်နားရွက်၏ ၃ ပုံ ၁ ပုံရှိသည်။ အမတွင် အထီးထက် တိုသော အစွယ်ရှိ၏။

## ဆင်၏သွားများ

အိန္ဒိယဆင်တွင် သက်တမ်းတလျှောက်လုံး အံသွား သုံးစုံ ရှိသည်။ ထိုအံသွားများသည် ကြီးမား၏။ အစာကြိတ်ဝါးသည့် အံမျက်နှာပြင်တွင် ကြွေပါသော အလျားလိုက် စောင်းများ ရှိသည်။ အသက်ကြီးလာပါက ၎င်းကြွေတန်းများ ပို၍ များလာသည်။ နောက်ဆုံး အစုံတွင် စောင်း ၁၈ မှ ၂၄ ခု အထိ ရှိသည်။

အာဖရိကဆင်၊ အိန္ဒိယဆင်နှင့် နားရွက်ဝိုင်းဆင်မျိုးအားလုံးသည် မျိုးနွယ်တူများ ဖြစ်သည်။ အာဖရိကနှင့်အာရှတွင်ရှိသော်လည်း ရေခဲခေတ်မတိုင်မီ ရှေးဆင်ကြီးမျိုး 'မမ်မော့'၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ကမ္ဘာ့မြောက်ဘက်ခြမ်းတွင် တွေ့ရှိခဲ့ကြသည်။ ယခုခေတ်ဆင်များ၏ အစောဆုံး ဘိုးဘေးများမဟုတ်ပေ။ 'မိုရီသီရီယမ်' ဆင်သည်လည်း 'အီအိုဆင်း' အဏုယုဂ် (နှစ်ပေါင်းသန်း ၆၀ ခန့်) ကပင်ရှိခဲ့သည်။ ၎င်းသည် ဆင်တီမီတာ ၇၀ ခန့် မြင့်သည်။ ရေမြင်းကဲ့သို့ ရေထဲတွင် နေသည်။

ကြွေတန်းများ



နားရွက်ဝိုင်းဆင် သို့မဟုတ် သစ်တောဆင်သည် ၂.၃ မီတာခန့်မြင့်သည်။ အာဖရိကအီကွေတာပိုင်းတွင် တွေ့ရသည်။



အာဖရိကဆင်၏ အံသွား (အပေါ်ပုံ) နှင့် အိန္ဒိယ ဆင် ၏ အံသွား (အောက်ပုံ)။ အံသွားမျက်နှာပြင်တန်းကို ပြထားသည်။ ကြွေတန်းများ ပေါ်လွင်နေသည်။



ကြွေတန်းများ

## မ ဂဏန်းအရေအတွက် ခွာရှိ တိရစ္ဆာန်များ

မြင်း၊ ကြံ့သူတော်၊ ကြံ့၊ မြင်းကျားများသည် 'ပဲရီဆိုဒက်တိုင်းလား' မျိုးစဉ်တွင် ပါဝင်၏။ အများစုတွင် ခွာ တစ်ခု သို့မဟုတ် သုံးခုစီ ပါသောကြောင့် မဂဏန်း အရေအတွက်ခွာရှိ တိရစ္ဆာန်များဟု ခေါ်၏။ အလယ်ခွာကြီးက ကိုယ်အလေးချိန်ကို ထောက်မ ထားသည်။ အကြားအာရုံ ထက်မြက်သည်။ မေးရိုးနှစ်ခုစလုံး၌ ရှေ့သွားနှင့် အံသွားများ ရှိသည်။ စွယ်သွား မရှိချေ။နှုတ်ခမ်း ပျော့ပျောင်း၏။သီးရွက်စား တိရစ္ဆာန်များဖြစ်ပြီး စားမြုံ့မပြန် တတ်ချေ။ ရိုးရိုးအစာအိမ်နှင့် အစာခြေရန် တဘက်ပိတ် အူကြီး တစ်ခု ရှိသည်။



မြင်းကျားများ

### မြင်းခွာ၏ဆင့်ကဲဖြစ်စဉ်




မြင်း၏ရှေ့ခြေ



ကြံ့၏ရှေ့ခြေ



မြင်း၏ဦးခေါင်းခွံ



မြင်း၏သွား



ကြံ့၏ဦးခေါင်းခွံ



ကြံ့၏သွား



### မြင်း၏ဆင့်ကဲဖြစ်စဉ်

မျက်မှောက်ခေတ် မြင်းများ၏ ဘိုးဘေးမျိုးနွယ်သည် 'အီအိုဟစ်ပတ်' ဖြစ်သည်ဟု ယုံကြည်ရ၏။ ၎င်းသည် 'အီအိုဆင်း' အကာယုဂ် ( နှစ်ပေါင်း သန်း ၆၀ ခန့် ) ကတည်းက ယခု အမေရိကနှင့် ဥရောပဖြစ်မည့် တိုက်တွင် တွေ့ရသည်။ ထိုစဉ်က အရွယ် သေးငယ်သည်။ ပခုံးထိ ၃၃ ဆင်တီမီတာခန့် မြင့်သည်။ ရှေ့ခြေတွင် ခြေချောင်း လေးချောင်း၊ နောက်ခြေတွင် သုံးချောင်း ပါ၏။ 'အီအိုဟစ်ပတ်' နောက် ပေါ်လာသော 'မီဆိုဟစ်ပတ်' သည် 'အော်လီဂိုဆင်း' အကာယုဂ် (နှစ်ပေါင်း ၃၅ သန်းခန့်) ကပင် ရှိခဲ့သည်။ ဆင်တီမီတာ ၆၀ ခန့် မြင့်သည်။ ခြေတွင် ခြေချောင်း သုံးချောင်းစီ ရှိသည်။ အလယ် ခြေချောင်းသည် အရှည်ဆုံး ဖြစ်သည်။ 'မာရီချစ်ပတ်' သို့မဟုတ် စားမြုံ့ပြန်မြင်းသည် 'မိုင်အိုဆင်း' အကာယုဂ် (နှစ်ပေါင်း ၂၅ သန်းခန့်) ကတည်းက ရှိခဲ့သည်။ ၁.၁ မီတာ မြင့်၏။ ခြေတွင် ခြေချောင်း သုံးချောင်းစီ ပါ၏။ အလယ်ခြေချောင်းသည် ကိုယ်အလေးချိန်ကို ထောက်ပင့်ထားနိုင်သည့်သန်မာသောခွာအဖြစ်ဖွံ့ဖြိုးလာ၏။မြင်းနှင့်တူသော တိရစ္ဆာန်များသည် ဆက် လက် ဖွံ့ ဖြိုး လာ ကြ ၏။ နှစ် ၁ သန်း လောက်က 'အီကွပ်' သည် မျက်မှောက်ခေတ် မြင်းနှင့် ပုံသဏ္ဌာန် တူလာ၏။ ၁.၅ မီတာမြင့်၏။ ခြေချောင်းတချောင်းသာရှိသော ခွာပါ တိရစ္ဆာန်ဖြစ်လာ၏။ ဘေးခြေချောင်းများသည် အရိုးတိုလာ၏။ ခွာပါ အလယ်ခြေချောင်းကသာ ကိုယ်အလေးချိန်ကို ထောက်မထား၏။၎င်းတို့သည် လွင်ပြင်များ၊ မြက်ရိုင်းစားကျက်များတွင် အသက်ရှင်နိုင်ရန်လိုက်လျောညီထွေနေတတ်ကြ၏။ဤမျိုးစိတ်သည် အာရှ၊ဥရောပနှင့် အာဖရိကရှိ မြက်ခင်းပြင်များမှ ပျံ့နှံ့လာ၏။ ၎င်းမှ မျက်မှောက်ခေတ် မြင်းအဖြစ် ဖွံ့ဖြိုးလာ၏။

### ခွာပုံစံသုံးမျိုး နှိုင်းယှဉ်ချက်



‘ဂရန့်’ မြင်းကျားသည် ၁.၂ မီတာခန့် မြင့်သည်။ အာဖရိကရှိဆဗားနားမြက်ခင်းပြင်တွင် တွေ့ရသည်။

‘ဂရီဗီး’ မြင်းကျားသည် ၁.၅ မီတာခန့် မြင့်ပြီး အကြီးဆုံးဖြစ်သည်။အာဖရိကရှိကျောက်ဆောင်နှင့် မြက်ခင်းများတွင် တွေ့ရသည်။ ဝမ်းဗိုက်မှ လွဲ၍ အစင်းများ ရှိသည်။



‘ဂရန့်’ မြင်းကျား



‘ဂရီဗီး’ မြင်းကျား

မြည်းသည် ၁.၃ မီတာခန့် မြင့်သည်။ ခံနိုင်ရည် ရှိသည်။ ဝန်တင် တိရစ္ဆာန်ကောင်း ဖြစ်သည်။

‘ပရာဇီဝေါစကီး’မြင်းသည် ရိုင်းသည်။မွန်ဂိုလီးယား လွင်ပြင်များတွင် တွေ့ရ၏။အခြားမြင်းများနှင့်မတူ။ ဦးစွန်းမပါ။လည်ဆံမွေးထောင်နေ၏။ ၁.၃မီတာခန့် မြင့်သည်။



မြည်း



‘ပရာဇီဝေါစကီး’ မြင်း

တောင်ပေါ်မြင်းကျားသည်အငယ်ဆုံးဖြစ်သည်။ အာဖရိက တောင်ပိုင်းရှိ ဘေးမဲ့ တောများတွင် ကျက်စားသည်။ တင်ပါးပေါ်ရှိ အစင်းကြောင်းများသည် ကွန်ချာပုံ ဖြစ်နေသည်။

‘ကွာဂါ’မြင်းသည် အာဖရိကတောင်ပိုင်း လွင်ပြင်များတွင် တချိန်ကရှိခဲ့သည်။ ၎င်းသည်၁၈၈၃ ခု လောက်ကပင် ပျောက် ကွယ်ခဲ့သည်။ ၁.၃ မီတာခန့် မြင့်သည်။



တောင်ပေါ်မြင်းကျား



‘ကွာဂါ’ မြင်း

## မြင်းများအစာခြေဖျက်ပုံ

အစာမျိုးမျိုးစားနိုင်သည့်မြင်းနှင့် နွားကဲ့သို့သော သီးရွက်စားကောင်တို့၌ အထူးပြုပြင်ထားသော အစာခြေအဖွဲ့ရှိသည်။ အစာပါ‘ဆယ်လူလို့’ကို ခြေဖျက်ရန် နွားတွင် အစာအိမ် လေးခန်းပါသော်လည်း မြင်းတွင် တခန်းသာ ပါသဖြင့် ကြီးမားသော တဘက်ပိတ်အူက ကူညီခြေဖျက်ပေးသည်။

မြင်းမျိုးတွင်‘အီအိုဟစ်ပတ်’မြင်းငယ်၊ ယခုခေတ်မြင်းကြီး၊ မြင်းကျားနှင့် မြည်းများ ပါဝင်သည်။ ရှေးမြင်းမျိုးများတွင် ရှေ့ခြေတွင် တစ်ချောင်းမှ လေးချောင်းထိရှိပြီး၊ နောက်ခြေတွင် တစ်ချောင်းမှ သုံးချောင်းထိ ရှိ၏။ ယခုခေတ်မြင်းများ၏ ခြေတို့တွင် သန်မာသော ခြေချောင်း တချောင်းစီ ရှိပြီး ခွာအဖြစ် ဖွံ့ဖြိုးနေသည်။

အာရေဗျမြင်းသည် သန်မာပြီး ဖြောင့်တန်းသော ကျောကုန်း ရှိသည်။ ၁.၅ မီတာခန့် မြင့်သည်။ အာရေဗျမှ စတင် ပေါက်ဖွားခဲ့သည်။
မျိုးစစ်မြင်းသည် အာရေဗျမှ ပေါက်ဖွားခဲ့သည်။ ၁.၇ မီတာခန့် မြင့်သည်။

‘အင်ဂလိုနော်မန်’ မြင်းသည် ၁.၆ မီတာခန့်မြင့်သည်။ အင်္ဂလန်တွင် တွေ့ရသော်လည်း ပြင်သစ်ပြည်ရှိ နော်မန်ဒီမှ စတင် ပေါက်ဖွားခဲ့သည်။
တစ် မီတာ မြင့်သော ‘ရှက်တလန်’ မြင်းပုသည် ကလေးကြိုက် မြင်းအဖြစ် ရေပန်းစားသည်။ စကော့တလန်၏ အရှေ့မြောက်အနီးရှိ ရှက်တလန်ကျွန်းမှ စတင် ပေါက်ဖွားခဲ့သည်။


အာရေဗျမြင်း

မျိုးစစ်မြင်း

‘ပါချီရွန်’ မြင်း


‘အင်ဂလိုနော်မန်’ မြင်း


‘ရှက်တလန်’ မြင်းပု


တာတိုမြင်း


‘ဟက်ကနီ’ မြင်း

တာတိုမြင်းကို အမေရိကတွင် တာတိုပြိုင်ပွဲများ၌ သုံးသည်။ ခြေမြဲ၍ အပြေးမြန်ပြီး ခံနိုင်ရည်ရှိသောကြောင့် နွားခြံကြီးများတွင် နွားကျောင်းရန်လည်း သုံးသည်။
‘ပါချီရွန်’ မြင်းသည် ၁.၇ မီတာခန့် မြင့်သည်။ အမေရိကန်ပြည်နှင့် အာဂျင်တီးနားတွင် ဝန်ဆွဲမြင်းအဖြစ် သုံးသည်။ ပြင်သစ်မှ စတင် ပေါက်ဖွားခဲ့သည်။
‘ဟက်ကနီ’ မြင်းသည် သန်မာသော ကိုယ်ရှိပြီး ၁.၆ မီတာခန့် မြင့်သည်။ အင်္ဂလန်မှ စတင် ပေါက်ဖွားခဲ့သည်။

## အိမ်မြင်းများ၏မူလအစ

အိမ်မြင်းမျိုးသည် ‘ပရာဇီဝေါစကီး’ မြင်းမှ ပေါက်ဖွားလာခဲ့သည်။ ဘီစီ ၆၃၀၀ မှ ၃၇၀၀ အတွင်းကစ၍ မြင်းများကို အိမ်မွေးတိရစ္ဆာန်အဖြစ် စတင်မွေးမြူခဲ့ကြသည်။

## မြင်းများ လှုပ်ရှားသွားလာပုံ

မြင်းသွားလျှင် တကြိမ်၌ ခြေတဘက်သာ မြေကြီးမှကြွသည်။ ညာရှေ့ခြေ စတင်လှမ်းပြီး ဗယ်နောက်ခြေ လှမ်းသည်။ ထို့နောက် ဗယ်ရှေ့ခြေလှမ်းပြီး နောက်ဆုံးတွင် ညာနောက်ခြေလှမ်းသည်။ ထို့ကြောင့် မြင်းသည် ဟန်ချက်ထိန်းနိုင်သည်။ အမြန်ပြေးလျှင် ဗယ်ရှေ့ခြေနှင့် ညာနောက်ခြေ၊ ညာရှေ့ခြေနှင့် ဗယ်နောက်ခြေ အတွဲလိုက် မြေမှတလှည့်စီ ကြွသည်။ ကဆုန်ပေါက်ပြေးသောအခါ ခြေသုံးချောင်း သို့မဟုတ် အားလုံးသည် တပြိုင်တည်းလို မြေမှကြွသည်။



မလေး ကြံ့သူတော်သည် ၁ မီတာခန့် မြင့်ပြီး ၂.၄ မီတာ ရှည်သည်။
ထိုင်း၊ဆူမတြာနှင့် မလေးကျွန်းဆွယ်တွင် တွေ့ရသည်။



ဘရာဇီး ကြံ့သူတော်သည် ၁ မီတာခန့်မြင့်ပြီး ၁.၈ မီတာရှည်သည်။
တောင်အမေရိက မြောက်ပိုင်းနှင့် ဗဟိုအမေရိကတွင် နေသည်။

## ကြံ့သူတော်များ

ကြံ့သူတော်များ၏ နောက်ခြေ၌ ခွာ သုံးခု၊ ရှေ့ခြေ၌ ခွာ လေးခု ရှိသည်။ အမြီးတိုသည်။ နှာခေါင်းနှင့်အပေါ် နှုတ်ခမ်း ရှည်ပြီး လှုပ်ရှားနိုင်သည်။ သီးရွက်စား သတ္တဝါများဖြစ်သည်။ ရွှံ့နှင့် ရေအနီးတွင် နေသည်။

## ကြံ့များ

ကြံ့၏ခြေတွင် ခွာသုံးခုစီ ရှိ၏။ အမြီး အနေတော် ရှည်ပြီး အဖျားဖွား၍ ကြမ်း၏။ ကိုယ်ခန္ဓာကြီးမားပြီး ခြေများ တုတ်ခိုင်သည်။ အရေပြား အလွန်ထူသည်။ ချို တစ်ချောင်းသို့မဟုတ် နှစ်ချောင်းရှိပြီး မာကြမ်းသော အမွေးစုမှ ဖြစ်ပေါ်လာသည်။ သီးရွက်စား သတ္တဝါဖြစ်သည်။

## ချိုတစ်ချောင်းကြံ့



အိန္ဒိယကြံ့ကြီး

အိန္ဒိယကြံ့ကြီးသည် ၁.၇ မီတာခန့်မြင့်သည်။ အာရှကြံ့များတွင် အကြီးဆုံးဖြစ်၏။ အရေပြား ထူပြီး တွန့်ခေါက်နေသည်။ သံချပ်ကာအင်္ကျီ ဝတ်ထားသည်နှင့် တူ၏။ နီပေါ၊ ဘင်္ဂလားမြောက်ပိုင်းနှင့် အာသံရှိ မြက်ရှည်တောများ၌ နေထိုင် ကျက်စားသည်။

## ချိုနှစ်ချောင်းကြံ့

ချိုနှစ်ချောင်း ကြံ့များတွင် ချိုတစ်ချောင်း၏ နောက်၌ နောက် တစ်ချောင်း ရှိသည်။ ရှေ့ချိုက ပိုကြီး၏။



ကြံ့မည်း

ကြံ့ဖြူ



ဂျာဗားကြံ့

ဂျာဗားကြံ့သည် ၁.၅ မီတာခန့် မြင့်သည်။ ဂျာဗားနှင့် မလေးကျွန်းဆွယ်တွင် နေသည်။ အရေပြား တွန့်ခေါက်နေပြီး အကြေးသဏ္ဌာန် ရှိသည်။

ဆူမတြာကြံ့သည် သေးငယ်ပြီး ၁.၂ မီတာ မြင့်သည်။ မြန်မာ၊ ဆူမတြာ၊ ဘော်နီယို၊ ထိုင်းနှင့် မလေး ကျွန်းဆွယ်တွင် နေသည်။



ဆူမတြာကြံ့

ကြံ့မည်းများသည် ၁.၅ မီတာ မြင့်သည်။ အာဖရိကတိုက်ရှိ ချုံထူဒေသများတွင် နေသည်။ ချွန်သောအပေါ်နှုတ်ခမ်းသည် အစာကို ဆုပ်ကိုင်နိုင်သည်။အရွက်များ ကို ခူးဖြတ်စားသည်။ မီးခိုးရင့်ရောင် အဆင်း ရှိသည်။

နှုတ်သီးလေးထောင့်ရှိ ကြံ့ဖြူသည် ၂ မီတာခန့်မြင့်သည်။ ကြံ့များအနက် အကြီးမားဆုံးဖြစ်သည်။ ကြံ့ဖြူဟု ခေါ်သော်လည်း မီးခိုးရောင်သာ ဖြစ်သည်။

# စုံဂဏန်းအရေအတွက် ခွာရှိတိရစ္ဆာန်များ

ဝက်၊ ကုလားအုတ်၊ သမင်နှင့် ကျွဲနွားများသည် 'အာတီအိုဒက်တိုင်းလား' မျိုးစဉ်တွင် ပါဝင်၏။ ခြေချောင်းနှစ်ချောင်း သို့မဟုတ် လေးချောင်းပါရှိသော စုံဂဏန်းအရေအတွက် ခွာရှိတိရစ္ဆာန်များဖြစ်၏။တတိယနှင့်စတုတ္ထ ခြေချောင်းများသည် ကိုယ်၏အလေးချိန်ကို ထောက်မထား၏။အချို့မှာ စားမြုံ့ပြန်မျိုးဖြစ်ပြီး ရှုပ်ထွေးသော အစာခြေအဖွဲ့ ရှိ၏။ ခွာရှိ နို့တိုက်သတ္တဝါများတွင် ခွာစုံသည် အမျိုးအစား ပိုများ၏။ ပထမတဆင့်ခံ မျိုးစဉ်တွင် ဝက်၊ ရေမြင်း၊ ဒုတိယတွင် ကုလားအုတ်၊ တတိယတွင် စားမြုံ့ပြန်တတ်သော သမင်၊ 'အင်တီလုပ်'နှင့် ကျွဲနွားများ ပါဝင်သည်။

## ခွာအမျိုးအစားအချို့


သမင် ကုလားအုတ် ရေမြင်း

## တောဆိတ်၊ကျွဲ၊နွား၊ဆိတ်၊သိုးတို့၏ချိုများ

ဆိတ်၊ သိုး၊ ကျွဲ၊ နွားနှင့် တောင်ပေါ်နေ သိုးများတွင် အထီးရော အမပါ ချိုများရှိကြသည်။ ၎င်းတို့၏ ချိုများသည် တည်မြဲသည်။ သမင်၊ ဒရယ်များကဲ့သို့ ရာသီအလိုက် ချိုလဲခြင်း မရှိ။





ဂျပန်တောဆိတ်ပုံ

## သမင်၏ချိုများ

သမင်အထီးတွင်သာ ချိုရှိတတ်သည်။ ဆောင်းဦးတွင် မိတ်လိုက်ပြီးနောက် ချိုပြုတ်သွားပြီး နွေဦးတွင် ချိုသစ် ထွက်၏။ အသက်ကြီးလေ ချိုအခက် ပိုလာလေ ဖြစ်သည်။



## သမင်၏ချိုများ ကြီးလာပုံ


ဆောင်းတွင် ချိုပြုတ်ကျပုံ
နွေဦးတွင် ချိုဖုကို အရေပြား နုကဖုံးထားပုံ
နွေတွင်ချိုအခက် အလက်ဖြာပုံ
ဆောင်းကူးစတွင် ချိုရှိ အရေပြားကို သစ်ပင်နှင့် ပွတ်တိုက်သဖြင့် အရေပြား ကွာကျပုံ
ဆောင်းဦးတွင် ချွန်ထက် ကြီးထွားလာပုံ

## နွား၏ စားမြုံ့ပြန် အစာအိမ်ပုံ




## စားမြုံ့ပြန် တိရစ္ဆာန်များ၏ အစာအိမ်

ဖော်ပြပါပုံသည် နွား၏ စားမြုံ့ပြန် အစာအိမ်ပုံ ဖြစ်သည်။ ၎င်းကို လေးပိုင်းပိုင်းထားသည်။

နွားသည် အစာကို အနည်းငယ်ဝါးပြီး အလျင်စလို မျိုချသည်။ ထိုအစာသည် ပထမဦးဆုံးနှင့် အကြီးမားဆုံး အစာအိမ်၏ အပိုင်းသို့ ရောက်သွားသည်။ ပထမပိုင်းက အစာကို သိုလှောင်ပြီး ပျော့ပျောင်းစေသည်။ ဒုတိယပိုင်းရှိ ဗက်တီးရီးယားက 'ဆယ်လူလို့'ကို ခြေဖျက်သည်။ ပထမပိုင်းနှင့် ဒုတိယပိုင်းရှိ အကြွမ်းခြေဖျက်ပြီး အစာများကို စားမြုံ့ပြန်ပြီး တဖန်မျိုချပြန်သည်။ ထိုအစာသည် အစာအိမ်၏ တတိယနှင့် စတုတ္ထပိုင်းသို့ ရောက်သွားသည်။ စတုတ္ထ အစာအိမ်က အစာခြေရည်ဖြင့် အစာကို ဆက်လက် ခြေဖျက်ပေးသည်။

## တောဝက်မျိုးများ

တောဝက်မျိုးတွင် နှုတ်သီးထိပ် ဝိုင်းပြီး အပေါ်လန်သော အစွယ်ပါ၏။ ရှေ့ခြေတွင် ခြေချောင်း လေးချောင်းနှင့် နောက်ခြေတွင် သုံးချောင်း သို့မဟုတ် လေးချောင်း ရှိသည်။



တောဝက်ကို ဥရောပ၊ အာရှအလယ်ပိုင်း၊ မြောက်အမေရိကနှင့် အာဖရိကမြောက်ပိုင်း သစ်တောများ၌ တွေ့ရသည်။ အမြင့် ၉၁ မှ ၁၁၀ ဆင်တီမီတာ အထိ ရှိသည်။

အီသီယိုးပီးယားနှင့် တောင်အာဖရိကမှ ဆီနီဂေါအထိရှိ ကွင်းပြင်များ၌ အဖုပါ ဝက်ရိုင်းကို တွေ့ရ၏။ ၆၅ မှ ၈၅ ဆင်တီမီတာ အထိ မြင့်၏။ မျက်နှာတဘက်တချက်တွင် အဖု တစုံစီ ပါ၏။ နှုတ်သီးကြီးပြီး အစွယ်ပါ၏။ လည်ဆံမွေးမှတပါး ကိုယ်တွင် အမွေး မရှိသလောက် ဖြစ်သည်။



မြစ်ဝက်နီ (ချုံနေဝက်) သည်မဒါဂါစကာနှင့် ဆဟာရသဲကန္တာရ တောင်ဘက်နေရာများတွင်နေသည်။ နီကျန်ကျန် အရောင် ရှိသည်။ မျက်နှာတွင် အဖုကွက် များ နှင့် ကျောရိုး တလျှောက်တွင် အဖြူစင်းကြီး ရှိသည်။ ၅၅ မှ ၈၀ ဆင်တီမီတာ အထိ မြင့်သည်။





'ဗာဗီရတ်ဆာ'သည် ၆၅ မှ ၈၀ ဆင်တီမီတာအထိမြင့်သည်။ ဆယ်လီဗီးနှင့် မိုလတ်ကာကျွန်းများ၌ တွေ့ရသည်။ အမွေးမပါသလောက် ဖြစ်သည်။ အခြားဝက်များထက် ခြေတံ ပိုရှည်သည်။ အပေါ်အစွယ်သည် နှုတ်ခမ်းများကြားမှ မထွက်ပဲ အပေါ်မေးရိုးမှ တိုက်ရိုက် ထွက်သည်။ အောက်အစွယ်သည် ပါးစပ်မှ ထွက်သည်။

## အိမ်ဝက်များ

အိမ်ဝက်များသည်တောဝက်များမှဆင်းသက်သည်။ဘီစီ ၄၀၀၀ခန့်က မက်ဆိုပိုတေးမီးယားရှိ လယ်သမားများက တောဝက်ကို စတင်မွေးခဲ့သည်။ တောဝက်များသည် အပြေးမြန်ပြီး အန္တရာယ်ရောက်လျှင် ရန်ပြုတတ်သည်။ ထို့ကြောင့် ခြေတိုပြီး ခန္ဓာကြီးသည့် အစွယ်မပါသော ဝက်များနှင့် မျိုးစပ် မွေးမြူကြသည်။



'ယော့ရှိုင်းယား' ဝက်မျိုးသည် အင်္ဂလန်နိုင်ငံ ယော့ရှိုင်းယားမှ ဖြစ်၏။ ကိုယ်အလေးချိန် ကီလိုဂရမ် ၂၀၀ မှ ၃၈၀ အထိ ရှိသည်။

'ဗတ်ရှိုင်းယား' ဝက်မျိုးသည် ကီလိုဂရမ် ၂၅၀ လေး၏။ အသားကောင်းရရန် ကီလိုဂရမ် ၁၀၀ ခန့် အထိသာ ကြီးထွားစေသည်။





'လင်းဒရေ့'ဝက်မျိုးသည် ဒိန်းမတ်ဝက်မျိုး ဖြစ်သည်။ ၂၂၅ မှ ၃၂၀ ကီလိုဂရမ် အထိ လေး၏။ ဝက်ပေါင်ခြောက် လုပ်ရန် အကောင်းဆုံးအသား ရှိသည်။



'ဟမ်းရှိုင်းယား'ဝက် မျိုးသည် အမေရိကန် ကင်တတ်ကီပြည်နယ်မှ ဖြစ်သည်။ ကီလိုဂရမ် ၂၀၀ မှ ၃၀၀ အထိ လေးသည်။

## ရေမြင်းမျိုးများ

ရေမြင်း၏ ခြေလက်တို့တွင် ခြေချောင်း၊ လက်ချောင်း လေးခုစီပါသည်။ ရှုပ်ထွေးသော အစာခြေအဖွဲ့ရှိသည်။ သို့သော် စားမြုံ့မပြန်ပေ။ ဝက်များနှင့် မျိုးဆက်ဝေးသည်။

ရေမြင်းပုသည် ဆင်တီမီတာ ၈၀ ခန့်မြင့်ပြီး ၁.၅ မီတာ ရှည်သည်။ အာဖရိက အနောက်ပိုင်း သစ်တောများရှိ စမ်းချောင်းများ၌ နေသည်။



ရေမြင်းသည် အာဖရိကရှိ မြစ်များ၊ ကန်များနှင့် နွံများတွင်နေသည်။ ၁.၅မီတာ ခန့်မြင့်ပြီး ၄.၂ မီတာရှည်၏။ ၃.၆ တန် လေးသည်။ အမွေးမရှိ။ မြက်နှင့် ကျူ တို့ကိုစား၏။ ရေတွင် အနေများသည်။



## ချေလှောင်မျိုးများ

ချေလှောင် မျိုးများတွင် ချို မပါရှိချေ။ အငယ်ဆုံး စားမြုံ့ပြန် သတ္တဝါများတွင်ပါဝင်သည်။ အစာအိမ်သုံးကန့်ရှိသည်။ အထီးတွင် စွယ်သွားရှည် နှစ်ချောင်းပါသည်။



ကတိုးကောင်သည် ဆင်တီမီတာ ၆၀ ခန့်မြင့်သည်။ အာရှတောင်ပေါ် ဒေသများ၌နေသည်။ အထီးများသည် အမွှေးရည်ကို ဝမ်းဗိုက်ရှိ ကတိုးခွာမှ ထုတ်သည်။

အိန္ဒိယချေလှောင်သည် ဆင်တီမီတာ ၃၀ ခန့် မြင့်သည်။ အိန္ဒိယ နှင့် သီရိလင်္ကာ သစ်တောများ၌ တွေ့ရသည်။

ရေချေလှောင် သည် ၃၅ မှ ၄၀ ဆင်တီမီတာ အထိမြင့်သည်။ ကွန်ဂိုမြစ်ဝှမ်းရှိတော၌ နေ သည်။ ရေကူး ကျင်လည်သည်။





## ကုလားအုတ်မျိုးများ

စားမြုံ့ပြန်သတ္တဝါဖြစ်သည်။ အစာအိမ်၌ သုံးကန့်ပါသည်။ ခြေထောက်များ၌ ခြေချောင်းနှစ်ချောင်းစီပါသည်။ ခွာထူသည်။ ကုလားအုတ်ဘို့တို့သည် အဆီတစ်ရှူးဖြင့် ပြီးသည်။ ကုလားအုတ် အနွယ်ဖြစ်သည့် 'လာမာ'တွင် ဘို့ မပါပေ။ အမွေးထူပြီး အမြီးတိုသည်။



ဘို့တစ်လုံးကုလားအုတ်သည် ၁.၈ မီတာခန့်မြင့်သည်။ အာဖရိကမြောက်ပိုင်းနှင့် အာရှအနောက်တောင်ပိုင်း၌တွေ့ရသည်။ ဝန်တင်တိရစ္ဆာန်အဖြစ်အသုံးပြုသည်။

ဘို့နှစ်လုံး ကုလားအုတ် သည် ၂ မီတာ ခန့် မြင့်ပြီးအာရှတိုက်အလယ်ပိုင်း သဲကန္တာရ၌နေသည်။ အမွေးထူများကြောင့် အအေးဒဏ် ခံနိုင်စွမ်းရှိသည်။



ကုလားအုတ်များသည်သဲကန္တာရတွင်နေသားကျသည်။ သဲပူနှင့်ကျောက်တုံးပေါ်တွင်လျှောက်နိုင်သောခွာထူရှိသည်။ မျက်စိထဲ သဲမဝင်နိုင်ရန်ကာကွယ်သည့် မျက်တောင်ရှည်များ ရှိသည်။ သဲမုန်တိုင်းကျချိန်၌ နှာခေါင်းကို ပိတ်ထားနိုင်သည်။ ဘို့ရှိအဆီများမှ အာဟာရ ရနိုင်၏။ ရေမရှိသော်လည်း ကြာရှည်စွာနေနိုင်သည်။

## သမင်များ

သမင်များသည် စုံဂဏန်းအရေအတွက်ခွာရှိ စားမြုံ့ပြန်မျိုးဖြစ်သည်။ အထီးတွင် ချိုမာပြီး အသစ်လဲလှယ်လေ့ရှိသည်။ ဥရောပ၊ အာဖရိကနှင့်အာရှတွင်တွေ့ရသည်။



‘ဆီကာ’ (ဂျပန်သမင်) သည် ဆင်တီမီတာ ၈၀ မှ ၈၆ ထိ မြင့်သည်။ ဂျပန်နှင့် တရုတ်၌ တွေ့ရသည်။ ချိုကိုဆေးအဖြစ် တရုတ်များက အသုံးပြုသည်။

သမင်နီအထီးသည် ၁.၂ မီတာခန့် မြင့်သည်။





‘ပဲရီဒေးဗစ်’ သမင်ကိုတရုတ်ပြည်ပီကင်း၌ တွေ့ရ၏။ ၁.၁ မီတာခန့် မြင့်သည်။

‘မူး’ သမင်သည် ၂ မီတာခန့်မြင့်ပြီး သမင်များအနက် အကြီးဆုံးဖြစ်သည်။





‘ကယ်ရီဗူး’ သည် တန်ဒြာ သမင်နှင့်အလွန်တူသည်။ ၁.၂ မီတာခန့် မြင့်သည်။ ကနေဒါ မြောက်ပိုင်း ဝင်ရိုးစွန်း၌ တွေ့ရသည်။ ချိုကြီးများပါသည်။

‘အိုကာပီ’ သည် လည်ပင်းနှင့် ခြေလက်တိုသည်မှ လွဲ၍ ကုလားအုတ်နှင့်တူသည်။ ၁.၅ မီတာခန့် မြင့်၏။ ခြေလက်တို့တွင် အဖြူစင်း ပါသည်။

သစ်ကုလားအုတ်သည် ပခုံးအထိ ၃ မီတာခန့် မြင့်ပြီး ခေါင်းအထိ ၆ မီတာ မြင့်သည်။ အာဖရိက ခြောက်သွေ့သော မြက်ခင်း နှင့် သဲကန္တာရ ဆန်သော ဒေသ၌ တွေ့ရသည်။

## သစ်ကုလားအုတ်

သစ်ကုလားအုတ်သည် စုံဂဏန်း အရေအတွက်ခွာရှိ စားမြုံ့ပြန်မျိုးဖြစ်ပြီး သက်ရှိတိရစ္ဆာန်များတွင် အမြင့်ဆုံး ဖြစ်သည်။ လည်တံရှည်ရှိ၏။ ‘မိုင်အိုဆင်း’ အကာယုဂ်မှ ‘ပလိုင်အိုဆင်း’ အကာယုဂ် (နှစ်ပေါင်း ၂၅ သန်းမှ ၁၀ သန်းအထိ) အတွင်းရှိခဲ့သော ‘ပေလီအိုထရေးဂတ်’ အနွယ်ဖြစ်၏။ နဖူးတွင် အရေပြားနှင့် အမွေးများ ဖုံးအုပ်နေသော ချိုတို နှစ်ချောင်း သို့မဟုတ် သုံးချောင်း ရှိသည်။

## နွားမျိုးများ

နွားမျိုးများတွင် နွား၊ သိုး၊ ကျွဲ၊ ပြောင်၊ ဆိတ်နှင့်သမင်တို့ ပါဝင်သည်။ အသစ်မလဲနိုင်သော ချိုများရှိသည်။ ခြေထောက်များတွင် ခြေချောင်းလေးချောင်းစီပါ၏။ သီးရွက်များ ကြိတ်ခြေရန် အံသွားမျက်နှာပြင်၌ စောင်းများပါသည်။ စံပြု စားမြုံ့ပြန် မျိုးစစ်များ ဖြစ်သည်။



အာဖရိကကျွဲရိုင်း

အာရှကျွဲသည် ၁.၈ မီတာခန့် မြင့်သည်။ ချိုသည် ပြား၍ရှည်ပြီး နောက်သို့ လန်နေ၏။ လယ်ထွန်ရန် အသုံးပြုသည်။ ကျွဲရိုင်းများကို အိန္ဒိယ၊ အင်ဒိုချိုင်းနားနှင့် ဘော်နီယိုရှိ ရွှံ့နွံများ၌ တွေ့နိုင်သည်။

အာဖရိကကျွဲရိုင်းကို အာဖရိက အီကွေတာသစ်တောနှင့် မြက်ရှည်တောများ၌ တွေ့ရသည်။ ခန္ဓာကိုယ်ကြီးမားကြံ့ခိုင်သည်။ ၁.၅ မီတာမှ ၁.၇ မီတာထိ မြင့်သည်။ချိုနှစ်ချောင်း၏အရင်းသည် နဖူးအလယ်၌ ထိလုနီးပါး ဖြစ်သည်။



အာရှကျွဲ



'ယတ်'



'ကူဒူး'

'ယတ်' ခေါ် တိဘက်နွားသည် တိဘက်နှင့် တရုတ်ပြည်အနောက်ပိုင်း ဇာတိ ဖြစ်သည်။ မီတာ ၄၀၀၀ နှင့် ၅၀၀၀ အကြားရှိ ကုန်းပြင်မြင့်များ၌ တွေ့ရသည်။ ပူနွေးသော မြေနိမ့်များ၌ မနေနိုင်။ ၁.၇မီတာခန့် မြင့်သည်။

အမေရိကန်ပြောင်သည် မြောက်အမေရိက မြေပြန့်ပိုင်းမှ ဆင်းသက်လာသည်။ ပစ်ခတ်မှုကြောင့် ကွယ်ပျောက်လုနီး ဖြစ်သည်။ သဘာဝဥယျာဉ်များတွင် ဘေးမဲ့ပေးထားသဖြင့် ပြန်လည် တိုးပွား လာသည်။ ၁.၇ မီတာခန့် မြင့်သည်။ ဦးခေါင်းနှင့် ကိုယ်ထည်ရှေ့ပိုင်း ကြီးမားကြံ့ခိုင်သည်။

'ကူဒူး' သည် ၁.၃ မီတာမြင့်ပြီး ချိုလိမ်သည်။ အာဖရိက 'အင်တီလုပ်' အကြီးဆုံးမျိုးတွင် ပါသည်။

ဆတ်နွားသည် ၁.၈ မီတာခန့်မြင့်သည်။ အာဖရိက 'အင်တီလုပ်'တို့အနက် အကြီးဆုံးဖြစ်ပြီး လည်ပင်း၌ တွဲကျနေသော အရေပြားရှိသည်။



ဆတ်နွား



အမေရိကန်ပြောင်



ဆတ်ကုလား

ဆတ်ကုလားသည် ၁.၃ မီတာခန့်မြင့်သည်။ ချိုရှိ၏။ အာရှ 'အင်တီလုပ်'များတွင် အကြီးဆုံးဖြစ်သည်။

### ပရောင်းဟွန်းမျိုးများ

'အင်တီလုပ်'နှင့် ရုံဖန်ရုံခါ မှားတတ်သည်။ သီးခြားမျိုးနွယ် ဖြစ်သည်။ အထီး၊ အမ၌ ချိုနှစ်ခွရှိ၏။ ချိုမှာ အပြင်ပိုင်းသည် နှစ်စဉ် လဲသည်။ အပြေးမြန်သည်။ ချုံဖုတ်၊ သဲကန္တာရ၊ မြက်ခင်းပြင်နှင့် ကျောက်ဆောင် ထူထပ်သော အမေရိကန်ပြည် အနောက်ပိုင်းနှင့် အနောက်အလယ်ပိုင်း၌ တွေ့ရသည်။



'ပရောင်းဟွန်း'

မျက်နှာရှည်‘ဟတ်တီဗီး’သည် ၁.၂ မီတာခန့်မြင့်၏။ ရှက်တတ်သည်။ အာဖရိက မြေပြန့်တွင် အုပ်လိုက် နေသည်။

အိန္ဒိယ‘အင်တီလုပ်’သည်ဆင်တီမီတာ၈၀ခန့်မြင့်၏။ ကျောမည်းပြီး ဝမ်းဗိုက်ဖြူသည်။ ချိုလိမ်ပြီး အရစ် ပါသည်။

‘ရှမွာ’ တောင်ဆိတ်မျိုးသည် ဥရောပနှင့် အာရှမိုင်း နားဌ် နေသည်။ ဆင်တီမီတာ ၈၀ ခန့် မြင့်၏။ ချို ကောက်များ ပါသည်။

‘ဗာဗရီ’ သည် အာဖရိက မြောက်ပိုင်း သိုးရိုင်းဖြစ် သည်။ တစ်မီတာခန့်မြင့်ပြီး ချိုရှည်သည်။

‘ငှူ’ ဆတ်ကျွဲသည် ၁.၃ မီတာခန့် မြင့်သည်။ အာ ဖရိက မြေပြန့်များ၌ နေသည်။ ခေါင်းသည် ကျွဲ ခေါင်းနှင့် တူသည်။

‘မူဖလွန်’ ဆိတ်ကုလားသည် ဥရောပ၏ တမျိုးတည်း သော သိုးရိုင်း ဖြစ်သည်။ ဥရောပ၊ ကော်ဆီကာနှင့် ဆာဒီးနီးယားကျွန်းများ၌ နေ၏။ ဆင်တီမီတာ ၇၀ ခန့် မြင့်သည်။

တုတ်ခိုင်သော ‘ဆိုင်ဂါ’သည် ဆင်တီမီတာ ၇၀ ခန့် မြင့်ပြီး နှာရောင်ပွနှင့် မတ်သော ချိုငယ် ရှိသည်။ အာရှအလယ်ပိုင်းနှင့်ရုရှားအရှေ့တောင်ပိုင်း မြေပြန့် များ၌ နေသည်။

‘တား’ သည် ဆိတ်နှင့်တူ၏။ ကက်ရှမီးယား၊ အိန္ဒိယ ပြည်မြောက်ပိုင်း ချောက်ကမ်းပါးများနှင့် တောင် ကမ်းပါးယံများ၌ နေသည်။တစ်မီတာခန့် မြင့်သည်။


‘ဟတ်တီဗီး’


‘ရှမွာ’တောင်ဆိတ်


‘ဗာဗရီ’သိုးရိုင်း


အိန္ဒိယ‘အင်တီလုပ်’


‘ငှူ’ဆတ်ကျွဲ


‘ဆိုင်ဂါ’


‘မူဖလွန်’ဆိတ်ကုလား


‘တား’


တောဆိတ်

တောဆိတ်သည်တစ်မီတာ ခန့် မြင့်သည်။ ချိုတိုပြီး နား ရွက် ရှည် သည်။ ဟိမဝန္တာအရှေ့ပိုင်း၊ မြန် မာ၊ မလေးရှား၊ တရုတ်၊ ထိုင်ဝမ်နှင့်ဂျပန်ရှိ တောင် ကမ်း ပါး ယံ များ ၌ တွေ့ ရသည်။

## အိမ်နွားမျိုးများ




ဟော်လန် 'ဟိုးစတိုင်း' နွားသည် ၁.၅ မီတာခန့် မြင့်ပြီး နို့စားနွားများတွင် အကြီးဆုံး ဖြစ်၏။

အင်္ဂလိပ် ချီတိုနွားသည် ၁.၄မီတာခန့် မြင့်သည်။ အသားစားအဖြစ် မွေး၏။

ဗြာမနွားထီးသည် အိန္ဒိယမှဖြစ်သည်။ ၁.၂မီတာခန့် မြင့်၏။

အင်္ဂလိပ် 'ဂျာဆီ' နွားသည် ၁.၃ မီတာခန့် မြင့်ပြီး နို့စားနွားများတွင် အငယ်ဆုံး ဖြစ်သည်။

'အင်ကိုလီ' နွားသည် အာဖရိကမှ ဖြစ်သည်။ ၁.၂ မီတာခန့် ရှည်သည်။

'ဆွစ်' နွားသည် ၁.၄မီတာခန့် မြင့်၏။ နို့စားနွား အဖြစ် မွေးသည်။

အင်္ဂလိပ် 'ဟဲရီဖို' နွားသည် ၁.၂မီတာခန့် မြင့်၏။ အသားစားအဖြစ် နာမည်ကြီးသည်။

## သိုးမျိုးများ

'မာရီနို' သည် ကီလိုဂရမ် ၁၂၀ ထိ လေးသည်။ အကောင်းစား သိုးမွေးရရန် မွေးသည်။

'ကော်ရီဒေး' သည် နယူးဇီလန်နှင့် ဩစတြေးလျမှ ဖြစ်သည်။ ၉၅ ကီလိုဂရမ်ထိ လေးသည်။ သိုးမွေးနှင့် အသားအတွက် မွေး၏။

အင်္ဂလိပ် 'လင်ကွန်း' သိုးသည် ကီလိုဂရမ် ၁၀၀ မှ ၁၆၀ ထိ လေးသည်။ အရှည်ဆုံး သိုးမွေးရသည်။

တရုတ် 'ဟန်ယန်' သိုးသည် ကီလိုဂရမ် ၂၀မှ ၇၀ ထိ လေးသည်။ အမြီးထူသည်။







ကက်ရှမီးယား ဆိတ်သည် 'အင်ဂိုရာ' ဆိတ်နှင့် နွယ်သည်။ တိဘက်၌ တွေ့ရ၏။ ဆင်တီမီတာ ၆၀ ခန့် မြင့်သည်။

'ဆာနင်' ဆိတ်သည် ကီလိုဂရမ် ၅၀ မှ ၉၀ ထိ လေးသည်။ ဆွစ်ဇာလန်မှ ပြန့်ပွားလာသည်။ နို့ကောင်းရသည်။

'တော့ဂင်ဗတ်' ဆိတ်သည် ၄၅မှ ဂ၀ ကီလိုဂရမ်ထိ လေး၏။ ဆွစ်ဇာလန်မှ ပြန့်ပွားလာသည်။ နို့စားဆိတ်မျိုး ဖြစ်သည်။

'အင်ဂိုရာ' ဆိတ်သည် တူရကီမှ ပြန့်ပွားလာသည်။ ၄၅ မှ ၉၀ ကီလိုဂရမ် အထိ လေးသည်။ အမွေးများကို 'မိုဟဲ' ဟု ခေါ်သည်။

## ဆိတ်မျိုးများ



# ဝေါဟာရစာရင်း

| | |
|---|---|
| ကတိုးကောင် | Musk deer |
| ကနေရီစာဝါ | Canary |
| ကာဒီနယ်ငှက် | Cardinal |
| ကီဝီငှက် | Kiwi |
| ကူဒူး | Kudu |
| ကေမင်မိကျောင်း | Caiman |
| ကော့ကယ်ငှက် | Caucal |
| ကော့ယင်ငှက် | Toucan |
| ကော်ရီဒေးသိုး | Corriedale |
| ကိုကာဘူရာငှက် | Kookaburra |
| ကိုတင်ဂါငှက် | Cotinga |
| ကိုမိုဒိုဒရာဂွန် | Komodo dragon |
| ကိုယိုတီဝံပုလွေ | Coyote |
| ကိုလီငှက် | Coly |
| ကိုလူဗရစ်မြွေ | Colubrid snake |
| ကိုအာလာ ဝက်ဝံ | Koala |
| ကက်စတာယုန် | Castor rex |
| ကက်ဆိုဝါရီငှက် | Cassowary |
| ကင်ဂရူးကြွက် | Kangaroo-rat |
| ကင်ဂရူးသားပိုက်ကောင် | Kangaroo |
| ကင့်တစ် ပလိုဗာငှက် | Kentish plover |
| ကစ်စကာဒီးငှက် | Kiskadee |
| ကုန်းနေရေနေသတ္တဝါ | Amphibian |
| ကယ်ရီဗူး | Caribou |
| ကျားဆယ်လာမင်ဒါ | Tiger salamander |
| ကျူရာဆိုးငှက် | Curassow |
| ကွက်ဇယ်ငှက် | Quetzal |
| ကွိုင်ပူ | Coypu |

| | |
|---|---|
| ခရုစုတ်ငှက် | Ibis |
| ခလောက်မြွေ | Rattle snake |
| ချီမန်ဂို ကာရာကာရာသိမ်းငှက် | Chimango caracara |
| ချီဟွာဟွာခွေး | Chihuahua |
| ချေလျှောင် | Mouse deer |
| ချိုတိုနွား | Short-horn |
| ချင်ချီလာ | Chinchilla |
| ချင်ခွေး | Chin |
| ချစ်မန့်ရှဉ့် | Chipmunk |

| | |
|---|---|
| ဂရီဗီးမြင်းကျား | Grevy's zebra |
| ဂရေးလက်ငန်း | Greylag goose |
| ဂရစ်ဖွန်လင်းတ | Griffon vulture |
| ဂရိတ်ဒိန်းခွေး | Great Dane |
| ဂရန့်မြင်းကျား | Grant's zebra |
| ဂလင်း (အကျိတ်) | Gland |
| ဂါဗွန်မြွေပွေး | Gaboon viper |
| ဂီလာမွန်စတာ | Gila monster |
| ဂူအန်ငှက် | Guan |
| ဂေါ်ရီလာမျောက်ဝံ | Gorilla |
| ဂိုဖာလိပ် | Gopher |
| ဂိုလဒီ ဖား | Goeldi's frog |
| ဂိုလီယက် ဖား | Goliath frog |
| ဂိုင်ရာဖာကွန် | Gyrfalcon |

| | |
|---|---|
| ဂယ်ဗီယာမိကျောင်း | Gavial |
| ဂျပါလူရာပုတ်သင် | Japalura lizard |
| ဂျဗီရူးငှက်ကျား | Jabiru |
| ဂျာဂွာကျားသစ် | Jaguar |
| ဂျာဂွာရန်ဒီကျားသစ် | Jaguarundi |
| ဂျက်ဆင်ပုတ်သင် | Jackson's chameleon |
| ဂွာဂါမြင်း | Guagga |
| ဂွာနေ တင်ကျီး | Guanay cormorant |

| | |
|---|---|
| ငူဆတ်ကျွဲ | Brindled gnu |
| ငှက်စိမ်း | Leafbird |
| ငှက်ပိတုန်း | Humming-bird |
| ငှက်ပျားပိတုန်း | Bee humming-bird |
| ငှက်ဘီလူး | Shrike |
| ငှက်ရွှေဝါ | Oriole |

| | |
|---|---|
| စကူအာငှက် | Skua |
| စခရီးမား (တောဘဲငန်းမျိုး) | Screamer |
| စတယ်လာ စင်ရော် | Steller's albatross |
| စတယ်လာ ဆီးလိုင်းယန်း | Steller's sea-lion |
| စတယ်လာ ပင်လယ်လင်းယုန် | Steller's sea-eagle |
| စနက်ပင် လိပ် | Snapping turtle |
| စနိုက်ငှက် | Snipe |
| စပစ်ခွေး | Spitz |
| စပမ်း ဝေလငါး | Sperm–whale |
| စီစီလီယန် | Caecilian |
| စက္ကရီတေရီငှက် | Secretary-bird |
| စိန့်ဗားနတ်ခွေး | St. Bernard dog |

| | |
|---|---|
| ဆမျူးရေငုပ်ဘဲ | Smew |
| ဆလော့ | Sloth |
| ဆာနင်ဆိတ် | Saanen goat |
| ဆာဗီရွှေ့ပု | Savi's pygmy shrew |
| ဆာဗယ်ကြောင် | Serval |
| ဆီကာသမင် | Sika |
| ဆီငှက် | Oil-bird |
| ဆီဗစ် | Civet |
| ဆီအာမိုင်း မျောက်လွဲကျော် | Siamang |
| ဆီးကောင်း (ရေဝက်မျိုး) | Sea–cow |
| ဆီးလိုင်းယန်း (ဖျံမျိုး) | Sea–lion |
| ဆူရီနမ် ဖားပြုပ် | Surinam toad |
| ဆူးထူအမမ်မီကြွက် | Amami spiny rat |
| ဆိုလီနိုဒွန် | Solenodon |
| ဆိုင်ဂါ | Saiga |
| ဆိုင်ရင်ကြီး | Greater siren |
| ဆိုင်ရင်ငယ် | Lesser siren |
| ဆစ္စကင်စာငှက် | Siskin |
| ဆတ်ကုလား | Nilgai |
| ဆတ်နွား | Eland |
| ဆယ်လာမင်ဒါ | Salamander |
| ဆယ်လာမင်ဒါမှိုန် | Haze salamander |

| | |
|---|---|
| ဇီးနေ့ငှက် | Xenops |
| ဇွေငှက် | Babbler |
| ဇွန်းနှုတ်သီးငှက် | Spoonbill |
| ညတေးဆိုငှက် | Nightingale |
| ညု | Newt |
| တတိုင်းမွှေးငှက်လက်မ | Magnolia warbler |
| တာဆီယာ | Tarsier |
| တာနာဂါငှက် | Tanager |
| တာမီဂန်ငှက် | Ptarmigan |
| တား | Tahr |
| တိဘက်နွား | Yak |
| တူအာတာရာ (ပုတ်သင်မျိုး) | Tuatara |
| တော့ဂင်ဗတ်ဆိတ် | Toggenburg |
| တော့ဒီငှက် | Tody |
| တိုကိုကော့ယင် | Toco toucan |
| တိုရာကိုငှက် | Touraco |
| တက်စမေနီယန် သားပိုက်ကောင်သရဲ | Tasmanian devil |
| တင်းရက် | Tenrec |
| တောင်အမေရိကန်ကပီဗရာ | South American capybara |
| တိုင်နာမောငှက် | Tinamou |
| တမ်မစ်တင်ကျီး | Temmick's cormorant |
| တွားသွားသတ္တဝါ | Reptile |
| ထရာဗင်ကိုး ကင်းလိပ် | Travancore skink |
| ထရမ်ပက်တာငှက် | Trumpeter |
| ထန်းစေ့မှုတ်ငှက် | Grebe |
| ထပ်တယူငှက် | Trogon |
| ဒိုဒိုငှက် | Dodo |
| ဒက်ဆီယူး | Dasyure |
| ဒေါင်းစွန် | Marsh-harrier |
| နာဆီဆတ် ပုစဉ်းထိုး | Narcissus flycatcher |
| နာဝါ | Narwhal |
| နီယိုတိုနီ | Neotony |
| နံစော်ဖျံ | Skunk |
| နို့တိုက်သတ္တဝါ | Mammal |
| နှာဖြူကွာတီ | White-nosed coati |
| နှာမောင်းပါမျောက် | Proboscis monkey |
| နှင်းဖြူဇီးကွက် | Snowy owl |
| နှုတ်သီးရွဲ့စာ | Crossbill |
| ပရာဇီဝေါစကီးမြင်း | Przewalski's horse |
| ပရေးရီကြက် | Prairie chicken |
| ပရောင်းဟွန်း | Pronghorn |
| ပရိုင်းမိတ် | Primate |
| ပလိုင်စတိုဆင်းအကာယုဂ် | Plistocene Epoch |
| ပလိုင်အိုဆင်းအကာယုဂ် | Pliocene Epoch |
| ပလိုင်းမောက်ရော့ ရစ်ကြက်ကြီး | Plymouth Rock |
| ပါချီရွန်မြင်း | Percheron |
| ပါဖင်ပင်လယ်ကြက်တူရွေး | Puffin |
| ပါရာဒိုက်ငှက် | Bird-of-paradise |
| ပါရာဒိုက်မြွေ | Paradise snake |
| ပီကာချာသစ်တောရေငုံး | Ypecaha wood rail |
| ပီထရယ် ပင်လယ်စင်ရော် | Petrel |
| ပီရူးကိုတင်ဂါငှက် | Peruvian cock-of-the-rock |
| ပေလီအိုထရေးဂတ် | *Palaeotragus* |
| ပဲရီဒေးဗစ်သမင် | Pere David's deer |
| ပိုမာရေနီယန်ခွေး | Pomeranian |
| ပက်တာဂိုနီယန်တောယုန် | Patagonian hare |
| ပင်လယ်ဆင်ဖျံ | Elephant seal |
| ပင်လယ်ဝမ်းဘဲ | Eider |
| ပန်ဒါကြီး | Giant panda |
| ပန်းထိမ်ဖိုငှက် | Barbet |
| ပန်းရည်စုပ်ငှက် | Sun-bird |
| ပယ်ရီဂရင်းအမဲလိုက် သိမ်းငှက် | Peregrine falcon |
| ပျူမာတောင်ခြင်္သေ့ | Puma |
| ပြုပ်မြွေ | Wart snake |
| ဗာဗရီသိုးရိုင်း | Barbary sheep |
| ဗာဗီရတ်ဆာ | Babirussa |
| ဗာရီအိုငှက် | Vireo |
| ဗားယတ်နှုတ်သီးဝေလငါး | Baird's beaked whale |
| ဗီဗာ | Beaver |
| ဗေကာစစ်စလီ | Baikal teal |
| ဗောဇွိုင်းခွေး | Borzoi |
| ဗက်ဇီလစ်ပုတ်သင် | Basilisk |
| ဗောက်ကဇာခွေး | Boxer |
| ဗင်းတောင်ဘဲ | Bean goose |
| ဗစ်တန်ငှက် | Bittern |
| ဗတ်ဂျာရီဂါငှက် | Budgerigar |
| ဗတ်စတတ်ငှက် | Bustard |
| ဗတ်ရှိုင်းယားဝက် | Berkshire |
| ဘီကျား (ကြာဖက်နင်းငှက်) | Jacana |
| မလေးဂျင်နယူအာ | Malayan gymnure |
| မာတာမာတာ (လိပ်) | Matamata |
| မာတင် | Martin |
| မာမိုဆက် | Marmoset |
| မာရီချစ်ပတ်မြင်း | *Merychippus* |
| မာရီနိုသိုး | Merino |
| မီဂါပေါ့ငှက် | Megapod |
| မီဆိုဟစ်ပတ်မြင်း | *Mesohippus* |
| မူဖလွန်ဆိတ်ကုလား | Mouflon |
| မူးသမင် | Moose |
| မော့ကင်ငှက် | Mocking-bird |
| မော့မော့ငှက် | Motmot |
| မိုကာဆင် ရေမြွေဆိုး | Water moccasin |
| မိုနိုထရင်း | Monotreme |
| မိုရီသီရိယမ်ဆင် | *Moeritherium* |
| မက်ဂျယ်လန် တောင်ဘဲ | Magellan's goose |
| မင်နာတီး | Manatee |
| မိုင်အိုဆင်းအကာယုဂ် | Miocene Epoch |
| မန်ဒရေးမျောက် | Mandrill |
| မန်ဒါရင်ဘဲ | Mandarin |
| မိန်ငှက် | Barn owl |
| မမ်ဗာမြွေမည်း | Black mamba |

| | |
|---|---|
| မမ်မော့ (ရှေးဆင်) | Mammoth |
| မျက်ကန်းဝမ်းကောင် | Blind worm |
| မျက်ကွင်းဖြူငှက် | White-eye |
| မျောက်ပင့်ကူ | Spider monkey |
| မျောက်လှောင်ပျံ | Flying lemur |
| မျောက်သူတော် | Capuchin |
| မြားဆိပ်ဖား | Arrow-poison frog |
| မြေငုံး | Pitta |
| မြက်ဖိုးကောင် | Meadow vole |
| ယော့ရှိုင်းယားဝက် | Yorkshire |
| ယိုကိုဟားမားကြက် | Yokohama chicken |
| ယောင်းယင်ငှက် | Great hornbill |
| ရာဘာစပါးကြီးမြွေ | Rubber boa |
| ရီအာငှက် | Rhea |
| ရေချေလှောင် | Water chevrotain |
| ရေစစ်ပါဝေလငါး | Baleen whale |
| ရေဝက် | Dugong |
| ရက်ကွန်း | Racoon |
| ရက်ကွန်းခွေး | Racoon-dog |
| ရက်တယ် | Ratel |
| ရင်အုပ်နီ မာဂန်ဆန်ဘဲ | Red-breasted merganser |
| ရစ်ဆိုလင်းပိုင် | Risso's dolphin |
| ရစ်ပုမျိုး | Grouse |
| ရတ်ဆယ်မြွေပွေး | Russell's viper |
| ရှူးဂါးဂလိုက်ဒါ | Sugar glider |
| ရှရီဂျယ်ဖားစိမ်း | Schreigel's green frog |
| ရှိုဗယ်လာဝမ်းဘဲ | Shoveller |
| ရှက် တင်ကျီး | Pelagic shag |
| ရှယ်ဒတ် တောဝမ်းဘဲ | Shelduck |
| ရွှေရောင်မြီးတို ပါးတွဲကြွက် | Golden hamster |
| ရွှံ့ပပ်ပီ | Mud-puppy |
| လီမာမျောက်ပုမျိုး | Lesser dwarf lemur |
| လီယိုပွန် | Leopon |
| လေးဆန်းစင်ရော် | Laysan albatross |
| လော့ဂါဟက်လိပ် | Loggerhead turtle |
| လင်ကွန်းသိုး | Lincoln |
| လင်ဂဆန် | Lingsang |
| လင့်ကြောင် | Lynx |
| လင်းဒရေ့ဝက် | Landrace |
| လင်းပိုင်ခေါင်းတို | Porpoise |
| လိုင်ယာစောင်းပုံ အမြီးရှိငှက် | Lyre-bird |
| လည်ပြောင် ခေါင်းလောင်းငှက် | Naked-throated bell-bird |
| လမ်မင် | Lemming |
| လွန်းငှက် | Loon |
| ဝုဗာရင်း | Wolverine |
| ဝေလငါးပြာ | Sulphur-bottom whale |
| ဝေါလေ့ဖားပျံ | Wallace's flying frog |
| ဝန်လက်ငှက် | Orsprey |
| ဝမ်းကောင် | Worm |
| ဝမ်းဗက် သားပိုက်ကောင် | Wombat |
| သားပိုက်ကောင် | Marsupial |
| သက်ရှိရုပ်ကြွင်း | Living fossil |
| သိုက်မြုံဆောက်ငှက် | Bower-bird |
| သစ်တောက်ဖင့်စာ | Woodpecker finch |
| သစ်ပင်နေဘဲ | Tree duck |
| သွေးစုပ်လင်းနို့ | Vampire-bat |
| ဟာပီလင်းယုန် | Harpy-eagle |
| ဟူးပါးတောဘဲငန်း | Whooper swan |
| ဟဲဗင်ဒါ (ရေပုတ်သင်မျိုး) | Hellbender |
| ဟဲရီဖို့နွား | Hereford |
| ဟဲရင်းစင်ရော် | Herring gull |
| ဟိုးစတိုင်းနွား | Holstein |
| ဟက်မာဒရိုင်းယတ် ဘာဘွန်းမျောက် | Hamadryas baboon |
| ဟင်္သာ | Shelduck |
| ဟောင်ဗာရာဗတ်စတတ်ငှက် | Houbara bastard |
| ဟောင်လာမျောက် | Howler monkey |
| ဟန်ယန်သိုး | Hang-yang |
| ဟမ်းရှိုင်းယားဝက် | Hampshire |
| အကာဒီယန်ပုစဉ်းထိုး | Acadian flycatcher |
| အချစ်ငှက် | Lovebird |
| အဂါးမစ် (ပုတ်သင်) | Agamid |
| အဆိပ်ဂလင်း | Poison gland |
| အပေါ့ဆမ် | Opossum |
| အမာဒီလို | Armadillo |
| အာဗာဒါရက် စာနီ | Red avadarat |
| အာဗင်ငှက် | Oven-bird |
| အာမိုင်း | Ermine |
| အီကွပ်မြင်း | *Equus* |
| အီဂျစ်ဂျာဗိုးကောင် | Egyptian Jerboa |
| အီဂွာနာ (ဖွတ်) | Iguana |
| အီဒင်တိတ် | Edentate |
| အီအိုဆင်းအဏုယုဂ် | Eocene Epoch |
| အီအိုဟစ်ပတ်မြင်း | *Eohippus* |
| အီးမျူးငှက် | Emu |
| အေနီငှက် | Ani |
| အော့ငှက် | Auk |
| အော်ရန်အူတန်လူဝံ | Orang-utan |
| အော်လီဂိုဆင်းအဏုယုဂ် | Oligocene Epoch |
| အိုကာပီ | Okapi |
| အက် | Eft |
| အက်ဆိုလော့ | Axolotl |
| အက်အနီ | Red eft |
| အင်ဂိုရာ ဆိတ် | Angora goat |
| အင်ဂိုရာယုန် | Angora rabbit |
| အင်နာကွန်ဒါမြွေ | Anaconda |
| အင်ဖီဗေနာ | Amphisbaena |
| အင်ဖီယူးမား (ကွန်ဂိုငါးရှဉ့်) | Amphiuma |
| အင်းဒရစ် | Indris |
| အိုင်ဒါပင်လယ်ဝမ်းဘဲ | Eider |
| အိုင်း-အိုင်းမျောက် | Aye-Aye monkey |
| အန်နိုလီပုတ်သင် | Anole |
| အယ်ဗာထရော့ပင်လယ်စင်ရော် | Albatross |
| အွမ် (မျက်ကန်းဆယ်လာမင်ဒါ) | Olm |

# တိရစ္ဆာန်ဥယျာဉ်ရှိ တိရစ္ဆာန်များနှင့် ၎င်းတို့၏ အစားအစာ
















သစ်ကိုင်းနေငှက်ကြီးများ










သစ်ကိုင်းနေငှက်ငယ်များ


ပင်ဂွင်ငှက်
ငါး
ဟင်းရွက်စိမ်း
သစ်စေ့စားငှက်
အစေ့အဆန် မျိုးစုံပါသော ငှက်စာ
နှံစားပြောင်းစေ့
ဟင်းရွက်စိမ်း
ဘဲစာ
ဝမ်းဘဲများ
ငါး
စနိုက်
ငါး
ငါးရှဉ့်ငယ်
စပါး
ဂျုံ–ပြောင်း
ကြိုးကြာ
ငါး
ငဟစ်
နှင့်
ဗျိုင်း
ငါး
ငှက်ကျား
ငှက်ကြီးဝန်ပို
ငါး
ငါးရှဉ့်ငယ်
ခရုစုတ်
ငါး
ကြက်ငယ်များ
ယုန်သား
စပါးကြီးမြွေ
ကြွက်
မြွေငယ်
ပုတ်သင်
အင်းဆက်ပိုးများ
နှင့်
ပင့်ကူများ
ပင်လယ်လိပ်
အသား
ငါး
ကုန်းလိပ်
အသီးအနှံ
ငါးအသည်း
အင်းဆက်ပိုးများ
နှင့်
ပင့်ကူများ
ချိုရှိပုတ်သင်
ဆယ်လာမင်ဒါကြီး
ငါး

Read more Shwe Thway Journals at




↓ Click below link ↓

https://www.facebook.com/shwethwayjournal/